www.burmeseclassic.com

BURMESE CLASSIC .com

# အိုမာခယမ်

## မင်းယုဝေ

The Life
The Love,
The Adventures of
Omar Khayyam
by
Manuel Komroff

ရတနာပုံစာအုပ် - ၃၁
[၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၉၀၅/၂၀၀၂ (၉)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၉၅၈/၂၀၀၂ (၁၁)

| | | |
|---|---|---|
| စီစဉ်သူ | ■ | ဦးသိမ်းစိုး၊ မင်းထွဋ်ဝင်း |
| ပုံနှိပ်မှတ်တမ်း | ■ | (ပထမအကြိမ်)၊ ၁၉၇၂ ခု၊ အောက်တိုဘာလ စပယ်ဦးစာပေ၊ (ဒုတိယအကြိမ်) ၂၀၀၂ ခု၊ ဒီဇင်ဘာလ ရတနာပုံစာအုပ်တိုက်၊ |
| အုပ်ရေ | ■ | ၁၀၀၀ |
| ထုတ်ဝေသူ | ■ | ဦးသန်းဆွေ၊ (စစ်သည်တော်စာပေ) ၁၁၃၁ /က၊ ဥယျာဉ်လမ်း၊ ဒဂုံတောင် |
| မျက်နှာဖုံးပုံနှိပ် အတွင်းပုံနှိပ် | ■ | ဒေါ်ခင်အေးမြင့်၊ (ရာပြည့်အော့ဖ်ဆက်) ၁၉၉၊ လမ်း-၅၀၊ ပုဇွန်တောင်။ |
| မျက်နှာဖုံးပန်းချီ | ■ | ကိုဆန်း |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | ၅၅၀ ကျပ် |


www.burmeseclassic.com

www.burmeseclassic.com

# ဘာသာပြန်သူ၏အမှာစာ

အိုမာခယမ်သည် ၁၁-ရာစု၌ ပေါ်ထွန်းသော ပါရှင်းကဗျာဆရာ ဖြစ်ပါသည်။ သူသည် ကဗျာဆရာဖြစ်သည်သာမက နက္ခတ္တဗေဒပညာရှင်နှင့် သင်္ချာပညာရှင်လည်း ဖြစ်ပါသည်။ ထို့ပြင် စစ်ဆင်ရေး၌ ကျွမ်းကျင်သူလည်း ဖြစ်ပါသည်။ ပညာထူးချွန်၍ အရည်အချင်းအထူးပြည့်စုံသူဖြစ်သဖြင့် သူ့အား သူ့မိတ်ဆွေ နန်းရင်းဝန်ကရင်း၊ ဘုရင်ကရင်း ရာထူးကြီးများ ပေးအပ်ခဲ့ပါသည်။ သို့ရာတွင် သူသည် လက်မခံခဲ့ပါ။ အထောက်အပံ့ ပင်စင်ရိက္ခာအနည်းငယ်သာယူလျက် ကဗျာဖွဲ့ဆိုခြင်း၊ သင်္ချာကျမ်းပြုစုခြင်း၊ နက္ခတ္တဗေဒဆိုင်ရာ စာရင်းဇယားများပြုစုခြင်း၊ ပြက္ခဒိန်သစ် တီထွင်ခြင်းစသော အမှုတို့ကိုသာ လုပ်ဆောင်ခဲ့ပါသည်။

အိုမာခယမ်သည် ခရစ်နှစ် ၁၀၄၀-ခုတွင် ဖွားမြင်၍ (အချို့က ၁၀၅၀-ခုတွင် ဖွားမြင်သည်ဆိုပါသည်။) ၁၁၂၃-ခုတွင် ကွယ်လွန်ပါ

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဤတွင် ပါရှားနိုင်ငံ၌ အိုမာခယမ် ပေါ်ထွန်းသော အချိန်မှာ မြန်မာနိုင်ငံ၌ ပုဂံခေတ်ထွန်းကားသော အချိန်ပင်ဖြစ်သည်ဟု ယေဘုယျအားဖြင့် ဆိုနိုင်ပါသည်။ ခရစ်နှစ် ၁၀၄၄-ခုတွင် ပုဂံပြည်၌ အနော်ရထာမင်း နန်းတက်ရာ အနော်ရထာမင်း နန်းမတက်မီ ၄နှစ်ခန့် အလိုတွင် ပါရှားနိုင်ငံ၌ အိုမာခယမ်ကို ဖွားမြင်သည်ဟု ဆိုနိုင်ပါသည်။ ခရစ်နှစ် ၁၁၁၃-ခုတွင် ရာဇကုမာရသည် မြစေတီကျောက်စာကို ရေးထိုးရာ ထိုအချိန် ပတ်ဝန်းကျင်မှာပင် အိုမာခယမ်သည် ကဗျာများ ဖွဲ့ဆိုနေပြီဟု မှန်းဆနိုင်ပါသည်။

အိုမာခယမ်၏ ကဗျာများသည် ထူးခြားလှပါသည်။ သူ၏ အတွေးအမြင်များသည် သမရိုးကျ အတွေးအမြင်များ မဟုတ်။ ရဲရင့်သော၊ လွတ်လပ်သော၊ ထက်မြက်သော အတွေးအမြင်တို့ဖြစ်ရာ ယင်းတို့သည် သူ့ကဗျာများ၌ ထင်ဟပ်လျက်ရှိပါသည်။ ထို့ကြောင့်လည်း သူ့ကဗျာများနှင့် ပတ်သက်၍ ဆိုဗီယက်စာပေ ပညာရှင်များက "အိုမာခယမ်၏ ကဗျာများသည် ရိုးသားရှင်းလင်းသောပာန်ရှိသည်။ မြင့်မားသော အနုပညာအရည်အသွေးရှိသည်။ ရဲဝံ့သော အတွေးအခေါ်နှင့် လွတ်လပ်သော အမြင်တို့ရှိသည်။ အိုမာခယမ်၏ အတွေးအမြင်များသည် ယခုခေတ်ကာလနှင့် ကိုက်ညီသည်အထိ ရှေ့တန်းရောက်ခဲ့ပေသည်" ဟူ၍ ဆိုထားပါသည်။

အိုမာခယမ်၏ ကဗျာများသည် ယနေ့ကမ္ဘာအနှံ့ ထင်ရှားကျော်ကြားလျက် ရှိပါသည်။ သူ၏ ကဗျာများကို နိုင်ငံပေါင်းများစွာက ဘာသာပေါင်းများစွာဖြင့် ပြန်ဆိုထုတ်ဝေလျက်ရှိပါသည်။ ဆိုဗီယက်နိုင်ငံ၌ တိုင်းရင်းဘာသာစာပေ ၁၁-မျိုးဖြင့်ပင် ပြန်ဆိုထုတ်ဝေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သမ္မာကျမ်းစာနှင့် ကိုရန်ကျမ်းစာပြီးနောက် ဒုတိယစောင်ရေအများဆုံး ထုတ်ဝေရသော စာအုပ်မှာ အိုမာခယမ်၏ ကဗျာစာအုပ်ပင် ဖြစ်သည်ဟု ဆိုစမှတ်ပြုကြပါသည်။ မြန်မာနိုင်ငံ၌ ၁၉၄၉-ခုလောက်က သွေးသောက် မဂ္ဂဇင်းတွင် အိုမာခယမ်၏ ကဗျာများကို အခန်းဆက် လစဉ် မြန်မာ ပြန်ဆိုထည့်သွင်းခဲ့သည်ကို သတိပြုမိပါသည်။ ထို့ပြင် ၁၉၅၈-ခုတွင် ဦးသန်းညွန့်က 'အိုမာခယမ်၏ ရူဘာဤနှင့် အသောကာလက်ာ'ဟူသော အမည်ဖြင့် အိုမာခယမ်၏ ကဗျာများကို မြန်မာပြန်ဆို ထုတ်ဝေခဲ့ဘူး သည်ကိုလည်း သတိပြုမိပါသည်။

ယင်းသို့ အိုမာခယမ်၏ ကဗျာများ ကမ္ဘာအနှံ့ ထင်ရှား ကျော်စောခဲ့သည်မှာ အင်္ဂလိပ် ကဗျာဆရာ အက်ဒွပ် ဖစ်ဂျရယ် Edward Fitzgerald (၁၈၀၉-၈၃)က အင်္ဂလိပ်ဘာသာ ပြန်ဆိုခဲ့သော ကြောင့် ဖြစ်ပါသည်။ အက်ဒွပ် ဖစ်ဂျရယ်သည် အင်္ဂလိပ်ကဗျာဆရာ တင်နီဆင်နှင့် စာရေးဆရာ သက်ကရေတို့၏ မိတ်ဆွေဖြစ်ပါသည်။ သူသည် ရှေးဦးစွာ စပိန်ဘာသာကို လေ့လာပြီးလျှင် စပိန်ပြဇာတ်နှင့် ကဗျာများကို အင်္ဂလိပ် ဘာသာပြန်ဆိုခဲ့ပါသည်။ ထို့နောက် ပါရှင်း ဘာသာကို လေ့လာကာ အိုမာခယမ်၏ ကဗျာများကို အင်္ဂလိပ်ဘာသာ ပြန်ဆိုပါသည်။ အိုမာခယမ်သည် ကြောင်းရေ ၄ ကြောင်းစီကို ပါဝင် သော ကဗျာပိုဒ်ရေပေါင်း ၅၀၀-ကျော် ဖွဲ့ဆိုခဲ့ရာ ဖစ်ဂျရယ်က ၇၅-ပိုဒ်ကို အင်္ဂလိပ်ဘာသာ ပြန်ဆိုခြင်း ဖြစ်ပါသည်။ ယင်းတို့ကို သူက "အိုမာခယမ်၏ ရူဘိယတ်ကဗျာ" (Rubiayat of Omar Khayyam)ဟု အမည်ပေးကာ ကဗျာ စာအုပ်ငယ် ထုတ်ဝေပါသည်။ ထုတ်ဝေ ရာ၌ ပြန်ဆိုသူ သူ၏အမည်ကို မဖော်ပြပါ။ ယင်းကို ၁၈၅၉-ခုတွင်



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ဝေပါသည်။ ထုတ်ဝေစတွင် လုံးဝမအောင်မြင်ပါ။ စုစုပေါင်း အုပ်ရေ ၂၅၀-ထုတ်ဝေရာတွင် အုပ်ရေ ၅၀-ခန့်သာ ရောင်းရပြီး ကျန်အုပ်ရေ ၂၀၀-မှာ အဟောင်းဆိုင်တွင် လျှော့ဈေး တပဲနီဖြင့် ရောင်းချခြင်း ခံရပါသည်။

ယင်းသို့ လျှော့ဈေးဖြင့် ရောင်းသည့်တိုင် စာအုပ်မှာ ဝယ်မည့်သူမရှိပါ။ သို့ရာတွင် တစ်နေ့ လူငယ်ကဗျာဆရာ ဒန်တီဂယ်ဘရီရယ်ရိုစတီနှင့် တွင်ဘန်းတို့သည် အဟောင်းဆိုင်မှ ထိုကဗျာ စာအုပ်တစ်အုပ်ကို ဝယ်ယူဖတ်မိသွားကြပါသည်။ သူတို့သည် ကဗျာစာအုပ်ကို ဖတ်ရှုပြီး အလွန်နှစ်သက်လှသဖြင့် မိတ်ဆွေများကို ဖတ်ပြပါသည်။ မိတ်ဆွေများကလည်း နှစ်သက်သဖြင့် အခြားမိတ်ဆွေများကို တစ်ဆင့်ဖတ်ပြကြပါသည်။ အထူးသဖြင့် ကဗျာစာအုပ်ပါ အောက်ပါအပိုဒ်ကို အသားပေး ဖတ်ပြကြပါသည်။

**"သစ်ရိပ်သာဝယ်**
**ကဗျာလင်္ကာ၊ ဖတ်စရာနှင့်**
**အစာအတွက်၊ ပေါင်မုန့်တစ်ယှက်နှင့်**
**တစ်ခွက်သောက်လို၊ ဝိုင်ချိုချိုနှင့်**
**နှစ်ကိုယ်ကြည်ဖြူ မောင့်ချစ်သူနှင့်**
**အတူယှဉ်ကာ၊ နေရပါသော်**
**ကန္တာရပင်၊ ဖြစ်ပါလျှင်လည်း**
**မြူးရွှင်ခိုလှုံ၊ နိဗ္ဗာန်ဘုံဟု**
**ကြည်ယုံမှတ်ထင်၊ နိုင်သည်တကား"**

ဤသို့ဖြင့် "အိုမာခယမ်၏ ရူဘိယတ်"ကဗျာ စာအုပ်သည်



www.burmeseclassic.com

www.burmeseclassic.com



အထူးထင်ရှား ကျော်စောသွားပါသည်။ ရိုစတီတို့က ဘာသာပြန်ဆိုသူကို လိုက်လံစုံစမ်းရာတွင် အက်ဒွပ်ဖစ်ဂျရယ် ဖြစ်ကြောင်းလည်း သိရှိသွားကြပါသည်။

အများ၏ အားပေးမှုကိုရရှိသဖြင့် ဖစ်ဂျရယ်သည် "အိုမာခယမ်၏ ရူဘိယတ်"ကဗျာစာအုပ်ကို ပထမအကြိမ် ထုတ်ဝေပြီး ၉-နှစ်အကြာတွင် ဒုတိယအကြိမ် ထပ်မံထုတ်ဝေခဲ့ပါသည်။ ယင်းသို့ ထုတ်ဝေရာ၌ ဘာသာပြန်ဆိုသူ သူ၏အမည်ကို ဖော်ပြလိုက်ပါသည်။ ထို့ပြင် ကဗျာ ပိုဒ်ရေ ၇၅-မှသည် ၁၁၀-အထိ တိုးချဲ့ ပြန်ဆိုထည့်သွင်းခဲ့ပါသည်။

အင်္ဂလိပ်စာပေ သမိုင်း၌ ဖစ်ဂျရယ်၏ ဘာသာပြန်ဆိုချက်သည် မှတ်တိုင် တစ်တိုင်ပင် ဖြစ်ပါသည်။ သူ၏ "အိုမာခယမ်၏ ရူဘိယတ်" ကဗျာ ဘာသာပြန်သည် အင်္ဂလိပ်ကဗျာ လောကတွင် ထင်ရှားသော ကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။

ကျွန်တော်တို့သည် ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာတန်း၌ အင်္ဂလိပ်စာပေကို လေ့လာဆည်းပူးစဉ် ဖစ်ဂျရယ်၏ ဘာသာပြန် ဤ"အိုမာခယမ်၏ ရူဘိယတ်" ကဗျာများကို အစအဆုံး သင်အံလေ့လာခဲ့ရပါသည်။

အိုမာခယမ်၏ ကဗျာများကို ကမ္ဘာအရပ်ရပ်က စိတ်ဝင်စားလေ့လာဖတ်ရှုကြသည်နှင့်အမျှ အိုမာခယမ်၏ ဘဝဖြစ်စဉ်ကိုလည်း စိတ်ဝင်စား လေ့လာကြပါသည်။ သုတေသနပြုကြပါသည်။ ထိုအခါ အလွန်စိတ်ဝင်စားဖွယ်ကောင်းလှသည့် အိုမာခယမ်၏ ဘဝဖြစ်စဉ်ကို သိရှိကြရသဖြင့် အိုမာခယမ်၏ အတ္ထုပ္ပတ္တိကို ကျမ်းပြုကြပါသည်။

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုရေးကြပါသည်။ ရုပ်ရှင်ရိုက်ကြပါသည်။

ယခု ကျွန်တော် မြန်မာပြန်ဆိုသော အိုမာခယမ် အတ္ထုပ္ပတ္တိဝတ္ထုမှာ ပါရမောင့်ရုပ်ရှင် ကုမ္ပဏီက ရိုက်ကူးသော "အိုမာခယမ်" ရုပ်ရှင်ကား ဇာတ်ညွှန်းကို နာမည်ကျော် အမေရိကန် စာရေးဆရာ မင်းနျူအယ်ကမ်းမရော့ (Manuel Komroff) က ဝတ္ထုအဖြစ် ပြန်ရေးသော စာအုပ်ဖြစ်ပါသည်။ မူရင်းစာအုပ် အမည်မှာ The Life, The Loves, The Adventures of Omar Khayyam (အိုမာခယမ်၏ဘဝ၊ အချစ်နှင့် စွန့်စားခန်းများ) ဟူ၍ ဖြစ်သည်။

ယင်းစာအုပ်မှာ ဝတ္ထုထက် ဆန်းကြယ်သော အိုမာခယမ်ဘဝနှင့် အိုမာခယမ့်ကဗျာ အချို့ကို ရသမြောက်စွာ ရေးခြယ်တင်ပြထားသော စာအုပ်ဖြစ်ပါသည်။ ယင်းကို ကျွန်တော် နှစ်သက်သဖြင့် မြန်မာပြန်ဆိုခဲ့ရာ ငွေတာရီမဂ္ဂဇင်းက ဝတ္ထုရှည် ကဏ္ဍတွင် (၁၉၆၉-ခု၊ ဒီဇင်ဘာလနှင့် ၁၉၇၀-ခု၊ ဇန်နဝါရီလ) ၂-လဆက်၍ ထည့်သွင်းဖော်ပြခဲ့ပါသည်။ ထိုအချိန်က ဖတ်ရှုခဲ့ရသော စာဖတ်ပရိသတ်များနှင့် မိတ်ဆွေအများက လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေရန် တိုက်တွန်းကြသဖြင့် ပြန်လည်တည်းဖြတ်ကာ ယခုထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤစာအုပ်ကို မြန်မာပြန်ဆိုထုတ်ဝေရာ၌ ရန်ကုန်တက္ကသိုလ် ဝိဇ္ဇာတန်း၊ အင်္ဂလိပ်စာပေသင်တန်းတွင် ကျွန်တော့်အား "အိုမာခယမ်၏ ရူဘိယတ်ကဗျာ"များကို သင်ကြားပေးသော ပါမောက္ခ ဒေါက်တာ ထင်အောင်၏ ကျေးဇူးကို အောက်မေ့ သတိရပါသည်။ ယခု ဘာသာပြန်ဆိုသည့် မူရင်းစာအုပ်ကို ရှာဖွေလက်ဆောင်ပေးသော ဆေးတက္ကသိုလ်(၂) မြန်မာစာဌာနမှူး ဦးဝင်းမွန်(တက္ကသိုလ်ဝင်းမွန်) ကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကျေးဇူးတင်ပါသည်။ ထို့ပြင် မြန်မာ ပြန်ဆိုရာ၌ ကူညီသော အယ်ဒီတာ ဦးသောင်းဟန်(သမိန်သောင်း)ကိုရင်း၊ ပန်းချီ ဦးသောင်းဟန်နှင့် ဦးခင်မောင်ညို(မြဝတီ) တို့ကိုရင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်ပါသည်။

မင်းယုဝေ

၅-၉-၇၂။

www.burmeseclassic.com

www.burmeseclassic.com

( ၁ )

**"နိုးကြထကြ"၊ သူရိယလျှင်**
**ညလွှာဖယ်ရှား၊ ကြယ်ပွင့်များကို**
**လွှင့်ပါးပျောက်ကွယ် စေလေပြီ။**

ပျို့ရွယ်သောကဗျာဆရာ အိုမာခယမ်သည် ချစ်သူရှိရာ ဥယျာဉ်သို့သွားရန် နေရှပူမြို့လမ်းများကို ဖြတ်သန်းလာစဉ် ကဗျာတပိုဒ်ကို လမ်း၌ ဖွဲ့ဆိုသီကျူးမိပါသည်။ ပါရှားနိုင်ငံ၏ ကြည်လင်သန့်စင်သော ကောင်းကင်ပြာသည် သူ့ဦးခေါင်းအထက်၌ လွှမ်းမိုးလျက်ရှိသည်။ နံနက်ခင်း၏ လေပြေသည် တညင်းညင်း တိုက်ခတ်လျက်ရှိသည်။ လေပြေထဲတွင် ပန်းရနံ့၊ မြေသင်းနံ့တို့နှင့်အတူ နှင်းခိုးနှင်းငွေ့များ ရောပြွမ်းနေသော ည၏ သင်းမြသော ရနံ့များ ထုံကြိုင်နေသည်။ ထိုသင်းရနံ့တို့ကို နေခြည်က ဖျန်းဆွတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



**“နိုးကြထကြ”၊ ကောင်းကင်မှသည်**
**ထွန်းပရွှေရည်၊ လင်းရောင်ခြည်သည်**
**ကြည်ရွှင်ဘွယ်ရာ၊ ‘နေ့’ သာယာကို**
**ကြေညာ သယ်ဆောင်လာလေပြီ။**

BURMESE CLASSIC .com

အိုမာခယမ်သည် ချစ်သူရှိရာ အရပ်သို့ သွက်လက်သော ခြေလှမ်းများဖြင့်သွားစဉ် နောက်ထပ်၍ အထက်ပါ ကဗျာတစ်ပိုဒ်ကို ထပ်မံဖွဲ့ဆိုသီကျူးပြန်သည်။ သူ့အဖို့ မြင်မြင်သမျှမှာ အချစ်ရည် အချစ်ခိုးတို့ဖြင့် တောက်ပလျက် ပျော်ရွှင်ကြည်နူးဖွယ်ရာ ဖြစ်နေပေသည်။

ဈေးလမ်းမကြီးကို ဖြတ်သန်းမိသောအခါ ကုန်သည်များ၊ ဈေးသည်များသည် မိမိတို့ဆိုင်များကို ဖွင့်လှစ်ပြင်ဆင်နေသည်ကို အိုမာခယမ်တွေ့ရသည်။ ဆတ္တာသည်များ၊ ရက်ကန်းသည်များ၊ လက်သမားများ၊ ပန်းတဉ်းသမားများ၊ အိုးထိန်းသည်များသည်လည်း အလုပ်ခွင်သို့ စတင်ဝင်ရောက်နေကြပြီ၊ သကြားလုံးလုပ်သူသည် သကြားကျိုရန် မီးမွှေးနေပြီ။ ငှက်ရောင်းသူသည် လှောင်အိမ်ဖြင့် ထည့်ထားသော ငှက်အမျိုးမျိုးကို လူမြင်ကွင်းသို့ ဆွဲထုတ်လာပြီ။ ကျွန်ရောင်းသူသည် သံကြိုးဖြင့် ချည်နှောင်ထားသော ကျွန်များကို မဲမှောင်သော မြေတိုက်ခန်းအတွင်းမှ ဆွဲထုတ်လာကာ ဈေးလမ်းဘေးရှိ ခုံတန်းများပေါ်၌ ထိုင်စေပြီ။

တစ်နေရာသို့အရောက်တွင် အိုမာခယမ်သည် ဆေနတက္ကသိုလ်အဆောက်အဦ၏ မျှော်စင်များကို မြင်လိုက်ရသည်။ သည်တက္ကသိုလ်သည် သူ့ဇာတိဖြစ်သော နေရှပူမြို့၏ ကျက်သရေဆောင်ပင် ဖြစ်သည်။ သည်တက္ကသိုလ်တွင် အိုမာခယမ်သည် ထူးချွန်သော ကျောင်းတော်သားအဖြစ်ငှင်း၊ ကဗျာဆရာအဖြစ်ငှင်း ထင်ရှားကျော်စောမှုကို ရခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် အက္ခရာ သင်္ချာနှင့် နက္ခတ္တဗေဒ ပညာတို့ကို ထူးကဲစွာ တတ်မြောက်ခဲ့သည်။ သည်ပညာတို့နှင့် ပတ်သက်၍ သူ၏ အတွေးအခေါ် အသိအမြင်တို့မှာ ထက်မြက်လှသဖြင့်သည်တက္ကသိုလ်ကပင် သူ့အား ဖိတ်ခေါ်၍ သူ့ပညာများကို ဟောပြောပို့ချစေသည်။ သူ၏ သင်တန်းသို့ နိုင်ငံခြားတိုင်းပြည်များမှ ပညာရှင်များ၊ မင်းပျိုမင်းလွင်များ တက်ရောက်ခဲ့ကြသည်။

သည်လို အခွင့်အရေးများ ရထားသော်လည်း အိုမာခယမ်သည် ချီးကျူးဂုဏ်ပြုမှုကိုရင်း၊ ဘွဲ့ထူး ဂုဏ်ထူးတို့ကိုရင်း လိုလိုချင်ချင် မက်မက်မောမော ရှိလှသည်မဟုတ်ပေ။ သူသည် ထင်ပေါ်ကျော်စောမှုကိုလည်း မလိုလား၊ စည်းစိမ်ဥစ္စာကိုလည်း မခုံမင်၊ ထို့ပြင် ထိုခေတ်လူတို့ လက်ခံယုံကြည်သည့် အစဉ်အလာ ယုံကြည်မှုများကိုလည်း နေရာတကာတွင် မယုံကြည်၊ မလိုက်နာ။ သူသည် ဤကမ္ဘာလောကကို သေချာစွာဆန်းစစ်လေ့လာလျက် သူ၏ထူးကဲသော ပညာဉာဏ်ဖြင့် ဆင်ခြင်သုံးသပ်သည်။ ယင်းသို့ ဆင်ခြင်သုံးသပ်မိသည်တို့ကိုလည်း အများသိအောင် ဖော်ထုတ်သည်။ သူသည် ဤလောက၏ လျှို့ဝှက်ချက်တို့ကို ပုစ္ဆာပေါင်းများစွာ ထုတ်လျက် စူးစမ်းသည်။ ဝသုန် ဤမြေမှသည် ကောင်းကင်ဘုံအထိ တိုင်အောင် တွေးခေါ်ဆင်ခြင် စဉ်းစားလျက် လျှို့ဝှက်သော အသည်းနှလုံး တံခါးကို ရှာဖွေသည်။ ယင်းသို့ စူးစမ်းမိ၊ တွေးခေါ်မိ၊ ဆင်ခြင်မိ၊ ရှာဖွေမိသည်တို့ကိုလည်း ကဗျာဖွဲ့ဆိုကာ ဘဝအဘိဓမ္မာကို ဖော်ကျူးပြသည်။

အိုမာခယမ်သည် လမ်းတစ်လမ်းကို ဖြတ်သန်းလာစဉ် သူဖွဲ့ဆိုခဲ့သော ကဗျာတစ်ပိုဒ်ကို ပြန်လည် သီကျူးမိပြန်သည်။

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



**"နိုးကြထကြ"၊ သူရိယလျှင်**
**ညလွှာဖယ်ရှား၊ ကြယ်ပွင့်များကို**
**လွင့်ပါးပျောက်ကွယ် စေလေပြီ။**

မကြာမီ ဥယျာဉ်သို့ရောက်ရှိသဖြင့် အိုမာခယမ်သည် ရပ်တန့်လိုက်သည်။ ဥယျာဉ်မှာ လေးဘက်လေးတန် တံတိုင်းများဖြင့် လုံခြုံစွာကာရံထားသည်။ ဥယျာဉ်ထဲ၌ သူ့ချစ်သူ ရှုရိန်ရှိနေသည်ကို သူက အတပ်သိပြီး ဖြစ်သည်။ သူသည် လျင်မြန်စွာဖြင့် ဥယျာဉ်တံတိုင်းပေါ်ကို တွယ်တက်လိုက်သည်။ ထို့နောက် အတွင်းဘက်ရှိ သစ်ပင်အိုကြီး တစ်ပင်၏ အကိုင်းကို ရီးလေးခိုကာ ဥယျာဉ် မြက်ခင်းပေါ်သို့ ဆင်းသက်လိုက်လေသည်။

အိုမာခယမ်သည် ဆင်းသောနေရာမှာပင် ရပ်နေလိုက်သည်။ အပွင့်များ ဝေဆာစွာ ဖူးပွင့်နေသော ဇန်ဒါပင်၏ အကိုင်းအခက်များ အကြားမှနေ၍ သူ့ချစ်သူ ရှုရိန်ကို လှမ်းမြင်လိုက်ရသောကြောင့် ဖြစ်သည်။ ရှုရိန်သည် ရေကန်၌ ရေချိုးနေရာ အိုမာခယမ်က ငြိမ်သက်စွာ စူးစိုက် ကြည့်နေသည်။ ရှုရိန်၏ အဝတ်တန်ဆာ ကင်းမဲ့သောကိုယ်မှ အသားရောင် ဝင်းလဲ့လဲ့သည် ပြာလဲ့လဲ့ရေတွင် ဝင်းထိန်တောက်ပနေသည်။ သူ့ကိုယ်မှ ကျလာသော ရေစက် ရေပေါက်ကလေးများသည် စိန်တုံးစိန်ပွင့်ကလေးများပမာ ရှိနေသည်။

အိုမာခယမ်က ညင်သာစွာ လှမ်းခေါ်လိုက်သည်။

"ရှုရိန်ရေ၊ ရှုရိန်"

အိုမာခယမ်၏ အသံကိုကြားသောအခါ ရှုရိန်၏ အစေခံမကလေးသည် ရေကန်စွန်းတွင် ရပ်နေရာမှ ထိတ်ထိတ်ပျာပျာ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူသည် ရှက်ကြောက်စွာဖြင့် အော်လိုက်သည်။ လျင်မြန်စွာပင် ပိုးဝတ်ရုံတစ်ခုကို ကောက်ယူကာ သူ့သခင်မကိုယ်ကို ကာရံပေးမည်ပြု သည်။ ဤတွင် ရှရိန်က ပြုံးလိုက်သည်။ အိုမာခယမ်သည် သူ၏ အသက် တမျှချစ်မဝသော ချစ်သူဖြစ်ရာ သူ့အဖို့ အိုမာခယမ်အသံကို ကြားသော အခါ ရင်ခုန်သည်မှလွဲ၍ အခြား စိတ်အနှောင့်အယှက် ဖြစ်စရာ ဘာ တစ်ခုမှ မရှိနိုင်ပေ။

ရေကန်သို့ အိုမာခယမ် လျှောက်လာသည်တွင် ရှက်ကြောက် နေသော အစေခံမ ကလေးသည် နောက်သို့ဆုတ်ပြီးလျှင် ပိုးဝတ်ရုံကို ရုပ်သိမ်းလိုက်သည်။ ရှရိန်သည် ရေကန်ထဲမှ တက်လာကာ ပိုးအင်္ကျီ ရှည်ကို လှမ်းယူဝတ်သည်။ ထို့နောက် ချစ်သူ အိုမာခယမ်ထံပါးသို့ ပြေးသွားကာ သူ့ချစ်သူ ခွန်းဟစကားမဆိုသာအောင် သူ၏ သွယ်ပြောင်း သော လက်ကလေးများဖြင့် ချစ်သူနှုတ်ခမ်းကို ပိတ်ဆို့ထားလိုက်သည်။ ယင်းသို့ ပိတ်ဆို့ထားရာမှ "အလုံးစုံကို သိပေမယ့် အလုံးစုံကိုတော့ မမြင်သင့်ပါဘူး မောင်"ဟူ၍ တီးတိုးပြောလိုက်လေသည်။

ထို့နောက် ရှရိန်သည် ချစ်သူ၏ လက်ကိုဆွဲကာ "ကဲ- လာ မောင်ရေ၊ ဟောဟို ရေကန်ထောင့်မှာ ထိုင်ရအောင်နော်"ဟု ပြောဆို ခေါ်ငင်သည်။

သို့ဖြင့် ချစ်သူနှစ်ဦးသည် ရေကန်ထောင့်ရှိ မိုးမခပင်အောက် ၌ အတူယှဉ်တွဲ ထိုင်ကြကာ ချစ်မေတ္တာစကားတို့ကို တတွတ်တွတ် ပြော ဆိုကြလေသည်။ ယင်းသို့ ပြောဆိုစဉ် ရှရိန်သည် တစ်ဘက်က သူ၏ ရှည်လျားနက်မှောင်သော ဆံပင်တို့ကို ဖီးသင်လျက်ရှိသည်။ ရွှေရောင် တောက်နေသည့် ပူနွေးသော နေရောင်ခြည်သည် လေပြေတွင် လုပ်လဲ့



www.burmeseclassic.com

www.burmeseclassic.com



လုပ်လီဖြစ်နေသည်။ နွဲ့လျလျ ကိုင်းကျနေသော သစ်ကိုင်း၊ သစ်ခက်၊ သစ်ရွက်များကို ထိုးဖောက်လျက် ပျော်ရွှင်ချမ်းမြေ့နေသော ချစ်သူနှစ်ဦး၏ မျက်နှာပေါ်သို့ ကျရောက်နေပေသည်။

ရေကန်၏ ရေရောင်သည် ကောင်းကင်ပြာကဲ့သို့ပင် အပြာရောင်တောက်နေသည်။ ရေကန်တဝိုက်၌ ရနံ့သင်းသော ပန်းများပေါက်နေသည်။ နှင်းဆီပန်းပင်တို့သည် ဟိုတစ်စု သည်တစ်စုပေါက်နေသည်။ ကန်စပ်တွင် ဗေဒါပင်တို့ လန်းရွှင်နေသည်။ ပိုးစာရွက်များ၊ သဖန်းရွက်များ၊ ဥသျှစ်ပွင့်များသည် ကြွေကျကာ ကန်စပ်၌ ပေါလောပေါ်နေသည်။ ဥယျာဉ်တံတိုင်း အနီးဝယ် မြင့်မားကြံ့ခိုင်သော ဆိုက်ပရပ်ပင်များ အတန်းလိုက် ပေါက်နေသည်။ ယင်းတို့သည် ဤငြိမ်ဆိတ်သော ပါရှင်ဥယျာဉ်ကို ကင်းစောင့်များသဖွယ် စောင့်ရှောက်နေဘိအလား ရှိနေသည်။ ငှက်များသည် ကျာကျာကျီကျီ မြည်လျက် ချိုမြိန်သော ပန်းဝတ်ရည်ကို သုံးဆောင်ရန် သည်ဥယျာဉ်သို့ပင် လာကြသည်။ မြေလူးငှက်ငယ်သည်လည်း နှင်းဆီပန်းနှင့် စကားဆိုရန် သည်ဥယျာဉ်သို့ပင် လာသည်။ ထို့ပြင် ကဗျာဆရာ အိုမာခယမ်သည်လည်း ချစ်သူအလှ ရှုရိန်နှင့် ချစ်တင်းဆိုရန် သည်ဥယျာဉ်သို့ပင် လာသည်။ အိုမာခယမ်သည် ချစ်တင်းဆိုရာမှ သူ့စိတ်ကို အနှောင့်အယှက် ဖြစ်စေသည့်အရာတို့ကိုလည်း သူ့ချစ်သူအား ဖွင့်အန်ပြောပြသည်။

"အချစ်ရယ်၊ နေရှပူမြို့က ရှိသမျှ နေရာဌာနတွေထဲမှာ ဒီဥယျာဉ်ဟာ အငြိမ်းချမ်းဆုံး၊ အသာအယာဆုံးပဲကွယ်၊ နေရှပူမြို့ဟာ ရှားဘုရင် ပြောင်းရွှေ့စံမြန်းချိန်ကစပြီး မအေးမငြိမ်း ဖြစ်ခဲ့ရတာပဲ။ မြို့လမ်းတွေမှာ စစ်သားတွေ၊ ဘုရင်ခံတွေ၊ မင်းညီမင်းသားတွေကို



www.burmeseclassic.com

www.burmeseclassic.com



ထာဝစဉ်မြင်တွေ့နေရပြီလေ။ မင်းညီမင်းသားတွေကို မြင်တွေ့တယ်ဆိုရင်ပဲ သူတောင်းစားတွေကိုလည်း မြင်တွေ့ရတော့တာပဲ၊ ကြည့်စမ်း အချစ်ရယ်၊ လူတွေဟာ ရာထူးရဖို့အတွက်၊ မြောက်စားခံရဖို့အတွက် နန်းတော်ကြီးဆီကို သွားနေလိုက်ကြတာ”

“မောင်ပြောတာ မှန်တယ်မောင်၊ တန်ဖိုးမရှိ သူတွေဟာ နန်းတော်ကြီးဆီကို တယ်သွားချင်ကြတာဘဲနော်။ မောင်ဆိုရင် ပါရှားတစ်နိုင်ငံလုံး ထင်ရှားကျော်စောတဲ့ ပုဂ္ဂိုလ်ပဲ။ ဒီလို ပုဂ္ဂိုလ်မျိုးသာ နန်းတော်ကို ရောက်သွားရင် ရှားဘုရင်ကြီးဟာ ဝမ်းမြောက် ဝမ်းသာ ရှိမှာအမှန်ပဲ’

“မြောက်စားခြင်းခံရအောင် ဘုရင့်ရှေ့တော်မှောက်ဝင်ပြီး ကြိုးစားဖို့ဟာ မောင်တို့ကဗျာဆရာတွေရဲ့ အလုပ်မဟုတ်ပါဘူး ရှုရိန်၊ ဟောင်းနွမ်းတဲ့ အဝတ်အဆင်ကို ဝတ်ဆင်ထားတဲ့ မောင့်ကိုကြည့်စမ်းပါ။ ဘုရင့်ရှေ့တော်မှာ ဦးခေါင်းတညိတ်ညိတ်နဲ့ ရာထူးတောင်းတတ်တဲ့ သူမျိုးနဲ့တူပါသလား၊ တကယ်တော့ မောင့်အလုပ်နဲ့ မင်းမှုထမ်းအလုပ်ဆိုတာ တခြားစီပါ၊ မောင့်အဖို့ ဟောဒီ မောင့်ချစ်သူကလေးရဲ့ ဘေးမှာ နေနေရရင်ပဲ ကျေနပ်နှစ်သိမ့်နေပါပြီ။ တခြားသူတွေ ရာထူးတို့၊ ဘွဲ့ထူး ဂုဏ်ထူးတို့၊ စည်းစိမ်ဥစ္စာတို့အတွက် ကြိုးပမ်းချင် ကြိုးပမ်းကြပါစေ၊ မောင်ကတော့ ဒါတွေအတွက် လုံးဝမကြိုးစားဘူး။ ဒါတွေကို မောင် ကျောခိုင်းမှာပဲ။ မောင့်မျက်လုံးကို စိုက်ကြည့်စမ်း၊ ပန်းပွင့်ကလေးနဲ့ တူတဲ့ အချစ်ရဲ့ ရုပ်ပုံလွှာရောင်ပြန်လာဟပ်တာကို မြင်ရလိမ့်မယ်၊ ဒီလို အခြေမျိုးရောက်အောင် ရှားဘုရင် ဖန်တီးနိုင်စွမ်းရှိပါ့မလား။ တကယ်တော့ အသည်းနှလုံးနယ်ပယ်ဟာ အရာရာတိုင်းထက် ကြီးကျယ်



www.burmeseclassic.com

www.burmeseclassic.com



ကျယ်ပြန့်လှပါတယ် ရှရိန်”

ချစ်သူ၏ စကားကို ရှရိန်သည်ပြုံးလျက် နားထောင်နေရာမှ နှစ်သက်သဘောကျလွန်းသဖြင့် ချစ်သူကို ဖက်၍ ညင်သာစွာ နမ်းရှုပ်မိလေသည်။ အိုမာခယမ်က ဆက်၍ပြောပြန်သည်မှာ. . .

“ဘယ်လောက်ကြီးမားတဲ့ ရန်သူစစ်တပ်ကြီးဘဲ ဖြစ်ပါစေ မောင့်အသည်းနှလုံးကို မသိမ်းပိုက်နိုင်ပါဘူး၊ လက်ရှိအခြေနဲ့ပဲ မောင် ရောင့်ရဲတင်းတိမ်နိုင်ပါတယ်။ ရှရိန်ရဲ့ အဖေဟာ ဆေနတက္ကသိုလ်ရဲ့ ဒိသာပါမောက္ခကြီးဖြစ်ပြီး၊ မောင်ဟာ သူရဲ့ တပည့်ဖြစ်ခဲ့တယ် မဟုတ်လား။ ဓားဟာ စစ်သားများသုံးစွဲဖို့ ဖန်တီးထားတဲ့ အရာဖြစ်သလို စာအုပ်များဟာလည်း ရှရိန်ရဲ့ ဖခင်တို့လို မောင်တို့လို ပညာရှင်တွေ သုံးစွဲဖို့ ဖန်တီးထားတဲ့အရာတွေပါပဲ။ မောင်တို့ရှေ့မှာ သဘာဝလောကကြီး ဟာ ဟင်းလင်းတည်ရှိပြီး လျှို့ဝှက်နက်နဲတဲ့ အရာတွေကို ပြောပြနေ တယ်၊ ပညာဟာ မောင်တို့ပိုင် နယ်ပယ်ပဲ၊ အကြံသစ် ဉာဏ်သစ်တွေနဲ့ ဒဿနိက ဗေဒ ပညာရပ်တွေကို စိုးပိုင်သူဟာ မောင်တို့ ပညာရှင်တွေပဲ၊ မောင်တို့ရဲ့ အတွင်းအဖွဲ့တွဲ့သဏ္ဌာန်ဟာ ကမ္ဘာလောကကြီးထက်တောင် ကျယ်ပြောပါသေးတယ်၊ ဒီမှာ ရှရိန်၊ လူတွေဟာ မေတ္တာတရားရှိမှသာ မွန်မြတ်တဲ့ အသည်းနှလုံးကို ပိုင်ဆိုင်နိုင်မယ်။ ကောင်းကင်ဘုံဆိုတာဟာ တကယ်တော့ သေသူတွေအတွက် မဟုတ်ပါဘူး၊ ရှင်သူတွေအတွက်ပါ”

သည်လိုပြောပြီး အိုမာခယမ်က စကားကို ရပ်ထားလိုက်သည်။ ထို့နောက် ပြုံးပြီးလျှင် “အချစ်နဲ့တွေ့ပြီးမှ မောင်ဒါတွေကို လေ့လာဆင်ခြင်မိတာပါကွယ်”ဟု ပြောလိုက်လေသည်။

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"မောင်နဲ့ ကျွန်မတို့ သည်ဥယျာဉ်မှာပဲ စတွေ့ကြတာပါပဲ။သည်ဥယျာဉ်ဟာ ကျွန်မတို့ရဲ့ ကောင်းကင်ဘုံပါပဲ။ သည်နေရာမှာပဲ ချစ်မေတ္တာစကားတွေကို ကျွန်မ စတင်ကြားရပါတယ် မောင်"ဟု ရှုရိန်က တီးတိုး ပြန်ပြောလေသည်။

သည်လို ပြောကြပြီးနောက် ချစ်သူနှစ်ဦးသည် ငြိမ်ဆိတ်သွားသည်။ သူတို့သည် မိုးမခကိုင်းခက်များကြားမှ ထိုးကျလာသော နေခြည်ကို လှုံလျက် ပတ်ဝန်းကျင်၏ အလှအရသာကို ခံစားသောက်သုံးရင်း ငြိမ်သက်စွာ ယှဉ်တွဲ ထိုင်နေရသည်ကို ကျေနပ်နှစ်သက်မဆုံး ရှိနေကြသည်။

ယင်းသို့ရှိခိုက် လေညှင်းကလေး ရုတ်တရက် ဆော်သွေးလိုက်ရာ ကန်ရေပြင်မှာ ဂယက်များ ထ,သွားသည်။ ဥယျာဉ်၌ ကင်းစောင့်သဖွယ်ရှိနေသည့် ဆိုက်ပရပ်ပင်များသည် ကွေးညွတ်ကာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မရှေးမနှောင်းပင် လေညှင်းထဲတွင် သူတို့အား အနှောင့်အယှက် ဖြစ်စေသော အသံတစ်ခု ဝင်လာသည်။

"ရှုရိန်ရေ. . . ရှုရိန်"

"ဟော. . . အဖေ့အသံပါလား။ သည်အဝတ်အစားနဲ့ မောင့်အနားမှာ ကျွန်မထိုင်နေတာ အဖေမြင်ရင် မတော်ဘူး မောင်ရေ" ရှုရိန်က တီးတိုးပြောသည်။

"ရှုရိန်ရေ၊ သမီးဘယ်မှာလဲ"

"မောင်ရေ. . . မြန်မြန်သွားကြမှ ဖြစ်မယ်"

အိုမာခယမ်သည်ချစ်သူကို ကြင်နာယုယစွာ နမ်းရှုပ်လိုက်သည်။ ထို့နောက် နေရာမှ ရုတ်တရက် ထ,ကာ ဥယျာဉ်တံတိုင်းကို ကျော်လွှား



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားလေသည်။ အချိန်အနည်းငယ် အတွင်းမှာပင် ရှရိန်သည်လည်း သူ့ဖခင်ထံပါးသို့ ပြေးသွားရောက်ရှိလေသည်။

× × ×

ရှရိန်၏ ဖခင် အိုင်မမ်မိုဝါဖတ်သည် ဘုရင့်တံဆိပ်တော် ခတ်နှိပ်ထားသည့် စက္ကူလိပ်တစ်ခုကို လက်တွင် ကိုင်ဆောင်လာသည်။

"ဟော- ဒီမှာ ကြည့်စမ်းသမီး၊ အဖေ့ကို ရွှေနန်းတော်က ဆင့်ခေါ်တာပဲ၊ ဘာကြောင့် ဆင့်ခေါ်တယ်လို့တော့ မသိရဘူးကွယ့်" အဖိုးအို၏ မျက်နှာမှာ စိုးရိမ်ထိတ်လန့် စိတ်တို့ယှက်သန်းနေသည်။

စိုးရိမ်မကင်း ဖြစ်နေရှာသော ဖခင်အား သက်သာရာ သက်သာကြောင်း ဖြစ်စေရန် ရှရိန်က နှစ်သိမ့်စကား ပြောကြားသည်။

"ဒီအချိန်ဟာ ဘွဲ့ထူးဂုဏ်ထူးတွေပေးဖို့ မင်းပရိသတ်ကို ဘုရင်ခေါ်တွေ့တဲ့ အချိန်မဟုတ်လား အဖေရဲ့။ အဖေက တက္ကသိုလ်ကြီးကြီးပွားတိုးတက်အောင် ဆောင်ရွက်ခဲ့တဲ့ ပုဂ္ဂိုလ်ဟာပဲ"

အဖိုးအိုက ဦးခေါင်းကို ယမ်းခါလိုက်ကာ "ဒီအချိန်ဟာ ဘွဲ့ထူးဂုဏ်ထူးပေးဖို့ ခေါ်တွေ့တဲ့အချိန်မဟုတ်ဘူး သမီးရဲ့၊ တိုင်းရေး ပြည်ရေးနဲ့ ပတ်သက်ပြီး တွေ့ချင်တဲ့ လူတွေကို သီးခြားခေါ်တွေ့တဲ့ အချိန်ပဲ၊ အဖေတို့ကို ဒုက္ခပေးဖို့များ ခေါ်တွေ့တာ ဖြစ်နေမလား မဆိုနိုင်ဘူး သမီးရယ်" ဟု ပြောလိုက်သည်။ ထို့နောက် ခေတ္တငြိမ်သက်ကာ ဆက်လက်ပြောသည်မှာ "ဘယ်လိုပဲဖြစ်ဖြစ် ဘုရင့်ရှေ့တော်မှောက်ကို ချက်ချင်းဝင်ရမှာပါပဲကွယ်"

× × ×



www.burmeseclassic.com

www.burmeseclassic.com



အိုမာခယမ်သည် ချစ်သူ့ထံပါးမှ ခွဲခွာပြီးနောက် လမ်းအသွယ်သွယ်ကို ဖြတ်သန်းကာ သူနေထိုင်ရာ အိမ်သို့ပြန်လာသည်။ ယင်းသို့ပြန်လာစဉ် မြို့တံခါးအနီးသို့ ရောက်သောအခါ ရှေ့သို့ဆက်၍ သွားမရအောင် လမ်း၌ လူအများ ရုတ်တရက် ပိတ်ဆို့သွားသည်ကို ကြုံတွေ့ရသည်။ လူအများသည် ဝေးလံသော အရပ်ဒေသ တစ်ခုမှ ရောက်ရှိလာသည့် ခရီးသည်တစ်စုကို လမ်းဖယ်ပေးကြသဖြင့် ဤသို့ ပိတ်ဆို့သွားခြင်းဖြစ်သည်။

ခရီးသည်တစ်စုကို ခေါင်းဆောင်လာသူသည် ထိပ်ဆုံးမှ မြင်းဖြူကြီးကို စီးလျက်လိုက်ပါလာသည်။ သူသည် အဖိုးများစွာထိုက်သော အဝတ်တန်ဆာတို့ကို ဝတ်ဆင်ထားသည်။ သူ၏ ဝတ်ရုံမှာ ခရမ်းရောင်နှင့် အညိုရောင်ကွက်ကျား ဖြစ်သည်။ သူသည် ရွှေခါးပတ်ကြီးကို ပတ်ထားသည်။ သူ၏ မြင်းကုန်းနှီးတွင် အရောင်တဖိတ်ဖိတ်တောက်နေသော ကြေးနီသေတ္တာနှစ်လုံး ချိတ်ဆွဲထားသည်။ သူ့နောက်တွင် ရထားယာဉ်နှစ်စီးပါလာသည်။ ယင်းတို့ကို ကုလားအုပ် တစ်ကောင်စီက ဆွဲလာသည်။ ရထားယာဉ်များကို တရုတ်ပြည်ဖြစ် ရွှေခြည်ထိုး ဘရိုကိတ်များဖြင့် အလုံကာရံထားသည်။ အစောင့်ယောကျ်ား ၈-ယောက်သည် ရထားယာဉ်များကို စောင့်ကြပ်လိုက်ပါလာကြသည်။ သူတို့မှာ လေးလံထိုင်းမှိုင်းသော အမူအရာရှိ၍ တင်းရင်းသော၊ အေးစက်သော၊ ကြမ်းကြုတ်သော မျက်နှာထားနှင့် မျက်လုံးများ ရှိကြသည်။ သူတို့သည် သားရေနှင့် ငွေပြားချပ် အင်္ကျီကို ဝတ်ဆင်လျက် ငှက်တောင်များ တပ်ထားသည့် သံခမောက်များကို ဆောင်းလျက် လက်နက်အပြည့်အစုံ စွဲကိုင်ထားသည်။

အနီးသို့ ဤခရီးသည်တစ်စု ရောက်လာသောအခါ အိုမာခယမ်



www.burmeseclassic.com

www.burmeseclassic.com



သည် ခေါင်းဆောင်၏ မျက်နှာကို သေချာစွာ မြင်လိုက်ရသည်။ ဤတွင် သူက "ဟော့- ဟာစာနီ"ဟု လှမ်းခေါ်လိုက်သည်။

ခေါင်းဆောင်သည် မြင်းဇက်ကြိုးကို ချက်ချင်း သတ်လိုက်သည်။

"အိုမာ၊ ကြည့်စမ်း အိုမာပါလား"

ယင်းသို့ အော်ပြီးလျှင် သူသည် မြင်းပေါ်မှ လျင်မြန်စွာ ခုန်ဆင်းကာ အိုမာခယမ်ထံပါးသို့ ပြေးသွား၍ ဝမ်းမြောက်ဝမ်းသာ ဖက်လိုက်သည်။

"သူငယ်ချင်း ငါတို့မတွေ့ရတာ ကြာပါပကော၊ အခု မင်းကို ပြန်တွေ့ရတာ ငါ့အဖို့ အံ့ဩလို့ မဆုံးဘူး၊ ဒီမြို့မှာ မင်းကို ရှာမယ်လို့ ငါရည်ရွယ်ထားတာ၊ ဟော- အခု လာတွေ့နေပြီ၊ ငါလာတာကို မြို့တံခါးဝက မင်းလာပြီး ကြိုနေသလို ဖြစ်နေပါပကော"

သူတို့နှစ်ဦးသည် ငယ်သူငယ်ချင်းများဖြစ်၍ ကွဲကွာနေကြသည်မှာ ကာလကြာပြီ။ တက္ကသိုလ်ကျောင်းမှ အသီးသီး ထွက်ခွာခဲ့ကြသည်မှ စ၍ တစ်ဦးနှင့်တစ်ဦး မတွေ့ကြသည်မှာ ယနေ့အထိ ဖြစ်သည်။ ဘယ် အချိန် ဘယ်နေရာ၌ ပြန်လည်ဆုံတွေ့ရမည်ကို မမှန်းဆနိုင်ကြ။ ယင်း သို့ အခြေတွင် ပြန်လည်ဆုံမိကြခြင်း ဖြစ်သည်။

"ကြည့်စမ်း ဟာစာနီ၊ ဆယ်နှစ်အတွင်း မင်းရုပ်ရည်မှာ ထူးထူးခြားခြား ပြောင်းလဲမှုရယ်လို့ ဘာမှမတွေ့ရပါလား"

"မင်းလဲ ဘာမှ ပြောင်းမသွားဘူးနော် အိုမာ၊ ရုပ်ရည်ရော ကြည်လင်ရွှင်ပျတဲ့ အမူအရာရော၊ ထူးခြားတဲ့ အယူအဆတွေရော ဘာမှ မပြောင်းဘူးနော်၊ ဟောဒီ မင်းဝတ်နေကျ အင်္ကျီကြီးရော ဒီအတိုင်း ပါပဲလားကွယ်"



www.burmeseclassic.com

www.burmeseclassic.com



အိုမာခယမ်သည် သူ၏ ဟောင်းနွမ်းနေသော အပေါ်ဝတ်ရုံ အကျႌကြီးကို ကြည့်ကာရယ်မောလျက် "ငါ့အကျႌကြီးက ကောင်းပါတယ် ကွာ၊ ပူတဲ့အခါ အေးစေပြီး၊ အေးတဲ့အခါ ပူနွေးစေပါတယ်။ ဒါနဲ့ သူငယ်ချင်း၊ ငါ သတင်းကြားတဲ့အတိုင်း မင်းဟာကြီးပွားအောင်မြင်တဲ့ လူတစ်ယောက် ဖြစ်နေတယ် မဟုတ်လား၊ ဂီလန်ဘုရင်ခံဆီမှာ မင်း အမတ်ချုပ်အဖြစ် ထမ်းဆောင်ပြီး ဆီရိုမြို့မှာ နေ,နေတယ်ဆို"

"ဟုတ်တယ်လေ"

"ဒါဖြင့်- ဒီကို မင်း ဘာလာလုပ်တာလဲ"

"မင်း မြင်တဲ့အတိုင်းပဲလေ၊ သူငယ်ချင်းရဲ့"

သည်လို ပြောပြီး သူငယ်ချင်းနှစ်ယောက် ရယ်မောလိုက်ကြ သည်။

အိုမာခယမ်သည် ရထားယာဉ် နှစ်စီးကို လှမ်းကြည့်လျက် "သူငယ်ချင်း မင်း ဘာတွေယူလာလဲ"ဟု မေးလိုက်သည်။

"အင်း- ပြောရမှာကတော့ ဇာတ်လမ်းက ခပ်ရှည်ရှည်ပဲဟေ့၊ တို့ ကျောင်းသား ဘဝတုန်းကဆိုရင် ဒီနေရှပူမြို့ကလေးဟာ အညတြ မြို့ကလေးပဲနော်၊ အခုတော့ ဒီလို မဟုတ်တော့ဘူး။ ကြည့်စမ်း ပါရှား တစ်နိုင်ငံလုံးက လူတွေ ဒီမြို့ကို ဝင်ထွက်သွားလာနေကြရပြီ။ ရထား ယာဉ် တွေထဲမှာ ပါလာတာ ရှားဘုရင်ကို ဆက်သဖို့ ငါယူလာတဲ့ လက်ဆောင် တွေပေါ့ သူငယ်ချင်းရဲ့၊ ဒီလက်ဆောင်တွေမြင်ရင် ရှားဘုရင်ကြီး ဝမ်းမြောက် ဝမ်းသာရှိမှာ မြင်ယောင်သေးသကွာ"

ဟာစာနီက သည်လိုပြောရာမှ "နေအုံး သူငယ်ချင်း၊ မင်း အတွက်လဲ ပါသေးတယ်၊ ကိုယ့်သူငယ်ချင်းအတွက် ဘယ်မေ့ပါ့မလဲ



www.burmeseclassic.com

www.burmeseclassic.com



ကွယ်”ဟု ဆိုကာ သူ့မြင်းထံပါးသို့ သွားသည်။ ထို့နောက် မြင်းကုန်းနှီး အိတ်ထဲမှ ပိုးအိတ်ကလေးကို ထုတ်ယူလိုက်ကာ အိုမာခယမ်ကို လှမ်းပေး လိုက်သည်။

အိုမာခယမ်သည် ပိုးအိတ်ကလေးကို ဖွင့်ကြည့်သောအခါ အထဲ၌ ရွှေဆွဲကြိုးတစ်ကုံး တွေ့သဖြင့် ထုတ်ယူလိုက်သည်။ ရွှေဆွဲကြိုးမှာ အလွန်တရာ ကောင်းမွန်လှသော ရွှေဖြင့် ပြုလုပ်ထားလျက် ညဥ့်သန်းယံ၏ အပြာရင့်ရောင် ကောင်းကင်ပြင်ကဲ့သို့ ပြာနှမ်းသော ကျောက်မျက် ရတနာဖြင့် စီခြယ်ထားသည်။

“အမျိုးသမီးတွေရဲ့ လည်တိုင်မှာ ဆင်မြန်းဖို့ လုပ်ထားတဲ့ ဆွဲကြိုးပဲ၊ ဒါကို အမျိုးသားတွေရဲ့ လက်မောင်းမှာလဲ ဆင်မြန်းနိုင်ပါတယ်”

ဟာစာနီက ပြောပြောဆိုဆိုနှင့် ဆွဲကြိုးကို ယူကာ အိုမာခယမ်၏ လက်မောင်း၌ ဆွဲဆင်ပေးလိုက်သည်။ အိုမာခယမ်သည် ဝမ်းသာခြင်းနှင့် အားတုံ့အားနာဖြစ်ခြင်းကို တပြိုင်နက် ခံစားမိလိုက်သည်။ ယင်းသို့ ခံစားမိသည်ကို အခြားသူတို့ မသိအောင် ရယ်မောပစ်လိုက်သည်။ “ငါ့ဘဝမှာ ဒီလောက်လှပတဲ့ ရတနာမျိုး ဒီတစ်ကြိမ်ပဲ ဆင်မြန်းဖူး သေးတယ်။ ငါ့အင်္ကျီဟောင်းနဲ့တောင် လိုက်ဖက်မညီ ဖြစ်နေပြီကွယ်”

“ဒါပေမယ့် ကိုယ့်သူငယ်ချင်းရဲ့ အရည်အသွေးကိုတော့ ဒီ ရတနာက လိုက်မမှီနိုင်ပါဘူးကွယ်။ ဒါနဲ့ အိုမာရေ- ငါတို့ အချစ်ဆုံး သူငယ်ချင်းတစ်ယောက် ကျန်သေးတယ်၊ နိုင်ဇမ်လေ။ သူဒီမှာ ရှားဘုရင်ရဲ့ နန်းရင်းဝန် ဖြစ်နေတယ် မဟုတ်လား၊ သူ့အတွက်လဲ လက်ဆောင် တစ်ခု ငါယူလာတယ်။ ကဲ- လာ သူငယ်ချင်း၊ ငါနဲ့အတူ မြို့ထဲကို လမ်းလျှောက်သွားရအောင်၊ မင်းကို ပြောပြစရာတွေ အများကြီး ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



လမ်းမှာ ပြောသွားရအောင်”

ဟာစာနီသည် အိုမာခယမ်၏ လက်ကိုဆွဲလျက် ခေါ်သွားသည်။ သူငယ်ချင်း နှစ်ယောက်နောက်မှ မြင်းဖြူကြီးနှင့်တကွ ကုလားအုပ်ကသော ရထားယာဉ်များ၊ အစောင့်များလည်း လိုက်ပါသွားလေသည်။

ဟာစာနီသည် မိမိလိုရာကို ဆွဲဆောင်နိုင်စွမ်းရှိသူ၊ ဩဇာခတ်ပါသူဖြစ်သည်။ သူသည် အရပ်မြင့်မား၍ အသားညိုသည်။ သူ့ကို မြင်ရုံမျှဖြင့် တန်ခိုးဩဇာရှိသူ၊ ဦးစီး ဦးဆောင်ပြုနိုင်သူဖြစ်ကြောင်း သိနိုင်သည်။ သူသည် ဩဇာပေးရာ၌ ထက်မြက်သည်နှင့်အမျှ တစ်ဘက်ကလည်း သူတစ်ပါး၏ ဩဇာကို နာခံရန် ဝန်လေးသူ မဟုတ်ပေ။ သူ၏ ကြည့်ပုံရှုပုံသည် လွန်စွာပါးနပ်သော အသွင်ကိုဆောင်နေသည်။ သူသည် စကားကို ညင်သာစွာ ပြောတတ်၍ သူ့ဝမ်းထဲ၌ရှိသော အတွေးအခေါ် အကြံအစည်တို့ကို လျှို့ဝှက်စွာ သိုသိပ်ထားတတ်သည်။ သူသိသမျှ၊ ခံစားမိသမျှတို့ကို ဘယ်သူမှ မသိအောင် မခံစားမိအောင်လည်း ဖုံးဖိထားတတ်သည်။

အတူလမ်းလျှောက်လာစဉ် ဟာစာနီက “ဒီမြို့ကို ရှားဘုရင်ပြောင်းရွှေ့စံမြန်းတယ်ဆိုတော့ ငါတို့သူငယ်ချင်း နိုင်ဇမ်ကို မကြာခဏ မင်း တွေ့မှာပေါ့နော်”ဟု အိုမာခယမ်ကို လှမ်းမေးသည်။

“ဟင့်အင်း- သူ့ကို ငါ တစ်ခါမှ မတွေ့ဘူး။ မတွေ့အောင်လဲ ငါက ရှောင်နေတာကိုးကွ။ ရာထူး ဂုဏ်သိန်ကြီးတဲ့ ပုဂ္ဂိုလ်တွေကို ငါ မတွေ့ချင်ပါဘူးကွာ။ အထူးသဖြင့် နန်းတော်တို့၊ မင်းညီမင်းသားမျိုးမတ်တို့ဆိုရင် တတ်နိုင်သမျှ ငါရှောင်တာပါပဲ။ နန်းတော်ဆိုတာ ရာထူးလိုချင်တဲ့လူတွေ၊ ဩဇာအာဏာလိုချင်တဲ့လူတွေ စုဝေးရာ အရပ်



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ ဒီနေရာမျိုး ငါရှောင်တယ်ဟေ့။ တကယ်တော့ ဘာမှလဲ ငါ မလိုချင်ပါဘူးကွာ”

“မင်း ပညာတွေတော့ အလဟဿ မဖြစ်စေချင်ဘူးကွာ”

“ငါ့ပညာတွေကို ရှားဘုရင်ကြီး ဘာအသုံးချနိုင်မှာလဲ၊ နိုင်ငံရေး ဆိုတာလဲ ငါက ကျွမ်းကျင်နားလည်တာမှ မဟုတ်ပဲ”

“ဒီလိုလဲ ဘယ်ဟုတ်မလဲကွာ။ နိုင်ငံ့အတွက် ဘုရင့်အတွက် ပညာရှင်တွေ လုပ်ဆောင်ပေးနိုင်တဲ့ အချက်တွေ တစ်ပုံကြီးရှိပါတယ်။ ဒါနဲ့ ဆေနတက္ကသိုလ်မှာ မင်းရယ်၊ ငါရယ်၊ နိုင်ဇမ်ရယ် အချစ်ဆုံး သူငယ်ချင်း သုံးယောက် ပျော်ပျော်ရွှင်ရွှင်နဲ့ ပညာဆည်းပူးခဲ့ကြတာ မေ့သွားပြီလား။ နောက်ပြီး တို့သူငယ်ချင်း သုံးယောက် ကတိသစ္စာ ထားခဲ့ကြတာကော မှတ်မိသေးတယ် မဟုတ်လား”

“ကျောင်းသား လူငယ်ဘာဝ ထားခဲ့ကြတဲ့ ကတိဟာပဲကွ၊ အလေးအနက်ထားလို့ ဖြစ်နိုင်ပါ့မလား”

“ကျောင်းသား လူငယ်ဘာဝထားခဲ့ကြတဲ့ ကတိဆိုတာတော့ မှန်ပါတယ်။ ဒါပေမယ့် သူငယ်ချင်း၊ ကတိဟာ ကတိပဲကွ။ ငါတို့ သူငယ်ချင်း သုံးယောက်က ကြီးပွားလို့ရှိရင် ကျန်တဲ့ သူငယ်ချင်း နှစ်ယောက်ကို မ,စ စတမ်းဆိုပြီး ထားခဲ့ကြတဲ့ ကတိလေ”

“တန်ဖိုးမရှိတဲ့ အလကား ကတိပါကွာ။ ဟိုတုန်းကတော့ လူငယ် ဘာဝ ရူးရူးမိုက်မိုက်နဲ့ ပြုခဲ့ကြတာကိုး”

“ဘယ်က တန်ဖိုးမရှိတဲ့ ကတိရမှာလဲ၊ ရူးရူးမိုက်မိုက်နဲ့ ပြုတယ် လို့ ဘာကြောင့်ဆိုနိုင်သလဲကွ”

ဤတွင် အိုမာခယမ်သည် ဟာစာနီကို လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် နေရှပူမြို့ကို မင်း လာတာလား"ဟုလည်း မေးလိုက်သည်။

"တစိတ်တဒေသ အားဖြင့်တော့ မှန်တယ်ဆိုရမယ်။ ဒါထက် နိုင်ဇမ်ဟာ ကတိသစ္စာကို မေ့တတ်တဲ့ လူစားတော့ မဟုတ်ပါဘူးနော်" ဟာစာနီက သည်လိုပြောလိုက်သောအခါ အိုမာခယမ်သည် အံ့အားသင့်သွားသည်။

"ဩော်. . . ဒါကြောင့် မင်း သူ့အတွက် လက်ဆောင်တွေ ယူလာတာကိုးနော်"

"လက်ဆောင်ဆိုတာ အရာရာကို ပြေလည်စေတယ် သူငယ်ချင်းရဲ့"ဟာစာနီက သည်လိုပြောပြီး ပြုံးလိုက်သည်။ ထို့နောက် သူက "အိုမာသူငယ်ချင်း၊ မင်း ငါနဲ့အတူတူ နန်းတော်ကို လိုက်ခဲ့ကွာ"ဟု ခေါ်သည်။

"ဒါတော့ သည်းခံကွာ၊ နန်းတော်ကို ငါ မလိုက်ပါရစေနဲ့၊ ရှားဘုရင်ဆီကရော၊ တို့သူငယ်ချင်း နိုင်ဇမ်ဆီကရော ငါ ဘာမှမလိုချင်ပါဘူး။ ဘာမှလဲ မတောင်းခံချင်ပါဘူးကွာ"

ဟာစာနီက ထပ်မံ၍ မတိုက်တွန်းတော့ပေ။ "အေးလေ- ငါ နားလည်ပါတယ်။ မင်းဟာ ဟိုလွန်ခဲ့တဲ့ ၁၀-နှစ်လောက် ငါတို့တွေ့ကြစဉ်တုန်းက အတိုင်းပါပဲ။ ဘာမှ မပြောင်းလဲဘူး။ ကဗျာဆရာ ပီသပါတယ်။ ပညာရှင် ပီသပါတယ်။ အေးလေ- ဘယ်လိုပဲ ဖြစ်ဖြစ် ငါတို့သူငယ်ချင်း သုံးယောက် ပြန်လည်ဆုံတွေ့ကြတာပဲ ဝမ်းသာမဆုံးပါဘူးကွာ"

ယင်းသို့ ပြောနေစဉ် ဟာစာနီသည် ရုတ်တရက် ရပ်တန့်လိုက်သည်။ လမ်းဘေးတစ်နေရာတွင် တစ်စုံတစ်ရာကို မြင်လိုက်ရ၍ ဖြစ်သည်။ သူ မြင်ရသည်ကား လမ်းဘေးတိုင်တတိုင်၌ သံမှိုနှက်၍



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆွဲထား သည့် သွေးသံရဲရဲနှင့် ရှိနေသော လူ့ဦးခေါင်းပြတ် ၆-လုံး ပင် ဖြစ်သည်။ ဤဦးခေါင်းပြတ်များ အနီးတွင် ကက်ဦးထုပ်အနီနှစ်လုံးကို လည်း တွေ့ရ သည်။ ကက်ဦးထုပ်နီတစ်လုံးကို ထူးဆန်းသော ပုံသဏ္ဌာန် ရှိသည့် အရိုး နီတပ် ဓားမြှောင်တစ်ချောင်းစီဖြင့် တိုင်၌ ကပ်၍ထိုးဖောက် စိုက်ထား သည်။

"ဒါ ဘာတွေလဲ အိုမာ"

"ဓားပြတွေပေါ့"

"မဟုတ်ဘူး၊ ဟောဟို ဦးထုပ်နီနှစ်လုံးဟာလေ"

"လျှို့ဝှက် သုတ်သင်ရေး ဂိုဏ်းသားနှစ်ယောက်ရဲ့ ဦးထုပ်တွေ ပေါ့။ မနေ့ကပဲ ဒီ ဂိုဏ်းသားနှစ်ယောက် ကွပ်မျက်ခံရတယ်. . ."

"လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားဟုတ်စ"

"ဟုတ်တယ်၊ သူတို့အကြောင်း မင်းလဲ သိမှာပေါ့။ ပါရှား တစ်နိုင်ငံ လုံး သူတို့ရန်က မလွတ်ကင်းနိုင်ဘူး၊ ဒီလူတွေဟာ အလွန်အယူသည်းတဲ့ လူတွေ. . ."

"လာကွာ- စိတ်နောက်ကျိစရာ နေရာက အမြန်ခွာရအောင်" ဟာစာနီက စကားကို ဖြတ်လိုက်ကာ ထိုနေရာမှလွန်အောင် လျင်မြန် စွာ လျှောက်သွားသည်။ ယင်းသို့ လျှောက်သွားရာမှ. . .

"လိုက်ခဲ့ပါ သူငယ်ချင်းရာ၊ နန်းတော်ကြီး သွားပြီး ငါတို့ သူငယ်ချင်း နန်းရင်းဝန် နိုင်ဇမ်နဲ့ တွေ့ရအောင်"

"ငါ မလိုက်ချင်ပါဘူးလို့ စောစောက ပြောထားတဲ့ဟာပဲကွယ်"

"ဒီတစ်ခါ ငါ့အလို လိုက်စမ်းပါ အိုမာရာ၊ မင်းအလိုကို ငါ လိုက်ခဲ့တာ များပါတယ်။ ကဲ- လာ လာ၊ နိုင်ဇမ်ဆီသွားရအောင်၊ အခု



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆီသွားမှာ အခွင့်အရေး တောင်းရအောင် မဟုတ်ပါဘူး။ မတွေ့ရတာ နှစ် များစွာကြာလို့ တွေ့ချင်လို့ပါကွာ” ဤသို့ ပြောရာမှ ဟာစာနီ၏ မျက်နှာသည် လေးနက်သောအသွင်သို့ ကူးပြောင်းသွားသည်။

“နိုင်ဇမ်တစ်ယောက် အင်မတန်ကြီးလေးတဲ့ တာဝန်တွေကို ထမ်းဆောင်နေရမှာပဲ။ သူပုန်ရန်တွေ အေးငြိမ်းသွားလို့ ဒီမြို့ကလေးကို ထီးနန်းပြောင်းလာတယ်ဆိုရင် တော်သေးရဲ့။ အခုတော့ တစ်ဖက်က ရှားဘုရင်ရဲ့ ညီဝမ်းကွဲကလဲ ထီးနန်းကိုအပ်ရင်အပ်၊ မအပ်ရင် စစ်တပ် အလုံး အရင်းနဲ့ လာတိုက်မယ်လို့ ခြိမ်းချောက်လား ခြိမ်းချောက်ရဲ့၊ နောက်ပြီး ရန်သူဘိုင်ဇင်တိုင်တွေကလဲ နယ်စပ်မှာ လှုပ်ရှားလို လှုပ်ရှားနဲ့၊ ငါတို့ သူငယ်ချင်းမှာ ဒီပြဿနာတွေနဲ့ ရင်ဆိုင်နေရရှာမှာပဲ။ နန်းတော် ဆိုတာ သူငယ်ချင်းပြောတဲ့အတိုင်းပဲ။ ကပ်ပါးရပ်ပါးနဲ့ မြှောက်ထိုး ပင့်ကော် လုပ်တတ်တဲ့လူတွေ ဝိုင်းဝိုင်းလည်နေတာပဲ။ သူ့ခမျာ တစ်ယောက်တည်း အထီးကျန်ဖြစ်နေရှာမှာ၊ သစ္စာရှိတဲ့ မိတ်ဆွေကို တောင့်တနေရှာမှာ။ ပြီးတော့ ငါတို့ဟာ ရှားဘုရင်ရော၊ ငါတို့အမိနိုင်ငံ အတွက်ရော မကာကွယ် မစောင့်ရှောက်သင့်ဘူးလား။ ကဲ- ပြောစမ်း သူငယ်ချင်း”

ဤထက်မြက်သော စကားတို့ကို ဆိုကာ ဟာစာနီသည် အိုမာ ခယမ်ကို နန်းတော်သို့ မလိုက်ဘဲ မနေနိုင်အောင် ဆွဲဆောင်ခေါ်ငင် သွားလေသည်။

× × ×

ရှားဘုရင်၏ နန်းရင်းဝန် နိုင်ဇမ်သည် ငယ်သူငယ်ချင်းများကို ဝမ်းမြောက်ဝမ်းသာ ဆီးကြိုလက်ခံသည်။ သူသည် လွတ်လပ်စွာ စကား



www.burmeseclassic.com

www.burmeseclassic.com



ပြောဆိုနိုင်သည့် သီးသန့်အဆောက်အဦသို့ သူငယ်ချင်းများကို ခေါ်သွားကာ ကောင်းစွာဧည့်ခံသည်။ ဧည့်ခံရင်း ငယ်စဉ်ကျောင်းသားဘဝက အဖြစ်အပျက်များကိုရင်း၊ ကျောင်းထွက်ပြီး အသီးသီးကွဲကွာကြကာ အမျိုးမျိုး ကြုံတွေ့ခဲ့ရသည်တို့ကိုရင်း အားပါးတရ ပြောဆိုကြသည်။ ယင်းသို့ ပြောဆို၍ မောပန်းကြသောအခါ နိုင်ဇမ်သည် သူ ရင်ဆိုင်နေရသော ပြဿနာတို့ကို သူငယ်ချင်းများအား ဖွင့်ဟပြောပြသည်။ သူ့မှာ ကြီးလေးသော တာဝန်ဝတ္တရားများကို ထမ်းဆောင်နေရသည်။ တစ်ဖက်ကလည်း ကြီးမားသောပြဿနာများနှင့် ရင်ဆိုင်နေရသည်။ နန်းတော်တွင် တန်ဖိုးမဲ့သော သူတို့သာ ဝိုင်းဝိုင်းလည်နေသည်။ သူ့ခမျာ အထီးကျန်ဖြစ်နေရှာသည်။ သစ္စာရှိသော သူငယ်ချင်းများကို မျှော်လင့်တောင့်တနေသည်မှာ ကြာပြီ။ ဟာစာနီ တင်ကြိုခန့်မှန်း ပြောထားချက်တို့မှန်ကန်နေသည်ကို အိုမာခယမ် သိရှိရသည်။

ကွဲကွာနေကြစဉ်အတွင်း နိုင်ဇမ်သည် သူငယ်ချင်းများ မည်သို့အခြေရှိသည်ကို စုံစမ်းခဲ့သည်။ ဟာစာနီတစ်ယောက် ကြီးပွားအောင်မြင်သော သူတစ်ယောက်ဖြစ်နေသည်ကို သူကြားသိရသည်။ အိုမာခယမ်တစ်ယောက် သင်္ချာပညာဆိုင်ရာ ကျမ်းများပြုစုသည်ကိုရင်း၊ နက္ခတ္တဗေဒပညာကို နက်နဲထူးချွန်စွာ လေ့လာလိုက်စားနေသည်ကိုရင်း သတင်းစကားကြားသိရသည်။ ထို့ပြင် အိုမာ၏ ကဗျာများကိုလည်း ဖတ်ရရာ ကျေနပ်မဆုံး ဖြစ်ခဲ့သည်။ ယခု အိုမာခယမ်ကို လူကိုယ်တိုင် ပြန်လည်ဆုံတွေ့ရသောအခါ ဝမ်းသာမဆုံး ဖြစ်နေသည်။

“ကဲ အိုမာ သူငယ်ချင်း၊ နန်းတော်မှာ မင်းလိုချင်တဲ့ ရာထူးပြောစမ်း၊ ငါချက်ချင်းရအောင် ဆောင်ရွက်ပေးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အိုမာခယမ်မှာ ဝမ်းမသာနိုင်။ ရှက်ရွံ့ခြင်းပင် ဖြစ်မိသည်။

“မင်းဆီကို ငါတို့လာတာ ရာထူးအတွက် လုံးဝမဟုတ်ပါဘူး သူငယ်ချင်းရယ်။ သက်သက် တွေ့ရအောင်လာတာပါ။ နောက်ပြီး တို့ကိုများ မင်းအလိုရှိနေလားလို့ လာခဲ့တာပါ”

“အို မင်းတို့ကိုလား၊ အလိုရှိနေတာပေါ့ သူငယ်ချင်းတို့ရ၊ အလိုရှိသမှ အခုအလိုရှိနေတာကွ၊ ကဲ-ကဲ ငါ့နောက် အမြန်လိုက်ခဲ့ကြ၊ အခုအချိန်ဟာ ဘုရင်မင်းမြတ် မင်း ပရိသတ်နဲ့ တွေ့နေတဲ့အချိန်ပဲ။ လာ ငါတို့ အခစားဝင်ကြရအောင်”

သည်လိုပြောပြီးလျှင် နိုင်ဇမ်သည် သူငယ်ချင်း နှစ်ယောက်ကို ညီလာခံခန်းမသို့ ဦးဆောင်ခေါ်သွားလေသည်။ သူတို့ သုံးယောက် ခန်းမရှေ့သို့ ရောက်သောအခါ အစောင့်စစ်သားများက ကြီးမားလှသော တံခါးကြီးကို ဖွင့်ပေးလိုက်သည်။ ဤတွင် သူငယ်ချင်း သုံးယောက်ယှဉ်တွဲ ဝင်သွားကြသည်။ သူတို့နောက်မှလည်း ဟာစာနီ၏ ကိုယ်ရံတော် အစောင့်စစ်သား ၈-ယောက်သည် ဟာစာနီယူဆောင်လာသည့် ကြေးနီသေတ္တာကြီးနှစ်လုံးနှင့် ရထားယာဉ် နှစ်စီးကို ထမ်း၍ ယူဆောင်လာကြသည်။

ကြီးမားကျယ်ဝန်းလှသော ဘုရင့်ညီလာခံ ခန်းမကြီးသည် အလွန်တရာ ခမ်းနား၍ ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသည်။ အခန်းနံရံများတွင် ရောင်စုံပိုးစောင်ကြီးများဖြင့် တန်ဆာဆင်ထားသည်။ အခန်း၌ လေးဘက်လေးတန် ဝန်းရံထားသော လသာဆောင်ရှိရာ ယင်းအောက်ခြေကို မဟူရာကျောက်များဖြင့် တန်ဆာဆင်ထားသော တိုင်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များဖြင့် ထောက်ပင့်ထားသည်။ လသာဆောင်မျက်နှာကြက်ကိုမူ ဝင်းထိန်တောက်ပသည့် အရောင်မျိုးစုံထွက်သော ကျောက်မျက်ရတနာတို့ဖြင့် တန်ဆာဆင်ထားသည်။

ဤခန်းမကြီး၏ထိပ်၌ အဖိုးတန်ကော်ဇောကြီး ခင်းထားသော စင်မြင့်ငယ်တစ်ခုရှိသည်။ ယင်းစင်မြင့်ငယ်ပေါ်တွင် ရွှေရာဇပလ္လင်ရှိရာ ယင်းအပေါ်၌ ရှားဘုရင်သည် တင့်တယ်စွာ စံမြန်းထိုင်နေသည်။ တောက်ပဝင်းထိန်သော နေ၏လင်းရောင်ခြည် အမျှင်တန်းသည် အခန်းလေသာ ပြတင်းမှ ဖြတ်သန်းလျက် ပလ္လင်ထက်သို့ ဖြာဆင်းကျရောက်နေရာ တင့်တယ်သော အသရေကို ထပ်မံဖေးကူသကဲ့သို့ ရှိနေပေသည်။

ရှားဘုရင်၏ဘေး၌ကား တူရကီလူမျိုး အစောင့်စစ်သားသည် တည်ငြိမ်စွာ ရပ်လျက်ရှိသည်။ သူသည် အရောင်တလက်လက်ထွက်နေသော သံမဏိဓားကြီးကို စွဲကိုင်ထားသည်။ သူ့ဦးခေါင်းမှာ အဝတ်ဖြင့် ရစ်ပေါင်းထားသည်။ ဘုရင့်အနီး ဝန်းကျင်၌ ရာထူးအလိုက် ပိုးဝတ်စုံများကို ဝတ်ရုံထားသည့် မှူးကြီးမတ်ရာများ၊ မင်းညီ မင်းသားများ၊ မင်းမှုထမ်းများကို မြင်ရသည်။ သူတို့အထဲတွင် ဘုရင့်ဝမ်းကွဲညီတော် အမတ်ချုပ် တားတတ်၊ ပြတိုက်ဝန်၊ ရွှေတိုက်စိုး၊ လေးသည်တော်မှူး၊ မြင်းသည်တော်မှူး၊ စာရေးတော်ကြီး၊ ဘုရင့်ကိုယ်ရံတော် တပ်ဗိုလ်မှူး စသည်တို့လည်း ပါဝင်သည်။

ရာဇပလ္လင်ရှေ့ရှိ ကော်ဇောပေါ်သို့ မင်း ပရိသတ်များ အချိန်မရွေး မလာစေရ။ ဘုရင့်ရှေ့တော်မှောက်သို့ အခစားဝင်သောအခါတွင်မှ လာရသည်။ ဤတွင် ကော်ဇောအနီး ပတ်ဝန်းကျင်မှာ မင်း ပရိသတ်များ ဝိုင်းဝိုင်းလည်နေရာ ဈေးတန်းနှင့် တူနေပေသည်။ ထိုဝိုင်းဝိုင်းလည်



www.burmeseclassic.com

www.burmeseclassic.com



နေသော လူစုထဲတွင် ရာထူးလိုချင်သူများ၊ ရာထူးတိုးချင်သူများ၊ နန်းတွင်း မင်းမှုထမ်းများ၊ စစ်ဗိုလ်မှူးကြီးများ၊ သံတမန်များ၊ ဝေးလံသော အရပ်မှ ရှားဘုရင်ကို အဖူးအမြော် ရောက်လာသော ခရီးသည်များ၊ ကုန်သည်များ ပါဝင်သည်။ ထိုသူတို့သည် မိမိဇာတိ ဒေသအလိုက် ဝတ်ဆင်သည့် ရောင်စုံဝတ်စုံတို့ကို ဝတ်ဆင်ထားကြသည်။ တောင်တန်း ဒေသမှလာသူများသည် သိုးမွေးထည်တို့ကိုဂင်း၊ မြို့ကြီးပြကြီးများမှ လာသူများသည် ပိုးထည်ကတ္တီပါထည်တို့နှင့် အဖိုးတန် စိန်ရွှေ ကျောက်သံ ပတ္တမြား အဆင်တန်ဆာတို့ကိုဂင်း ဆင်မြန်းထားကြသည်။

ဤမင်းပရိသတ်ထဲသို့ နန်းရင်းဝန် နိုင်ဇမ်သည် သူ့ သူငယ်ချင်း ကဗျာဆရာ အိုမာခယမ်နှင့် အမတ်ချုပ် ဟာစာနီတို့ကို ခေါ်ဆောင် လာခဲ့ပေသည်။ နိုင်ဇမ်သည် မင်းပရိသတ်များကို လမ်းဖွင့်ပေးစေလျက် သူငယ်ချင်း နှစ်ယောက်အား ဇော်ဇောအနီးသို့ ခေါ်ဆောင်ကာ သုံးယောက် အတူယှဉ်တွဲ ရပ်တန့်နေသည်။

ဘုရင့်ရှေ့မှောက်တွင်ကားရှားဘုရင်၏ သားတော်နှစ်ပါး ရှိနေ သည်။ ဤသားတော်နှစ်ပါးတွင် သားတော်ကြီးသည် အာမွတ်ဟု အမည် တွင်သည်။ သူသည် အသက် ၂၄-နှစ်အရွယ်ရှိ၍ ကြံ့ခိုင်သန်စွမ်းသည်။ အသားအရေမှာ ညိုစိမ့်စိမ့်ဖြစ်သည်။ သူသည် ဖခမည်းတော်အား ပတ္တမြား ကျောက်စီဓားကြီးတစ်လက် လက်ဆောင်ပေးအပ်သည်။ သံတော်ဆင့်သည် မင်းသား အာမွတ်၏လက်တွင်းမှ ကျောက်စီဓားကို ယူကာ ဘုရင့်အထံတော်သို့ သွားရောက်ပေးဆက်သည်။

“သူငယ်ချင်းတို့ အသာစောင့်ကြည့်နေကြ။ မင်းသားနှစ်ပါးဟာ မသင့်မြတ်ကြဘူး။ တစ်ယောက်ကို တစ်ယောက်ပြိုင်နေကြတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းသား အာမွတ်ဘေးကရပ်နေတာ သူ့ညီတော်မင်းသား မာလစ်ပဲ၊ လွန်ခဲ့တဲ့ အပတ်က မာလစ်က ခမည်းတော်ကို စစ်ခါးလက်ဆောင် ပေးတာနဲ့ ဒီကနေ့ အာမွတ်က အားကျမခံ ပတ္တမြား ကျောက်စီခါး လက်ဆောင်ပေးတာပဲ၊ မင်းသား အာမွတ်ဟာ သားတော်ကြီးဖြစ်တဲ့ အတွက် ခမည်းတော်ဘုရင်ရဲ့ ထီးမွေနန်းမွေကို ဆက်ခံရမယ့်သူပဲ၊ ဒါပေမယ့် သူက ညီတော်ကို မလိုတမာ ဖြစ်နေတယ်၊ ဒီလို မလိုတမာ ဖြစ်အောင်လဲ သူ့မယ်တော် မိဖုရား ဇရဒါက မြှောက်ပေးနေတယ်”ဟု နိုင်ဇမ်က သူငယ်ချင်း နှစ်ယောက်ကို တီးတိုးပြောပြသည်။ သည်လိုပြော ရာမှ ခေတ္တရပ်နားကာ အခြေအနေကို ငဲ့စောင်းသုံးသပ်ရင်း နိုင်ဇမ်က ဆက်ပြောသည်မှာ. . .

“လသာဆောင်ကို မင်းတို့မော့ကြည့်လိုက်ရင် မိဖုရား ဇရဒါကို မြင်ရလိမ့်မယ်။ တိုင်ကွယ်ကနေပြီး အားလုံးကို ကြည့်ရှုအကဲခပ်နေတယ် လေ။ သူက မင်းသားမာလစ်ကို မုန်းတီးမှာပေ့ါ။ မာလစ်ရဲ့ မယ်တော်က သူနဲ့ပြိုင်ဖက်ကိုး။ မာလစ်ရဲ့ မယ်တော်ဟာ ဘုရင်မင်းမြတ်ရဲ့ စတုတ္ထ မြောက် မိဖုရားဖြစ်ပေမယ့် ဘုရင်မင်းမြတ်က အချစ်မြတ်နိုးဆုံး နေရာက ထားပြီး မြှောက်စားခဲ့တယ်။ အခု မာလစ်မယ်တော် မရှိတော့ပါဘူး၊ ကံကုန်ရှာပါပြီ။ ဒါပေမယ့် မိဖုရား ဇရဒါက ခုထိအငြိုးထားနေတုန်းပဲ”

နိုင်ဇမ်သည် စကားကိုရပ်လိုက်ကာ မင်းသားမာလစ်ကို စူးစိုက် ကြည့်လိုက်သည်။ မာလစ်သည် ဘုရင့်ထံပါးသို့ ချဉ်းကပ်သွားကာ တစ်စုံ တစ်ရာလျှောက်ထားပြောကြားနေသည်။ မင်း ပရိသတ်တို့ အသံဖြင့် ဆူညံနေသဖြင့် မာလစ်၏လျှောက်ထားချက်တို့ကို နိုင်ဇမ်တို့ မကြား နိုင်ပေ။ သို့ရာတွင် မာလစ်သည် သူ့ဖခမည်းတော်အား မလိုတမာ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသော သူ့နောင်တော်အကြောင်း ပြောကြားနေသည်ဟုကား နိုင်ဇမ်က အတပ်သိလိုက်ပေသည်။

ရှားဘုရင်သည် လက်မြှောက်အချက်ပြလိုက်ကာ သားတော်နှစ်ပါးကို အသီးသီး နေရာယူစေသည်။

သားတော်နှစ်ပါးသည် ရာဇပလ္လင်ခြေရင်းရှိ သူတို့အတွက် သတ်မှတ်ပြင်ဆင်ထားသော နေရာ၌ ထိုင်ကြသည်။ တခဏချင်းပင် ခန်းမကြီးတစ်ခုလုံးသည် ငြိမ်ဆိတ်သွားသည်။

"သားတော်များ၊ မင်းတို့လက်ဆောင်ဆက်တဲ့ ဓားနှစ်စင်းစလုံးကို ဖခမည်းတော် နေရာဌာနအလိုက် အသုံးပြုသွားမယ်၊ ဒါပေမယ့် လက်ဆောင် ပဏ္ဏာထက် ခမည်းတော်အပေါ် သစ္စာရှိမှုဟာ ပိုပြီးအဖိုးထိုက်တန်တယ်ဆိုတာ မှတ်ထားကြပါ"ရှားဘုရင်က ညင်သာစွာ ပြောပြသည်။

ထိုအခါ မာလစ်က ပြုံးလိုက်သည်။ အဖေတူ အမေကွဲဖြစ်၍ မာလစ်တို့ ညီတော်နောင်တော် နှစ်ဦးမှာ မတူကြပေ။ မာလစ်၏ မျက်နှာသည် ချိုသာ၍ ပွင့်လင်းသော အသွင်ကိုဆောင်နေသည်။ ထို့ပြင် မာလစ်၌ ရန်လိုသော အမူအရာလည်း မရှိ၊ မာနကြီးခြင်းလည်းမရှိ၊ မျိုးရိုးမာန်တက်ခြင်းလည်း မရှိ။

"ကဲ- ကဲ အခစားဝင်နိုင်ပါပြီ"ရှားဘုရင်သည် မင်းပရိသတ်များအား သူ့ရှေ့မှောက်သို့ အခစားဝင်ခွင့်ပြုလိုက်သည်။

"ကြီးမြတ်သော အရှင်"

ပြောပြောဆိုဆိုနှင့် နိုင်ဇမ်သည် ကော်ဇောပေါ်သို့တက်ပြီးလျှင် ဦးညွတ်အရိုအသေပြုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြီးမြတ်သော အရှင်။ ကျွန်တော်မျိုးရဲ့ သူငယ်ချင်းနှစ်ယောက်ကို အရှင်ရှေ့တော်မှောက် အခစားဝင်ဖို့ ကျွန်တော်မျိုး ခေါ်ဆောင်လာပါတယ်။ အရှင့်သစ္စာကို စောင့်သိရိုသေကြမယ့် ကျေးတော်မျိုး ကျွန်တော်မျိုးများ ဖြစ်ကြောင်း ကျွန်တော်မျိုးရဲရဲကြီး အာမခံဝံ့ပါတယ်။ သူငယ်ချင်း နှစ်ယောက်အနက် တစ်ယောက်ကတော့ ဂီလန်ဘုရင်ခံရဲ့ အမတ်ချုပ်ပါပဲ။ သူ့အမည်က ဟာစာနီလို့ ခေါ်ပါတယ်"

"ဟာစာနီ အခစားဝင်စေ" သံတော်ဆင့်က ကျယ်လောင်သော အသံဖြင့် ဆင့်ခေါ်လိုက်ရာ ဟာစာနီသည် ဘုရင့်ရှေ့တော်မှောက်သို့ ဝင်လာပြီး ဦးညွှတ်အရိုအသေပြုလေသည်။

"ကျန်သူငယ်ချင်းတစ်ယောက်ကတော့ ဒီမြို့တော်မှာပဲ နေထိုင်ပါတယ်။ ပညာအရာမှာရော၊ ကဗျာလင်္ကာအရာမှာရော ထင်ရှားကျော်စောပြီး လူအများရဲ့ ရိုသေလေးစားခြင်းကို ခံရသူပါ။ သူ့အမည်က အိုမာခယမ်လို့ ခေါ်ပါတယ် အရှင်"

နိုင်ဇမ် သည်လိုလျှောက်တင်လိုက်သောအခါ မင်းသား မာလစ်သည် ဝမ်းမြောက် ဝမ်းသာ ဖြစ်သွားသည်။ မင်းသားသည် ဆေနတက္ကသိုလ်၌ တက်ရောက်ပညာသင်ကြားစဉ် အိုမာခယမ်၏ တပည့်ဖြစ်ခဲ့ဘူးသည်။

"အိုမာခယမ် ရှေ့တော်မှောက် ဝင်စေ"ဟု သံတော်ဆင့်က ဆင့်ခေါ်လိုက်သောအခါ မာလစ်သည် ပြုံးရွှင်စွာဖြင့် နေရာမှထ၍ ခရီးဦးကြိုပြုလေသည်။

ရှားဘုရင်သည် ကဗျာဆရာကို အလိုရှိသူ မဟုတ်ပေ။ ထို့ကြောင့် ကဗျာဆရာအား သူ့ထံပါးသို့ခေါ်လာသော နိုင်ဇမ်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



မကျေမချမ်း ဖြစ်မိသည်။ ယင်းသို့ မကျေမချမ်းဖြစ်မိသည်ကို ထုတ်ဖော်ပြောဆိုမည် ပြုသေးသည်။ သို့ရာတွင် ပြောလိုသော စကားတို့မှာ နှုတ်မှထွက်မလာကြပေ။ ဤသို့ဖြစ်ရသည်မှာ အိုမာ၏ ထူးခြားသောမျက်နှာ၊ အိုမာ၏ထူးခြားသော မျက်လုံး၊ အိုမာ၏ ရိုးသားသော အမူအရာတို့ကြောင့် ဖြစ်သည်။ ယင်းတို့သည် သူ့အပေါ် မကောင်းပြောမည့် ဘုရင့်စကားတို့ကို တွန့်ဆုတ်ပျောက်ပျက်စေလေသည်။

မင်း ပရိသတ်အချို့သည် အိုမာခယမ်ကို ကြည့်လျက်နှာခေါင်းရှုပ်ကြသည်။ အားလုံးပင် အိုမာ့ကို ခြေဆုံးခေါင်းဆုံးရှုကြည့် အကဲခပ်ကြသည်။ အိုမာ၏အပေါ် ဝတ်ရုံအင်္ကျီသည် ဆန်းသစ်ခြင်းမရှိသည့်ပြင် ဟောင်းနွမ်း၍ပင် နေပေသည်။ သည်လိုအဝတ်အဆင်မျိုး ဝတ်ဆင်ထားသူသည် သည်နေရာကို အဘယ်ကြောင့် ရောက်လာပါလိမ့်။

မင်း ပရိသတ်များ၏ ခံစားချက်ကို သိရှိသဖြင့် သံတော်ဆင့်က သွေးတိုးစမ်းသော အနေဖြင့် မေးလိုက်သည်။

"ကဗျာဆရာ ပညာရှင် အိုမာခယမ်၊ အရှေ့တိုင်းနဲ့ အနောက်တိုင်း နှစ်ရပ်စလုံးရဲ့ သခင် ရှားဘုရင်မင်းမြတ်ကို ဆက်သဖို့ ဘယ်လိုလက်ဆောင်ပဏ္ဏာမျိုးတွေ ယူလာပါသလဲ"

"ကဗျာဆရာ တစ်ယောက်အဖို့ ကဗျာကလွဲလို့ ဘာလက်ဆောင်ပဏ္ဏာမှ ဆောင်ယူလာစရာ မရှိပါဘူးအရှင်" အိုမာခယမ်က ဘုရင့်အား အမှန်အတိုင်း ရိုးသားစွာ တင်လျှောက်သည်။

ဤတွင် ရိုင်းပြသော မင်းပရိသတ် အချို့က လှောင်ပြောင်ရယ်မောကြသည်။ အိုမာခယမ်အဖို့ နန်းတွင်း၌ ခစားရသည်မှာ အဆင်မပြေ။ သည်ကြားထဲ ပရိသတ်အချို့က ရယ်မောရာ ပို၍ အဆင်



www.burmeseclassic.com

www.burmeseclassic.com



မပြေနိုင် ဖြစ်နေသည်။

"ကျွန်တော်မျိုး ဆက်သလိုတဲ့ ကဗျာက မရှည်လှပါဘူး၊ တိုတို ကလေးပါ"ဟု အိုမာခယမ်က ထပ်ဆင့်တင်လျှောက်သည်။

"ကောင်းပြီ မောင်မင်း၊ ကဗျာကို ရွတ်ပြစမ်းကွယ်၊ နားထောင် ရအောင်"ဘုရင်က သည်လိုပြောလိုက်သောအခါ အိုမာခယမ်သည် ရဲရင့်စွာဖြင့် ရှေ့သို့တိုးလိုက်ကာ အောက်ပါကဗျာကို ကြည်လင် ပြတ်သားစွာ ရွတ်ဆိုလိုက်လေသည်။

**ပိတ်ဆို့တံခါး၊ ရှိနေငြားလည်း**
**သော့ကားဖွင့်ရန် မရှိချေ။**

**ခေါင်းမြီးခြုံဇာပါး၊ ရှိနေငြားလည်း**
**မြင်ကား မမြင်နိုင်ပါချေ။**

**သင်သင်ငါငါ၊ ပြောနေပါလည်း**
**ငါငါသင်သင်၊ လောကခွင်တွင်**
**စင်စစ် မရှိနိုင်ပါချေ။**

× × ×

**အောင်မြင်ဘဝ၊ ကြုံပါရလည်း**
**ခဏမျှသာ၊ မှတ်ယူ**ရာ၏။

**နိမ့်ရှုံးဘဝ၊ ကြုံပါရလည်း**
**ခဏမျှသာ၊ မှတ်ယူရာ၏။**



www.burmeseclassic.com

www.burmeseclassic.com



**သဲကန္တာရ၊ နှင်းဖြူလွှသို့**
**ဘဝသက်တာ၊ ခဏသာတည့်**
**မကြာကွယ်ပျောက်ရမည်တကား။**

အိုမာ၏ ကဗျာကို ကြားနာရသောအခါ မင်းပရိသတ်တို့သည် မပြေမလည် ရှိနေကြသည်။ ရှားဘုရင် ကိုယ်တော်တိုင်ပင် ဝေခွဲမရသော အသွင်ကိုဆောင်နေသည်။ သူသည် ကဗျာ၏အနက် အဓိပ္ပာယ်ကို ဆင်ခြင်စဉ်းစားနေပုံ ရသည်။ အိုမာသည် အခြားကဗျာတပုဒ်ကို ဆက်လက် ရွတ်ဆိုပြန်လေသည်။

**တည်းရိပ်သာတွင်**
**ဝင်ထွက်တံခါး၊ ရှိသောလားသို့**
**ဖွားကြသေကြ၊ သည်လောကဝယ်**
**များစွာ့ရာဇာ၊ ဘုရင်တကာတို့**
**အာဏာတန်ခိုး၊ ကျက်သရေဖြိုးလည်း**
**ညှိုးရော်မြေခ၊ တဒင်္ဂဝယ်**
**ကွယ်ကြပျောက်ကြရသည်တကား။**

ဤကဗျာကို ကြားနာရသောအခါ မင်းပရိသတ်များသည် အနက်အဓိပ္ပာယ်ကို ရှင်းလင်းပြတ်သားစွာ သိရှိလာကြသည်။ သူတို့သည် တစ်ဦးမျက်နှာကို တစ်ဦးလှမ်းကြည့်ကြသည်။ အားလုံးကပင် ဘုရင်မင်းမြတ်သည် ဗိုလ်ပုံအလယ်တွင် အရှက်ခွဲခံရလေပြီဟု မှတ်ယူလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ရှိစဉ် မာလစ်သည် ခမည်းတော်၏ ထံပါးသို့ တိုးကပ်သွားကာ အိုမာခယမ်ကို ကာကွယ်သောအားဖြင့် တီးတိုးရှင်းပြပြောဆိုသည်။

"ခမည်းတော်၊ ဒါ သူရဲ့ဘဝ အမြင်သက်သက်ပါ၊ ခမည်းတော်ကို ထိပါးတာ မဟုတ်ပါဘူး"

တူရကီလူမျိုး သက်တော်စောင့်သည် လက်တွင်းရှိ ဓားကို တင်းကြပ်စွာ ဆုပ်ကိုင်လိုက်သည်။ဘုရင်အမိန့်ပေးသည်နှင့် တပြိုင်နက် အိုမာခယမ်ကို မဆိုင်းမတွ ခုတ်ပိုင်းချလိုက်ရန် ဖြစ်သည်။

ထိုအခိုက် မင်းသားအာမွတ်က "ခမည်းတော်၊ မဖွယ်မရာ စကားဆိုတဲ့လူကို ဓားနဲ့တုံ့ပြန်ပါ"ဟု ကျယ်လောင်စွာ ဟစ်အော်တောင်းဆိုရာ ထိုအသံတို့သည် တစ်ခန်းလုံး ပဲ့တင်ထပ်သွားလေသည်။

ဤတွင် ရှားဘုရင်သည် ငြိမ်သက်စေရန် လက်မြှောက်အချက်ပေးလိုက်သည်။ ချက်ချင်းပင် တစ်ခန်းလုံး ငြိမ်သက်သွားရာ ရှားဘုရင်က အိုမာခယမ်အား "အိုမာခယမ်၊ သင်ဟာ သည်နေရာကို ဘာအဆောင်အယောင် အဝတ်တန်ဆာမှလဲ ဝတ်ဆင်ပြီး မလာဘူး၊ လက်ဆောင်ပဏ္ဏာလဲ ယူမလာဘူး၊ ဒါပေမယ့် ကဗျာလင်္ကာကို ဆောင်ယူလာတာ သင့်မြတ်ပါပေတယ်။ သင်ကဗျာလင်္ကာမှာ ငါဘုရင်ကို စော်ကား မော်ကား ပြုချက်မပါဘူးလို့ ငါကိုယ်တော်မြတ် အကြွင်းမဲ့ ယုံကြည်တော်မူတယ် မောင်မင်း"

မင်းသားအာမွတ်ကမူ "ခမည်းတော်၊ မဖွယ်မရာ စကားကိုဆိုတဲ့လူကို တုံ့ပြန်သင့်ပါတယ်"ဟု ထပ်မံဆိုပြန်လေသည်။

"သားတော်အာမွတ်၊ သည်ကဗျာဆရာကို ခမည်းတော် တုံ့ပြန်



www.burmeseclassic.com

www.burmeseclassic.com



ရမယ် ဟုတ်စ၊ ကောင်းပြီ၊ တုံ့ပြန်မယ်၊ သူ့စကားတွေဟာ အမှန်တရားကို ဖော်ကျူးတဲ့စကားလို့ ငါတုံ့ပြန်ပြောဆိုလိုပါတယ်။ အမှန်တရား ဟာ စိန်ရွှေရတနာထက် အဆများစွာ အဖိုးထိုက်တန်တယ်လို့ မှတ်ထား စမ်း သားတော်”

ယင်းသို့ပြောဆိုပြီး ခေတ္တရပ်နားကာ ရှားဘုရင်က ဆက်လက်ပြောပြန်သည်။ “အာမွတ်၊ ငါဘုရင့် နန်းတော်မှာ အမှန်တရားသာ ထွန်းပြောင်နေစေချင်တယ်”

ထို့နောက် ရှားဘုရင်က အိုမာခယမ်ဘက်သို့ လှည့်ကာ ညင်သာစွာဖြင့် ပြောသည်မှာ. . .

“ငါတို့ မမေ့မလျော့သင့်တဲ့အရာကို အသင်တစ်ဦးတည်းကပဲ ရဲရဲဝံ့ဝံ့ ဖော်ထုတ်ဖော်ရပါပေတယ်။ ငါကိုယ်တော်မြတ်ဟာ လူတစ်ယောက်ရဲ့ တန်ဖိုးကို လက်ဆောင်ပဏ္ဏာကြည့်ပြီး မဆုံးဖြတ်ပါဘူး။ သူရဲ့ ရိုးသားတဲ့ စိတ်စေတနာကိုကြည့်ပြီးသာ ဆုံးဖြတ်ပါတယ်”

ရှားဘုရင်သည် အနီးပတ်ဝန်းကျင်ရှိ လူများကို ငဲ့စောင်းကြည့်လိုက်ကာ “အိုမာခယမ့် အရည်အသွေးကို နိုင်ဇမ်မှတစ်ပါး အခြားထောက်ခံနိုင်မယ့် ပုဂ္ဂိုလ်များရှိသေးသလားကွယ်ရို့”ဟု မေးလိုက်သည်။

ဤတွင် မင်းသား မာလစ်က ထောက်ခံပြောဆိုရန် နေရာမှ ထမည်ပြုသည်။ သို့ရာတွင် သူမထမီမှာပင် ရှရိန်၏ဖခင် အိုင်မမ်မိုဝါ ဖတ်က အသံပြုလိုက်ကာ ဘုရင့်ရှေ့မှောက်သို့ ထွက်လာသည်ကို တွေ့ရသည်။

“ကြီးမြတ်တော်မူလှတဲ့ အရှင်”

ချက်ချင်းပင် သံတော်ဆင့်က “နေရှပူမြို့တော်၊ ဆေနတက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတော်ကြီး၏ အကြီးအကဲ ဒိသာပါမောက္ခ အိုင်မမ်မိုဝါဖတ်”ဟူ၍ ဆင့်ခေါ် လိုက်သည်။

“ကြီးမြတ်တော်မူလှတဲ့အရှင်၊ အရှင့်ရှေ့မှောက်မှာ အခစား ရောက်နေတဲ့ သူငယ်ချင်း သုံးဦးစလုံး အရည်အသွေး ကိုယ်စီရှိကြပါ တယ်။ နန်းရင်းဝန်နိုင်ဇမ်၊ အမတ်ချုပ်ဟာစာနီ၊ ကဗျာဆရာ အိုမာခယမ် သူတို့သုံးဦးစလုံး ချီးကျူးထိုက်တဲ့ ပုဂ္ဂိုလ်တွေပါပဲ၊ အိုမာခယမ်ဆိုရင် အက္ခရာသင်္ချာ ပညာနဲ့ နက္ခတ္တဗေဒပညာတွေကို တစ်ဖက်ကမ်းခတ် တတ်မြောက်သူပါ။ လျှို့ဝှက်တဲ့ အသည်းနှလုံးကိုလဲ ဖောက်ထွင်းသိမြင် နိုင်သူပါ။ အရှင့်တိုင်းပြည်မှာ သည်လိုအရည်အသွေးရှိတဲ့ ပုဂ္ဂိုလ်မျိုး မရှိသလောက်ရှားပါတယ်။ အရှင်က သည်ကဗျာဆရာ အိုမာခယမ်ကို ထောက်ခံနိုင်မယ့် ပုဂ္ဂိုလ်ရှိပါသလားဆိုရင်၊ သူရဲ့ ဆရာဟောင်းဖြစ်တဲ့ ကျွန်တော်မျိုးက ရဲဝံ့စွာ ထောက်ခံပါတယ်လို့ လျှောက်ထားလိုပါတယ်။ ကျွန်တော်မျိုး ထောက်ခံရတာလဲ သူ့အကြောင်းကို ကောင်းစွာ သိလို့ပါ ပဲ။ အိုမာခယမ်ဟာ စစ်တပ်တွေ တစ်နေရာက တစ်နေရာကို ဘယ် အတိုင်းအတာအထိ ရွှေ့ပြောင်းဖို့လိုတယ်ဆိုတာ သင်္ချာသင်္ကေတနဲ့ တွက်ပြနိုင်သူ ဖြစ်ပါတယ်။ စစ်တပ်အပြောင်းအရွှေ့သာမက အတိုင်း အတာ အမျိုးမျိုးကို သူရဲ့သင်္ချာပညာနဲ့ ဖော်ထုတ်ပြနိုင်ပါတယ်။ နက္ခတ္တ ဗေဒနဲ့ ပတ်သက်လို့လဲ သူ့ဉာဏ်ပညာကို မှီနိုင်စွမ်းရှိတဲ့သူ မရှိပါဘူး။ ဒါတွေထက် သူ့မှာအဖိုးမဖြတ်နိုင်တဲ့ ပါရမီ ပါရှိတာကတော့ ကဗျာ လင်္ကာ ပါရမီပါပဲအရှင်”

ပါရှားတစ်နိုင်ငံလုံးတွင် ပညာအရာ၌ ဖက်ပြိုင်မရသည့် ဤ ပုဂ္ဂိုလ်ကြီး၏ ချီးကျူးထောက်ခံချက်ကို ကြားရသောအခါ မင်း ပရိသတ်



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အံ့ဩမဆုံး ရှိသွားကြသည်။ သူတို့သည် ရှားဘုရင်ကို လှမ်းကြည့်လိုက် သောအခါ ဘုရင့်မျက်နှာမှာ ဝမ်းသာရွှင်လန်းသော အရိပ်အယောင်များ ဖုံးလွှမ်းနေသည်ကို တွေ့ရသည်။

"နက္ခတ္တဗေဒပညာရှင် ကဗျာဆရာ အိုမာခယမ်၊ ဂြိုဟ်သွားဂြိုဟ်လာနဲ့ နက္ခတ်တာရာတွေကြည့်ပြီး အနာဂတ်မှာ ဖြစ်မယ့် အဖြစ်အပျက်တွေကို အသင်ဟောပြောနိုင်တယ် မဟုတ်လား"

"သည်အတတ်ပညာကိုတော့ ကျွန်တော်မျိုး မတတ်ကျွမ်းပါဘူး။ ပရောဟိတ်တို့ ဗေဒင်ပညာရှင်တို့သာ တတ်ကျွမ်းပါတယ်။ ကျွန်တော်မျိုး တတ်ကျွမ်းတာက အပြောကျယ်တဲ့ ပင်လယ်သမုဒ္ဒရာနဲ့ ကန္တာရခရီးကိုသွားတဲ့ ခရီးသည်တွေကို လမ်းညွှန်ပြသတဲ့ ကြယ်တာရာတွေနဲ့ စပ်ဆိုင်တဲ့ နက္ခတ္တဗေဒပညာပါပဲ။ သည်ကြယ်တာရာတွေကို ဆန်းစစ်လေ့လာပြီး ကျွန်တော်မျိုးတို့ဟာ နေ့၊ လ၊ နှစ်တွေကို တွက်ချက်ပြီး ပြက္ခဒိန်စီရင်ရပါတယ်"

အိုမာခယမ်၏ စကားကို ရှားဘုရင်သည် များစွာ စိတ်ပါဝင်စားနေသည်။ "ကောင်းကင်က ကြယ်တာရာတွေကို လေ့လာတွက်ချက်ပြီး ငါတို့အသုံးပြုနေတဲ့ ပြက္ခဒိန်ကို စီရင်ရတယ် ဟုတ်စ"

'မှန်ပါတယ် အရှင်၊ အခု ကျွန်တော်မျိုးတို့ အသုံးပြုနေတဲ့ ပြက္ခဒိန်ဆိုရင် အရင့်အရင်က အမှားမှား အယွင်းယွင်း တွက်ချက်ခဲ့တာတွေပါနေတာမို့ မမှန်မကန် ဖြစ်နေပါတယ်၊ ပြက္ခဒိန် မမှန်မကန် ဖြစ်နေတဲ့အတွက် အရှင့်မွေးနေ့ မင်္ဂလာပွဲဆိုရင် မှန်တဲ့အချိန်မှာ မကျင်းပနိုင်ဘဲ တစ်ပတ်နောက်ကျပြီး ကျင်းပနေရပါတယ်"

ယင်းသို့ပြောလိုက်သောအခါ ရှားဘုရင်သည် အံ့အားသင့်



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ အနီးရှိ မင်း ပရိသတ်များလည်း အံ့အားသင့်လှစွာဖြင့် တစ်ယောက်ကို တစ်ယောက်လှမ်းကြည့်ကြသည်။

"အမှန်ပါပဲအရှင်၊ ကျွန်တော်မျိုးတို့ရဲ့ ဘုရားဝတ်ပြုချိန်၊ ဥပုသ်စောင့်ချိန်၊ အစာစားချိန်အားလုံး အချိန်တွေဟာ ကုန်ဆုံးပြီးချိန်မှာ အစပြုသလို ဖြစ်နေပါတယ်"

အိုမာခယမ်က သည်လိုပြောရာမှ တစ်ချက်ပြုံးလိုက်ကာ "ကျွန်တော်မျိုးတို့ဟာ နက်ဖန်ကို မနေ့ကလို သဘောထားပြီး နေကြသလို ဖြစ်နေပါတယ် အရှင်"

ယင်းသို့ ပြောလိုက်သောအခါ တစ်ခန်းလုံး ရယ်သံတို့ဖြင့် ပဲ့တင်ထပ်သွားသည်။ ဘုရင်က ငြိမ်သက်ရန် လက်ပြပြီးလျှင် "အိုမာခယမ်၊ မှန်ကန်တဲ့ ပြက္ခဒိန်အသစ် စီရင်ဘို့ အသင့်ကို ငါကိုယ်တော်မြတ် တာဝန်ပေးပါတယ်"ဟု ဆိုလိုက်သည်။

"သင့်မြတ်လှပါတယ် အရှင်"ဟု အိုင်မမ်မိုဝါဖတ်က ဝင်ရောက်ထောက်ခံလျှောက်ထားသည်။

ဘုရင်က နှစ်ခြိုက်သဘောကျစွာဖြင့် ခေါင်းတဆတ်ဆတ်ညိတ်ကာ "နန်းရင်းဝန် နိုင်ဇမ်နဲ့ ဒိသာပါမောက္ခကြီး အိုင်မမ်တို့နှစ်ဦး ချီးကျူးထောက်ခံခြင်းခံရတဲ့ ကဝိအိုမာခယမ်၊ လောကမှာ အမှန်ကန်ဆုံးအရာဟာ ဘာလဲဆိုတာ တိုတိုတုတ်တုတ် လျှောက်တင်စမ်းပါ"

"အရှင် သေခြင်းတရားဟာ ကျွန်တော်မျိုးတို့ နားအနီးမှာကပ်ပြီး 'ငါရောက်လာဖို့နီးပြီ' 'ငါရောက်လာဖို့နီးပြီ'လို့ တီးတိုးပြောနေပါတယ်၊ သည်လိုပြောတိုင်း ကျွန်တော်မျိုးတို့ စိုးရိမ်ကြောက်လန့်နေရမှာလား။ စိုးရိမ်ကြောက်လန့်ခြင်း မဖြစ်သင့်ပါဘူး။ အသက်ရှင်ခိုက်မှာ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကို ပျော်ရွှင်စွာနဲ့ ပြည့်ပြည့်ဝဝ ခံစားနေထိုင်သွားသင့်ပါတယ်။ ဒါဟာ လောကမှာ အမှန်ကန်ဆုံး အရာပါပဲ အရှင်"

ရှင်ဘုရင်သည် မင်း ပရိသတ်များဖက်သို့လှည့်ကာ "ဒီပုဂ္ဂိုလ်ကို ငါကိုယ်တော်မြတ် အလွန်နှစ်သက် သဘောကျတယ်ကွယ်ရို့"ဟူ၍ လေးနက်စွာ ချီးကျူးပြောကြားလေသည်။ ထို့နောက် အိုမာခယမ်ဘက်သို့ လှည့်ကာ. . .။

"အိုမာခယမ်၊ မောင်မင်း ဘယ်ရာထူးမျိုး လိုချင်သလဲ၊ တင်လျှောက်စမ်း"

"အရှင်၊ ကျွန်တော်မျိုး ဘယ်ရာထူးမျိုးမှ မလိုချင်ပါဘူး"

ဤတွင် နိုင်ဇမ်က ရှေ့သို့လျှင်မြန်စွာ တိုးလာကာ "အရှင်ကျွန်တော်မျိုးကို အကြံပေးခွင့်ပြုပါ။ အိုမာခယမ်ကို နန်းတွင်းမျှော်စင်တစ်ခုမှာ နေစေပြီး နက္ခတ္တဗေဒဆိုင်ရာ ကိရိယာ တန်ဆာပလာတွေပေးပြီး ကြယ်တာရာတွေကို လေ့လာဆန်းစစ်စေသင့်ပါတယ်။ နောက်ပြီး မှန်ကန်တဲ့ ပြက္ခဒိန်အသစ်ကို စီရင်စေသင့်ပါတယ်"

"မောင်မင်းအကြံ သင့်မြတ်ပါပေတယ်။ မောင်မင်းအကြံပေးတဲ့အတိုင်း အိုမာခယမ်အတွက် ဆောင်ရွက်ပေးပါ။ ဘုရင့်အတိုင်ပင်ခံအဖွဲ့ဝင် လူကြီးရာထူးအဆင့်နဲ့ညီမျှတဲ့ အခွင့်အရေးတွေကိုလဲပေးပါ။ ဒါမှသူ့ပညာ သူ့ဉာဏ်ကို ငါတို့မပြတ်ခံစားရရှိမှာပဲ။ ဆောင်ရွက်စေ အမိန့်တော်"

နိုင်ဇမ်နှင့် အိုမာ သူငယ်ချင်းနှစ်ယောက်တို့သည် ကျေးဇူးတင်စွာဖြင့် ဘုရင်ကိုဦးညွှတ် အရိုအသေပေးကြလေသည်။

× × ×

## ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



"နိုင်ဇမ်၊ မောင်မင်း သူငယ်ချင်း ဟာစာနီ ကျန်နေသေးတယ် မဟုတ်လား။ ကဲ - ကဲ ရှေ့တော်သွင်းစေဗျား"

ဟာစာနီသည် ရဲရင့်ဖျတ်လတ်စွာဖြင့် ရှေ့သို့ထွက်လာသည်။ သူသည် သိက္ခာသမာဓိနှင့် ပြည့်စုံသော ပညာရှင် မဟုတ်သဖြင့် သူ့ကို နောက်ပိုင်းမှ တိုက်တွန်းပေးနေရန် မလိုပေ။ သူသည် လောကရေးရာကို ကျွမ်းကျင်သူ ဖြစ်သည်။ လုပ်ရဲကိုင်ရဲ လက်ရဲဇက်ရဲ ရှိသည်။ မိမိကိုယ်ကို ယုံကြည်စိတ်ချသူ၊ မိမိကံကြမ္မာကို မိမိဖန်တီးနိုင်သူ ဖြစ်သည်။

သံတော်ဆင့်က ဘုရင်မင်းမြတ်အတွက် မည်သည့်လက်ဆောင် ပဏ္ဏာများ ယူဆောင်လာပါသနည်းဟု မေးသည်တွင် ဟာစာနီက "ကြီးမြတ်သောအရှင်၊ အရှင့်အတွက် များစွာအဖိုးထိုက်တဲ့ လက်ဆောင် ပဏ္ဏာတွေ ကျွန်တော်မျိုး ယူဆောင်လာပါတယ်"ဟု တင်လျှောက်၏။

ခဏအတွင်းပင် ဟာစာနီက အချက်ပေးလိုက်သောအခါ အခန်းထောင့်တစ်နေရာ၌ စောင့်နေသော သူ့နောက်လိုက် အစောင့်များ သည် ရထားယာဉ်နှစ်စီးနှင့် ကြေးနီသေတ္တာနှစ်လုံး ဘုရင့်ရှေ့တော် မှောက်သို့ သယ်ဆောင်ယူလာကြလေသည်။

ဘုရင်နှင့်တကွ မင်း ပရိသတ်များ စိတ်ဝင်စားစွာ ကြည့်ရှုနေစဉ် မှာပင် ဟာစာနီသည် ရထားယာဉ် တစ်ခု၏ တင်းတိမ်ကို မ,တင်လိုက် သည်။ အထဲမှ ကခြေသည် ပျိုမကလေး တစ်ယောက်ထွက်လာသည်။ သူသည် ကျူပင်ကဲ့သို့ ပျော့ပျောင်းသွယ်လျသော ကိုယ်လုံး ကိုယ်ထည်ရှိ သည်။ အသားအရေမှာ ပျားရည်ရောင်အဆင်း ရှိသည်။ ဆံပင်မှာ နက်မှောင်၍ ရှည်လျားသည်။ ရင်သားများမှာ ဖုထစ်၍ တင်းတင်း ရင်းရင်း ရှိသည်။ သူသည် ခါးတွင်သော့ပါသော ရွှေခါးပတ်ကိုရင်း၊



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းနှင့် လက်ကောက်ဝတ်တို့တွင် ရွှေလက်ကောက်တို့ကို ၎င်း ဝတ်ဆင်ထားသည်။ သူသည် ပြုံးလျက် သူ့ကိုယ်အလှကို ပရိသတ် အား ဂုဏ်ယူပြသသည်။ ထို့နောက် ဘုရင့်ရှေ့တော်မှောက်တွင် ခြေစုံရပ် ကာ ဦးညွှတ် အရိုအသေပြုလေသည်။

ဟာစာနီသည် ကခြေသည် ပျိုမ၏ ရွှေခါးပတ်သော့ကို သံတော် ဆင့်လက်သို့ အပ်လျက်"သည်ကခြေသည်မကလေးဟာ အီဂျစ်ပြည် တောင်ပိုင်းဒေသကပါ အရှင်"ဟု ဘုရင်ကိုတင်လျှောက်ကာ ဦးညွှတ် အရိုအသေပြုသည်။

ရှားဘုရင်သည် ဝမ်းသာစွာဖြင့် ဦးခေါင်းညိတ်လိုက်လေသည်။

ဟာစာနီသည် ကျန်ရထားယာဉ် တစ်ခုမှ တင်းတိမ်ကို မ,တင် လိုက်ပြန်သည်။ ပါရှားနိုင်ငံ၌ မမြင်စဖူး ထူးကဲလှသည့် မိန်းမပျိုကလေး တစ်ဦးအထဲမှထွက်လာသည်။ သူသည် ဝေးလံလှသော တရုတ်နိုင်ငံမှ ဖြစ်သည်။ သူသည် ညင်သာစွာ ရွေ့လျားသွားလာသည်။ ခြောက်ပြစ် ကင်းအောင်ပင် တင့်တယ်လှပသည်။ သူသည် သွယ်ပျောင်းသော လက်ချောင်းကလေးများကို အပ်ချုပ်လက်စွပ်သဏ္ဌာန် ရွှေလက်စွပ်များ ဖြင့် စွပ်ထားသည်။ အလားတူပင် သူ၏ နူးညံ့ဖွံ့ထွားသော ရင်သားများ ကို အဖိုးတန် ကျောက်သံပတ္တမြားတို့ဖြင့် စီခြယ်ထားသော ရွှေခွက် ကလေးများဖြင့် ဖုံးအုပ်ထားသည်။ ခါးကိုမူ ရွှေခါးစည်းကြိုးဖြင့် စည်းနှောင်ထားသည်။ ကြော့ရှင်းသော လည်တိုင်ဝယ် ကျောက်စိမ်း ဆွဲကြိုးကို ဆင်မြန်းထားလျက် ဆံကေသာ၌ အဖိုးတန် ကျောက်မျက် ရတနာတို့ဖြင့် တန်ဆာဆင်ထားသည်။

မိန်းမပျိုကလေးသည် ဂုဏ်ယူသော ခြေလှမ်းများဖြင့် တစ်လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ချင်း လျှောက်ကာ ဘုရင့်ရှေ့တော်မှောက်သို့ အခစားဝင်သည်။ မင်း ပရိသတ်များသည် သူ့ကိုကြည့်လျက် အံ့ဩငေးမောနေကြသည်။ ရှား ဘုရင်နှင့် လွန်စွာထိုက်တန်သော လက်ဆောင်ကောင်း လက်ဆောင်မွန် ပါတကား။

သည်အကြိမ်တွင်လည်း ရှားဘုရင်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကာ ဦးခေါင်းကို ညိတ်လေသည်။ ဟာစာနီသည် ဘုရင်၏ အမူ အရာကို ကြည့်ရှုအကဲခတ်ပြီးနောက် "ကြီးမြတ်သော အရှင်၊ နောက်ထပ် ဆက်သဖို့ လက်ဆောင်တွေ ကျန်ပါသေးတယ်။ နောက်ဆက်သမယ့် လက်ဆောင်တွေနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အခုဆက်သတဲ့ လက်ဆောင် တွေဟာ ဘာမှတန်ဖိုးမရှိ ဖြစ်သွားမှာပါ"

ယင်းသို့ပြောပြီး သူသည် ဘုရင့်အနီးသို့ ချဉ်းကပ်သွားသည်။ ထို့နောက် တစ်ခန်းလုံး ကြားအောင် ကျယ်လောင်စွာဖြင့် ဟစ်အော် ပြောကြားလိုက်သည်။

"အရှင်- အရှင့်ထီးနန်းကို ထိပါးနှောင့်ယှက်နေတဲ့ ရန်သူတော် နှစ်ဦးရှိပါတယ်။ အရှင့်ဝမ်းကွဲ ညီတော် စူလေမန်နဲ့ သစ္စာဖောက် ဘန်ဒရီတို့ပါပဲ။ ဟော အခု သူတို့နှစ်ဦးကို ကျွန်တော်မျိုး ဆောင်ကျဉ်း လာပါပြီ"

ယင်းသို့ပြောရင်း ဟာစာနီသည် ကြေးနီသေတ္တာနှစ်လုံးကို ဖွင့် လိုက်သည်။ ဘုရင်နှင့်တကွ ပရိသတ်များသည် စက်ဆုပ်ရွံ့ရှာဖွယ် အရာနှစ်ခုကို မြင်ကြရသည်။ ယင်းတို့ကား လူဦးခေါင်းပြတ်ကြီး နှစ်လုံး ပင် ဖြစ်သည်။

"ရန်သူတော် နှစ်ဦးရဲ့ ဦးခေါင်းတွေကို ရှုစားတော်မူပါ အရှင်။



www.burmeseclassic.com

www.burmeseclassic.com



သည်ဦးခေါင်းတွေကို ကျွန်တော်မျိုး ကိုယ်တိုင် ဖြတ်လာခဲ့တာပါ"

ရှားဘုရင်သည် ရာဇပလ္လင်ထက်မှဆင်းသက်ပြီးလျှင် ဦးခေါင်းပြတ်နှစ်လုံးကို အနီးမှရပ်လျက် ကပ်၍ကြည့်သည်။ ယင်းသို့ကြည့်ရာမှ "ဘယ်နှယ့်ရှိစ၊ အာဏာရူးလှတဲ့ညီတော်။ အခု ဘာတတ်နိုင်သေးလဲ။ စကားကော ပြောနိုင်သေးရဲ့လား။ မင်းထိုင်ချင်လှတဲ့ ရာဇပလ္လင်ကိုကော မြင်နိုင်သေးရဲ့လား"ဟု လေးတွဲ့စွာ ပြောဆိုသည်။ ထို့နောက် အခြားခေါင်းပြတ်တစ်လုံးဘက်သို့ လှည့်ကာ "ငါဘုရင်ရွှေ့တော်မှောက်ကို သစ္စာဖောက်တစ်ယောက် ဘယ်ပုံဘယ်နည်း အခစား ရောက်လာပါလိမ့် ကွယ်ရို့"ဟု ပြောပြီးလျှင် ရယ်မောလေသည်။

ရှားဘုရင်ကြီး ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည်ကို ဟာစာနီက တွေ့မြင်သောအခါ "အီဂျစ်လူမျိုးတွေလုပ်တဲ့ နည်းအတိုင်းပဲ ဒီခေါင်းပြတ်နှစ်လုံးကို ပျားရည်နဲ့ စိမ်၊ နောက်ပြီး ဖယောင်းရည်နဲ့ စိမ်ပြီး ယူလာပါတယ်အရှင်"ဟူ၍ အားပါးတရ ပြောပြလျှောက်တင်သည်။

"ဟာစာနီ မောင်မင်းကိုယ်တိုင် ဖမ်းမိလာတာလား"

"မှန်ပါတယ် အရှင်၊ သူတို့ အယ်လဘတ်တောင်တန်းမှာ စခန်းချနေတုန်း ကျွန်တော်မျိုးကိုယ်တိုင် ဝင်ဖမ်းပြီး ခေါင်းတွေကို ဖြတ်ခဲ့တာပါ"

ရှားဘုရင်သည် နိုင်ဇမ်နှင့်တကွ မင်း ပရိသတ်များဘက်သို့ လှည့်ကာ. . .

"နိုင်ဇမ်ရဲ့ သူငယ်ချင်း ဆောင်ရွက်လိုက်ပုံဟာ ငါတို့အတွက် ပြဿနာတွေ တစ်ဝက်ဖြေရှင်းပြီးဖြစ်သွားတာပဲ၊ သင်းတို့မရှိဘူးဆိုတော့ ရန်သူဘိုင်ဇင်တိုင်တပ်တွေကို ငါတို့အလွယ်တကူ ဖြိုဖျက်နိုင်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေရဲ့ ရန်ကိုလဲ ချေမှုန်းနိုင်မှာပဲ။ သူ့ဆောင်ရွက်ချက်အတွက် ဟာစာနီကို ရာထူးကြီးပေးပြီး ချီးမြှောက်သင့်တယ်ကွယ်ရို့”

“တံဆိပ်တော် ဝန်နေရာကို ဘယ်သူမှ မခန့်ထားရသေးပါဘူး အရှင်” နိုင်ဇမ်က လျင်မြန်စွာ လျှောက်တင်လိုက်သည်။

“ကောင်းပြီ ဟာစာနီကို တံဆိပ်တော်ဝန် ခန့်အပ်စေ၊ အမိန့်တော်”

ဘုရင့်အမိန့်တော်ကို မင်းပရိသတ်အားလုံးပင် နှစ်သက်လက်ခံကြသည်။ သူတို့သည် ရန်သူတော်နှစ်ဦး၏ ဦးခေါင်းပြတ်နှစ်လုံးကိုကြည့်ကာ ဟာစာနီအား တံဆိပ်တော်ဝန်အဖြစ် ခန့်ထားသည်မှာ သင့်မြတ်ပါပေသည်ဟူ၍ ဆိုကြလေသည်။

ရှားဘုရင်သည် အခမ်းအနား ရုပ်သိမ်းချိန်တော်ပြီဟု အချက်ပြကာ ရှရိန်၏ဖခင်ကို လက်ဆွဲလျက် ညီလာခံခန်းမမှ ထွက်ခွာသွားလေသည်။

× × ×

ရှားဘုရင်၊ ဘုရင့်အတိုင်ပင်ခံလူကြီးများ၊ သက်တော်စောင့်များ ထွက်ခွာသွားသောအခါ ညီလာခံခန်းမ၌ ရာထူးလိုချင်သူများ၊ ရာထူးတိုးလိုသူများ၊ စစ်ဗိုလ်မှူးကြီးများ၊ သံတမန်များ၊ ကုန်သည်များ၊ မင်းမှုထမ်းများသာ ကျန်ရှိနေသည်။ သူတို့သည် ကြေးနီသေတ္တာတွင်းရှိ ဦးခေါင်းနှစ်လုံးကိုလည်း မေ့သွားကြပြီ၊ ပါရှားပြည်၏ ရန်သူများကိုလည်း မေ့သွားကြပြီ။ သူတို့ အထူးအာရုံပြု စိတ်ဝင်စားနေသည်မှာကား ဝေးလံ



www.burmeseclassic.com

www.burmeseclassic.com



သော အရပ်ဒေသမှ ဟာစာနီဆောင်ကျဉ်းလာသော မိန်းမပျိုလေးနှစ်ဦးပင် ဖြစ်သည်။

မိန်းမပျိုကလေးနှစ်ဦးသည် သူတို့၏အလှကိုပြလျက် ရပ်နေကြရာ ရာပေါင်းများစွာသော ဖိုသတ္တဝါတို့၏ မျက်လုံးအစုံသည် သူတို့ထံပါး၌သာ တရစ်ဝဲဝဲရှိနေပေသည်။ မိန်းမပျိုကလေးနှစ်ဦး၏ အသားအရေမှာ စိုပြေလတ်ဆတ်သည်။ သူတို့၏အကြည့်မှာ ကြည်ရွှင်သည်။ သူတို့၏ နှုတ်ခမ်းအစုံမှာ အပြုံးပန်းများ ပွင့်နေသည်။ ဤရှားဘုရင်၏ ရွှေနန်းတော်သည် သူတို့အဖို့ ခရီးဆုံးရာ အရပ်ပင် ဖြစ်ပေသည်။

ထိုအချိန်မှာပင် ဘုရင်၏ ဝမ်းကွဲညီတော် တားတတ်သည် ဟာစာနီထံပါးသို့ ပြေးသွားကာ ဖက်လိုက်လေသည်။ တားတတ်သည် ဝဖြိုး၍ ဖော်ရွေသော အမူအရာရှိသည်။ သူနှင့် ဟာစာနီတို့ လွန်ခဲ့သည့်နှစ်များကပင် ခင်မင်သိကျွမ်းခဲ့ကြသည်။

“တားတတ်သခင်”ဟာစာနီက ဝမ်းမြောက်ဝမ်းသာ ခေါ်သည်။

“ခင်ဗျား ကျုပ်ကို မမေ့သေးပဲကိုးနော်”

“အို- ဘာကြောင့် မေ့ရမှာလဲ၊ တားတတ်သခင်ကို ကျွန်တော်မျိုး ပြန်တွေ့ရတာ ဝမ်းသာမဆုံးပါဘူး”

“တားတတ်သခင်က ရှားဘုရင်မင်းမြတ်ရဲ့ အမတ်ချုပ်အဖြစ် ထမ်းဆောင်နေတယ် ဟာစာနီ” နိုင်ဇမ်က ဝင်ရောက်ပြောပြသည်။

“နောင်တော်ဘုရင်က ကျုပ်ကို အစစအရာရာ စောင့်ရှောက်တော်မူရှာတယ်။ ကျုပ်နောက်ကို ကြည့်ကြစမ်း”တားတတ်က သည်လိုပြောရင်း သူ့နောက်ပါး၌ရှိသော ကိုယ်ရံတော် အစောင့်နှစ်ယောက်ကို လက်ညှိုးထိုးပြသည်။ ကိုယ်ရံတော် အစောင့်နှစ်ယောက်မှာ ကျွန်များ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ တစ်ဦးသည် ဂရိလူမျိုးဖြစ်၍ တစ်ဦးကား ဆီးရီးယန်းလူမျိုး ဖြစ်သည်။

"တားတတ်သခင်ကို သူတို့ အကာအကွယ် ပေးနေကြသလား"

"ဟုတ်တယ်၊ နေ့ရောညပါ သူတို့က ကာကွယ်စောင့်ရှောက်နေကြတယ်၊ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေက ကျုပ်ကို ခြိမ်းခြောက်နေသဗျာ"

ယင်းသို့ပြောစဉ် တားတတ်၏ ထာဝစဉ် ပျော်ရွှင်သော အသွင်ကိုဆောင်နေသည့် မျက်နှာ ဝပြဲပြဲကြီးမှာ စိုးရိမ်ထိတ်လန့်မှုတို့ ယှက်သန်းလာသည်။ သို့ရာတွင် ချက်ချင်းပင် မျက်နှာထားကို ပြင်လိုက်ကာ "ဟာစာနီ နန်းတော်ကြီး ရောက်လာတာ ကြိုဆိုပါတယ်ဗျာ'ဟု ဆိုသည်။

"ဟာစာနီက တံဆိပ်တော်ဝန်ဆိုတော့ နန်းရင်းဝန် ရာထူးပြီးရင် သူ့ရာထူးက အမြင့်ဆုံးပဲ"နိုင်ဇမ်က ဝင်၍ ပြောလိုက်သည်။

ဟာစာနီက ကျေးဇူးတင်ကြောင်း အထိမ်းအမှတ်ဖြင့် ဦးညွှတ်ပြလိုက်သည်။ နိုင်ဇမ်က အိုမာခယမ်ဘက်သို့လှည့်ကာ "ဘုရင်မင်းမြတ်ရဲ့ လိုအင်ဆန္ဒကို ချက်ချင်းဖြည့်တင်းရမယ်၊ မျှော်စင်တစ်ခုမှာ မင်း အလုပ်လုပ်ဖို့ ငါပြင်ဆင်ပေးမယ် အိုမာ"

ထိုအတွင်း မင်းသားမာလစ်သည် လူစုထဲမှ တိုးထွက်လာကာ သူ့ဆရာ အိုမာခယမ်ကို နှုတ်ဆက်သည်။ အိုမာနှင့် ဆုံတွေ့ရသဖြင့် သူသည် လွန်စွာဝမ်းမြောက်ဝမ်းသာ ရှိနေသည်။ သံတော်ဆင့်ကလည်း အိုမာထံလာ၍ ဂုဏ်ပြုနှုတ်ဆက်သည်။ ယင်းသို့လျှင် သိက္ခာသမာဓိနှင့် ပြည့်စုံသော ပညာရှင်ကို ရှားဘုရင်၏ နန်းတွင်းသားများက ဆီးကြို လက်ခံကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မိတ်ကောင်းဆွေကောင်းများ ပြန်လည်တွေ့ဆုံခြင်းကို ဝမ်းသာသော အထိမ်းအမှတ်ဖြင့်၎င်း၊ ဟာစာနီနှင့် အိုမာခယမ်တို့အား ရှားဘုရင်က မြှောက်စားခြင်းကို ဂုဏ်ပြုသောအားဖြင့်၎င်း၊ မိတ်ဆွေတစ်စုက သီးသန့်စားပွဲကလေး ကျင်းပသည်။ ထိုစားပွဲသို့ တားတတ်က ဦးဆောင်လျက် မိတ်ဆွေများကို ခေါ်ဆောင်သွားသည်။ စားပွဲကို နန်းစောင့်တပ်အနီးရှိ မြက်ခင်းပြင်ဘေး မုခ်တိုင်စင်အောက်၌ ကျင်းပသည်။ အသားများ၊ သစ်သီးများ၊ ဝိုင်အရက်များ၊ ချိုချဉ်များဖြင့် တည်ခင်းဧည့်ခံသည်မှာ စုံလင်လှသည်။ လေညင်းခံရင်း ဤ စားသောက်ဖွယ်တို့ကို အရသာရှိရှိ စားသောက်နိုင်ပေသည်။

တားတတ်၏ ဖိတ်ခေါ်ချက်အရ အိုမာခယမ်က ဝိုင်အရက်ထည့်ထားသော ခရားများကို ဖွင့်ပေးရသည်။ ထို့နောက် အခမ်းအနားထုံးတမ်းအစဉ်အလာအရ ပထမ ခရားထဲမှ ဝိုင်အရက် အနည်းငယ်ကို မြေပေါ်သို့ သွန်ချလိုက်ရသည်။ အိုမာခယမ်က "လူသားတွေဟာ မြေကြီးက ဖြစ်လာတာပဲ။ ကျွန်တော်တို့ဟာ မြေကြီးကလာပြီး နောက်ဆုံးမှာ မြေကြီးဆီပဲ ပြန်သွားရမှာပဲ။ ကွယ်လွန်သွားနှင့်ကြသူတွေကို ရိုသေလေးစားတဲ့အနေနဲ့ မြေပေါ်ကို အရက်သွန်းလောင်းချခြင်း ဖြစ်ပါတယ်" ဟု ရှင်းပြကာ ငွေခွက်များထဲသို့ ဝိုင်အရက်များ ငှဲ့ထည့်ပြီး တစ်ဦးစီကို ပေးလေသည်။

ဟာစာနီက နေရာမှထလျက် "ကျွန်တော်တို့ရဲ့ အိမ်ရှင်တားတတ်သခင်အတွက် ဆုတောင်းပတ္ထနာပြုပြီး အရက်သောက်ကြရအောင်လားဗျာ"ဟုဆိုကာ အရက်ခွက်ကို မြှောက်လိုက်သည်။ ထို့နောက်. . .



www.burmeseclassic.com

www.burmeseclassic.com



"တားတတ်သခင် ကျန်းမာပါစေ၊ အသက်ရာကျော်ရှည်ပါစေ၊ သစ္စာရှိသော အဆွေခင်ပွန်းကောင်းများနဲ့ ထာဝစဉ်ပေါင်းသင်းနိုင်ပါစေ" ဟု ဆုတောင်းပတ္တနာပြုသည်။

သံတော်ဆင့်ကလည်း "တားတတ်သခင် ကျန်းမာပါစေ၊ အသက်ရာကျော်ရှည်ပါစေ"ဟူ၍ ဝင်ရောက် ဆုတောင်းသည်။

အားလုံးအရက်ခွက်များကို မြှောက်ကာ ဆုတောင်းရင်း သောက်ကြလေသည်။

ယင်းသို့ ဆုတောင်းပတ္တနာပြုရာတွင် တားတတ်မှာ စိတ်မသက်မသာ ဖြစ်နေသည်။ "သက်တော်ရာကျော်ရှည်ပါစေ" ဟူသော စကားသည် ဘေးအန္တရာယ်တို့နှင့် ရင်ဆိုင်နေရသော သူ့အဖြစ်ကို သတိရစေသည်။ သူက ဟာစာနီအား "လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းအပေါ် ခင်ဗျား အယုံအကြည်ရှိသလား၊ မကြာသေးခင်ကပဲ သူတို့က ကျုပ်ဆီ ရွှေချိန်တစ်ထောင်ပေးမယ်ဆိုတဲ့စာရေးပြီး ကျုပ်အိပ်ရာက ခေါင်းအုံးပေါ်မှာ ဓားမြှောင်နဲ့ စိုက်ထားတယ်။ ရှားဘုရင်ရဲ့ ညီတော်လဲဖြစ်၊ အမတ်ချုပ်လဲဖြစ်တဲ့ ကျုပ်က သူတို့တောင်းတိုင်းပေးရမှာလားဗျ၊ ဥပဒေအပြင်ဖက်က လူတွေက ကျုပ်တို့ကို ခြိမ်းချောက်တာ ကြောက်ရမှာလားဗျ"

"ကျွန်တော်တို့ဟာ အသက်ရှင်ခိုက်မှာ စိုးရိမ်ကြောက်လန့်ခြင်းကင်းစွာနေသင့်ပါတယ်။ တစ်ခါ သေမင်းနဲ့ရင်ဆိုင်ရပြန်တော့လည်း နောင်တ တရရ ဖြစ်မနေသင့်ပါဘူး"ဟာစာနီက ပြန်ပြောလိုက်သည်။

တားတတ်သည် စားပွဲပေါ်မှ သစ်သီးများ၊ ချိုချဉ်များကို ယူကာ သူ့နောက်နား၌ရပ်နေသော ကိုယ်ရံတော် အစောင့်နှစ်ယောက်ကို လှမ်းပေးသည်။ ဤအစောင့်နှစ်ယောက်သည် သူ့အသက်ကို ကာကွယ်



www.burmeseclassic.com

www.burmeseclassic.com



နေသူများ ဖြစ်သည်။ တားတတ်သည် အိုမာခယမ်အား အစောင့်နှစ်ယောက်ကိုလည်း ဝိုင်အရက်တိုက်ပါရန် ပြောသည်။

"ဆီးရီးယန်းအစောင့်မှာ လျှာမရှိဘူးဗျ၊ ဒါကြောင့် သူ့ခမျာ စကားမပြောနိုင်ဘဲ ခင်ဗျားအရက်တိုက်တာကို ကျေးဇူးတင်ကြောင်း ပြန်မပြောနိုင်ဘဲ ပြုံးရုံပဲ ပြုံးပြနိုင်ရှာတယ်"

သူ့အစောင့်နှစ်ယောက်အား အရက်တိုက်သော အိုမာခယမ်ကို တားတတ်က ရှင်းပြသည်။

လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားများနှင့် ပတ်သက်၍ မင်းသားမာလစ်က ပြောပြသည်မှာ. . .

"လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေဟာ အကြောင်းမဲ့သတ်ဖြတ်တတ်ကြတယ်။ သတ်တဲ့အခါ နှလုံးသားရှိရာကို သူတို့ဓားမြှောင်နဲ့ ထိုးစိုက်ပြီး သတ်လေ့ရှိတယ်၊ သတ်ပြီးပြန်တော့လဲ ဘယ်မှထွက်မပြေး ဘာမှ အကာအကွယ်မပြုဘဲ အသတ်ခံရသူရဲ့ မိတ်ဆွေတွေ ဝိုင်းဝန်း တိုက်ခိုက်တာကို ငြိမ်ငြိမ်ကလေး လည်စင်းအသေခံသွားတယ်။ သူတို့ဟာ သူတို့ အသင်းအပေါ် အလွန်သစ္စာရှိတယ်။ သူတို့အသင်းဌာနချုပ် ဘယ်မှာရှိတယ်၊ သူတို့ ဘယ်အရပ်က လာတယ်ဆိုတာ ဘယ်သူမှ မသိအောင်လဲ လျှို့ဝှက်ထားနိုင်ကြတယ်"

"ဒီလူတွေက ကျွန်တော်တို့ရဲ့သခင် တားတတ်ကို ခြိမ်းခြောက်နေကြတယ်ဗျာ၊ သူတို့တောင်းတဲ့ ရွှေချိန်တစ်ထောင်မပေးရင် တားတတ်သခင်ကို ရက်ချိန်းပေးပြီး သတ်မယ်တဲ့။ ရှေ့လထဲမှာ ရက်ချိန်းပေးပြီး သတ်မယ်ဆိုထားတယ်။ တစ်ခုတော့ရှိတယ်၊ သူတို့ချိန်းတဲ့နေ့မှာ မသတ်ဖြစ်ရင်လဲ ဒီလူ့အသက်ကို ချမ်းသာပေးလိုက်တာပဲဗျ" သံတော်ဆင့်က



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောသည်။

“သူတို့ချိန်းတဲ့နေ့မှာ ခြိမ်းခြောက်ခံရသူတိုင်း မလွဲမသွေ အသတ်ခံသွားရရှာတာပါပဲ။ လွတ်တဲ့လူရယ်လို့ တစ်ယောက်မှ မတွေ့ဘူးပါဘူး”ဟုသို့ မာလစ်က ဆိုပြန်သည်။

“ဒီပြင်လူတွေ သူတို့လက်ချက်က မလွတ်ပေမယ့် ကျုပ်ကတော့ လွတ်ရမှာပါဗျာ” တားတတ်က ဝိုင်အရက်တစ်ကျိုက်သောက်ချကာ နှုတ်ခမ်းကို လျှာဖြင့်လျက်ရင်း ပြောလိုက်သည်။ ထို့နောက် သူသည် အိုမာခယမ်ဘက်သို့ လှည့်ကာ အိုမာ့တွင် အချိန်မှန်သော ရေနာရီ ရှိပါသလားဟု မေးမြန်းသည်။ အိုမာခယမ်က ခေါင်းညိတ်သောအခါ သူ့ကို ခေတ္တငှားရမ်းဖို့ ပြောသည်။ ထိုနောက်၌ကား စိုးရိမ်ထိန်လန့်ဖွယ် စကားတို့ကို မဆိုကြတော့ဘဲ ပျော်စရာ ရွှင်စရာစကားများကိုသာ ပြောဆိုကြလေသည်။

× × ×

တားတတ်နှင့် မိတ်ဆွေများသည် ဤသာယာအေးချမ်းသော နေရာတွင် စားသောက်ပွဲကို ဆက်လက်ကျင်းပနေကြသည်။ အစားအသောက်များ လာချပေးသော အစေခံများနှင့် နန်းတွင်းတပ်သို့ မကြာခဏရောက်လာသော ကင်းစောင့်များ၏ မြင်းခွာသံများမှတစ်ပါး သူတို့ကို အနှောင့်အယှက်ပေးသော အရာဟူ၍ ဘာမျှမရှိပေ။

ယင်းသို့ သူတို့အားလုံး ရယ်မောပျော်ရွှင်နေကြစဉ် သူတို့ရှိရာ မုခ်တိုင်စင်အောက်သို့ မင်းသားအာမွတ် ရုတ်တရက် ရောက်လာသည်။ သူ့မျက်နှာမှာ ခက်ထန်လျက် ဝင့်ဝါသော အသွင်ကို ဆောင်နေသည်။ သူသည် မည်သူကိုမျှ နှုတ်မဆက်ဘဲ စားပွဲရှိရာသို့တန်းလာကာ ပျားရည်



www.burmeseclassic.com

www.burmeseclassic.com



ဆမ်းကိတ်မုန့်များကို လှမ်းယူစားသည်။

ယင်းသို့ ကိတ်မုန့်များ တမြုံ့မြုံ့စားရာမှ သူ့ခမည်းတော်သည် စတုတ္ထမိဖုရားနေရာအတွက် မိန်းမပျိုတစ်ဦးကို တော်ကောက်မည့် သတင်း ပြောပြသည်။ မာလစ်၏ မယ်တော်သည် စတုတ္ထမိဖုရားပင် ဖြစ်သည်။ ကံကုန်သဖြင့် သူ့နေရာအတွက် အစားထိုးရန် ဖြစ်သည်။

အာမွတ်က မာလစ်ဘက်လှည့်ကာ "ဖခမည်းတော်က ဒီနေ့ရှုပူမြို့က အမျိုးသမီးကိုပဲ တော်ကောက်ဖို့ ရွေးချယ်လိုက်တယ် မာလစ်ရဲ့"

"ညီတော်ကို ရန်စလိုတဲ့ သဘောနဲ့ သည်စကားကို လာပြောတာလား နောင်တော်၊ ဖခမည်းတော်ဟာ ညီတော့် မယ်တော်ကို အမြတ်နိုးဆုံး ပါ။ သူ့နေရာကို ဘယ်သူမှ အစားမထိုးနိုင်ပါဘူး" မာလစ်က လှမ်းအော် ပြောလိုက်သည်။

"စတုတ္ထမိဖုရားနေရာများ အရေးလုပ်လို့ကွာ၊ နောင်တော့် မယ်တော် ဇရဒါသာ မိဖုရားခေါင်ကြီး အစစ်ပါ ညီတော်ရ၊ အခုအတိုင်ပင်ခံ အခန်းထဲမှာ ဖခမည်းတော်နဲ့ နန်းရင်းဝန် နိုင်ဇမ်တို့ရှိကြတယ်။ သူတို့နဲ့အတူ အိုင်မမ်မိုဝါဖတ်လဲ ရှိနေတယ်"

မာလစ်၏ စကားမဆုံးခင် အိုမာခယမ်က "အိုင်မမ်မိုဝါဖတ်ဟုတ်စ"ဟု လှမ်းမေးလိုက်။ ယင်းသို့ မေးရာမှ အာမွတ်၏ မျက်နှာ၊ ထို့နောက် တားတတ်၏ မျက်နှာကို လှမ်းကြည့်သည်။

"ကျုပ်က နောင်တော်ဟာ ဘုရင်ခံရဲ့ သမီးတော်ကို ကောက်ယူလိမ့်မယ်လို့ ယူဆတယ်။ ဒါမှလဲ နိုင်ငံရေးအရ မှန်ကန်တယ်ဆိုရမှာပဲ" တားတတ်က ဤသို့ ပြောဆိုသည်တွင် သံတော်ဆင့်က. . .

"မဟုတ်ဘူး တားတတ်သခင်၊ ဘုရင်ခံရဲ့ သမီးတော်ကို



www.burmeseclassic.com

www.burmeseclassic.com



ကောက်ယူမယ်ဆိုတာ လွန်ခဲ့တဲ့အပတ်က အကြံအစည်ပါ၊ ဒီမနက် အကြံအစည် ပြောင်းသွားပြီ။ မနက်က ညီလာခံအပြီးမှာ ဘုရင်မင်းမြတ် ဟာ အိုင်မမ်မိုဝါဖတ်ကို ခေါ်သွားတာ မြင်ကြမှာပေါ့။ အိုင်မမ်ရဲ့ သမီး ဟာ အလွန်လှပ တင့်တယ်တယ်ဆိုပဲ”ဟု ပြောလိုက်သည်။

“အိုင်မမ်ရဲ့ သမီး” ဟူသော အသံကို ကြားရသောအခါ အိုမာခယမ်သည် နေရာမှ ရုတ်တရက် ထလိုက်သည်။ သူ့မျက်နှာသည် တစ်မုဟုတ်ချင်း စိုးရိမ်ထိတ်လန့်သော အသွင်သို့ ပြောင်းသွားသည်။ သူသည် တုန်လှုပ်ချောက်ချားစွာဖြင့် အထစ်ထစ် အငေါ့ငေါ့ ပြောလိုက် သည်။

“ရှုရိန်လား၊ ရှုရိန်ဟာ ကျွန်တော့်အချစ်၊ ကျွန်တော့်အသက်၊ သူသာ မရှိရင် အို- ဘယ်တော့မှ ကျွန်တော့်အချစ်ကို တစ်ပါးသူလက် မရောက်စေရဘူးဗျ”

အိုမာခယမ်က ယင်းသို့ပြောလိုက်သော်လည်း သူ့စကားတို့ကို ဘေးမှလူများ သဲကွဲစွာ မကြားလိုက်ရပေ။ အဘယ်ကြောင့်ဆိုသော် စစ်ခရာသံနှင့် စစ်ဘင်သံများ ကျယ်လောင်စွာ ရုတ်တရက်ပေါ်ထွက် လာပြီး သူ့အသံတို့ကို ဖုံးလွှမ်းလိုက်သောကြောင့် ဖြစ်ပေသည်။

စောစောက ပျော်ရွှင်နေသော အခြေအနေမှာ ရုတ်ခြည်းပြောင်း သွားသည်။ အိုမာခယမ်သည် နတ်ဆိုးကဲ့သို့ ကြီးမားသော ခွန်အားဖြင့် ၎င်း၊ မြားကဲ့သို့ လျင်မြန်သော အဟုန်ဖြင့်၎င်း၊ နေရာမှထ,ကာ မြက်ခင်း ကိုဖြတ်၍ မြင်းတစ်ကောင်ပေါ်သို့ ခုန်တက်လိုက်ကာ နန်းဝင်းတွင်းမှ အပြင်း ဒုန်းစိုင်းထွက်သွားလေသည်။ အိုမာခယမ်သည် လမ်းပေါ်၌ မြင်မြင်သမျှတို့ကို ရှောင်မသွား၊ ဇွတ်တိုးတိုက်ချသွားသည်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



လူအများက ထိတ်လန့်တကြား လမ်းဖယ်ပေးကြသည်။ ဈေးလမ်းသို့ ရောက်သောအခါတွင် ကားအချို့ မြင်းတိုးခံရပြီး လဲပြိုသွားကြသည်။ ဈေးဆိုင်များ၌ တည်ခင်းထားသော ပစ္စည်းပစ္စယများ၊ သစ်သီးများလည်း မြင်းတိုးခံရသဖြင့် လွင့်စင်ပြန့်ကျဲကုန်ကြသည်။ စူးရှအသံတစ်ခုသည် အိုမာခယမ်၏ နောက်ပါးမှ ပေါ်လာသည်။

အိုမာခယမ်၏ နောက်မှ နိုင်ဇမ်နှင့် ဟာစာနီတို့က မြင်းကိုယ်စီ စီးလျက် အပြင်းလိုက်လာကြသည်။ နိုင်ဇမ်သည် ဘုရင့်ထံပါးမှ ထွက်လာပြီး မိတ်ဆွေများရှိရာ စားပွဲသို့အလာတွင် အိုမာခယမ်တစ်ယောက် မြက်ခင်းပြင်ကို ဖြတ်ပြေးထွက်သွားသည်ကို မြင်လိုက်ရသည်။ သို့ဖြင့် ဟာစာနီကိုခေါ်ကာ နောက်မှလိုက်လာခြင်း ဖြစ်သည်။ သူတို့သည် မည်မျှပင် မြင်းကို အပြင်းစီးလာသော်လည်း အိုမာခယမ်ကိုကား မမှီနိုင်ကြပေ။

အချိန်အနည်းငယ်အတွင်းမှာပင် အိုမာခယမ်သည် ရှရိန်၏ အိမ်ဥယျာဉ်ရှေ့သို့ ရောက်လာသည်။ သူသည် မြင်းပေါ်မှ ပြေးဆင်းကာ ဥယျာဉ်တံတိုင်းကို လျင်မြန်စွာ ခုန်ကျော်ဝင်လိုက်သည်။

"ရှရိန်- ရှရိန်"

အိုမာခယမ်၏ခေါ်သံကို ပြန်ထူးသံ ပေါ်မလာပေ။ သူသည် ချစ်သူကို ဝန်းကျင်အနှံ့ ရှာသည်။ မတွေ့။ နံနက်ခင်းက ချစ်သူနှစ်ဦး ပျော်ရွှင်ချမ်းမြေ့စွာထိုင်လျက် ချစ်တင်းဆိုခဲ့သော မိုးမခပင်အောက်သို့ သွားလျက် "ရှရိန်ရေ-အချစ်ရေ"ဟု ခေါ်ပြန်သည်။ ပြန်ထူးသံ ပေါ် မလာ။ မြင်းခွာသံများသာ ပေါ်လာသည်။

ခဏအတွင်းမှာပင် နိုင်ဇမ်နှင့် ဟာစာနီတို့ ဥယျာဉ်တံခါးဝမှ



www.burmeseclassic.com

www.burmeseclassic.com



မြင်းစီးဝင်လာကြသည်။ သူတို့သည် အိုမာခယမ်ကို တွေ့သောအခါ မြင်းများပေါ်မှ ခုန်ဆင်းကာ အနီးသို့ ပြေးလာကြသည်။

ဟာစာနီက အိုမာ၏ လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် "ရှရိန်အနားကို မင်းကပ်သွားတာနဲ့ တပြိုင်နက် ဘုရင့်စစ်သားတွေက မင်းလည်ကို ဖြတ်လိုက်မှာ အိုမာရဲ့" ဟု ပြောသည်။ နိုင်ဇမ်က အိုမာ့ကို ချော့မော့၍ ရှင်းပြသည်။

"ဒီကိစ္စကို ငါ ဘယ်လိုမှ တားမရဘူးကွယ်။ ဘုရင်မင်းမြတ်က ရှရိန်ကို တန်းတန်းစွဲနေတာပဲ၊ မြို့တော်သူ၊ မြို့တော်သားတွေကလဲ ရှရိန်ကို နှစ်သက်မြတ်နိုးကြတယ်ဆိုတော့"

"အို- ရှရိန်ဟာ ငါ့အသက်၊ ငါ့အချစ်"

"ဒါပေမယ့် ဘုရင့်ဆန္ဒကို အံတုလို့ ရနိုင်ပါ့မလား အိုမာရဲ့" နိုင်ဇမ်က တီးတိုးသတိပေး ပြောဆိုသည်။

"ငါတို့ ကျောင်းသားဘဝက မင်းပြောပြတာ ငါခုထိ မှတ်မိနေသေးတယ် အိုမာ။ သစ်ပင်တွေဟာ 'လေ'ကို ဦးညွတ်ရသလို တို့လူသားတွေဟာလဲ 'အချိန်'ကို ဦးညွတ်ရတယ်ဆိုတာလေ" ဟာစာနီက ဖျောင်းဖျစကားပြောကြားသည်။

"ဟုတ်တယ်၊ လူတွေဟာ 'အချိန်'ကို ဦးညွတ်ရတယ်၊ ဒါပေမယ့် မဖွယ်မရာ ပြုလိုတဲ့ ဘုရင်ကိုတော့ ဦးညွတ်ဖို့ မလိုဘူး"

"တိုး-တိုး-တိုး-တိုး၊ စစ်သားတွေ အသံကြားတယ်" ဟာစာနီက သတိပေးသည်။

စစ်သည်များ၏ ခြေသံကိုရင်း၊ သူတို့၏ ကိုင်ဆောင်သည့် လက်နက်ချင်း ပွတ်တိုက်သံကိုရင်း၊ ပြတ်သားစွာ ကြားရပြီ။ နန်းတွင်း၌



www.burmeseclassic.com

www.burmeseclassic.com



တပ်စွဲထားသော နန်းစောင့်တပ်သည် ဤနေရာသို့ ပြောင်းရွှေ့ရောက်ရှိလာပြီ။ ဘုရင့်မိဖုရားလောင်း ရှုရိန်နှင့် သူ့အိမ်၊ သူ့ဥယျာဉ်ကို စောင့်ကြပ်နေရန် ဖြစ်သည်။

နိုင်ဇမ်က သူငယ်ချင်းဖြစ်သူကို ထပ်မံဖျောင်းဖျ ပြောဆိုပြန်သည်။ "အချစ်လမ်းခရီးဟာ ဖြူးဖြူးဖြောင့်ဖြောင့် ရှိခဲပါတယ်ကွာ"

"ရှုရိန်ကိုသာ လက်လွှတ်ရမယ်ဆိုရင် ငါ့ဘဝဟာ အမှောင်ဖုံးလွှမ်းခြင်း ခံရသလို ရှိတော့မှာပဲကွယ်။ နောက်ပြီး အေးချမ်းသာယာတဲ့ ငါ့ဘဝဟာလည်း ပျက်စီးတော့မှာပဲကွယ်"

အိုမာခယမ်က စိတ်ပျက်ဝမ်းနည်းစွာဖြင့် ပြောလေသည်။

ဟာစာနီနှင့် နိုင်ဇမ်သည် သူတို့၏ သူငယ်ချင်း အိုမာကို လာလမ်းအတိုင်း ပြန်ခေါ်သွားကြသည်။ ဥယျာဉ်တံခါးဝသို့ ရောက်သောအခါ အိုမာသည် ဥယျာဉ်ကို လည်ပြန်တစ်ချက် ငဲ့စောင်းကြည့်သည်။ သည်နေရာကား နှင်းဆီပန်းကို မြေလူးငှက်ငယ် တေးဆိုပြရာနေရာပင်ဖြစ်သည်တကား။ သူနှင့် သူ့ချစ်သူတို့ ပျော်နေရာပင် ဖြစ်သည်တကား။

"ကဲ- လာ သူငယ်ချင်း သွားစို့၊ မရနိုင်တာကို မေ့နိုင်အောင်ကြိုးစားစမ်းပါကွာ"ဟု နိုင်ဇမ်က ဆိုသည်။

"မေ့နိုင်ခြင်းဟာ အချစ်စစ်အချစ်မှန်တို့အတွက် ရွံ့မုန်းစရာအမူအကျင့်ပါ။ သူရဲဘောကြောင်သူတွေသာ မေ့နိုင်အောင် ကြိုးစားကြတာပါ" အိုမာက ပြန်လည်ချေပပြောဆိုသည်။

ဥယျာဉ်အပြင်သို့ ရောက်သောအခါ အိုမာခယမ်သည် မြင်းပေါ်မှနေ၍ ဥယျာဉ်ကို တစ်ချက်လှမ်းကြည့်ပြန်သည်။ ထိုအခါ ကင်းစောင့်သူများသဖွယ် ရပ်တည်နေသော ဆိုက်ပရပ်ပင်များကို တံတိုင်းမှကျော်



www.burmeseclassic.com

www.burmeseclassic.com



၍ မြင်ရသည်။ သြော်. . . သည်အရာတို့ကို ထာဝစဉ်စွန့်ခွာ ရတော့မှာပါတကား။

သူငယ်ချင်း နှစ်ယောက်ခြံရံလျက် အိုမာခယမ်သည် နန်းတော်ရှိရာသို့ မြင်းကို လေးတွဲ့စွာစီးလျက် ဝမ်းနည်းပူဆွေးသော စိတ်ဖြင့် ပြန်လာခဲ့လေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၂ )

ရှားဘုရင် 'စတုတ္ထမိဖုရားလောင်း ရွေးလိုက်ပြီ'ဆိုသော သတင်းသည် ပါရှားတစ်နိုင်ငံလုံး တစ်မုဟုတ်ချင်း ပျံ့နှံ့သွားသည်။ နေရှပူမြို့တော်သူ၊ မြို့တော်သားများသာမက ပြည်နယ်ဒေသအသီးသီးရှိ လူအများပင် မင်္ဂလာသတင်းအတွက် ဝမ်းသာဂုဏ်ယူမဆုံး ရှိနေကြသည်။

မင်္ဂလာပွဲတော်ကို ရွှေ့လထဲတွင် ကျင်းပမည်ဖြစ်ရာ ယခုကတည်းကပင် ကြိုတင်ပြင်ဆင်မှုများ ပြုကြသည်။ မင်္ဂလာပွဲတော်ရက်နီးလာသည်နှင့်အမျှ ဆင်နွှဲမည့်သူများလည်း ပို၍ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ပါရှားနိုင်ငံ၏ အစွန်အဖျားပြည်နယ်များမှ စေတမန်များသည် မင်္ဂလာလက်ဖွဲ့ပစ္စည်းများကို သယ်ဆောင်လျက် တဖွဲဖွဲ ရောက်လာကြသည်။ ဘုရင်ခံများ၊ ဗိုလ်ချုပ်ကြီးများ၊ မှူးကြီးမတ်ရာများသည် တည်းခိုရိပ်သာများ၌ စတည်းချရန် အစီအစဉ်များ တင်ကြိုပြုလုပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



နေရှုပူမြို့လမ်းများထဲတွင် ရထားယာဉ်များ ဖြတ်သန်းသွားသည်ကို တွေ့ရသည်။ ရထားယာဉ်များကို သန်မာထွားကျိုင်းသော ကျေးကျွန်များက ထမ်းကြသည်။ ယင်းတို့၌ တင်းတိမ်များ ကာရံထားသည်။ ယင်းတို့ပေါ်၌ ကတော်များ၊ အမျိုးအနွယ်ကောင်း မိန်းမများ ပါရှိသည်။

သို့ဖြင့် မင်္ဂလာပွဲနေ့သို့ ဆိုက်ရောက်လာသည်။ မြို့တော်လမ်းများ တစ်လျှောက်လုံး အလံများ၊ တံခွန်ကုက္ကားများ၊ ပန်းကုံးများဖြင့် တန်ဆာဆင်ထားသည်။ ထိုနေ့ နံနက်စောစောမှစ၍ ပန်းများနှင့် အမွှေးနံ့သာတုံးများကို တင်ဆောင်လာသော လှည်းတန်းကြီးသည် မြို့တွင်းသို့ ဝင်ရောက်လာသည်။ နန်းတော်သို့ သတို့သမီးရှုရိန်ကို တင်ဆောင်သယ်ယူသွားမည့် ရထားယာဉ်အလာကို ပရိသတ်များသည် လမ်းများတစ်ဖက် တစ်ချက်မှရပ်လျက် စောင့်မျှော်နေကြသည်။

နောက်ဆုံး၌ စောင့်မျှော်သော အရာပေါ်လာပြီ။ လှပစွာတန်ဆာဆင်ထားသော ရထားယာဉ်သည် ဘုရင့်စစ်သည်များ ဝန်းရံလျက် လာနေပြီ။ ပရိသတ်များသည် သတို့သမီးရှုရိန်ကို မြင်တွေ့ရန် အလုအယက် တိုးဝှေ့ကြည့်ကြသည်။ သတို့သမီး၏ မျက်နှာမှာ ခေါင်းမြီးခြုံဇာအပါး အထပ်ထပ်ကာထားသဖြင့် သဲကွဲစွာ မမြင်ရပေ၊ ယင်းသို့ ဖြစ်လင့်ကစား သူတို့က ဝမ်းမြောက်ဝမ်းသာ ဆီးကြို၍ ကောင်းချီးသြဘာပေးကြသည်။ ရထားယာဉ်လာရာ လမ်းတစ်လျှောက်ကို ပန်းများဖြင့်ကြဲဖြန့်လျက် ပန်းမွေ့ယာ ခင်းပေးကြသည်။

× × ×

နန်းတွင်းသို့ သတို့သမီးရောက်သောအခါ အပျိုတော်ဆောင်သို့ ခေါ်သွားသည်။ သူ့ကို အပျိုတော်များက တင့်တယ်သော အသရေဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆီးကြိုကြသည်။ အပျိုတော်ထိန်းများက သူ့အနား၌ ဝန်းရံစောင့်ရှောက်ကြသည်။ အပျိုတော်များသည် သတို့သမီး၏အလှကိုငင်း၊ အဝတ်တန်ဆာကိုငင်း၊ ဆင်မြန်းထားသော စိန်ရွှေကျောက်သံပတ္တမြားတို့ကိုငင်း ဝိုင်းဝန်းကြည့်ရှု ထောပနာပြုကြသည်။

သတို့သမီး၏ မင်္ဂလာဝတ်စုံမှာ အဖြူရောင် ပိုးပရိုကိတ်ထည်ဖြစ်သည်။ သူ၏သေးသွယ်သော ခါးကို အဖြူရောင်ပန်းများနှင့် တန်ဆာဆင်ထားသော ပန်းကုံးဖြင့် စည်းနှောင်ထားသည်။ သူ့ဦးခေါင်းနှင့် မျက်နှာကို အရောင်အသွေး ကွဲပြားသော ခေါင်းမြီးခြုံဇာပါး သုံးထပ်ဖြင့် ကာရံထားသည်။ ယင်းခေါင်းမြီးခြုံ သုံးထပ်စလုံးကိုပင် များလှစွာသော အဖိုးတန် ရတနာများဖြင့် စီခြယ်ထားသည်။ သူ၏ နူးညံ့သော လက်ကောက်ဝတ်များဖြင့် ခြေမျက်စိတို့တွင်လည်း ရွှေလက်ကောက်များ၊ ရွှေခြေကျင်းများ ဝတ်ထားသည်။ ယင်းသို့ ဝတ်ထားသည်မှာ ပါရှင်းလူမျိုးတို့၏ ထုံးတမ်းစဉ်လာအရ သတို့သမီးက မိမိကိုယ်ကို နှင်းအပ်ပါသည်ဟူသော အမှတ်လက္ခဏာပင် ဖြစ်သည်။ ယင်းတို့ကို မင်္ဂလာအခမ်းအနားပြီးသောအခါတွင်မှ သတို့သမီးခင်ပွန်းက ချွတ်ခွာပေးရလေသည်။

အပျိုတော်ထိန်းတို့တွင် အကြီးအကဲလုပ်သူ အပျိုတော်ထိန်းကြီးက လက်ခုပ်တီးလိုက်သောအခါ ကျွန်မပျိုလေးယောက်သည် ငွေကြေးမုံဝိုင်းကြီးကို သယ်ဆောင်ယူလာသည်။ ရှုရိန်၏ ရှေ့ကော်ဇောပေါ်တွင် ဒူးထောက်လျက် ကြေးမုံကို ထောင်ပြသည်။

"အပျိုစင်အဖြစ်ရှိနေတဲ့ သခင်မလေးရုပ်ရည်ကို နောက်ဆုံးကြည့်တဲ့အနေနဲ့ ကြည့်တော်မူပါ"ဟု အမျိုးသမီးကြီးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှရိန်က စကားပြန်မပြော၊ ခေါင်းကိုသာ ခါလိုက်သည်။ ဤတွင် ခေါင်းမြီးခြုံဇာပါး၌ စီခြယ်ထားသော ရတနာများသည် တလက်လက် တောက်ပသွားလေသည်။ ရှရိန်သည် ကြေးမုံကိုကြည့်ရန် ခေါင်းမြီးခြုံကို မလှစ်လိုပေ။ စိတ်နှလုံး မချမ်းမသာ ဖြစ်နေသဖြင့် သူ့မျက်လုံးတို့မှာ မျက်ရည်များဖြင့် စိုစွတ်နေသောကြောင့် ဖြစ်သည်။

ခေါင်းမြီးခြုံဇာပါးကို လှစ်ရန် ရှရိန်က ငြင်းဆန်လိုက်သောအခါ အပျိုတော်ထိန်းကြီးသည် ကျွန်မပျိုလေးများအား ကြေးမုံကို ပြန်ယူသွားစေသည်။ ထို့နောက် သူက ရှရိန်၏အနီးသို့ ချဉ်းကပ်ကာ "အခမ်းအနားမှာ သခင်မလေးကို မေးခွန်းမေးတဲ့အခါ တစ်ကြိမ်နှစ်ကြိမ်အထိ မဖြေဘဲ နောက်ဆုံးအကြိမ်မှ ဖြေတော်မူပါ၊ မေ့တော်မမူလိုက်ပါနဲ့နော်။ နောက်ပြီး သခင်မလေး ဘယ်လို ဖြေကြားရမယ်ဆိုတာလဲ သိတော်မူပြီးပြီပေါ့နော်"

ရှရိန်က ဦးခေါင်းညိတ်ပြလိုက်သည်။

"အခမ်းအနားစတဲ့အခါ သခင်မလေးအနီးမှာ ကျွန်တော်မျိုးမ ရှိနေမှာပေါ့"

ထိုအခိုက် မောင်းသံကြီးပေါ်ထွက်လာကာ အပျိုတော်ထိန်းကြီး၏ အသံကို ဖုံးလွှမ်းသွားသည်။ မောင်းသံကြီးသည် နန်းတော်တစ်ခုလုံး ပဲ့တင်မြည်ဟည်းသွားသည်။ မင်္ဂလာပွဲတော် အခမ်းအနားစရန် အချက်ပေးလိုက်သည့် မောင်းသံပင်တည်း။

အပျိုတော်ထိန်းကြီးက ဦးဆောင်၍၎င်း၊ အပျိုတော်များက နောက်မှ ခြံရံလိုက်ပါ၍၎င်း၊ ရှရိန်သည် လေးတွဲ့သော ခြေလှမ်းများဖြင့် ရာဇပလ္လင်ရှိရာခန်းမသို့ ပျော်ရွှင်ခြင်းကင်းမဲ့စွာ ဝင်လာခဲ့သည်။

ခန်းမထဲသို့ သူတို့ရောက်သည်နှင့် တစ်ပြိုင်နက် ဂီတသမားများ



www.burmeseclassic.com

www.burmeseclassic.com



က တူရိယာများကို တီးမှုတ်ကြသည်။ အဆိုတော် တစ်စုကလည်း ရွေးထုံးစဉ်လာမပျက် ဆိုလေ့ဆိုထရှိသော အချစ်သီချင်းကို သံပြိုင်သီဆိုကြသည်။

ရှရိန်သည် ခေါင်းမြီးခြုံဇာပါးနှင့် မျက်ရည်များအကြားမှနေ၍ လှမ်းကြည့်သောအခါ ခန်းမကြီးတစ်ခုလုံးကို အလံများ၊ တံခွန်များဖြင့် တန်ဆာဆင်ထားသည်ကို ဝိုးတဝါး မြင်ရသည်။ ခန်းမတစ်ခုလုံး ရောင်စုံဝတ်စုံတို့ ဝတ်ဆင်ထားသည့် မှူးကြီးမတ်ရာများ၊ သံတမန်များ၊ ရာထူးကြီးသော မင်းမှုထမ်းများ၊ နန်းတွင်းသူ နန်းတွင်းသားများနှင့် ပြည့်နှက်နေသည်ကိုလည်း တွေ့ရသည်။ ထိုပုဂ္ဂိုလ်များ၏ ကတော်မယားများကိုကား အမျိုးသမီးများနေရာ၊ သီးသန့်နေရာ၌ တွေ့ရသည်။ သူတို့သည်လည်း ခေါင်းမြီးခြုံဇာပါး ကိုယ်စီခြုံထားကြသည်။

ရှရိန်သည် သူမြင်တွေ့လိုသူတစ်ဦးကို တိတ်တခိုး ဟိုသည်လှမ်းမျှော်ရှာကြည့်သည်။ ဘယ်နေရာမှမတွေ့ရပေ။ သူမြင်တွေ့လိုသူအစား မမြင်တွေ့လိုသူ ရှားဘုရင်ကိုသာ မြင်တွေ့လိုက်ရသည်။ ရှားဘုရင်သည် အဖြူရောင်ဝတ်စုံကို ဝတ်ဆင်လျက် အဖိုးတန်ကျောက်မျက်ရတနာများကို ဆင်မြန်းထားသည်။ သူသည် ခန်းမကြီးအတွင်းရှိ အနီရောင်၊ ကြက်သွေးရောင်၊ ရွှေရောင်တို့ဖြင့် တန်ဆာဆင်ထားသော မင်္ဂလာမဏ္ဍပ်၌ စံမြန်းထိုင်နေသည်။

ရှရိန်ကို ကော်ဇောကြီးပေါ်သို့ ရပ်စေပြီးသောအခါ နန်းတွင်းခံ့သမာဓိလူကြီးက ဦးစွာရှေ့သို့ထွက်လာပြီး ဦးညွှတ်အရိုအသေပြုသည်။ ထို့နောက် မှူးကြီးမတ်ရာတစ်စုက အဖိုးတန်မင်္ဂလာလက်ဖွဲ့များကို ပိုးဖုံများပေါ်တင်လျက် လာရောက်ပေးဆက်သည်။ ယင်းသို့



www.burmeseclassic.com

www.burmeseclassic.com



ပေးဆက်စဉ် "ဤလက်ဖွဲ့ပစ္စည်းများသည် ပါရှားပြည်နယ်များက ဖြစ်ပါသည်။ ယခုကဲ့သို့ လက်ဖွဲ့ပစ္စည်းများပေးဆက်ရသဖြင့် ကျွန်တော်မျိုးတို့ ဝမ်းသာဂုဏ်ယူခြင်း ဖြစ်ကြပါသည်။ ယင်းတို့ကို သခင်မလေး နှစ်သက်လိမ့်မည်ဟု မျှော်လင့်ပါသည်"ဟု ပြောဆိုသည်။

ရှရိန်က သူတို့ကို ကျေးဇူးတင်သောအနေဖြင့် ဦးခေါင်းညိတ်ပြသည်။ ထို့နောက် ရှရိန်သည် ခုံသမာဓိလူကြီးနှင့်အတူ ကော်ဇောပေါ်မှ ဆင်းကာ ခန်းမအစွန်းမှ ရှားဘုရင်ရှိရာ မဂ်လာမဏ္ဍပ်သို့ ဖြေးညှင်းစွာ လျှောက်သွားသည်။ လမ်းတစ်ဝက်သို့ရောက်သောအခါ သူသည် ရပ်လိုက်ရသည်။ ဤတွင် ခုံသမာဓိလူကြီးက တစ်ခန်းလုံးကြားလောက်အောင် ကျယ်လောင်သောအသံဖြင့် မေးမြန်းသည်။

"ပထမအကြိမ် သင့်ကိုမေးလိုပါသည်။ ကျွန်ုပ်တို့၏ ကြီးမြတ်တော်မူသော၊ အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ သခင်ဖြစ်သော ရှားဘုရင်မင်းမြတ်ကို အသင်သည် ကြင်ရာတော်အရာ၌ ထားနိုင်ပါမည်လော"

ယင်းသို့ မေးလိုက်သောအခါ အပျိုတော်ထိန်းကြီးက ရှရိန်ထံပါးသို့လာကာ ခေါင်းမြီးခြုံ ဇာပါးတစ်ထပ်ကို ဖယ်ရှားပေးလိုက်သည်။ ကျေနပ်နှစ်သက် အားရသော တီးတိုးစကားပြောသံများ ပရိသတ်များ နှုတ်မှပေါ်ထွက်လာသည်။ ညင်သာသော ဘင်ခရာသံနှင့် လင်းကွင်းကလေးများ တပ်ဆင်ထားသည့် စည်တို၏ တချွင်ချွင်မြည်သံလည်း ပေါ်ထွက်လာသည်။

ထို့နောက် ရှရိန်သည် ရှေ့သို့ အနည်းငယ် တိုးသွားရပ်ရပြန်သည်။ ယင်းသို့ တိုးသွားစဉ် ပရိသတ်ထဲ၌ သူတွေ့လိုသူကို စူးရှသော



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအစုံဖြင့် ရှာပြန်သည်။

ဒုတိယအကြိမ် မှူးမတ်တစ်စုသည် သတို့သမီးအနီးသို့ ချဉ်းကပ်ကာ ဦးညွှတ်အရိုအသေပြုကြပြန်သည်။

"ပါရှားနိုင်ငံတော်၏ မြောက်မြားလှစွာသော အဆွေခင်ပွန်းများထံမှ သခင်မလေးအတွက် လက်ဖွဲ့ပစ္စည်းများ ကျွန်တော်မျိုးတို့ ယူဆောင်လာပါသည်"ဟု ဆိုသည်။

ရှုရိန်လည်း ဝမ်းသာဂုဏ်ယူ လက်ခံသည့်အနေဖြင့် ဦးခေါင်းညိတ်ပြသည်။

ထို့နောက် ခုံသမာဓိက "ကျွန်ုပ်တို့၏ ကြီးမြတ်တော်မူသော၊ အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ သခင်ဖြစ်သော ရှားဘုရင်မင်းမြတ်ကို အသင်သည် ကြင်ရာတော်အရာ၌ ထားနိုင်ပါမည်လော"ဟု ဒုတိယအကြိမ် မေးပြန်သည်။ အပျိုတော်ထိန်းကြီးကလည်း ရှုရိန်၏ ဒုတိယခေါင်းမြီးခြုံဇာပါးကို ဖယ်လှစ်ပေးလိုက်ပြန်သည်။

တစ်ခန်းလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားကာ ညင်သာသော ဘင်ခရာသံနှင့် လင်းကွင်းကလေးများ တပ်ဆင်ထားသည့် စည်တို၏ တချွင်ချွင်မြည်သံသည် ဒုတိယအကြိမ် ပေါ်ထွက်လာပြန်လေသည်။ ရှားဘုရင်နှင့် နီးသထက်နီးရန် ရှုရိန်သည် ရှေ့သို့ တိုးသွားရပြန်သည်။

ယင်းသို့ တိုးသွားသောအခါ သူရှာဖွေနေသူကို ရုတ်တရက် တွေ့ လိုက်ရသည်။ သူ့ရှေ့ရှိ ရှားဘုရင်၏ဘေး၌ ဝန်းရံနေသော အတိုင်ပင်ခံ လူကြီးများအထဲတွင် 'သူ့'ကို တွေ့လိုက်ရသည်။ 'သူ'ကား သူ့ချစ်သူ အိုမာခယမ်ပင်တည်း။

ရှုရိန်သည် ချစ်သူကို စိုက်ကြည့်ရာမှ တစ်ခန်းလုံးကို မမြင်နိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်သွားသည်။ ရှားဘုရင်ကိုရင်း၊ စိန်ရွှေတို့ဖြင့် တန်ဆာဆင်ထားသော မင်္ဂလာမဏ္ဍပ်ငယ်ကိုရင်း၊ မင်းပရိသတ်များကိုရင်း သူသည် ဘာကိုမှ မမြင်တော့။ သူ့စိတ်သည် အတိတ်ဆီသို့သာ ရောက်လျက် အဖြစ်ဟောင်းကိုသာ မြင်ယောင်နေသည်။ သာယာသော ဥယျာဉ်၊ နှင်းဆီပန်းကို တေးဆိုပြနေသော မြေလူးငှက်ငယ်၊ ရေကန်ဘေးရှိ မိုးမခပင်၊ ဥယျာဉ် ဘေးပတ်လည်၌ ဝန်းရံစိုက်ထားသော ဆိုက်ပရပ်ပင်များသည်အရာတို့ကိုသာ မြင်ယောင်ထင်ယောင် လျက်ရှိသည်။ သို့သော် မကြာပါချေ။ ယင်းတို့သည် ရုတ်တရက် ပြိုကွဲပျက်စီးသွားလေပြီ။ သူ့ဖခင်အိုကြီးက သူ့ထံသို့ ချဉ်းကပ်ကာ သူ၏နဖူးပြင်ကလေးကို ညင်သာစွာ နမ်းရှုပ် လိုက်၍ ဖြစ်သည်။ သူသည် သတိပြန်လည်ရကာ ဖခင်ကို ရိုသေစွာ ဦးညွှတ်ပြလိုက်လေသည်။

ခဏအတွင်းမှာပင် ရှားဘုရင့်အနီး၌ ရပ်နေသော နန်းရင်းဝန် နိုင်ဇမ်သည် ရှရိန်ထံပါးသို့ ချဉ်းကပ်လာသည်။ သူ့လက်ထဲတွင် ကတ္တီပါဖုံတစ်ခုပါလာ၍ ယင်းကတ္တီပါဖုံပေါ်၌ တန်ဖိုးမဖြတ်နိုင်သော ပုလဲများဖြင့် စီခြယ်ထားသည့် ငွေသရဖူတစ်ခု ပါလာလေသည်။

"နေရှပူမြို့တော်၏ အလှဆုံးသော နှင်းဆီပန်းနှင့် တူသည့် သခင်မလေး၊ ဤသရဖူသည် သင့် မွေးဇာတိဖြစ်သည့် နေရှပူမြို့တော်သူမြို့တော်သားများ ဆက်သသော လက်ဆောင်ပင် ဖြစ်ပါသည်။ မေတ္တာထားခြင်း၊ ကျေးဇူးသစ္စာသိခြင်း အထိမ်းအမှတ်ဖြင့် ဤသရဖူကို ဆက်သခြင်း ဖြစ်ပါသည်"ဟု နိုင်ဇမ်က ဆိုလေသည်။

အပျိုတော်ထိန်းကြီးသည် ရှရိန်ကို လွှမ်းခြုံထားသော နောက်ဆုံးကျန်ရှိနေသည့် ခေါင်းမြီးခြုံဇာပါးကို ဖွင့်လှစ်လိုက်လေသည်။ ရှရိန်၏



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးအိမ်ဝယ် မျက်ရည်များ ပြည့်လျှမ်းလျက်ရှိပြီး တစ်ပေါက်ချင်း ပါးပြင်ပေါ်သို့ စီးကျနေလေသည်။ ထိုအချိန်မှာပင် နိုင်ဇမ်က သူ၏ ဦးခေါင်းပေါ်သို့ သရဖူဆောင်းပေးလိုက်လေသည်။

တတိယအကြိမ် ခုံသမာဓိ၏ အသံပေါ်လာပြန်သည်။ "ကျွန်ုပ်တို့၏ ကြီးမြတ်တော်မူသော၊ အရှေ့တိုင်းနှင့် အနောက်တိုင်းတို့၏ သခင်ဖြစ်သော ရှားဘုရင်မင်းမြတ်ကို အသင်သည် ကြင်ရာတော်အရာ၌ ထားနိုင်ပါမည်လော"

အပျိုတော်ထိန်းကြီးက "ကဲ. . . သခင်မလေး၊ ဖြေကြားဖို့ အချိန်တန်ပြီ"ဟု ရှရိန်အား တီးတိုးကပ်ပြောသည်။

တစ်ခန်းလုံး အထူးငြိမ်ဆိတ်နေသည်။ ငြိမ်ဆိတ်ခြင်းကို ဖြိုခွင်းလျက် ရှရိန်၏ တုန်ယင်အက်ကွဲသော အသံသည် ပေါ်ထွက်လာသည်။

"ထားနိုင်ပါသည်"

ထိုခဏမှာပင် ဘင်ခရာသံများ ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ တစ်ပြိုင်တည်းပင် စည်တိုနှင့် လင်းကွင်းကို သာယာစွာ တီးသံသည်လည်း ပေါ်ထွက်လာသည်။

အိုမာခယမ်ကား ဤအဖြစ်ကို သည်းမခံနိုင် ဖြစ်နေသည်။ သူ့အနီး၌ရပ်နေသော ဟာစာနီက သူ့လက်မောင်းကို တင်းကျပ်စွာ ဆုပ်ကိုင်လျက် သတိပေးထားရသည်။ "သူငယ်ချင်း၊ ဒီနေရာက ထွက်မသွားနဲ့နော်" ဟု ဖျောင်းဖျပြောဆိုသည်။ အမတ်ချုပ် တားတတ်ကလည်း "ဘုရင်ကို စော်ကားသလို ဖြစ်နေမယ်၊ သတိထား အိုမာ"ဟု သတိပေးစကား ပြောကြားသည်။

ဘင်ခရာသံများ၊ စည်တိုနှင့် လင်းကွင်းသံများ ငြိမ်ဆိတ်သွား



www.burmeseclassic.com

www.burmeseclassic.com



သောအခါ နန်းရင်းဝန်နိုင်ဇမ်က "အသင်သည် တိုင်းသူပြည်သားအပေါင်း၏ သမီးတော်အဖြစ်သို့၎င်း၊ တိုင်းသူပြည်သားအပေါင်း၏သခင်ဘုရင်မင်းမြတ်၏ မိဖုရားအဖြစ်သို့၎င်း၊ ရောက်ရှိပြီ။ ထိုသူအပေါင်းကို ယခုဦးညွှတ်အရိုအသေပြုပါလော့"ဟု ဆိုလိုက်သည်။

ရှုရိန်ကလည်း ဦးညွှတ်အရိုအသေပြုလေသည်။ ယင်းသို့ဦးညွှတ်အရိုအသေပြုစဉ် သူ့ချစ်သူသည် နန်းတော်အစောင့်တို့ကို အတင်းတိုးဖယ်ကာ အခန်းထဲမှ ရုတ်တရက် ပြေးထွက်သွားသည်ကို မြင်လိုက် ရလေသည်။ အိုမာခယမ်သည် ဆက်လက် သည်းခံခြင်းငှာ မစွမ်းတော့သဖြင့် ဟာစာနီ၏ လက်ထဲမှအတင်း ရုန်းထွက်သွားခြင်းဖြစ်သည်။ ပရိသတ်အများပင် သူ့ကို လှမ်းကြည့်ကြသည်။ မည်သည့်အခြင်းအရာ ဖြစ်ပေါ်ပါလိမ့်။ ရှားဘုရင်သည်လည်း တစ်ချက်လှမ်းကြည့်လိုက်ကာ အမျက်ဒေါသထွက်သွားသည်။

ဤအခြေအနေကို ထိန်းသိမ်းရန်အတွက် နိုင်ဇမ်က ရှုရိန်၏ နားအနီးသို့ လျင်မြန်စွာကပ်လျက် "ရှုရိန်ဘုရင့်ထံပါးသွား သွား"ဟု တိုးတိုးပြောလိုက်သည်။

ရှုရိန်လည်း မဆိုင်းမတွပင် ဘုရင့်ထံပါးသို့ ချဉ်းကပ်သွားသည်။ ဘုရင်သည် အိုမာခယမ်ကို ဒေါသအမျက် ထွက်နေရာမှ ရှုရိန်သူ့အနီးသို့ ရောက်လာသည်ကို မြင်သောအခါ ပြုံးရယ်၍ ဦးခေါင်းညိတ်လိုက်သည်။ ခဏအတွင်းမှာပင် ရှုရိန်၏ နူးညံ့ပျော့ပျောင်းသော လက်ကလေးများသည် ရှားဘုရင်၏ လက်တွင်းသို့ ရောက်သွားလေသည်။ ယခုရှုရိန်ကို ရှားဘုရင် ပိုင်ဆိုင်လေပြီ။ ခဏအတွင်းမှာပင် ဘင်ခရာသံနှင့် စည်တိုသံများ ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှားဘုရင်၏ မိဖုရားအဖြစ်သို့ ရောက်ရှိပြီဖြစ်သော ရှုရိန်က မင်း ပရိသတ်တို့ကို ဦးညွှတ်လိုက်သည်။ ထိုအခါ မင်းပရိသတ်တို့က ဝမ်းမြောက်ဝမ်းသာ ကောင်းချီးသြဘာ ပေးကြလေသည်။

မင်းပရိသတ်တို့အထဲတွင် ရှုရိန်ကို ကောင်းချီးသြဘာ မပေးသော သူနှစ်ဦးကား ရှိနေသည်။ သူတို့ကား မိဖုရား ဇရဒါနှင့် သားတော် အာမွတ်ပင် ဖြစ်သည်။ သူတို့သည် ရှုရိန်ကို စူးစိုက်ကြည့်ကာ ခပ်မဆိတ် ရှိနေကြပေသည်။

× × ×

ည၏ မဲမှောင်သော ကောင်းကင်ပြင် အောက်တွင် အိုမာခယမ် တစ်ယောက် သောကမီးမှ အေးငြိမ်းရာ အေးငြိမ်းကြောင်း ကြိုးပမ်းရှာဖွေ နေရှာသည်။

သူသည် မျှော်စင်အမြင့်၏ လသာခန်းမှနေ၍ ကောင်းကင်ပြင် ရှိ ကြယ်တာရာများကို ရှုကြည့်လေ့လာ သုံးသပ်သည်။ သူ သုံးသပ်မိ သည်တို့ကို စာရွက်ပေါ်တွင် တင်ကာ ဂဏန်းသင်္ချာနည်းဖြင့် တွက်ချက် ပြန်သည်။ ယင်းသို့ တွက်ချက်သည်တို့ကို စုပေါင်းကာ မကြာမီအတွင်း ပြက္ခဒိန်အသစ် စီရင်ပေတော့မည်။

သူသည် ညဥ့်နက်သန်းခေါင်ကျော်သည်အထိ အချိန်ကြာမြင့် စွာပင် ကြယ်တာရာတို့ကို လေ့လာဆန်းစစ် သုံးသပ်သည်။ ထို့နောက် ဝိုင်အရက်ကို သောက်လေ့ရှိသည်။ ထိုအခါ သူ့နှလုံးသားသည် ပို၍ နူးညံ့ပျော့ပျောင်းသွားလေသည်။ သူသည် အထီးကျန်ဘဝနှင့် စိတ် သောကတို့မှ ကင်းဝေးစေရန် ကဗျာများကိုလည်း မနားတမ်း စပ်ဆို လေသည်။ သူသည်တွေ့ရာစာရွက်၊ ရရာစာရွက်များပေါ်၌ ကျူရိုး



www.burmeseclassic.com

www.burmeseclassic.com



ကလောင်တံဖြင့် ကဗျာများ စပ်ဆိုသည်။ တစ်ခါတစ်ရံ ကြယ်တာရာ အသွားအလာတို့ တွက်ချက်ထားသည့် သင်္ချာအမှတ်အသား စာရွက်များ ပေါ်၌ပင် ကဗျာများ စပ်ဆိုခဲ့လေသည်။

တစ်နေ့သော နံနက်တွင် စိတ်နှလုံး နွမ်းညှိုးပျော့ပျောင်းနေရာမှ သူသည် အောက်ပါ ကဗျာတစ်ပုဒ်ကို ဖွဲ့ဆိုလိုက်လေသည်။

**"အို- ချစ်နှမငဲ့၊**
**သောကပွားတတ်၊ အနာဂတ်နှင့်**
**စိတ်ဓာတ်ညှိုးလျှ၊ ပူပန်ရသည့်**
**နောင်တထွေပြား၊ အတိတ်များတို့**
**လွင့်ပါးကင်းစင်၊ စိတ်ကြည်ရှင်အောင်**
**ငါလျှင်သောက်လို၊ ဝိုင်ချိုချိုကို**
**မေပျိုကမ်းပါ့၊ ဖြည့်ထည့်ပါ့။**

**သင်္ချေသင်္ချာ၊ နှစ်များစွာကို**
**ငါ့မှာလူ့ခွင်၊ မရောက်ခင်တွင်**
**ကြင်လည်ခဲ့ရာ၊ အတိတ်သာတည့်**
**မကြာယွင်းပါး၊ ကွယ်လွန်ငြားလည်း**
**ရှည်လျားမပြတ်၊ အနာဂတ်ကို**
**ထပ်ထပ်ကြင်လည် ရဦးမည်။**

**နက်ဖန် နက်ဖန်၊ မပူပန်နှင့်**
**နက်ဖန်မှာပင်၊ လူ့ရပ်ခွင်မှ**
**အသင်ကွယ်ပျောက် နိုင်သည်တကား။**



www.burmeseclassic.com

www.burmeseclassic.com



ယင်းကဗျာကို ဖွဲ့ဆိုပြီးနောက် အိုမာခယမ်သည် ဝိုင်အရက်တစ်ခွက်ယူ၍ သောက်လိုက်သည်။ ထိုအခိုက် အခန်းတံခါး ပွင့်လာပြီး သူ့ သူငယ်ချင်း နိုင်ဇမ် ဝင်လာသည်ကို တွေ့ရသည်။ နိုင်ဇမ်သည် အိုမာခယမ်အနီးသို့ ရောက်သောအခါ အခန်းတွင်း၌ အခြားသောသူများ ရှိ-မရှိ ငဲ့စောင်းကြည့်လိုက်သည်။ ဘယ်သူမှ မရှိသောအခါတွင် နိုင်ဇမ် က "ဟောဒီမှာ သူငယ်ချင်း မင်းအတွက် ငါယူလာတယ်"ဟု တိုးတိုးပြောကာ အိုမာခယမ်၏ လက်သို့ စာရွက်လိပ်ကလေးတစ်ခု လှမ်းပေးသည်။ ယင်းသို့ပေးရာမှ "ရှုရိန်ကို ဒီမနက်မှ တွေ့ရတယ်။ မင်္ဂလာပွဲ ပြီးကတည်းကစပြီး တစ်ခါမှ မတွေ့ရဘူး"ဟု ပြောသည်။

အိုမာသည် စက္ကူလိပ်ကိုယူကာ ဖြန့်၍ ဖတ်မည်ပြုသည်။ နိုင်ဇမ်က "မင်းကိုငါ သတင်းကောင်းလဲ ပြောရဦးမယ်။ မင်္ဂလာပွဲတော် အခမ်းအနားက မင်း ရိုင်းရိုင်းပျပျ ထွက်သွားတာနဲ့ ပတ်သက်ပြီး ဘုရင်စိတ်မဆိုးအောင် ငါအမျိုးမျိုး လျှောက်တင်ခဲ့တာနဲ့ ဘုရင်က ခွင့်လွှတ်လိုက်ပါတယ်။ မင်းဟာအလွန်အန္တရာယ်ကြီးတဲ့ အပြုအမူကို ပြုလုပ်တာပဲ သူငယ်ချင်း"

"ရှားဘုရင်ဟာ အမှန်တရားကို မြတ်နိုးတယ်ဆိုရင် အသက်ဘေးရန်သော ဘာသောနားမလည်၊ အသည်းနှလုံးဟာ ပေါက်ကွဲတတ်တယ်ဆိုတာ သိရမှာပေါ့"

အိုမာခယမ်က ယင်းသို့ပြန်ပြောသောအခါ နိုင်ဇမ်က ဦးခေါင်းကို ခါလိုက်သည်။ သူသည် အိုမာ့စကားကို ပြန်လည်မချေပတော့ဘဲ "ဘုရင်က မင်းကို ခွင့်လွှတ်တဲ့အပြင် အခစားဝင်ဖို့လဲ မှာလိုက်တယ် သူငယ်ချင်း"ဟု ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဇမ့်စကားကို အိုမာသည် မကြားနိုင်တော့ပေ။ ရှရိန် ပေးလိုက်သောစာကို ဖတ်ရှုနေသောကြောင့် ဖြစ်သည်။

**"ကျွန်မကို မေ့လိုက်ပါတော့လို့ ပြောကြားဖို့ဟာ စိတ်ထဲက လုံးဝမပါတော့ ပြောရတာ မလွယ်ပါဘူး မောင်ရယ်။ ဒါပေမယ့် ဒီစကားမှတစ်ပါး အခြားပြောစရာ စကားမရှိတော့တဲ့ ဘဝကို ရောက်နေရပြီ မဟုတ်လား။ ဒါကြောင့် ကျွန်မကို မေ့လိုက်ပါတော့လို့ မှာကြားပါရစေ။ ကျွန်မလဲ မေ့နိုင်အောင် ကြိုးစားပါမယ်။ မောင် တစ်ယောက် တခြားစိတ်ပျော်ရွှင် ချမ်းမြေ့ဘွယ်ရာများနဲ့ ကြုံတွေ့ အောင် ဘုရားသခင် စောင်မတော်မူပါစေလို့ ဆုတောင်းနေပါတယ် မောင်"**

ရှရိန်၏ စာကို ဖတ်ပြီးသောအခါ အိုမာခယမ်က "မေ့ရမယ် ဟုတ်စ၊ သည်စကားဟာ ပြောရတာ လွယ်သလောက် ပြုကျင့်ရတာ မလွယ်ပါကလား။ စိတ်က လက်မခံနိုင်တာတွေကို ပါးစပ်က မကြာခဏ ပြောတတ်ကြတာပဲ။ မမေ့နိုင်ပါဘူး။ သူဟာ ငါ့ရဲ့ အချစ်ဦး၊ တစ်ဦးတည်းသော ချစ်သူ။ လူတစ်ယောက်ဟာ အသက်ရှင်နေသရွေ့ အချစ်ဦး အပေါ် ဘယ်တော့မှ မေတ္တာမပြယ်နိုင်ဘူး"ဟု ရေရွတ် ပြောဆိုလေသည်။

နိုင်ဇမ်က စိတ်လက် မချမ်းမသာ ဖြစ်နေရှာသော သူငယ်ချင်းကို ဖျောင်းဖျစကား ပြောကြားရှာသည်။

"ချစ်သူတိုင်း အနည်းအများ ဆိုသလို ရူးမိုက်တတ်ကြတယ် ဆိုတာ ဆင်ခြင်ပါ သူငယ်ချင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမယ် နိုင်ဇမ်၊ ဒို့နှစ်ယောက်အချစ်ဟာ သာမန်မဟုတ်ဘူး။ အလွန်လေးနက်တဲ့ အချစ်ပါ။ ပျော်ရွှင်မှုကို ဖြစ်စေတဲ့အချစ်ပါ။ စိတ်ချမ်းသာမှုကို ဖြစ်စေတဲ့ အချစ်ပါ။ ဒါကို ရှုးမိုက်တယ်လို့ ခေါ်ရမှာလား၊ ငါဟာ အထီးကျန်ဖြစ်နေပါစေ၊ သူ့ကို ဆက်လက်ပြီး ထာဝစဉ် ချစ်သွားမှာပါကွာ"

ဤသို့ပြောပြီး အိုမာခယမ်က ခပ်မဆိတ်နေလိုက်သည်။ ထို့နောက် ဝိုင်အရက်ကို ကောက်ကိုင်ကာ မော့သောက်လိုက်သည်။ ထိုနောက် ဟာစာနီ လက်ဆောင်ပေးထား၍ သူ့ လက်မောင်း၌ ဆင်မြန်းထားသည့်ဆွဲကြိုးမှ ကျောက်ပြာများကို စူးစိုက်ကြည့်နေလိုက်သည်။

"အချစ်လမ်းခရီးဆိုတာ ဘယ်တော့မှ မဖြောင့်ဖြူးပါဘူးကွာ။ အဲဒါကို အချစ်အတွက်နဲ့ စိတ်မချမ်းမသာ ဖြစ်နေရာမှာတဲ့လား။ သည်နေရာမှာ မင်းတစ်နေ့လုံး တစ်ညလုံးနေပြီး မနားတမ်းအလုပ်လုပ်လိုက်၊ မှိုင်ငေးလိုက်နဲ့ လုပ်နေလို့ တော်ရော့လား။ ပြီးတာလဲ ပြီးပါပြီကွယ်။ အတိတ်ကို မေ့ဖျောက်လိုက်စမ်းပါ။ လောကကြီးမှာ တခြားမိန်းမတွေ အများကြီး ရှိပါသေးတယ်" ဟု နိုင်ဇမ်က နှစ်သိမ့်စကား ဆိုပြန်သည်။

"တခြား မိန်းမတွေ ဟုတ်စ" အိုမာခယမ်က ဒေါသဖြင့် လှမ်းအော်လိုက်သည်။ "မိန်းမဆိုတာ ရောင်းကုန်တစ်မျိုးပဲ၊ ယောကျ်ားတွေ သက်တောင့်သက်သာရှိအောင်၊ အဆင်ပြေပြေ နေထိုင်နိုင်အောင် စွမ်းဆောင်နိုင်တဲ့ ရောင်းကုန်ပဲ၊ အသက်မရှိဘူး၊ အချစ်မရှိဘူး၊ သစ္စာမရှိဘူး" လို့ တချို့လူတွေက မှတ်ယူကြတယ်။ ဒီလို မှတ်ယူဖို့ ငါ့ကိုလာ နားချမနေစမ်းပါနဲ့ကွ"

အိုမာခယမ် ပြောသည်ကို နိုင်ဇမ်က ဆုံးအောင်နားထောင်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ထပ်၍ပြောပြန်သည်။

"မင်းပြောတာတွေ မှန်ပါတယ်ကွာ၊ ဒါပေမယ့် လောကမှာ မိန်းမ တစ်ယောက်ထဲ ရှိတာမဟုတ်ဖူးဆိုတာတော့ မင်းသိထားစေချင်တယ် ကွာ"

ယင်းသို့ပြောပြီး နိုင်ဇမ်သည် ပြန်ရန် တံခါးဆီသို့ လျှောက် သွားသည်။ ထို့နောက် လည်ပြန်လှည့်ကာပြုံးလျက် "ဟေ့ သူငယ်ချင်း၊ မင်းဆီကို ဝိုင်အရက် ငါထပ်ပို့လိုက်ဦးမယ်။ မနက်ဖန် မင်းသောကတွေ လျော့ပါးလာမှာပါကွာ။ အာရုံထွေပြားစရာတွေနဲ့တွေ့ရင် သောက ဆိုတာ ပျောက်ရတာပါပဲကွ" ဟု လှမ်းပြောသည်။ ထို့နောက် နိုင်ဇမ် က "သြော်- ဒါထက် တားတတ်သခင်က မင်းကို သိပ်တွေ့ချင်နေတယ်၊ အစောင့်နှစ်ယောက်ရှိပေမယ့် သူ့ခမျာ စိုးရိမ်နေရှာတယ်။ လျှို့ဝှက် ဂိုဏ်းသားတွေက ကနေ့ညဥ့်သန်းခေါင်တိတိ အချိန်ကိုနောက်ဆုံးထား ပြီး သူတို့တောင်းတဲ့ ရွှေကို ပေးရင်ပေး၊ မပေးရင် အဲဒီအချိန်မှာ လာသတ်မယ်လို့ ရာဇသံပေးထားတယ်၊ အားလုံး တထိတ်ထိတ်နဲ့၊ နန်းတော်တစ်ခုလုံး စိုးရိမ်ထိတ်လန့်နေကြတယ်ကွ"

"ဒီညအတွက် သူ့ကို ရေနာရီ ငှားမယ်လို့ ငါ ကတိပေးထား တယ်လေ၊ ငါယူသွားပြီး ပေးလိုက်ပါမယ်"

ညဥ့်သန်းခေါင်အချိန် ကျော်လွန်သွားရင်တော့ သူ့ခမျာ ဝမ်းသာမဆုံး ဖြစ်မှာပဲ"

ယင်းသို့ပြောပြီးလျှင် နိုင်ဇမ်သည် အခန်းထဲမှ ထွက်သွားလေ သည်။

တစ်ယောက်တည်းကျန်သောအခါ အိုမာခယမ်သည် အတွေး



www.burmeseclassic.com

www.burmeseclassic.com



နယ်ခဲ့မိပြန်သည်။ သို့ဖြင့် သူသည် ကျူရိုး ကလောင်တံကို ကောက်ကိုင်လျက် ကဗျာဖွဲ့ဆိုဦးမည် ပြုသည်။ သို့ရာတွင် မဖွဲ့ဆိုဖြစ်တော့။ အခန်းအပြင်ဘက်မှ စကားပြောသံတို့ကို ကြားနေရသည်။ စကားသံမှာ နိုင်ဇမ်၏ အသံဖြစ်သည်။

"အဲဒီအခန်းပဲပေါ့၊ နန်းတွင်းနက္ခတ္တဗေဒ ဆရာသခင်နေတဲ့ အခန်းပဲ"

ခဏအတွင်းပင် အခန်းတံခါး ပွင့်သွားကာ ကျွန်ကုန်သည် တစ်ယောက် ဝင်လာသည်။ သူ့နောက်မှ အမူအရာ ခက်ထန်ကြမ်းတမ်းသော မိန်းမကြီးတစ်ယောက်နှင့် လှပချောမွေ့သော မိန်းမပျို ကျွန်မလေး တစ်ယောက် ပါလာသည်။ ကျွန်မကလေး၏ လည်တွင် သံကွင်းစွပ်ထားသည်။ သူသည် ဝိုင်အရက်အပြည့်ထည့်ထားသော ကရားတစ်လုံးကိုလည်း ကိုင်ဆောင်လာသည်။

ကျွန်မကလေးသည် ရှက်ရွံ့စွာဖြင့် အိုမာခယမ်၏အနီးသို့ တိုးသွားသည်။ သူဆောင်ယူလာသော ကရားထဲမှ ဝိုင်အရက်များကို အိုမာခယမ်၏ရှေ့ရှိ ငွေခွက်ထဲသို့ လောင်းထည့်ပေးသည်။ အိုမာသည် ကျွန်မကလေးကို စူးစိုက်ကြည့်လိုက်သည်။ ကျွန်မကလေး၏ အသားအရေမှာ ရွှေအဆင်းကဲ့သို့ ဝင်းဝါတောက်ပနေသည်။ ကိုယ်လုံးကိုယ်ပေါက်မှာ အချိုးအစား ပြေပြစ်လှသည်။ တင်ပဆုံမှ ဝိုင်း၍ ရင်သားများမှာ တင်းတင်းရင်းရင်း ရှိသည်။ သွေးသားသန့်စင်၍ စိုပြေလန်းဆတ်ခြင်းလည်း ရှိသည်။ မျက်လုံးများမှာ ကြီးမားဝိုင်းစက်၍ လေးနက်သော အသွင်ကိုဆောင်နေသည်။ နူးညံ့လှပသည့် ဆံခွေသည် လှပသော သူ့ကိုယ်ထည်ကို ဝန်းဝိုက်ထားသကဲ့သို့ ရှိသည်။ သူသည် ပြုံးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုကြည့်ရသည်မှာ ရှေ့အဖို့တွင် သူသည် ပျော်ရွှင်ဖွယ်ရာများကို ကြုံတွေ့ရတော့မည်ဟူ၍ မှတ်ယူနေပုံရသည်။

အိုမာခယမ်အနီးတွင် ကျွန်မကလေးက ရိုသေစွာ ရပ်နေသည်။ အိုမာသည် ကျွန်မကလေးကိုလည်း စကားမပြော၊ ကျွန်ကုန်သည်ကို လည်း စကားမပြော၊ မိန်းမကြီးကိုလည်း စကားမပြော၊ ကျွန်မကလေး၏ လည်၌ စွပ်ထားသော အနှောင်အဖွဲ့သံကွင်းကိုသာ စူးစိုက်ကြည့်နေ သည်။

ဤတွင် ကျွန်ကုန်သည်က အိုမာ့အနီးသို့ လျင်မြန်စွာ တိုးသွား လျက် "သံကွင်းသော့ ဒီမှာရှိပါတယ် သခင်"ဟု ပြောကာ သူ့လက်တွင်း ရှိ သော့ကိုပြသည်။ ထို့နောက် လှမ်းပေးသည်။

"သော့ယူပါ သခင်၊ နန်းရင်းဝန်ကြီးက သခင့်အတွက် လက် ဆောင်ဆိုပြီး ဒီမိန်းကလေးကို အပေးခိုင်းပါတယ်၊ မနက်ကပဲ ဈေးထဲက သူ့ကို နန်းရင်းဝန်ကြီး ဝယ်ခဲ့ပါတယ်။ သူ့ကိုယ်လေးချိန် တစ်ဝက်နဲ့အညီ ရွှေစတွေပေးပြီး ဝယ်ခဲ့တာပါ"

အိုမာခယမ်က သော့ကို လှမ်းမယူပေ။

"သူ့နာမည် ယဖားလို့ ခေါ်ပါတယ်။ သူ့ကို သခင်ပိုင်ပါတယ်။ ဒီမှာ သော့၊ ယူပါသခင်"

ယင်းသို့ ကျွန်ကုန်သည်က ပြောသောအခါ ကျွန်မကလေးသည် သွက်လက်စွာဖြင့် တံခါးရှိရာသို့ ပြေးသွားသည်။ ထို့နောက် တံခါးဝ၌ ထားခဲ့သော သူ၏ အဝတ်ထုပ်ကလေး တစ်ထုပ်နှင့် ကြိုးသုံးချောင်းတပ် ဗျပ်စောင်းကို ယူလာသည်။

နောက်ဆုံး၌ အိုမာက "နန်းရင်းဝန်ကြီးကို ပြောလိုက်ပါ၊ သူပို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်တဲ့ ဝိုင်အရက် လက်ဆောင်အတွက် ကျုပ်ကျေးဇူးတင်ပါတယ်လို့၊ ဒါပေမယ့် ဒီမိန်းကလေးကို လက်ဆောင်အဖြစ် ပေးလိုက်တာကိုတော့ ကျုပ်လက်မခံချင်ပါဘူးလို့”

ယင်းသို့ အိုမာက ပြောလိုက်သောအခါ ယဖားသည် အိုမာ့ အနီးသို့ ပြေးသွားကာ “သခင် ကျွန်မကို ပြန်မလွှတ်ပါနဲ့ရှင်၊ ကျွန်မဟာ ဟိုးဝေးလံလှတဲ့ အာဖရိကမြောက်ပိုင်းဒေသကပါ။ မဒီးနားက ကျွန် ကုန်သည်တွေက ကျွန်မကို မွေးပြီး သည်က ကုန်သည်တွေဆီ လာရောင်း တာပါ၊ ကျွန်မကို လက်ခံပါသခင်” ဟု တောင်းပန်ပြောဆိုသည်။

အိုမာခယမ်သည် ဘာမှမပြောဘဲ ငြိမ်နေသည်။

ယဖားသည် ကျွန်ကုန်သည် လက်ထဲမှ သော့ကို ယူလိုက်ကာ အိုမာခယမ်ကို လှမ်းပေးလျက် “ကျွန်မလည်ပင်းက သံကွင်းကို ဖွင့်တဲ့ သော့ပါ သခင်၊ ယူပါ။ သခင့်မှာ ပြုစုစောင့်ရှောက်ဖို့ ဇနီးလဲမရှိပါဘူး။ အစေခံလဲ မရှိပါဘူး။ ကျွန်မကိုလက်ခံပါ၊ သခင့်ကို သစ္စာရှိစွာနဲ့ ကျွန်မ ပြုစုစောင့်ရှောက်ပါ့မယ်၊ ကျွန်မ သခင့်ခြေကို ဆေးပေးပါမယ်၊ အိပ်ရာ နေရာကို ရှင်းလင်းသုတ်သင်ပေးပါမယ်။ ထမင်းဟင်း ချက်ပြုတ်ပေးပါ မယ်။ ဇနီးသခင်မရှိရင် ဇနီးသခင်မတာဝန်တွေကို ဒုက္ခခံပြီး ထမ်းဆောင် နေရပါဦးမယ်၊ ကျွန်မအတွက်တော့ ဘာမှသခင့်မှာ တာဝန်မပိုစေရပါ ဘူး၊ ဇနီးသခင်မတွေထက် ကျွန်မတို့ ကျွန်မိန်းကလေးတွေက သခင်တို့ စိတ်ချမ်းသာအောင် ပိုမိုပြုစုနိုင်စွမ်းရှိပါတယ်။ ဒီမှာ သော့- ယူလိုက်ပါ သခင်ရယ်”ဟု ထပ်မံ တောင်းပန်ပြောဆိုသည်။

အိုမာခယမ်က ဘာမှပြန်မပြော၊ဝိုင်ခွက်ကိုသာ ကောက်ကိုင်ကာ တစ်ကျိုက်သောက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယဖားက ဆက်၍ပြောပြန်သည်။ ယခုအကြိမ်၌ သူ့အသံမှာ တည်ငြိမ်သည်။ ပျော့ပျောင်းသည်။ ယုံကြည်ကိုးစားမှု အပြည့်ပါသည်။

"တကယ်လို့ သခင်က ကျွန်မကို လက်မခံဘဲ ပြန်လွှတ်မယ် ဆိုရင် နန်းရင်းဝန်ကြီးရဲ့ ရွှေတွေဟာ အလဟဿ ဖြစ်သွားတော့မှာပဲ၊ ကျွန်မလဲ ကျွန်ကုန်သည်တွေ လက်ထဲပြန်ရောက်ပြီး အရိုက်အနှက် ပြန်ခံရတော့မှာပဲ၊ ဒါထက် ကြည့်စမ်းပါ။ သခင် ဘယ်မှာ သက်တောင့် သက်သာ နေရလို့လဲ၊ ကြမ်းပေါ်မှာ ဖုံတွေလဲ တက်လို့၊ သခင့် အိပ်ရာဆို ရင်လဲ ပြင်ဆင်ပေးမယ့်လူ မရှိတော့ ရှုပ်ပွနေတယ်။ စားစရာဆိုလို့လဲ ဆန်ကလေး အနည်းငယ်နဲ့ လက်ဖက်ရည်လေးပဲ တွေ့ရတယ်။ နန်းတွင်း နက္ခတ္တဗေဒ ဆရာကြီး တစ်ယောက်အဖို့ သည့်ထက်အဆပေါင်း များစွာ တင့်တင့်တယ်တယ် သက်တောင့်သက်သာရှိအောင် နေသင့်ပါတယ်။ အပြောကျယ်လှတဲ့ ကောင်းကင်ပြင်ကြီးကို လေ့လာသုံးသပ်နေတာနဲ့ပဲ အသေးအဖွဲ ပျော်ပါးစရာကလေးတွေကို ပိတ်ပင်တားမြစ်ထားတော့ မှာလား၊ သခင့်နေရာကို ကောင်းကင်ဘုံတမျှ ဖြစ်အောင် ကျွန်မ စွမ်းဆောင်နိုင်ပါတယ်။ လူတစ်ယောက်အဖို့ ကောင်းကင်ဘုံမှာနေတာ မသင့်လျော်ဘူးလို့ ဆိုရမှာလား သခင်။ ကျွန်မတို့ရဲ့ တမန်တော်က စိတ်ချမ်းမြေ့ သာယာခြင်းဟာ ကောင်းကင်ဘုံမှာ ရှာတွေ့နိုင်တယ်လို့ ဆိုထားတယ် မဟုတ်လား သခင်"

ယင်းသို့ပြောပြီး ယဖားက အိုမာ့အနီး၌ ဒူးထောက်ထိုင်ကာ တောင်းပန်တိုးလျှိုးသော မျက်လုံးအစုံဖြင့် မော်ကြည့်သည်။ သူ့ နှုတ်ခမ်း မှာလည်း ပြုံးယောင်သန်းလာသည်။

"ကောင်းကင်ဘုံမှာ ပျားရည်မြစ်တွေ၊ ဝိုင်အရက်မြစ်တွေ ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ကြားဖူးပါတယ်။ နောက်ပြီး စားသောက်ပွဲတွေလဲ ရှိတယ်။ ကြယ်ပွင့်လိုတောက်ပတဲ့ မျက်လုံးလဲရှိ၊ ပန်းဝါပွင့်လိုလှပတဲ့ ကိုယ်လုံးကိုယ်ထည်လဲရှိ၊ အမွှေးနံ့သာတွေ ထုံကြိုင်ခြင်းလဲရှိတဲ့ မိန်းမပျိုကလေးတွေက စားသောက်ပွဲမှာ ဧည့်ခံပြုစုတယ်လို့လဲ ကြားဖူးပါတယ်။ ကောင်းကင်ဘုံမှာ ပျော်ရွှင်ဖွယ်အရသာကို ခံစားနေထိုင်သလို သည်မြေမှာနေတဲ့ လူတွေကော ပျော်ရွှင်ဖွယ်ရာ အရသာတွေကို ခံစားမနေထိုင်သင့်ဘူးလား၊ လူတွေဟာ ပျော်ရွှင်ချမ်းမြေ့စွာ မနေသင့်ဘူးလို့ စာဟောင်းပေဟောင်းတွေမှာ ဆိုထားတာကော ရှိပါသလား"

ယင်းသို့ ပြောရာမှ သူ့မျက်လုံးအစုံမှာ မျက်ရည်များ ပြည့်လျှမ်းလာသည်။

"သခင့်အတွက် ပျားရည်နဲ့ ဝိုင်အရက်တွေ ကျွန်မ အမြဲမပြတ်ပေးဆက်မှာပါ။ နောက်ပြီး သခင့်အဖို့ စိတ်ချမ်းသာ ပျော်ရွှင်ဖွယ်ရာတွေကိုလည်း ဆောင်ကျဉ်းပေးမှာပါ"

ယင်းသို့ပြောရာမှ ယဖားသည် အိုမာခယမ်အနီးသို့ နီးသထက်နီးအောင် တိုးကပ်သွားသည်။ အိုမာသည် ယဖား၏ တောက်ပဝင်းထိန်သော အသားအရေကိုငင်း၊ နက်မှောင်သော မျက်လုံးအစုံကိုငင်း စူးစိုက်ကြည့်သည်။ ယဖားက အသည်းနှလုံးကို ပျက်ကြွေကျမတတ် တောင်းပန်ပြန်သည်။

"သခင် စိတ်ကောင်းစေတနာကောင်း အပြည့်အဝနဲ့ ကျွန်မလည်က သံကွင်းသော့ကို ဖြုတ်ပြီး၊ ကျွန်မကို အနှောင်အဖွဲ့ ကျွန်ဘဝက လွတ်မြောက်အောင် ကယ်တင်ပါ၊ ကျွန်ကုန်သည်တွေ လက်ထဲမှာ ရောင်းကုန်အဖြစ်နဲ့ ရောက်နေရတဲ့ ဘဝဟာ ဘယ်ကလောက် ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခရောက်တယ်ဆိုတာ သခင်သိနိုင်မယ် မဟုတ်ပါဘူး။ အခုပြုလုပ်မယ့် သခင့်ကောင်းမှုဟာ နောင်အခါ အဆတစ်ရာမက ပြန်လည်ခံစားရမှာပါ”

ယဖားသည် သော့ကို အိုမာခယမ်၏ လက်တွင်းသို့ ထိုးထည့်ရင်း “သခင့်ကို ကျွန်မအသက်နဲ့လဲပြီး သစ္စာရှိပါမယ်”ဟု ပြောလေသည်။

အိုမာခယမ်သည် ကရုဏာဖြစ်လာသည်။ သို့ဖြင့် သော့ကို လက်ခံကာ ယဖား၏ လည်မှ သံကွင်းကို သော့ဖွင့်ပေးလိုက်သည်။ ထိုအခါ ယဖား၏ ပါးပြင်ပေါ်သို့ မျက်ရည်များ စီးကျလာလေသည်။ သံကွင်းသည် ကြမ်းပြင်သို့ အသံမြည်၍ ကျသွားသည်။ အိုမာခယမ်သည် သံကွင်းကို အဝေးသို့ ကန်ထုတ်ပစ်လိုက်သည်။ သော့ကိုလည်း လွှင့်ပစ်လိုက်လေသည်။

ကျွန်ကုန်သည်သည် လွင့်စဉ်ကျသွားသော သံကွင်းနှင့် သော့ကို လျင်မြန်စွာ ကောက်ယူလိုက်သည်။ ထို့နောက် အိုမာခယမ်ကို ဦးညွှတ်အရိုအသေပြုကာ အခန်းတွင်းမှ ထွက်သွားသည်။ မိန်းမကြီးလည်း သူ့နောက်ပါးမှ လိုက်ပါသွားလေသည်။

× × ×

အမှောင်သန်းသည့် ညချမ်းသို့ ကူးလာသည်နှင့်အမျှ နန်းတော်တစ်ခုလုံး စိုးရိမ်ထိတ်လန့်စိတ်တို့ တိုးတက်လာသည်။ နန်းတော်ရှိ ခန်းမြောင်လမ်းတိုင်း အခန်းတံခါးတိုင်း၌ အစောင့်များ ချထားသည်။ အမတ်ချုပ် တားတတ်၏ အခန်းတွင်း၌ ယုံကြည်စိတ်အချရဆုံး မိတ်ဆွေများ ဝန်းရံစောင့်ရှောက်နေကြသည်။ မိတ်ဆွေအားလုံးပင် လျှို့ဝှက်သုတ် သင်ရေးဂိုဏ်းသားတို့၏ ဘေးရန်ကို အသက်နှင့်လဲ၍



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်စောင့် ရှောက်မည်ဟူ၍ သစ္စာအဓိဋ္ဌာန် ပြုထားကြသည်။

မိတ်ဆွေစုထဲတွင် မင်းသား မာလစ်၊ မင်းသား အာမွတ်၊ သံတော်ဆင့်နှင့် နန်းတွင်းသမားတော်ကြီးလည်း ပါဝင်သည်။ ထို့ပြင် ဟာစာနီလည်း ပါဝင်သည်။ ဟာစာနီသည် ရှားဘုရင်၏ ရန်သူတော်များ ဦးခေါင်းကိုဖြတ်ခဲ့သည့် ဓားကြီးကို ဓားအိမ်မှ ချွတ်လျက် ကိုင်စွဲထားသည်။ တားတတ်၏ နောက်ပါးတွင် ဂရိလူမျိုး အစောင့်နှင့် ဆီးရီးယန်းလူမျိုး နှုတ်ဆွံ့နေသော အစောင့်တို့ ရှိနေသည်။ သူတို့သည်လည်း ဓားများကို အသင့်ကိုင်ထားကြသည်။ သူတို့အနီးတွင် နန်းတွင်း တူရကီလူမျိုး ပါးကွက်အာဏာသားကလည်း ကြီးမားလှသည့် ဓားကြီးကို ကိုင်စွဲစောင့်နေသည်။

မိတ်ဆွေများက စိုးရိမ်ထိတ်လန့်မှုတို့ လျော့ပါးစေရန် ရယ်စရာရွှင်စရာစကားများကို ပြောကြသည်။ သို့သော် စိုးရိမ်ထိတ်လန့်မှုသာ လွှမ်းမိုးနေသဖြင့် မကြာခဏ စကားစ ပြတ်သွားကြသည်။ စကားစပြတ်၍ တစ်ခန်းလုံး တိတ်ဆိတ်သွားသောအခါ အိုမာခယမ် ပြင်ဆင်ပေးထားသည့် ရေနာရီမှ ရေတစက်စက် ကျသံကိုကြားရသည်။

ဆိတ်ငြိမ်မှု မရှိစေရန် အိုမာခယမ်က သူ့ရေနာရီအကြောင်း ရှင်းလင်းပြောပြသည်။

"ရေပေါ်မှာ စစ်သားရုပ်ကလေး ပေါလောပေါ်နေတာ မြင်ရဲ့ မဟုတ်လား။ ရေတစက်စက် ကျဆင်းသွားတာနဲ့အမျှ စစ်သားရုပ်ကလေးဟာ ထောင်တက်လာမှာပဲ၊ အဲဒီအခါ အိမ်မျှောင်လက်တံသဖွယ် စီရင်ထားတဲ့ သူ့လက်ထဲက လှံတံကလေးဟာ ဂဏန်းကွက်ကို တဖြည်းဖြည်း ညွှန်ပြသွားမှာပဲ၊ ၁၂- ဂဏန်းကွက်ကို လှံတံကလေး ညွှန်ပြတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပြိုင်နက် ညဥ့်သန်းယံ ၁၂-နာရီတိတိ အချိန်ကိုရောက်ပြီလို့ မှတ်ယူပါ။ အဲဒီအချိန်မှာ စစ်သားရုပ်ကလေးဟာ လဲကျသွားပြီး နေ့သစ်ကို ညွှန်ပြဖို့ အသင့်ဖြစ်နေရပါမယ်။ ဒီအချိန်ကို နေ့ဟောင်းချုပ်ပြီး နေ့သစ်စတဲ့အချိန်လို့ ယူဆရပါမယ်”

“ကျုပ်ကတော့ နာရီတွေအကြောင်း နားမလည်တာ အမှန်ပဲဗျ။ ဒါပေမယ့် အခုလို အိုမာခယမ်က ရှင်းပြတော့ အတော်ကလေး နားလည်သလိုရှိလာတယ်။ ဒီလိုဆိုရင် အခု ၁၂-နာရီထိုးဖို့ နီးလာပြီပေါ့နော်၊ မိနစ်အနည်းငယ်ပဲ လိုတော့တယ်ထင်ပါရဲ့” စိုးရိမ်မကင်း ဖြစ်နေရှာသော တားတတ်က ဤသို့ပြောသောအခါ သမားတော်ကြီးက “တားတတ်သခင် စိုးရိမ်တော်မမူပါနဲ့၊ ကျွန်တော်မျိုးတို့ အားလုံးအသင့်ရှိပါတယ်။ သခင်မြင်တဲ့အတိုင်းပဲ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားဆိုလို့ အရိပ်အယောင်တောင် မမြင်ရပါဘူး။ သူတို့ကို အလွယ်တကူ မြင်နိုင်ပါတယ်။ ဦးထုပ်နီ၊ သို့မဟုတ် ဦးပေါင်းနီ မဝတ်ဆင်ဘဲ ဘယ်တော့မှ သူတို့မလာဘူး။ သူတို့အသင်းရဲ့ အမှတ်အသားကို သူတို့ ဂိုဏ်းယူစွာ ဆင်မြန်းလေ့ရှိပါတယ်”

မင်းသားမာလစ်က “ဒီလူတွေဟာ တော်တော် ရူးသေးမိုက်သေးတဲ့ လူတွေပဲ”ဟု ဝင်ပြောသည်။

နောင်တော် မင်းသားအာမွတ်က “ဒီလို လုပ်ရဲအောင်လဲ သူတို့မှာ ယုံကြည်ချက်က အလွန်ပြင်းထန်တာပဲ။ ယုံကြည်ချက်ဆိုလို့ ကောင်းတဲ့ ယုံကြည်ချက်တော့ မဟုတ်ပါဘူး။ အင်မတန် အယူသည်းတဲ့ ရူးမိုက်တဲ့ ယုံကြည်ချက်ပါပဲ။ သူတို့ ယုံကြည်ချက်အရ လုပ်ရင်းနဲ့ သေသွားလို့ရှိရင် ကောင်းကင်ဘုံရောက်တယ်လို့လဲ သူတို့က ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ကြပြန်တယ်လေ”ဟု ထောက်ပြောသည်။

“သူတို့ စားတဲ့ ဆေးခြောက်တစ်မျိုးကလဲ ဒီလို လုပ်ရဲကိုင်ရဲ ရှိအောင် သူတို့ကို လှုံ့ဆော်ပေးတယ်ဗျ”ဟု သမားတော်ကြီးက ပြောသည်။

“ဘယ်လို ရည်ရွယ်ချက်နဲ့များ ဒီလိုအသက်စွန့်ပြီး လုပ်ကြပါလိမ့်နော်” သံတော်ဆင့်က မေးလိုက်သည်တွင် သမားတော်ကြီးက ရှင်းပြသည်။

“နိုင်ငံရေးအရ လုပ်ကြတယ်လို့ လူတိုင်း နားလည်ထားကြတာပဲ။ ဘုရင်တကာထက် တန်ခိုးအာဏာ မြင့်မားတဲ့ ကြီးမြတ်သော အနွယ်ဝင် ဘုရင်ဧကရာဇ်အုပ်စိုးမှုကို ထူထောင်ဖို့တဲ့။ သူတို့ ဘုရင်ဧကရာဇ်ရဲ့ နယ်ပယ်ကိုလဲ အတ္တလန်တိတ် သမုဒ္ဒရာက ဟိမဝန္တာ တောင်တန်းများကို ဖြတ်ကျော်ပြီး ပစိဖိတ်သမုဒ္ဒရာ ရောက်သည်အထိ ရေမြေအားလုံးကို ချဲ့ထွင်မယ်တဲ့”

“ဒီလို- နယ်ချဲ့ချင်တာနဲ့ ကျွန်တော်တို့ တားတတ်သခင်ရဲ့နောက်ကျောကို ဓားနဲ့ထိုးမှာ ဘယ်လိုများ သက်ဆိုင်လို့လဲဗျာ” အိုမာခယမ်က မကျေမချမ်းသံဖြင့် ဝင်ပြောသည်။

“ဒီလိုဆို ကျုပ်က အင်မတန် အရေးပါ အရာရောက်တဲ့ ပုဂ္ဂိုလ်ကြီး ဖြစ်နေပြီပေါ့နော်”

ထိတ်လန့်စိုးရွံ့နေရှာသော တားတတ်က ဇွတ်အတင်း ပြုံးလိုက်ကာ ယင်းသို့ပြောလိုက်သည်။ သူပြောသည်မှာ ရယ်စရာပင် ဖြစ်သည်။ သို့ရာတွင် တစ်ယောက်ကမှ မရယ်ကြ။ ဖြစ်ပေါ်လာမည့် အန္တရာယ်ကိုသာ ရင်တမမ ဖြစ်နေကြသည်။ ရေနာရီမှ ရေတစက်စက် ကျသံသည်



www.burmeseclassic.com

www.burmeseclassic.com



သာ တိတ်ဆိတ်ခြင်းကို မင်းမှုလျက်ရှိသည်။

"ညဉ့် ၁၂-နာရီ ရောက်ခါနီးပြီ။ ကြည့်စမ်း လှံတံကလေး ၁၂-ဂဏန်းကွက်နား ရောက်လာပြီ" မင်းသားမာလစ်က သတိပေးလိုက်သည်။

"အသင့်ရှိကြပေတော့ဗျို့။ တံခါးတွေ ပြတင်းပေါက်တွေကို သတိထားကြည့်ကြ။ အချိန်သိပ်နီးနေပြီ" သံတော်ဆင့်ကလည်း သတိပေးသည်။

"တားတတ်သခင်ကို အလယ်ကထားပြီး ကျုပ်တို့အားလုံး ဝိုင်းထားကြရအောင်လား" မင်းသားအာမွတ်က အကြံပေးရာ တစ်ယောက်က "ကောင်းတယ်၊ ကြံ့ကြံ့ခံပြီး ဝိုင်းထားကြရအောင်"

တားတတ်ကို အလယ်၌ထားပြီး သူတို့အားလုံး ဝိုင်းထားကြသည်။ ယင်းသို့ဝိုင်းထားစဉ် ရေနာရီကိုလည်း မျက်တောင်မခတ် စိုက်ကြည့်နေကြသည်။ ရေနာရီကား တာဝန်မပျက်၊ ရေတစက်စက်ကျဆဲပင်။ သူတို့အားလုံးပင် ဓားလွယ်များ၊ ဓားမြှောင်များကို ဓားအိမ်မှ ချွတ်၍ အသင့်ပြင်ထားကြသည်။ ဓားတို့၏ အရောင်သည် မီးရောင်၌ တလက်လက်တောက်ပနေသည်။

"အချိန်စေ့ဖို့ တော်တော်လိုသေးသလား"

တားတတ်က တုန်ယင်စွာဖြင့် လှမ်းမေးသည်။

"မလိုတော့ဘူး၊ ခဏအတွင်း စေ့လိမ့်မယ်" အိုမာခယမ်က ပြောပြသည်။

ထိုခဏမှာပင် စစ်သားရုပ်ကလေး ကိုင်ဆောင်ထားသည့် လှံတံကလေးသည် ဂဏန်း ၁၂-ကွက်ကို ညွှန်ပြလိုက်သည်။ စစ်သားရုပ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးသည် ရုတ်ခြည်းလဲကျသွားသည်။

"အချိန်စေ့ပြီ" သံတော်ဆင့်က အော်လိုက်သည်။

"အချိန်စေ့ပြီ" တားတတ်က စိတ်အေးသွားသောအသံဖြင့် ပြောလိုက်သည်။ ထို့နောက် ဆက်၍ "ကိုင်း ဘယ်မှာတုန်း၊ ကျုပ်ကို သတ်မယ်ဆိုတဲ့ သူရဲကောင်း လျှို့ဝှက်ဂိုဏ်းသားတွေ"ဟု ဆိုလိုက်သည်။

ထိုအခိုက် တားတတ်နောက်မှ ရပ်စောင့်နေသော နှုတ်ဆွံ့အနေသည့် ဆီးရီးယန်းလူမျိုး အစောင့်က အသံနက်ကြီးဖြင့် အော်ကာ လက်မှ ဓား ကို လွှတ်ချလိုက်သည်။ ထို့နောက် သူ့ဦးပေါင်းကို ဆွဲချွတ်လိုက်သည်။ ဤတွင် ဦးပေါင်းအောက်၌ လျှို့ဝှက်စွာ ဆောင်းထားသော ဦးထုပ်နီသည် ဘွားကနဲ ပေါ်လာသည်။ လျှပ်တစ်ပြက်အတွင်းမှာပင် သူသည် အရိုးနီ တပ်ထားသော ဓားမြှောင်ကို ဆွဲထုတ်လိုက်ကာ တစ်ချက်နမ်းရှုပ်ပြီးလျှင် တားတတ်၏ နောက်ကျောကို တအားထိုးစိုက်ချလိုက်လေသည်။

အဖြစ်အပျက်တို့မှာ မြန်ဆန်လွန်းလှသည်။ အားလုံး ကြက်သေသေနေမိရာမှ အစောင့်ထံ ပြေးသွားကြသည်။ အစောင့်အနီးသို့ သူတို့ရောက်မလာမီပင် အစောင့်က တားတတ်၏ နောက်ကျောကို ဓားမြှောင်ဖြင့် အချက်ပေါင်းများစွာ ထိုးပြီးနေပြီ။

အားလုံးထဲတွင် အိုမာခယမ်သည် အလျင်မြန်ဆုံး ဖြစ်သည်။ သူသည် အစောင့်ကို ခုန်အုပ်လိုက်သည်။ ထို့နောက် ရှိသမျှ ခွန်အားတို့ဖြင့် အစောင့်ကို ဖမ်းကိုင်ကာ လွှင့်ပစ်လိုက်သည်။ အစောင့်သည် အခန်းထောင့် တစ်နေရာသို့ လွင့်စင်ကျသွားသည်။ ဤတွင် ဟာစာနီက လဲကျနေသော အစောင့်ထံ ပြေးသွားကာ ဓားဖြင့်ထိုးလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အစောင့်လည်း ပြုံးပြုံးကလေးပင် အသက်ထွက်သွားလေသည်။

ထိုအချိန်တွင် ဒဏ်ရာရနေသော တားတတ်သည် စားပွဲတစ်လုံးကို အားပြုကပ်မှီနေသည်။ သူ့ကိုယ်မှ သွေးများ ဒလဟော စီးဆင်းကျနေသည်။ မိနစ်အနည်းငယ် အတွင်းမှာပင် သူသည် သတိလစ်ကာ ကြမ်းပေါ်သို့ လဲကျသွားလေသည်။

အိုမာနှင့် သမားတော်ကြီးသည် သူ့ဘေးတွင် ဒူးထောက်ထိုင်လိုက်ကြသည်။ ဓားဒဏ်ရာတို့မှာ များလဲများ၍ ကြီးလဲကြီး လှပေသည်။ အသက်ရှင်ရန်ကား လမ်းမမြင်နိုင်ပြီ။ သွေးဆုတ်လာပြီဖြစ်၍ သူ့မျက်နှာမှာ တဖြည်းဖြည်း ဖြူရော်လာသည်။ ခဏတွင်းမှာပင် အားနည်း၍ စိုးရိမ်ထိတ်လန့်လျက်ရှိသည့် သူ့မျက်လုံးအစုံသည် ပိတ်သွားသည်။ သေမင်းကို လက်ခံရန် ဆီးကြိုနေရှာပြီတကား။

သူ့အနီးတွင် ဝန်းဝိုင်းနေသော မိတ်ဆွေအားလုံးပင် တစ်ခုတည်းသော အသိရှိထားကြသည်။ ထိုအသိကား အခြားမဟုတ်။ တားတတ်အတွက် မျှော်လင့်ချက်မရှိဟူသော အသိပင် ဖြစ်သည်။ နောက်ဆုံးဇာတ်သိမ်းခန်း ရောက်ပေပြီ။ ရှားဘုရင်၏ ညီတော်၊ အမတ်ချုပ် တားတတ်တစ်ယောက် လူ့လောကကို ကျောခိုင်းသွားရလေပြီတကား။

× × ×

လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားက နန်းတော်တွင်းဝင်ကာ အမတ်ချုပ် တားတတ်ကို လုပ်ကြံသတ်ဖြတ်လိုက်သော သတင်းသည် တမြို့လုံး တမုဟုတ်ချင်း ပြန့်နှံ့သွားသည်။ ထိုနေ့ နံနက်မှာပင် လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသား ဆီးရီးယန်းလူမျိုး အစောင့်၏ ခေါင်းပြတ်ကြီးကိုလည်း မြို့တံခါးဝရှိ အခြားခေါင်းပြတ်များ ဆွဲချိတ်ရာ သစ်တိုင်၌



www.burmeseclassic.com

www.burmeseclassic.com



သံမှုစွဲကာ ဆွဲချိတ်ထားသည်ကို မြင်ကြရသည်။ ထိုအချိန်မှာပင် သံတော်ဆင့်သည်လည်း နောက်လိုက်အစောင့်စစ်သားများ၊ ဘင်ခရာသမားများနှင့် အတူမြို့ကိုလှည့်လည်ကာ "လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားများ၏ အမှတ်တံဆိပ်ဖြစ်သော ဦးထုပ်နီဆောင်းထားသူ မည်သူကိုမဆို ဖမ်းဆီးရမိအောင် သတင်းပေးနိုင်သူအား ရှားဘုရင်က ဆုလာဘ်တော် ရွှေစင်အချိန် ၂၀-ပေးသနားတော်မူမည်"ဟူ၍ ထုတ်ပြန်ကြေညာနေလေသည်။

နေရှပူမြို့တော်သူ မြို့တော်သားများသည် လမ်းများဘေး၌ ရပ်ကာ သတင်းဆိုးကို ကြောက်လန့်တကြား ပြောကြသည်။ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားများသည် နန်းတော်တွင်းသို့ပင် ဝင်နိုင်လျှင် အရပ်ထဲဆိုလျှင် အဘယ်ဆိုဖွယ်ရာ ရှိနိုင်တော့မည်နည်း။

ထိုအတွင်း တားတတ်သခင် အသတ်ခံရသော သတင်းထက်ဆိုးရွားသော အခြားသတင်းတစ်ခုကို သူတို့ကြားရပြန်သည်။ ထို သတင်းကား အခြားမဟုတ်၊ တစ်ကိုယ်လုံး စွတ်စိုလျက်ရှိသော စေတမန်တစ်ယောက် ပါးစပ်မှ အမြှုပ်တစီစီထွက်နေသော မြင်းတစီးကို ဒုန်းစိုင်းစီးလျက် ရှားဘုရင်ထံ ရောက်လာကြောင်း၊ ထိုသူက ရန်သူများ ပါရှားနိုင်ငံတော်ကို ကျူးကျော် ဝင်လာပြီဟု ဘုရင့်အား လျှောက်တင်ကြောင်း သတင်းပင် ဖြစ်သည်။

ထိုသတင်းသည် ကောလာဟလ သတင်းမဟုတ်၊ မှန်သော သတင်းဖြစ်သည်။ ရန်သူ ဘိုင်ဇင်တိုင်တပ်ကြီးသည် ပါရှားနိုင်ငံကို ကျူးကျော်ရန် နယ်စပ်ကို ဖြတ်ကျော်လာနေပြီ။ ချက်ချင်းပင် ရှားဘုရင်သည် ဘုရင့်အတိုင်ပင်ခံ လူကြီးများကို ခေါ်စေသည်။

ဘုရင့်စေတမန်က အခြားသော အတိုင်ပင်ခံ အဖွဲ့ဝင်လူကြီးများ



www.burmeseclassic.com

www.burmeseclassic.com



နည်းတူ အိုမာခယမ်ကိုလည်း လာခေါ်သည်။ "အေး- ကောင်းပြီ၊ အခုပဲ ငါ လာခဲ့မယ်"ဟု အိုမာက ပြန်ပြောလိုက်သည်။

ဤတွင် ကျွန်မကလေး ယဖားက အိုမာခယမ်အတွက် အစစအရာရာ လိုလေသေးမရှိရအောင် ပြင်ဆင်ပေးသည်။ နန်းတွင်းဝတ်စုံကိုရင်း၊ ဦးပေါင်းကိုရင်း၊ ဟာစာနီ လက်ဆောင်ပေးထားသည့် ရွှေဆွဲကြိုးကိုရင်း ဝတ်ဆင်စေရန် ယဖားက ထုတ်ပေးသည်။ ထိုမျှမက ဝတ်ဆင်ရာ၌ပင် ကူညီဝတ်ဆင်ပေးသည်။ သို့ဖြင့် အိုမာသည် နန်းတော်သို့ အချိန်မှီ ထွက်ခွာသွားနိုင်ခဲ့ပေသည်။

× × ×

အိုမာခယမ်သည် ဘုရင့်ထံလျင်မြန်စွာ ရောက်ရှိစေရန် သွားနေကျလမ်းအတိုင်း မသွား။ မြက်ခင်းပြင်ကို ဖြတ်သန်းသွားသည်။ ဤတွင် တစ်နေရာ၌ မြင်းဖြူကသော ရထားယာဉ်တစ်ခုကို ရင်ဆိုင်တွေ့သည်။ အနီးသို့ ရောက်သောအခါ ယာဉ်ထဲ၌ သူ့ချစ်သူ ရှုရိန်လိုက်ပါလာသည်ကို တွေ့ရသည်။ ရှုရိန်သည် ခေါင်းမြီးခြုံဇာပါးကို ခြုံထားသည်။ မိဖုရားအဝတ်တန်ဆာတို့ကို ဆင်မြန်းထားသည်။ ဦးခေါင်းတွင်လည်း ပုလဲသရဖူကို ဆောင်းထားသည်။

အိုမာခယမ်သည် နေရာ၌ ခြေစုံရပ်လိုက်သည်။ ရှုရိန်ကလည်း ကိုယ်ကို ကိုင်းညွှတ်ကာတိတ်တခိုး လက်ပြသည်။ အလွန်အဖိုး ထိုက်တန်လှသည့် တစ်ခဏတာမျှသော အချိန်ကလေးတွင် သူတို့နှစ်ဦး မျက်စိချင်း ဆုံကြသည်။ အချစ်ချင်း ဖလှယ်ကြသည်။ သို့ရာတွင် ချစ်သူနှစ်ဦးမှာ တစ်လုံးတစ်ပါဒမျှ စကားဖွင့်ဟ မဆိုဝံ့ရှာကြပေ။

အချိန်အနည်းငယ် အတွင်းမှာပင် မြင်းဖြူကြီးများက ရထား



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ကို ဆက်လက်ဆွဲသွားကြသည်။ အိုမာခယမ်ကား နေရာမှမရွေ့။ ချစ်သူကို မျက်စိတဆုံး ငေးစိုက်ကြည့်နေသည်။ ယင်းသို့ ငေးစိုက်ကြည့်နေစဉ် သူ့ချစ်သူ၏ အမှာစကားကို ပြန်လည်ကြားယောင်မိသည်။ "မေ့လိုက်ပါတော့ မေ့လိုက်ပါတော့" သည်စကားများသည် သူ့ရင်ကိုလာ၍ ပဲ့တင်ထပ်သည်။ မည်သို့ပင်ဖြစ်စေ သည်လောကတွင် လာ၍ကံဆုံကြသည့် တစ်ဦးအသည်းနှလုံးကို တစ်ဦးပိုင်နေပြီဖြစ်သော ချစ်သူနှစ်ဦးမှာကား တစ်ဦးကို တစ်ဦး မေ့ဖျောက်မရနိုင်ပါတကား။

ရုတ်ခြည်းပင် သူ့နှလုံးသား၌ ဖြစ်ပေါ်လာသော ပဲ့တင်သံသည် ချုပ်ငြိမ်းသွားပြန်သည်။ ယင်းပဲ့တင်သံအစား ကြည်လင်ပီသ၍ မဖောက်မပြန် ဖြောင့်မှန်သော စကားသံသည် နှလုံးသားမှ ပေါ်ထွက်လာသည်။ "မင်းကို ထာဝစဉ်ချစ်နေမှာပဲ၊ ထာဝစဉ်ပဲ၊ ထာဝစဉ်ပဲ"

ရထားယာဉ် ကွယ်သွားသောအခါ အိုမာသည် ဆက်လက်လျှောက်သွားသည်။ ယခုအချိန်ဆိုလျှင် ရှားဘုရင် စောင့်မျှော်နေတော့မည်ဟု တွေးမိကာ သူသည် လျင်မြန်စွာ လျှောက်သွားသည်။ ယင်းသို့လျှောက်သွားရာမှ "ဪ- သူနဲ့ငါ ပြန်လည်ပေါင်းဆုံဖို့ အကြောင်းကံရှိနိုင်သေးတယ် ထင်ပါရဲ့"ဟူ၍ တစ်ကိုယ်တည်း တီးတိုးပြောဆိုမိလေသည်။

အိုမာခယမ်သည် ဘုရင့်အတိုင်ပင်ခံ အခန်းဝသို့ ရောက်ပြီ။ သို့ဖြင့် သူသည် အခန်းထဲသို့ ဝင်သွားသည်။ ယင်းသို့ ဝင်သွားစဉ် သူ့ နှလုံးသားက ပြောသောအသံကို သူ့နား၌ ထပ်မံကြားနေပြန်လေသည်။

"ထာဝစဉ်ချစ်နေမှာပဲ၊ ထာဝစဉ်ပဲ၊ ထာဝစဉ်ပဲ"

× × ×

## ရတနာပုံစာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှားဘုရင်သည် ကော်ဇောခင်းထားသော ခုံတန်းပေါ်၌ ထိုင်နေသည်။ သူနှင့်ကပ်လျက် အနိမ့်ဖုံများပေါ်တွင်မူ သားတော်ငယ် မင်းသားမာလစ်၊ နန်းရင်းဝန် နိုင်ဇမ်၊ တံဆိပ်တော်ဝန် ဟာစာနီတို့ ထိုင်နေသည်။ ဘုရင့်နောက်နား၌ကား တူရကီလူမျိုး အစောင့်သည် ကြီးမားလှသော ဓားကြီးကိုကိုင်စွဲလျက် ရပ်စောင့်နေသည်။

အခြားသော အတိုင်ပင်ခံ လူကြီးသုံးဦး၊ ဗိုလ်ချုပ်ကြီး နှစ်ဦး၊ သားတော် မင်းသားကြီးအာမွတ်တို့လည်း ဘုရင့်အနီးတွင် ရှိနေကြသည်။ ထိုအခိုက် အိုမာခယမ် ရောက်လာသည်။ လူစုံသောအခါ ဘုရင်က စေတမန်အား အကြောင်းစုံကို ပြန်ပြောင်းတင်လျှောက်စေသည်။ စေတမန်၏မျက်နှာမှာ နီမြန်းတုန်းပင်ရှိသေးသည်။ ခရီးဝေးမှ အပြင်းလာရသဖြင့် သူ့အဝတ်တို့မှာ မြူမှုန်များ အလိမ်းလိမ်းကပ်နေသည်။ သူ့အသံမှာ မာကြောသည်။

"အရှင်- ဘိုင်ဇင်တိုင်တပ်တွေ နယ်စပ်ကို ကျော်ဖြတ်လာပါပြီ။ ရန်သူတပ်သားတွေဟာ အလေ့အကျင့် ကောင်းစွာရှိကြပါတယ်။ သူတို့အထဲမှာ ဖရန့်လူမျိုး၊ ဘူလဂါးလူမျိုး၊ မဂ္ဂယားလူမျိုး၊ တူရကီလူမျိုး စစ်သားတွေလဲ ပါဝင်ပါတယ်"

"သူတို့ကို ဘယ်သူဦးဆောင်သလဲ" ရှားဘုရင်က မေးသည်။

"သူတို့ ဘုရင် ရိုးမန်းနတ် ဦးဆောင်ပါတယ် အရှင်"

"အရှင်- ရိုးမန်းနတ်ဟာ အသက်လဲ ငယ်ပါတယ်။ အတွေ့အကြုံလဲ နုနယ်ပါတယ်။ အမျက်ကြီးသူလဲ ဖြစ်ပါတယ်" နိုင်ဇမ်က ဝင်ရောက်လျှောက်ထားသည်။

"ဒါပေမယ့် ပါရှားနိုင်ငံတော်ကို မုချသိမ်းပိုက်နိုင်ရမယ်ဆိုပြီး



www.burmeseclassic.com

www.burmeseclassic.com



သူ့တပ်သားတွေကို ရဲရဲကြီး ကျမ်းသစ္စာ ကျိန်ဆိုထားပါတယ် အရှင်” စေတမန်က လျှောက်ထားသည်။

“အင်း- ကျမ်းသစ္စာ ကျန်ဆိုရဲမှာပေ့ါ၊ သူ့ဖက်က လူအင်အား အလုံးအရင်းများတာကိုး ငါကိုယ်တော်မြတ်ရဲ့ တပ်တွေထက် သုံးပုံ လောက်ပိုပြီး အင်အားကြီးမားနေတာကိုးကွယ့်” ရှားဘုရင်က စိတ်မချမ်း မသာစွာ ညည်းညူပြောဆိုသည်။

ဤတွင် မင်းသားအာမွတ်က “သင်းတို့ လာကြစမ်းပါစေ။ ကျူးကျော်ဝင်လာကြစမ်းပါစေ၊ သင်းတို့ ချီတက်လာတဲ့လမ်းမှာ ခါဇဝမ်၊ တက်ဘရစ်စတဲ့ အင်အားတောင့်တင်းတဲ့ မြို့ကြီးတွေ ရှိနေတာပဲ။ ဒီမြို့တွေက တပ်တွေက သင်းတို့ကို ခုခံတိုက်နေတုန်း ကျွန်တော်မျိုးတို့ က တပ်သားအသစ်တွေ စုဆောင်းစုရုံးနိုင်တာပဲ။ သည်အခါ သင်းတို့ ထက် လူအင်အားပိုပြီး ကျွန်တော်မျိုးတို့ အောင်ပွဲခံနိုင်မှာပေ့ါ”ဟု ဒေါသဖြင့် ဟစ်အော်ပြောဆိုသည်။

ဤတွင် ရှားဘုရင်က ဦးခေါင်းကို ခါရမ်းပြီးလျှင် “ငါတို့ရဲ့ ပုရောဟိတ်တွေနဲ့ နိမိတ်ဖတ်စရာတွေက ဂြိုဟ်သွား ဂြိုဟ်လာ မကောင်း ဘူး။ ငါတို့ စစ်တိုက်ချိန် မတန်သေးဘူးလို့ ဆိုထားတယ်ကွယ့်” ဟု ဝမ်းနည်းစွာပြောဆိုသည်။

“အရှင်- သည်လိုဆိုလျှင် ကျွန်တော်မျိုးတို့ စောင့်ဆိုင်းဆဲမှာ စစ်အင်အားကြီးအောင် ပြုနေသင့်ပါတယ်” နိုင်ဇမ်က လျှောက်ထား သည်။

အိုမာခယမ်က စကားတစ်ခွန်းမှ မပြောပဲ ငြိမ်သက်စွာ နားထောင်နေရာမှ ရှားဘုရင်ကို ဦးညွှတ်ကာ တင်လျှောက်သည်မှာ-

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"အရှင်- ကျူးကျော်လာတဲ့ ရန်သူတွေကို ချေမှုန်းနိုင်မယ့် သေနင်္ဂဗျူဟာတစ်ရပ်ကို ကျွန်တော်မျိုး တင်ပြပါရစေ"

ယင်းသို့ အိုမာခယမ် ဆိုလာသည်ကို မင်းသားအာမွတ်က မနှစ်သက်နိုင်အောင်ရှိသဖြင့် "ဘာမှအသုံးမဝင်တဲ့ နက္ခတ္တဗေဒသမား က စစ်သေနင်္ဂဗျူဟာ နည်းပရိယာယ်ကို ဘယ်လိုသိနိုင်မှာလဲ"ဟု ဒေါသဖြင့် အော်ဟစ်ပြောဆိုလိုက်သည်။

ထိုအခါ အိုမာခယမ်က တစ်စုံတစ်ရာ တုံ့ပြန်မပြောပေ၊ သို့ရာတွင် မင်းသားမာလစ်က "ဆရာအိုမာခယမ်ဟာ အိုင်ဘဲရီးယား စစ်မြေပြင်မှာ မြင်းစီးလေးသည်တော်တွေကို ဦးဆောင်ပြီး ရန်သူ ဂတ်(ဇ) တွေကို ချေမှုန်းခဲ့ဖူးပါတယ်"ဟူ၍ သူ့ဆရာဘက်မှ ခုခံကာကွယ်ပြောဆိုသည်။

"ခမည်းတော် အခု သားတော်တို့လိုနေတာ စစ်သားပါ" အာမွတ်က အော်ဟစ်ပြောဆိုပြန်သည်။

အိုမာခယမ်က အာမွတ်ပြောသည်ကို တစ်စုံတစ်ရာပြန်ကြားခြင်းမပြု။ ရှားဘုရင်ဘက်သို့သာလှည့်လျက် "အရှင်- ကျွန်တော်မျိုးတို့မှာ စစ်သားအင်အား နည်းတယ်မဟုတ်လား၊ သည်တော့ ထိရောက်တဲ့ သေနင်္ဂဗျူဟာ သုံးရမယ်။ တခြားတော့ မဟုတ်ပါဘူး ရန်သူတွေကို ကြိုပြီးထွက်တိုက်ဖို့ပါပဲ"

"ထွက်တိုက်ရမယ်ဟုတ်စ၊ ရန်သူတွေဟာ ကျုပ်တို့ထက် အင်အားသုံးဆမက ကြီးမားနေတာ၊ ထွက်တိုက်လို့ ကျုပ်တို့အားလုံး အရေးနိမ့်တော့မှာပေါ့" မင်းသားအာမွတ်က အော်ဟစ်ကန့်ကွက် ပြောဆိုပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဘုရင်က အာမွတ်အား "သားတော်အာမွတ် အိုမာခယမ် ပြီးဆုံးအောင် တင်လျှောက်ပါစေ၊ ဝင်ပြီးမနှောင့်ယှက်ပါနဲ့"ဟု ဟန့်တား ပြောဆိုလိုက်သည်။

ချက်ချင်းပင် အိုမာခယမ်သည် ပုရပိုက်ပေါ်၌ ရေးဆွဲထားသော မြေပုံကို လှမ်းယူလိုက်သည်။ ထို့နောက် မြေပုံကို ဖြန့်ချကာ လက်ဖြင့် ညွှန်ပြပြောဆိုသည်မှာ. . .

"ကျွန်တော်မျိုးတို့ တပ်တွေ ဟောဒီ ကက်စပီယန် ပင်လယ် ကမ်းစပ်ကို အမြန်ရောက်အောင် မြင်းစီးချီတက်သွားရမယ်၊ ပင်လယ်ကို ရောက်တဲ့အခါ ဖြတ်ကူးပြီး ရန်သူတပ်တွေရဲ့ ခါးလယ်နံဘေးအနီး အရောက်တိတ်တဆိတ် ချီတက်သွားရမယ်၊ ရန်သူတပ်တွေကို အံ့အား သင့်စေခြင်းဟာ ထိရောက်တဲ့ လက်နက်တစ်မျိုးပဲ၊ ကျွန်တော်မျိုးတို့ဟာ နေ့မှာမတိုက်ဘဲ မှောင်စပျိုးတဲ့အချိန်မှာ စတိုက်ရမယ်၊ နံနက်အလင်း ရောင်လာတာနဲ့ တစ်ပြိုင်နက် အတိုက်ရပ်လိုက်ရမယ်၊ သည်လိုပဲ သူတို့ မမျှော်လင့်တဲ့အချိန်မှာ ဝင်ဝင်တိုက်ရမယ်၊ ဝင်တိုက်တုန်း ညမှောင်ထဲ မှာ သူတို့ဘုရင် ရှိုးမန်နတ်ကို လက်ရဖမ်းဆီးနိုင်အောင် ကြိုးစားရမယ်၊ ရန်သူတပ်သားတွေဟာ ကြေးစားစစ်သားတွေပါ၊ သူတို့က အခကြေးစား စစ်သားတွေပါ။ သူတို့ကို အခကြေးငွေပေးပြီး ငှားရမ်းထားတာ မဟုတ် လား။ သူတို့ကို အခကြေးငွေပေးမယ့် ခေါင်းဆောင်မရှိတာနဲ့ တပြိုင်နက် သူတို့အားလုံး စိတ်ဓာတ်ကျပြီး ထွက်ပြေးကြမှာပါ"

အိုမာခယမ်၏ ဤအကြံပေးချက်ကို ရှားဘုရင်သည် သေချာစွာ စူးစိုက်နားထောင်သည်။ နားထောင်ရာမှ သူသည် မြေပုံကို လှမ်းယူကာ လေ့လာကြည့်ရှုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထုံးစံအတိုင်းပင် အိုမာ့အကြံကို မင်းသားအာမွတ်က မနှစ်မသက်ဖြစ်ကာ ကန့်ကွက်ပြောဆိုပြန်သည်။

"နက္ခတ္တဗေဒသမားက ကျုပ်တို့ကို ပင်လယ်ဖြတ်ကူးဖို့ အကြံပေးတယ်၊ ကဲ- ဆိုစမ်း ဘယ်လိုဖြတ်ကူးကြမလဲ၊ မြင်းတွေ၊ ရထားတွေ၊ စစ်သည်တွေ ရေကူးသွားကြရမှာလား"

အိုမာခယမ်က ဘုရင့်ဘက်သို့ လှည့်လျက်ပြောဆိုပြန်သည်။

"အရှင်၊ ကျွန်တော်မျိုးတို့ တပ်တွေ ပင်လယ်ကိုလှေတွေ ဖောင်တွေနဲ့ ကူးနိုင်ပါတယ်။ ဒီလို ကူးနိုင်အောင်လဲ လှေတွေ ဖောင်တွေကို အသင့် တင်ကြိုပြင်ခိုင်းနိုင်တာပဲ"

"ဘယ်လို တင်ကြိုပြင်ခိုင်းနိုင်မှာလဲ"

"ဝေးလံတဲ့ ဒေသတွေကို သတင်းပို့ဖို့အတွက် အရှင့်နန်းတွင်းမှာ ခိုတွေကို လေ့လာသင်ကြားပေးထားတာ ရှိပါတယ်။ ကက်စပီယန်ပင်လယ်အနီးက မြို့တွေ နယ်တွေဆီကို လှေတွေ ဖောင်တွေ အသင့်ပြင်ထားဖို့ ခိုတွေလွှတ်ပြီး အမိန့်စာချွန်တော် ပို့ထားနိုင်ပါတယ်။ အရှင့်ကျေးတော်မျိုး ကျွန်တော်မျိုးများဟာ အရှင့် အမိန့်တော်ကို တသွေမတိမ်းလိုက်နာကြမှာပါ။ ဒီက အရှင့်တပ်တော်တွေ ပင်လယ်ကို ရောက်မသွားခင်မှာဘဲ ဟိုမှာ လှေတွေ ဖောင်တွေ အသင့်ပြင်ပြီး ဖြစ်နေမှာပါ။ ရန်သူတွေနဲ့ နှိုင်းစာရင် ကျွန်တော်မျိုးတို့က အင်အားနည်းတာ အမှန်ပါပဲ။ ဒါပေမယ့် မမျှော်လင့်တဲ့နေရာ၊ မမျှော်လင့်တဲ့အချိန်မှာ ရဲရဲရင့်ရင့်နဲ့ ဝင်တိုက်လိုက်မယ်ဆိုရင် အငိုက်မိပြီး အရေးနိမ့်သွားမှာ မုချပါအရှင်"

အိုမာခယမ်က ယင်းသို့ပြောဆိုသောအခါ အားလုံးပင် စဉ်းစားဆင်ခြင်ဟန်ဖြင့် ငြိမ်သက်နေကြသည်။ ရှားဘုရင်သည် အိုမာခယမ်၏



www.burmeseclassic.com

www.burmeseclassic.com



အကြံပေးချက်ကို ကန့်ကွက်လိုသူများ ရှိ-မရှိ သိရန် တစ်ဦးစီ၏ မျက်နှာကို လိုက်လံကြည့်ရှု၍ အကဲခတ်သည်။ မင်းသားအာမွတ် အပါအဝင် အားလုံး ကန့်ကွက်ဟန် မပြသောအခါ သူက "ကဲ- ဒါဖြင့် ခိုတွေ စေလွှတ်နိုင်အောင် အသင့်ပြင်ခိုင်းထားကြ။ သည်အတွင်း အိုမာခယမ်ရဲ့ လျှောက်တင် အကြံပေးချက်ကို ထပ်မံစဉ်းစားကြရအောင်။ ဆုံးဖြတ်ချက် ချပြီးတာနဲ့ တစ်ပြိုင်နက် ငါကိုယ်တော်မြတ်ရဲ့ အမိန့်တော်ကို ချက်ချင်း ပို့လိုက် ကြပေတော့ မောင်မင်းတို့"ဟု ဆိုလိုက်လေသည်။ ထိုနေ့ နေ့လယ်ပိုင်း မှာပင် ရှားဘုရင်၏ အမိန့်တော် စာချွန်လွှာကို ခိုများ သယ်ဆောင် သွားနိုင်ရန် ခိုထိန်းများက စီစဉ်ကြသည်။

နန်းရင်ပြင် တစ်ခုလုံး နန်းတွင်းမှ ကလေးငယ်များ၊ အထိန်းတော်များ၊ ကျေးကျွန်များနှင့် ပြည့်နှက်လျက်ရှိသည်။ ယင်းတို့အထဲတွင် ဟာစာနီ၊ သံတော်ဆင့်၊ အိုမာခယမ်၊ ယဖားစသူတို့လည်း ပါဝင်သည်။ သူတို့သည် ကက်စပီယန် ပင်လယ်အနီးရှိ မြို့များသို့ ဘုရင့်အမိန့်တော် စာချွန်ကို ယူဆောင်လျက် တစ်သုတ်ပြီး တစ်သုတ် ပျံသန်းထွက်ခွာ သွားကြမည့် ခိုများကို ဝိုင်းဝန်းကြည့်ရှုနေကြသည်။ ဘုရင့်အမိန့်တော် စာချွန်ကို အလွန်သေးငယ်လှသည့် ကျည်တောက်ငယ်ကလေးများတွင် ထည့်ကာ ခိုများ၏ ခြေနီနီကလေးများတွင် ချိတ်ဆွဲပေးထားကြသည်။ သိမ်းငှက်များရန်မှ ကင်းစေရန် ခိုများ၏ ကျောတွင် ကျူရိုးပီပီကလေး များလည်း တပ်ဆင်ပေးထားကြသည်။ လေတိုးသောအခါ ထို ကျူရိုးပီပီ ကလေးများသည် အသံမြည်မည်ဖြစ်ရာ သိမ်းငှက်များ ကြောက်လန့်ပြီး ခိုများအနီးသို့ ကပ်ဝံ့ကြမည် မဟုတ်ပေ။

ယင်းသို့ စီစဉ်ပြီးသောအခါ ခိုများကို တစ်ကောင်ပြီး တစ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လိုက်ကြသည်။ ခိုများလည်း ကောင်းကင်ပြင်သို့ တိုးတက်ပျံသန်းကာ ပျောက်ကွယ်သွားကြလေသည်။

× × ×

ခိုများကို စေလွှတ်ပြီး ၃-ရက်မြောက်သောနေ့တွင် ရှားဘုရင်သည် စစ်ထွက်မည်ဖြစ်သည်။ ထို့ကြောင့် စစ်မထွက်မီ တစ်ရက်အလိုတွင် နန်းတွင်းခန်းမကြီး၌ စစ်ထွက်မည့် အခမ်းအနားကို ကြီးကျယ်စွာကျင်းပသည်။ ဤတွင် ခန်းမကြီး နံရံများ၌ အရောင်အမျိုးမျိုးပါရှိသော ပါရှင်းတပ်မတော်၏ အလံများနှင့် ရဲတံခွန်များကို ချိတ်ဆွဲထားသည်။ ယင်းတို့အနက် အချို့မှာ ဟောင်းနွမ်းနေပြီ။ အချို့မှာ စစ်ပွဲအမျိုးမျိုးကို နွှဲခဲ့သဖြင့် စုတ်ပြဲ၍ပင်နေပြီ။ သို့ဖြစ်လင့်ကစား ဆင်နွှဲခဲ့သော စစ်ပွဲများ၊ ခံယူရခဲ့သော အောင်ပွဲများကို ဂုဏ်ယူသတိရသော အနေဖြင့် ယင်းတို့ကို ချိတ်ဆွဲထားခြင်း ဖြစ်သည်။ ရှားဘုရင်၏ စစ်အောင်လံကိုမူ ရာဇပလ္လင်အနီးတွင် စိုက်ထူထားသည်။ ယင်းအလံမှာ ခြင်္သေ့ပုံတံဆိပ် အမှတ်အသား ပါရှိသည်။

ခန်းမကြီးတစ်ခုလုံး ဧည့်သည်များ ပြည့်နှက်နေသည်။ ရှားဘုရင်၏ မိဖုရားများနှင့် အခြား မင်းမှုထမ်းများ၏ ကတော်မယားများက ဧည့်သည်များအား ဝိုင်အရက်များ၊ စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံသည်။ သူတို့သည် နန်းတွင်းဝတ်စုံများနှင့် ကျောက်မျက်ရတနာတို့ကို ဆင်မြန်းလျက် ခေါင်းမြီးခြုံ ဇာပါးကိုယ်စီခြုံထားသည်။ သူတို့အား မောင်းမမိဿံများနှင့် အပျိုတော်များက ကူညီသောအားဖြင့် သိုးသားနှင့် မုံ့ချိုများကို လင်ပန်းများဖြင့်ထည့်ကာ သယ်ဆောင်ပေးကြသည်။

သားရေချပ်စစ်အင်္ကျီနှင့် သားရေစစ်ဖိနပ်ရှည်ကြီးများကို



www.burmeseclassic.com

www.burmeseclassic.com



ဝတ်လျက် မုတ်ဆိတ်မွေးကိုယ်စီနှင့် ရှိကြသော ဗိုလ်ချုပ်ကြီးများသည် ဟိုတစ်စု သည်တစ်စု ရပ်လျက် ဝိုင်းဖွဲ့စကားပြောနေကြသည်။ ရှားဘုရင်သည် တစ်ဦးတည်း သီးခြားမနေ။ သူတို့နှင့် ရင်းနှီးစွာ ရောနှော စကားပြောနေသည်။ သူသည် ချပ်ဝတ်တန်ဆာပေါ်တွင် သားရေရင်လွှမ်းချပ်ကို ထပ်ဝတ်ထားသည်။ သားတော်ငယ် မင်းသားမာလစ် ဆက်သထားသော စစ်ဓားကြီးကို စွဲကိုင်ထားသည်။ စစ်ထွက်သည့် အခါတွင် ကိုယ်ရံတော်အဖြစ် ပါလေ့ရှိသော တူရကီလူမျိုး အစောင့်သည်လည်း သူ့နောက်ပါးမှ အမြဲလိုက်ပါသည်။ ထိုအစောင့်သည် ယခုအချိန်တွင် အနီရောင် သားရေချပ် စစ်အင်္ကျီကို ဝတ်ဆင်ထားသည်။ အိုမာခယမ်သည် နန်းတွင်း နက္ခတ္တဗေဒပညာရှင်တို့ ဝတ်ဆင်လေ့ရှိသည့် ဝတ်စုံကို ဝတ်ဆင်ထားသည်။ လက်မောင်းတွင်မူ ဟာစာနီ လက်ဆောင်ပေးထားသည့် ဆွဲကြိုးကို ဆင်မြန်းထားသည်။ မိဖုရားရှရိန်သည် ခေါင်းမြီးခြုံဇာပါးကို ဝတ်ရုံလျက် ဗိုလ်ချုပ်ကြီးများ သောက်သုံးရန် ဝိုင်အရက်များ လိုက်လံငှဲ့ထည့်ပေးနေရာ အိုမာခယမ်က ငေးစိုက်ကြည့်နေသည်။ သူ့မျက်လုံးများသည် အခန်းအနှံ့သွားလာ လှုပ်ရှားနေသော ရှရိန်ထံပါးသို့သာ ရောက်နေသည်။ သို့ရာတွင် စကားတစ်လုံးမှ ခွန်းဟ မပြောဝံ့ပေ။

ထိုအတွင်း နိုင်ဇမ်နှင့် ဟာစာနီတို့ ခြံရံလျက် ရှားဘုရင်သည် အိုမာ့ထံပါးရောက်လာသည်။ "နက်ဖန်နံနက် မိုးသောက်ချိန်မှာ ငါ ကိုယ်တော်မြတ်နဲ့အတူ စစ်သည်တပ်သား တစ်သောင်းစစ်ချီထွက်မယ် အိုမာ။ အခြားကျန်တဲ့ တပ်တွေလဲ အသီးသီး စစ်ချီထွက်ကြပြီး ငါ ကိုယ်တော်မြတ်နဲ့ ကက်စပီယန်ပင်လယ်ကမ်းပါးမှာ ဆုံကြဖို့ စီစဉ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ပြီ၊ မောင်မင်းအကြံအတိုင်းသာ အထမြောက်မယ်ဆိုရင် ငါတို့မုချ အောင်ပွဲခံရမှာပဲ။ တကယ်လို့ အကြံအထ မမြောက်ရင်တော့ တစ်ယောက်မှ ပြန်လမ်း မရှိဖြစ်ရမှာပဲ။ အရာရာကို စွန့်ပြီး လုပ်လိုက်ရတာပဲ အိုမာ”

“အရှင်၊ စစ်ဆိုတာ စွန့်ရတာပဲ။ အကယ်၍ ကျွန်တော်မျိုး အကြံအစည်အပေါ် သံသယဖြစ်တော်မူတယ်ဆိုရင် အရှင့်အပါးက ကျွန်တော်မျိုးလိုက်ပါပြီး စစ်ထွက်ပါရစေ” အိုမာခယမ်က ဦးညွှတ်လျက် လေးစားစွာ ပြောကြားသည်။

ဟာစာနီကလည်း “အရှင်၊ ကျွန်တော်မျိုးကိုလဲ လိုက်ပါခွင့်ပြုတော်မူပါ။ ကျွန်တော်မျိုးဓားက အရှင့်ရန်သူတော်နှစ်ဦးကို ဖြိုခွင်းပြီးလို့ ကျန်ရန်သူတော်တွေကို ဆက်လက်ဖြိုခွင်းချင်နေပါတယ်”

ဤတွင် ရှားဘုရင်က ခေါင်းခါလျက် “မောင်မင်းတို့ နှစ်ဦးလုံး စစ်မြေပြင်ထွက်တာထက် နန်းတော်မှာရှိနေဖို့ ငါ ကိုယ်တော်မြတ် ပိုမိုလိုလားတယ်။ ငါကိုယ်တော်မြတ်နဲ့ တပ်သားတွေ စစ်မြေပြင် ထွက်နေတဲ့ အခါ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားတွေ မြို့တော်နဲ့ နန်းတော်မှာ ပိုမိုသောင်းကျန်းနေမှာ စိုးရတယ်။ သတိဝီရိယနဲ့ ကာကွယ်စောင့်ရှောက်ကြပါ။ နိုင်ငံကို အစစ အရာရာ ကူညီပါ။ ဒါမှလဲ ငါကိုယ်တော်မြတ် စိတ်ချလက်ချ စစ်ထွက်နိုင်မယ် မောင်မင်းတို့”

ရှားဘုရင်က ယင်းသို့ပြောနေစဉ် အခန်းထောင့် တစ်နေရာတွင် မိဖုရားဇရဒါက သူ့သားတော်မင်းသား အာမွတ်ကို တစ်စုံတစ်ရာ တီးတိုး ပြောကြားနေသည်။ မိဖုရား ဇရဒါသည် လိုချင်လောဘလည်း ကြီး၍ မနာလိုဝန်တိုခြင်းလည်း ရှိသူဖြစ်သည်။ ခြေထိုးရာတွင်လည်း သူ



www.burmeseclassic.com

www.burmeseclassic.com



မတူအောင် ကျွမ်းကျင်သူ ဖြစ်သည်။ နိုင်ဇမ်သည် မိဖုရား ဇရဒါကို ကြည့်ရှုအကဲခတ်ရာမှ ရှားဘုရင်ကို လျှောက်ထားသည်မှာ-

"အရှင်၊ မိဖုရား ဇရဒါက သားတော် အာမွတ်ကို အရှင်က စစ်မြေကို ခေါ်သွားတော် မူလိမ့်မယ်လို့ မျှော်လင့်နေပါတယ်။ ထီးမွေ နန်းမွေကို ဆက်ခံမယ့်သူဆိုတော့ စစ်ပွဲမှာ အစွမ်းပြသင့်တယ်လို့ ယူဆနေပုံရပါတယ်အရှင်"

"သားတော်နှစ်ပါးဟာ တစ်ဦးကို တစ်ဦး မုန်းတီးကြတယ်ဆိုပေမယ့် မအေကွဲသော်လည်း အဖေ့သွေးပါနေကြတာပဲ။ ပြိုင်ဘက်ကြီးတွေလို မုန်းတီးနေကြတယ်လို့ မယူဆနိုင်ဘူး။ ဒါကြောင့် ငါ ကိုယ်တော်မြတ်ဟာ တစ်ဦးဦးက သာစေတဲ့ သဘောမျိုး မဖြစ်အောင် ဂရုထားတော် မူနေရတယ်"

ထိုအတွင်း သံတော်ဆင့်၏ အသံပေါ်လာ၍ ဘုရင်နှင့်နိုင်ဇမ်တို့မှာ စကားပြတ်သွားကြသည်။ သံတော်ဆင့်က ပရိသတ်အား နောက်သို့ အနည်းငယ်ဆုတ်ကာ အခန်းအလယ်တွင် ကချေသည်ကရန် နေရာပေးဖို့ ပန်ကြားသည်။ အားလုံးကလည်း နေရာပေးကြသည်။ သို့ဖြင့် ဟာစာနီ လက်ဆောင်ဆက်သထားသည့် ကချေသည်မကလေးသည် ရှေ့သို့ထွက်လာသည်။ ဘင်ခရာသံလည်း ပေါ်လာသည်။ ကချေသည် မကလေးလည်း လှုပ်ရှားလာသည်။ သူ၏ ကကြိုးကကွက်သည် လွတ်လပ်သည်၊ သွက်လက်သည်၊ ကြမ်းရမ်းသည်။ ပရိသတ်များသည် သူ့အကကိုကြည့်ကာ အံ့သြငေးမောမဆုံး ရှိကြသည်။ သို့ဖြင့် တဖြည်းဖြည်း သူနှင့်နီးသထက် နီးအောင် တိုးကပ်လာကြသည်။

ကချေသည်မလေး၏ အကကို လူတကာ ငေးမောကြည့်ရှုနေ



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း ဂရုမပြုသည့် သူနှစ်ဦးကား ရှိနေသည်။ သူတို့မှာ မင်းသား အာမွတ်နှင့် မင်းသားမာလစ်တို့ ဖြစ်သည်။ ကချေသည်မကလေး အစွမ်းကုန်ကပြနေစဉ် မင်းသားအာမွတ်က မင်းသားမာလစ်အနီးသို့ ချဉ်းကပ်သွားသည်။ သူတို့နှစ်ဦးက တစ်စုံတစ်ရာနှင့် ပတ်သက်မှုကို ပြောဆိုကြသည်။ သို့ပြောရင်းဆိုရင်း သူတို့ မျက်နှာများမှာ ဒေါသ ရောင်များ ယှက်သန်းလာသည်။

ရုတ်ခြည်းပင် ဘင်ခရာသံကို ထိုးဖောက်လျက် အာမွတ်၏ အသံသည် ကျယ်လောင်စွာ ပေါ်ထွက်လာသည်။ "ငါ့မှာ မင်းသားတစ်ပါး အနေနဲ့ ပြောနိုင်တဲ့အခွင့်အရေး ရှိတယ်။ ဒါဟာ ငါ့အခွင့်အရေး"

မင်းသားအာမွတ်၏ စကားကိုကြားရသောအခါ သူ့မယ်တော် မိဖုရား ဇရဒါက သံတော်ဆင့်အား ဘင်ခရာများ တီးမှုတ်နေသည်ကို ရပ်လိုက်ရန် အမိန့်ပေးလိုက်သည်။ ဘင်ခရာသံလည်း ရပ်၍ အကလည်း ရပ်သွားသည်။ ပရိသတ်အားလုံးပင် အံ့အားသင့်သွားကြကာ မင်းသား နှစ်ပါးကို ဝိုင်းကြည့်ကြသည်။

မယ်တော်မိဖုရား၏ အားပေးမှုကိုရရှိသဖြင့် အာမွတ်သည် စင်မြင့်ပေါ်သို့ တက်လိုက်ကာ ရာဇပလ္လင်နှင့် ရှားဘုရင်၏ အောင်လံ ဘေးတွင် ရပ်လိုက်သည်။

"အခု ကြွရောက်လာတဲ့ မင်းပရိသတ်တွေရှေ့မှာ ကျွန်ုပ် ကြေညာပါတယ်၊ ကျွန်ုပ်မှာ ဖခမည်းတော်နဲ့အတူ ယှဉ်တွဲပြီး စစ်မြေကို ထွက်နိုင်တဲ့ အခွင့်အရေး ရှိပါတယ်"

"ဒါဟာ အခွင့်အရေး မဟုတ်ဘူး။ ဂုဏ်ဒြပ်မျှသာ ဖြစ်တယ်" မင်းသားမာလစ်က ဟစ်အော်ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်ုပ်ရဲ့ မြင်းနဲ့ စစ်သံချပ်အင်္ကျီကို အသင့်ပြင်ထားပြီးပြီ"

"ခမည်းတော်ဟာ စစ်မြေပြင်လိုက်ဖို့ သူ့စိတ်ကြိုက် ရွေးထားသူကိုသာ စစ်သံချပ်အင်္ကျီပေးမှာပါ" မာလစ်က လျင်မြန်စွာ ဝင်ပြောသည်။

"ခမည်းတော်ဟာ မင်းကို ရွေးမှာမဟုတ်ပါဘူး။ တကယ်တော့ သူရဲဘောကြောင်သူတွေမှာ စစ်တိုက်လိုစိတ် မရှိပါဘူးကွ" အာမွတ်က မခံချင်အောင် ပြောလိုက်သည်။

"နောင်တော်၊ ကျုပ်ကို သူရဲဘောကြောင်သူလို့ စွပ်စွဲချင်သလား" မာလစ်က အော်မေးသည်။

ယင်းသို့ အပြန်အလှန် ပြောကြရာမှ ဒေါသကို မချုပ်တည်းနိုင်ကြသဖြင့် မင်းသားနှစ်ပါးသည် သတ်ပုတ်ကြလေသည်။ အမြင်မတော်သဖြင့် ဘေးမှပုဂ္ဂိုလ်အချို့က ပြန်ဖြေကြသည်။ သို့ရာတွင် နှစ်ဦးစလုံးမှာ ကြီးမားပြင်းထန်သော ဒေါသကလွှမ်းမိုးနေသဖြင့် ပြန်ဖြေ၍မရပေ။ ဤတွင် ရှားဘုရင်က ဓားကိုချွတ်လျက် ရှေ့သို့ထွက်လာကာ "သင်းတို့ သတ်ကြပါစေ။ မဖြန်ကြနဲ့" ဟု အမိန့်ပေးပြောဆိုသည်။

သို့ပြောဆိုပြီး လက်ထဲမှ ဓားကိုမြှောက်ပြကာ "ဟောဒီ စစ်ဓားဟာ သားတော်ငယ် မာလစ်ဆက်သထားတဲ့ ဓားပဲ၊ သင်တို့နှစ်ဦးအနက် အနိုင်ရသူကို ဒီစစ်ဓားပေးပြီး ငါကိုယ်တော်မြတ်နဲ့အတူ စစ်မြေပြင်ကို လိုက်ခွင့်ပြုတော်မူမယ်" ဟု ဆိုသည်။ သို့ဆိုရင်း ကော်ဇောပေါ်သို့ ဓားကို ပစ်ချထားလိုက်လေသည်။

× × ×

မင်းသားနှစ်ပါးကား အလျှော့မပေးကြ။ အမျက်ဒေါသထွက်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ကျားကောင်များပမာ ဒေါသအမျက် ချောင်းမြောင်းထွက်လျက် သတ်ပုတ်ကြသည်။ သူတို့သည် ကြမ်းပေါ်၌ လူးလှိမ့်ရင်း တစ်ဦးကို တစ်ဦး ထိုးကြိတ်သတ်ပုတ်ကြသည်။ သူတို့သတ်ပုတ်သည်ကိုကြည့်ကာ အမျိုးသမီးများက ကြောက်လန့်တကြား အော်ဟစ်ကြသည်။

သူတို့သည် သတ်ပုတ်ရင်း ဟိုလူ့အနီး ရောက်သွားလိုက်၊ သည်လူ့အနီး ရောက်သွားလိုက်နှင့် ဖြစ်နေသည်။ ဤတွင် လူအများ သည် စိုးရွံ့စွာဖြင့် နောက်သို့ ဆုတ်ဖယ်ပေးကြသည်။ မိဖုရား ဇရဒါ သည် သူ့သားတော်ကို ဟစ်အော်အားပေးလျက်ရှိရာ၊ သူ့အသံ ပြာပြာ ကို ကျယ်လောင်စွာ ကြားနေရသည်။

မင်းသားနှစ်ပါးသည် တစ်ဦးကို တစ်ဦး မလိုမုန်းတီးနေကြသည် မှာ ကာလအတန်ကြာပြီ။ သို့ရာတွင် မလိုမုန်းတီးမှုကြောင့် ဖြစ်ပေါ်နေ သည့် အမျက်ဒေါသသည် အတွင်း၌သာ တောက်လောင်ခဲ့သည်။ အပြင် သို့ ထွက်မလာခဲ့။ ယခုတွင် ပရိသတ် ဗိုလ်ပုံအလယ်တွင်ဖြစ်၍ သူတို့ ဒေါသသည် ထိန်းမနိုင်၊ သိမ်းမရ အပြင်သို့ ပေါက်ကွဲထွက်လေပြီ။ ယခု သူတို့နှစ်ဦးသည် ဂုဏ်သရေအတွက်သာမက၊ ထီးနန်းအတွက်ပါ တိုက်ခိုက်နေခြင်း ဖြစ်ပေသည်။

သူတို့နှစ်ဦးသည် အားချင်းညီနေသဖြင့် တစ်ဦးကနိုင်လိုက်၊ တစ်ဦးက ပြန်နိုင်လိုက်နှင့်။ ဘတပြန် ကျားတပြန် ဖြစ်နေသည်။ မည်သူ မှ အနိုင်မတိုက်နိုင်ကြ။ ဆက်၍ တိုက်မြဲတိုက်နေကြသည်။

ထိုအခိုက် မင်းသားမာလစ်သည် အထက်စီး ရသွားသည်။ သူ သည် အပေါ်မှနေ၍ အာမွတ်ကို သတ်ပုတ်ရာ အာမွတ်သည် အရေးနိမ့် တော့မလို ဖြစ်နေသည်။ ဤတွင် အာမွတ်က မာလစ်၏ မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



ပြင်းထန်သော လက်သီးများဖြင့် ထိုးကြိတ်လိုက်သည်။ မာလစ် နားထင်ကွဲသွားကာ အထက်စီးရနေရာမှ အောက်သို့ ကျသွားသည်။ ချက်ချင်းပင် အာမွတ်သည် အနီးရှိ ရွှေဖလားကြီးတစ်ခုကို ကောက်ကိုင်ကာ မာလစ်၏ ဦးခေါင်းကို ရိုက်လိုက်သည်။ လဲရာမှ ကုန်းထလာသော မာလစ်မှာ ဒယိမ်းဒယိုင်ဖြစ်သွားသည်။ ဤတွင် အာမွတ်က ရွှေဖလားကြီးဖြင့် တစ်ချက်ပြီး တစ်ချက် ထပ်ဆင့်ရိုက်ပြန်သည်။

မာလစ်၏ အဖြစ်ကို မရှုရက်ကြသဖြင့် ပရိသတ်အများက "အရှင်- မင်းသားအာမွတ်ကို တားတော်မူပါ။ မင်းသား မာလစ်သေပါတော့မယ်" ဟူ၍ ဟစ်အော်တောင်းပန်ကြသည်။

ရှားဘုရင်က ဦးခေါင်းခါယမ်းလျက် "ငါကိုယ်တော်မြတ် ဘေးမှာယှဉ်ပြီး စစ်မြေပြင်ထွက်မယ့် သားတော်ဟာ ပျော့ညံ့တာထက်စာရင် အခုပဲ သေသွားတာက ကောင်းသေးတယ်"ဟု ပြန်ပြောသည်။

ထိုအခိုက် မိဖုရား ဇုရဒါ၏ အသံသည် စူးစူးဝါးဝါး ပေါ်လာသည်။ "သားတော် သတ်လိုက်စမ်း၊ သတ်လိုက်စမ်း" မိဖုရား ဇုရဒါက အာမွတ်ကို ယင်းသို့ အော်ဟစ်အားပေးရာမှ ဓားမြှောင်တစ်လက်ကို ယူကာ အာမွတ်ထံ ပစ်ပေးလိုက်သည်။ သို့ရာတွင် ယင်းဓားမြှောင်ကို အာမွတ်ကောက်မယူနိုင်အောင် ရှားဘုရင်က ခြေဖြင့်ဖိထားလိုက်သည်။

အာမွတ်သည် ဓားမြှောင်မရသဖြင့် ဆွဲမိဆွဲရာ အနီးရှိ သတ္တုမီးအိမ်တစ်ခုကို ဆွဲကိုင်လိုက်ပြန်သည်။ ထို့နောက် မီးအိမ်ဖြင့် မာလစ်ကို ရိုက်နှက်မည်ပြုသည်။ ယင်းအခိုက်အတန့်မှာပင် မာလစ်သည် ယိမ်းယိုင်နေရာမှ သူ့ကိုယ်သူ ပြန်ထိန်းနိုင်သွားသည်။ သူသည် ကြဲ့ကြဲ့ရပ်လျက်ရှိရာမှ တိုက်ခိုက်ရန် ကမူးရှူးထိုး ဝင်လာသော အာမွတ်၏



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကို ရုတ်တရက် ဆွဲကိုင်မြှောက်လိုက်သည်။ ထို့နောက် လေထဲ၌ ဝှေ့ရမ်းပြီးလျှင် အောက်သို့ပစ်ပေါက်ချလိုက်သည်။ အာမွတ်သည် မည်သို့မျှ မတတ်နိုင်၊ ပြင်းထန်သောအရှိန်ဖြင့် ကြမ်းပေါ်သို့ ကျသွားသည်။ ကြမ်းမှာ ကျောက်ခင်းထားသဖြင့် မာကျောလှသည်။ ဤမာကျောသော ကြမ်းနှင့် သူ့ဦးခေါင်း ရိုက်မိသွားသည်။ အာမွတ် ဦးခေါင်းကွဲလျက် သတိမေ့သွားသည်။ အကျဉ်းတန်အရုပ်ဆိုးသော သူ့မျက်နှာမှ မျက်လုံးအစုံသည် ဒေါသမီးဖြင့် တညီးညီး တောက်လောင်ဆဲဖြစ်သည်။ သူသည် မေ့မြောသွားရာမှ တစ်ချက်ပြန် အားတင်းကာ ကုန်းထမည်ပြုသေးသည်။ သို့ရာတွင် မရ၊ ပြန်လဲကျသွားသည်။

မင်းသားမာလစ် အနိုင်ရသွားပြီ။ သူသည် အောင်မြင်သော အထိမ်းအမှတ်ဖြင့် လက်ကိုမြှောက်လိုက်သည်။ ထို့နောက် စင်မြင့်ပေါ်ရှိ စစ်ဓားကို ကောက်ယူပြီးလျှင် ခမည်းတော်၏ လက်ကိုနမ်းရှုပ်လိုက်လေသည်။ ရှားဘုရင်ကလည်း ဂုဏ်ယူသော အနေဖြင့် ပြုံးနေလေသည်။

× × ×

မိဖုရား ဇရဒါသည် သူ့သားတော် အာမွတ်အနီးသို့သွားကာ ဒူးထောက်ထိုင်သည်။ ထို့နောက် အာမွတ်၏ဦးခေါင်းကို မလျက် ဝိုင်အရက်တစ်ခွက် တိုက်သည်။ အာမွတ်ကား အရက်ကိုပင် မသောက်နိုင်ရှာတော့။ ဤတွင် ဇရဒါသည် ဒေါသဖြင့် အနီးဝန်းကျင်ကိုကြည့်ကာ အကူအညီရှာသည်။ ခဏချင်းပင် သူ့အနီးသို့ ဟာစာနီ ရောက်လာသည်။

ဟာစာနီသည် သတိမေ့နေသော အာမွတ်ကို အခြားသော အစေခံများ၏ အကူအညီဖြင့် ထမ်းယူကာ မိဖုရား ဇရဒါ၏ အဆောင်သို့ ခေါ်သွားသည်။ အဆောင်သို့ ရောက်သည်တွင် အာမွတ်ကို သလွန်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုပေါ်၌တင်သည်။ ထို့နောက် သွေးများပေကျံနေသော အာမွတ်မျက်နှာကို ရေပတ်ဖြင့် ဆေးကြော သုတ်သင်ပေးလေသည်။

အချိန်အတန်ကြာအောင် ဝိုင်းဝန်းပြုစုပေးကြသဖြင့် အာမွတ်သည် သတိပြန်လည်ရလာသည်။ ဤတွင် မိဖုရား ဇရဒါက အစေခံများကို အဆောင်ထဲမှ ထွက်သွားစေသည်။ ဟာစာနီ တစ်ဦးတည်းသာ ကျန်နေသည်။ ဟာစာနီက နိဒါန်းမပျိုးဘဲ အာမွတ်ကို ပြောလိုက်သည်။

"အရှင့်သားရဲ့ ညီတော်မာလစ်ဟာ အခုချိန်ကစပြီး ထီးမွေနန်းမွေ ဆက်ခံသူဖြစ်သွားပြီ။ အရှင့်သား အရာရာမှာ အရေးနိမ့်သွားတော့တာပဲ။ ဒါပေမယ့်"

ဟာစာနီ၏ စကားမဆုံးမီ မိဖုရား ဇရဒါက ဒေါသဖြင့် အာမွတ်ကို အော်ပြောသည်။

"ဒါကြောင့် မယ်မယ်က သားတော်ကို သတိပေးစကား ပြောတာပေါ့၊ မာလစ်ကို သတ်လိုက်စမ်း၊ သတ်လိုက်စမ်းလို့"

အာမွတ်က ဘာမှပြန်မပြော၊ ငြိမ်နေသည်။ ဟာစာနီကသာ ဆက်ပြောသည်။

"အရှင့်သား အရာရာမှာ အရေးနိမ့်သွားတာ မှန်ပါတယ်။ ဒါပေမယ့် အရှင့်ခမည်းတော်ရဲ့ ရာဇပလ္လင်ကို သိမ်းပိုက်နိုင်တဲ့ အခွင့်အလမ်း ရှိနေပါသေးတယ်"

ဟာစာနီက ယင်းသို့ပြောသောအခါ မိဖုရား ဇရဒါသည် ဟာစာနီကို စူးစမ်းသော မျက်လုံးအစုံဖြင့် စူးစိုက်ကြည့်သည်။

"ကျွန်တော်မျိုး နန်းတော်ထဲ ပထမဆုံး အခစားဝင်တဲ့နေ့ကို မှတ်မိကြဦးမှာပေါ့၊ အဲဒီနေ့မှာ ဘုရင်အတွက် ကျွန်တော်မျိုး ဦးခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ပြတ်နှစ်လုံး ကို သေတ္တာထဲထည့်ပြီး လက်ဆောင်ပဏ္ဏာအဖြစ် ယူလာခဲ့တယ်လေ”

“မှတ်မိတာပေါ့”၊ မိဖုရား ဇရဒါက တီးတိုးပြန်ပြောသည်။

ဟာစာနီက အထစ်အငေါ့မရှိ ရဲရင့်စွာဖြင့် တစ်လုံးချင်း ဆက်ပြောပြန်သည်။

“သခင်မရဲ့ သားတော် မင်းသားအာမွတ်ကို နန်းတင်ချင်တဲ့ လူတွေရှိပါသေးတယ်။ မင်းသားအာမွတ်ကသာ ယုံကြည်စိတ်ချရတဲ့ အဆွေခင်ပွန်းကောင်းအဖြစ် အသိအမှတ်ပြုမယ်ဆိုရင် ရွှေငွေကိုလဲ ဂရုမထား၊ အသက်ကိုလဲ ဂရုမထား၊ မင်းသားအတွက် အသက်စွန့်ပြီး ဆောင်ရွက်မယ့် သူတွေရှိပါတယ်။ စဉ်းစားဆင်ခြင်တော်မူပါ။ တားတတ်သခင်လဲ မရှိတော့ဘူး။ မာလစ်မှတစ်ပါး တခြား ဘယ်သူရှိလို့လဲ။ လမ်းဟာ ရှင်းနေပြီ မဟုတ်လား”

မင်းသားအာမွတ်သည် သူ့မယ်တော်ကို စူးစိုက်ကြည့်နေရာမှ ဟာစာနီကို လှမ်းကြည့်သည်။ ဟာစာနီက လျှို့ဝှက်သော စကားကို ဆိုပြန်သည်။

“သခင်မကော သခင်မတို့ ခါဇာမင်းမျိုးမင်းနွယ်တွေ ပိုင်ဆိုင်ခဲ့တဲ့ နယ်မြေတွေကို တစ်ဖန်ပြန်လည် ပိုင်ဆိုင်နိုင်တာပဲ ဘုရင်မအဖြစ်နဲ့ ကိုယ့်မြေ၊ ကိုယ့်နယ်၊ ကိုယ့်လူမျိုးတွေကို သခင်မ ပိုင်ဆိုင်သင့်တာပေါ့”

ဤစကားကို ကြားသောအခါ မိဖုရား ဇရဒါ၏ မျက်လုံးတို့မှာ အပြုံးရိပ်သန်းလာသည်။ သူသည် ဝမ်းသာမဆုံးဖြစ်သွားသည်။ ဤစကားမျိုး ထပ်မံကြားလိုကြောင်း သူ့မျက်နှာက ဖော်ပြနေသည်။ ဟာစာနီက ခေတ္တဆိုင်းငံ့စေလိုသည့် သဘောဖြင့် လက်ကာပြကာ



www.burmeseclassic.com

www.burmeseclassic.com



"သခင်မ အခု ဒီမျှနဲ့လဲ ကျေနပ်တော်မူပါ။ ရှားဘုရင်နဲ့ တပ်တော်အားလုံး ထွက်ခွာပြီးမှ ဒီကိစ္စကို ဆက်ဆွေးနွေးကြတာပေ့ါ။ အဲဒီတော့မှ လျှို့ဝှက်အကြံအစည်အားလုံးကို ကျွန်တော်မျိုး ဖွင့်ပြောပါ့မယ်"

ယင်းသို့ပြောပြီး ဟာစာနီက မိဖုရား ဇရဒါကို စူးစိုက်ကြည့်လိုက်သည်။ သည်အရေးကိစ္စတွင် မိဖုရား ဇရဒါသည် သူနှင့်ပူးပေါင်းရန် သူ့ထက်ပင် ပိုမို စိတ်အားထက်သန်နေကြောင်း ဟာစာနီက ကောင်းစွာ ရိပ်မိသိရှိလိုက်သည်။

"ဒါပါပဲ သခင်မ၊ မကြာခင် တွေ့ကြသေးတာပေ့ါ"

ဟာစာနီက ယင်းသို့ပြောပြီးလျှင် အဆောင်တွင်းမှ လျင်မြန်စွာ ထွက်ခွာသွားလေသည်။

× × ×

နောက်တစ်နေ့ အရုဏ်မလာမီ အမှောင်လွှမ်းဆဲအချိန်မှာပင် စစ်ဘင်ခရာသံများကို တစ်မြို့လုံး ကြားနေရသည်။ ရှားဘုရင်သည် နန်းတော်မှ ထွက်ခွာခဲ့ပြီ။ မြို့တံခါးဝ၌ အသင့်စောင့်နေသော ရဲမက်တော်တပ်သားများထံ ချီလာပြီ။ မြို့သူ၊ မြို့သားအားလုံးပင် မအိပ်နိုင်ကြ။ အချို့ စိုးရိမ်ပူပန်ကြသူများသည် အိမ်များထဲမှ ထွက်ကာ လမ်းပေါ်သို့ ဆင်းလာကြသည်။

ရှားဘုရင်သည် မြင်းဖြူကြီးကိုစီးလျက် ဗိုလ်ပါရဲမက်တစ်စုကို ဦးဆောင်ကာ အမှောင်လွှမ်းသော မြို့လမ်းတစ်လျှောက် ချီတက်သွားသည်။ မင်းသားမာလစ်သည် သူ့ခမည်းတော်အပါးမှ မြင်းတစ်စီးစီးလျက် ဂုဏ်ယူစွာ လိုက်ပါသွားသည်။ သူတို့နှစ်ဦးနောက်မှ တူရကီ



www.burmeseclassic.com

www.burmeseclassic.com



လူမျိုး ကိုယ်ရံတော်အစောင့်၊ ထို့နောက် ဗိုလ်ချုပ်ကြီးများ၊ ထို့နောက်မှ တပ်မှူးများ လိုက်ပါသွားသည်။ သူတို့အားလုံးပင် သံခမောက်ကိုယ်စီ ဆောင်းလျက် သံချပ်အင်္ကျီကိုယ်စီ ဝတ်ထားသည်။ လက်တွင်လည်း အလံများ၊ ရဲတံခွန်များ ကိုင်ဆောင်ထားကြသည်

မြို့တော်တံခါးအနီးသို့ ရောက်သောအခါ ရှားဘုရင်သည် သစ်တိုင်၌ သံမှိုစွဲချိတ်ထားသော စက်ဆုပ်ဖွယ် ခေါင်းပြတ်များကို တွေ့ရသည်။ ထို့ပြင် ခေါင်းပြတ်များအနီး၌ ချိတ်ဆွဲထားသည့် လျှို့ဝှက် သုတ်သင်ရေးဂိုဏ်းသားများ၏ ကက်ဦးထုပ်နီနှစ်လုံးကိုလည်း တွေ့ရသည်။ ညီတော် တားတတ်ကို လုပ်ကြံသတ်ဖြတ်ခဲ့သော နှုတ်ဆွံ့အသည့် ဆီးရီးယန်းအစောင့်၏ ခေါင်းပြတ်ကိုလည်း သူတွေ့ရသည်။ ဆီးရီးယန်း၏ မျက်လုံးအစုံသည် ပြူးထွက်နေသည်။ ရှားဘုရင်သည် ရုတ်တရက် စိုးရိမ်စိတ်များ ဝင်လာသည်။ နန်းတော်၌ သူရှိစဉ်မှာပင် လျှို့ဝှက် သုတ်သင်ရေး ဂိုဏ်းသားများသည် နန်းတွင်းသို့ ရောက်လာနိုင်ခဲ့သည်။ ယခု သူ့မျက်ကွယ်တွင် အဘယ်ဆိုဘွယ်ရာရှိတော့မည်နည်း။

သူ၏ စိုးရိမ်စိတ်တို့ကို စစ်ဘင်ခရာသံများက ချက်ချင်း ချေမှုန်း ပစ်လိုက်သည်။ ခဏအတွင်းမှာပင် ရှားဘုရင်နှင့် နောက်လိုက်များသည် မြို့တံခါးကို ကျော်ဖြတ်မိကြသည်။ ဤတွင် လယ်ကွင်းများကို ဖြတ်သန်း တိုက်ခတ်လာသည့် အရှေဏ်ဦး လေပြေလေညှင်းသည်လည်း သူ၏ စိုးရိမ် စိတ်တို့ကို တိုက်ခတ်လွင့်စဉ် စေလိုက်ပြန်လေသည်။

စစ်ဘင်ခရာသံတို့ မှန်မှန်ပေါ်ထွက်နေသည်။ ရှားဘုရင်နှင့် ရဲမက်ဗိုလ်ပါများသည် လျင်မြန်စွာ ချီတက်သွားကြပြီ။ ရွှေနန်းတော် သည် သူတို့နောက်၌ ကျန်ခဲ့ပြီ။ စစ်မြေပြင်သာ သူတို့ရှေ့၌ ရှိနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



တောင်တန်း တောင်စွန်းများသို့ လင်းအရုဏ်၏ ရောင်ခြည်တန်းကလေးများ မကျရောက်မီပင် ရှားဘုရင်နှင့် ရဲမက်ဗိုလ်ပါတို့သည် မြို့တော်နှင့် အလှမ်းဝေးသော နေရာသို့ ရောက်သွားကြလေသည်။ လမ်းပေါ်၌ရပ်လျက် စစ်ထွက်သူတို့ကို ငေးမောကြည့်ရှုနေကြသူတို့သည် အဝေးမှ မိုးချုန်းသံများ ကြားရဘိအလား စစ်ဘင်ခရာသံများကို ကြားနေရလေသည်။ ထို့နောက် အသံဗလံများသည် တစ်စတစ်စ တိုး၍ တိုး၍ သွားသည်။ နောက်ဆုံး ဘာသံမှ မကြားရတော့ပေ။

◆

www.burmeseclassic.com

www.burmeseclassic.com

# ( ၇ )

ရှားဘုရင် စိုးရွံ့သည့်အတိုင်းပင် လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားများသည် ဘုရင့်မျက်ကွယ်၌ ပို၍သောင်းကျန်းလာကြသည်။ သို့ရာတွင် နန်းရင်းဝန် နိုင်ဇမ်အမျိုးပြုသော မှူးမတ်များကလည်း အလစ်မပေး၊ ထိရောက်စွာ ချေမှုန်းသည်၊ ရက်သတ္တလေးပတ်အတွင်း လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသား ၆-ယောက်ကို လက်ရဖမ်းမိကာ ကွပ်မျက်နိုင်ခဲ့သည်။

တစ်နေ့တွင် နိုင်ဇမ်နှင့် ဟာစာနီတို့သည် မျှော်စင်ထိပ်ရှိ အိုမာ့အခန်းသို့ အလည်သွားကြသည်။ ယင်းသို့သွားကြရာမှ နိုင်ဇမ်က "ဒီနေ့ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားနှစ်ယောက် ထပ်မိသေးတယ်။ ငါဒီကို လာခါနီးမှာပဲ သူတို့နှစ်ယောက်ကို ကွပ်မျက်ဖို့ အမိန့်စီရင်ချက် ချခဲ့ရသေးတယ်"

"ဥပဒေကို မင်းက အတိအကျ လိုက်နာလွန်းတယ်လို့ ငါထင်တယ် နိုင်ဇမ်"ဟာစာနီက မှတ်ချက်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ငါ့တာဝန်ပဲကွာ၊ ရှားဘုရင်နဲ့ အမိ ပါရှားနိုင်ငံအတွက် ဆောင်ရွက်ရတာပဲ" နိုင်ဇမ်က ပြန်ပြောသည်။

"ငါ့သဘောကတော့ အခုလို သူတို့ကို ဖမ်းမိလိုက်၊ သတ်လိုက်နဲ့ လုပ်နေတာ ထိရောက်တယ်မထင်ဘူး။ တကယ်လို့ သူတို့ ဘယ်ကလာကြတယ်၊ သူတို့ကို ဘယ်သူက စေလွှတ်နေတယ်ဆိုတာသာ သိအောင် စုံစမ်းနိုင်မယ်ဆိုရင် သူတို့ရန်ကို ထိထိရောက်ရောက် ကာကွယ်နိုင်မယ် ထင်တယ်" အိုမာက သင်္ချာတစ်ပုဒ်ကို တွက်ချက်နေရာမှ လှမ်းပြောလိုက်သည်။

"ဖြစ်နိုင်ပါ့မလားကွ" ဟာစာနီက မေးလိုက်သည်။

"ဖြစ်နိုင်တယ်လို့တော့ ငါယုံကြည်တာပဲကွ"

အိုမာခယမ်က ပြန်ပြောသည်။

အိုမာ၏ အကြံပေးချက်ကို နိုင်ဇမ်က နှစ်သက် သဘောကျသွားသည်။ သို့ရာတွင် သူသည် ထိုကိစ္စကို ဆက်လက်မဆွေးနွေးနိုင်၊ အခြားအရေးကြီးသော နန်းတွင်း အစည်းအဝေးတစ်ခုကို တက်ရောက်ရန်ရှိသဖြင့် ထိုနေရာမှ ထွက်ခွာသွားရသည်။

ကျွန်မကလေး ယဖားသည် အခန်းထောင့် တစ်နေရာတွင် ထိုင်နေရာမှ နိုင်ဇမ်အတွက် တံခါးလာဖွင့်ပေးသည်။ ဟာစာနီသည် ယဖားကို မြင်သောအခါ မမှိတ်မသုန် စူးစိုက်ကြည့်သည်။ သူ့အား ဟာစာနီက စူးစိုက်ကြည့်နေသည်ကို ယဖားက ကောင်းစွာသိရှိသည်။ သို့သိရှိရာမှ စိတ်တွင်း၌ ဟာစာနီအပေါ် မနှစ်မသက် ဖြစ်နေသည်။ သို့ဖြင့် ချက်ချင်းပင် သူသည် တံခါးပြန်ပိတ်ပြီး မူလနေရာသို့ သွားရောက် ထိုင်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဟာစာနီက ယဖားကို စူးစိုက်ကြည့်မြဲကြည့်နေသည်။ ထို့နောက် သူက အိုမာ့အား ပြောင်ဖွင့်ပြောပြသည်။ "အိုမာ- မင်းကျွန်မကလေးကို ငါ သဘောကျတယ်ဟေ့၊ သူ့မှာ တစ်ခုခု ထူးခြားချက်ရှိတယ်လို့ ထင်တယ်၊ ငါ့ကို ပြန်ရောင်းကွာ"

ဤစကားကို ကြားရသောအခါ ယဖားသည် စိုးရိမ်ထိတ်လန့်သွားသည်။

"ငါ့ကိုပြန်ရောင်းကွာ၊ တန်ဖိုးဘယ်လောက်ထားမလဲ ငါပေးပါ့မယ်။ သူ့ကိုသာ ငါ့ပေးမယ်ဆိုရင် ငါက မင်းကို သူ့အစား ကျွန်မကလေးသုံးယောက်ပြန်ပေးမယ်။ ဂရိမလေးနှစ်ယောက်နဲ့၊ အင်မတန်ချောမောလှပတဲ့ အီဂျစ်မလေးတစ်ယောက် ဒီကနေ့ မနက်ပဲ ကျွန်ကုန်သည်တွေလက်ထဲ ရောက်လာတာတွေ့ရတယ်။ မင်းကောင်မလေးအစား သူတို့သုံးယောက်ကို ငါပြန်ပေးမယ်လေ၊ ဘယ်နှယ့်လဲ အိုမာ"

အိုမာခယမ်က ရုတ်တရက် ဘာမျှပြန်မပြော၊ ဟာစာနီကိုသာ စူးစိုက်ကြည့်နေသည်။ ထို့နောက်မှသူက "ယဖားဟာ ငါ့အပေါ် အလွန်သစ္စာရှိတဲ့ မိန်းကလေးကွယ့်"ဟု ညင်သာစွာ ပြန်ပြောလေသည်။

"အေးလေ- စောင့်ကြည့်ရသေးတာပေါ့ကွာ။ တော်ကြာ မင်း- ဒီကောင်မလေးကို ငြီးငွေ့သွားမှာပါ။ တစ်နေ့နေ့မှာ မင်း အလိုရှိတာ တစ်ခုခုပေါ်လာမှာပါ။ ဒီတော့ ဒီကောင်မလေးနဲ့ လဲကြသေးတာပေါ့နော်"

ယင်းသို့ ပြောကာ ဟာစာနီသည် နေရာမှထပြီး အခန်းထဲမှ ထွက်ခွာသွားသည်။

ယဖားသည် ဟာစာနီ ထွက်ခွာသွားသည်ကို ငဲ့စောင်း၍သာ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေသည်။ နေရာမှလည်း လုံးဝမထ၊ တံခါးလည်း လာမဖွင့်ပေးပေ။ ဟာစာနီထွက်သွားပြီး ခြေသံများ ပျောက်ကွယ်သွားသောအခါမှ ယဖား သည် နေရာမှထလျက် အိုမာ့ထံပါးသို့ သွားသည်။ အိုမာ့အနီးတွင် ဒူးထောက်ထိုင်ကာ တီးတိုးပြောကြားသည်။

"သခင်ပြောတဲ့ စကားတွေ ကျွန်မအကုန်ကြားရပါတယ်။ လျှို့ဝှက်ဂိုဏ်းသားတွေနဲ့ ပတ်သက်လို့ ကျွန်မ သိထားတာတစ်ခု ပြောပါ ရစေ။ မြို့ပြင်က ဂူတစ်ခုထဲမှာ လူတစ်ယောက် ရှိပါတယ်။ တစ်ခါက သူဟာ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတစ်ယောက်ပဲ။ အခုပဲ ဒီဂိုဏ်းကို မနှစ်သက်တော့တာနဲ့ အသင်းထဲက ထွက်ပြေးပြီး ဂူထဲမှာ ပုန်းနေပါတယ်။ မပုန်းရင်လဲ အသတ်ခံရမှာပဲ။ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းနဲ့ ပတ်သက်ပြီး သူအားလုံး သိပါတယ်"

အိုမာက ယဖားကို စူးစိုက်ကြည့်နေသည်။ ယဖားက ပြောလက်စ စကားကို ဆက်၍ ပြောပြန်သည်။

"ကျွန်မ မိတ်ဆွေ၊ ကျွန်မကလေး တစ်ယောက်က ပြောပြလို့ သူ့အကြောင်းကို သိရတာပါ။ သူ့နာမည်က ယူဆွတ်လို့ ခေါ်ပါတယ်။ ကျွန်မမိတ်ဆွေက သူ့အတွက် အစားအစာ အမြဲသွားပို့ပါတယ်"

"ဒီအကြောင်းတွေ အရင်က ဘာကြောင့် ငါ့ကို ပြောမပြသလဲ။ တားတတ်သခင် အသတ်ခံရပြီးပြီးချင်း ပြောပြဖို့သင့်တာကွယ့်" အိုမာက ပြောသည်။

"ကျွန်မကလေး တစ်ယောက်အဖို့ သူ့ သခင်ကို စကားပြော ရတာ မလွယ်ပါဘူး သခင်၊ သခင်အလိုမကျရင် စကားပြောတဲ့အတွက် အပြစ်ဒဏ် ပေးခံရတတ်ပါတယ်။ ဒါပေမယ့် အခု သခင်အပြစ်ပေးရင်



www.burmeseclassic.com

www.burmeseclassic.com



ပေးပါစေ၊ ကျွန်မပြောပြပါမယ်။ ဒီလိုပြောပြတာကလဲ သခင်က ကျွန်မကို စောင့်ရှောက်လို့ပါပဲ။ ဒါတွင် မကဘူး၊ ဟာစာနီလက်ကို ဝကွက်မအပ်လို့ပါဘဲ။ ကျွန်မကို ဟာစာနီ စူးစူးရဲရဲကြည့်တာ ကျွန်မ သိပါတယ်။ ဟာစာနီအကြည့်မှာ သူ့ရဲ့ လိုအင်ဆန္ဒတွေ အပြည့်အဝပါနေတာကိုလဲ ရိပ်မိပါတယ်။ ကျွန်မကိုယ်ခန္ဓာကိုသာ ဟာစာနီက လိုချင်တာပါ။ ကျွန်မကို သူ့လက်ထဲ မထည့်လိုက်တာ သခင့်ကို ကျေးဇူးတင်မဆုံးပါဘူး။ ကျေးဇူးပေးဆပ်တဲ့အနေနဲ့လဲ အခု စကားတွေ ပြောရတာပါ”

“မစိုးရိမ်ပါနဲ့ ယဖားရယ်၊ မင်းကို ငါ ဘယ်တော့မှ ရောင်းမပစ်ပါဘူး” အိုမာက ယင်းသို့ ပြောရာမှ ယဖား၏ ဦးခေါင်းမှ ဆံပင်ကလေးများကို လက်ဖြင့်သပ်ပေးကာ “ဘယ်တော့မှ ဟာစာနီလက်ထဲ မင်းကို ငါမထည့်ပါဘူးကွယ်”ဟု ပြောလိုက်လေသည်။

ယဖားသည် အိုမာ၏ ဒူးပေါ်တွင် သူ့ဦးခေါင်းကို မှီတင်ထားလိုက်သည်။ အချိန်အတန်ကြာအောင်ပင် သူသည် စကားမပြော၊ ငြိမ်ဆိတ်နေသည်။ ထို့နောက် အိုမာ့မျက်လုံးအစုံကို စူးစိုက်ကြည့်လျက် သူ့လက်ကလေးများဖြင့် အိုမာ့လက်မောင်း၌ ဆွဲထားသော ဆွဲကြိုးကို ကိုင်တွယ်ပွတ်သပ်နေသည်။ ထို့နောက် တတွတ်တွတ် ပြောဆိုပြန်သည်။ သူ့စကားများမှာ ပွင့်လင်းသည်။ ရိုးသားသည်။ စင်ကြယ်သည်။

“သခင် ကျွန်မရဲ့ ကိုယ်စိတ်နှစ်ပါးစလုံးကို သခင်ပိုင်ဆိုင်တဲ့အချိန် ကစပြီး သခင်ဟာ ကျွန်မရဲ့ အရှင်သခင်ဘဝကို ရောက်ခဲ့ပါတယ်။ သခင်တွေဟာ သူတို့ရဲ့ ကျေးကျွန်မကလေးတွေကို မကြာခဏ လက်ထပ်ယူတတ်ကြပါတယ်။ ဒါပေမယ့် ကျွန်မပြောလိုတာက ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ကို သခင်လက်ထပ်ယူဖို့ မဟုတ်ပါဘူး။ သခင့်အတွက် ပြောတာပါ။ တစ်ခါက သခင်အိပ်ပျော်နေတုန်း သခင့်ဆွဲကြိုးကို ကျွန်မ ခဏယူပြီး လည်မှာဆွဲကြည့်ပါတယ်။ အလွန်လှပ တန်ဖိုးထိုက်တဲ့ ဆွဲကြိုးပါပဲ။ ဒီဆွဲကြိုး ကိုသာ ကျွန်မလည်မှာ ဆွဲထားမယ်ဆိုရင် လူတွေက ထင်ကြမှာပဲ။ သခင် ကျွန်မကို လက်ထပ်ယူလိမ့်မယ်လို့” ယဖားက ခေတ္တရပ်နားကာ ဆက်ပြောပြန်သည်။

“အဲဒီအခါ သခင့်အသည်းနှလုံးဟာ ရွှေနန်းတော်က ချစ်သူဆီ ရောက်နေတယ်လို့ လူတကာ အတင်းပြော ကဲ့ရဲ့ခြင်း ခံရတဲ့ ဘဝက ကင်းလွတ်ပါလိမ့်မယ်”

ဤစကားကို ကြားရသောအခါ အိုမာခယမ်သည် မျက်မှောင် ကြုတ်သွားသည်။ ယဖားက စကားမရပ်၊ ဆက်ပြောပြန်သည်။

“ကျွန်မတို့ ကျေးကျွန်တွေဟာ သတင်းမျိုးစုံ ကြားရပါတယ် သခင်၊ နန်းတွင်းက မိန်းမတွေ စကားတီးတိုး ပြောနေတာကို ကျွန်မ မြင်တွေ့ရင် အသာရပ်နားပြီး သူတို့ဘာတွေ ပြောတယ်ဆိုတာ ကျွန်မ နားထောင်ခဲ့ပါတယ်။ မကြာခဏ ဆိုသလို ကျွန်မဟာ နန်းတွင်းရေချိုး ဆောင်တွေသွားပြီး မိဖုရား မောင်းမတွေ ဘယ်လိုရေကစားကြတယ်၊ အစေခံတွေက သူတို့ကို အမွှေးနံ့သာတွေ ဘယ်လို လိမ်းကျံပေးကြတယ်၊ သူတို့ဆံပင်ကို ဘယ်လိုဖီးသင် တန်ဆာဆင်ပေးကြတယ်ဆိုတာ ကြည့်ရှုပါတယ်။ မနေ့က အဲဒီနေရာကို ကျွန်မရောက်သွားတော့ ဟို- အသားဖြူဖြူ ဝဝ တုတ်တုတ် မောင်းမတစ်ယောက်ကို လက်ထပ်ထိမ်းမြားပေးဖို့ ပြောနေတာ ကြားရပါတယ်။ ရှားဘုရင်မင်းမြတ်က အဲဒီ မောင်းမကို နန်းတွင်းက အဆင့်အတန်းမြင့်သူ တစ်ယောက်ယောက်နဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



ထိမ်းမြားခွင့် ပေးလိုက်ပါတယ်။ အဲဒါကို မိဖုရား ဇရဒါက ‘အိုမာခယမ်နဲ့ လက်ထပ်ထိမ်းမြားပေးရရင် မသင့်ပေဘူးလား’လို့ အခြား မိဖုရားတွေကို သွေးတိုးစမ်း မေးမြန်းပါတယ်။ ချက်ချင်းပဲ မိဖုရားကလေး ရှုရိန်က ‘အိုမာခယမ်မှာ တန်ဖိုးကြေးကြီးကြီး ပေးဝယ်ထားတဲ့ ကျွန်မကလေး တစ်ယောက်ရှိပြီးဟာပဲ၊ ဇနီးမိန်းမ မလိုတော့ပါဘူး’လို့ ဝင်ပြောပါတယ်၊ ဒီတော့ မိဖုရားဇရဒါက ‘ကျေးကျွန်မ ထက်စာရင် ဇနီးမိန်းမက ပိုကောင်းတာပေါ့’လို့ ပြောပါတယ်။ ဒီတော့ မိဖုရား တစ်ယောက်က ‘ဇနီးမိန်းမတွေ စွမ်းဆောင်နိုင်တဲ့ အရာဟူသမျှ ကျေးကျွန်မတွေကလဲ စွမ်းဆောင်နိုင်ပါသကော’လို့ ဝင်ပြောပါတယ်။ သည်လိုပြောတဲ့အခါ အချို့က ရယ်မောကြတယ်။ အချို့ကတော့ ရေကန်ထဲ ဆင်းသွားပြီး တစ်ဦးနဲ့ တစ်ဦး ရေပက်ကစားကြပါတယ်”

အိုမာ ဘာစကားမှ ပြန်မပြော၊ ငြိမ်သက်စွာ နားထောင်နေသည်။ ယဖား၏ စကားများကြောင့် သူ့ရင်မှာ လေးလံနေသည်။ ယဖားက ဆက်၍ စကားဆိုရာ အိုမာက သေချာစွာ စူးစိုက် နားထောင်နေသည်။

“မိဖုရား ဇရဒါက အရာရာကို သိသလို ဟန်ဆောင်လေ့ ရှိတယ်၊ နောက်ပြီး တစ်ဖက်သားအပေါ် ကြင်နာခြင်းလဲ မရှိဘူး။ ဒါကြောင့် ရေချိုးဆောင်က အပျိုတော်တွေဟာ သူ့ကို လုံးဝ မနှစ်သက်ကြဘူး၊ တစ်နေ့က အပျိုတော်ထိန်း တစ်ယောက်က ပြောတယ်၊ ‘ရှားဘုရင်မင်းမြတ် စစ်မြေပြင်က ပြန်ရောက်တော်မူလာတဲ့အခါ နန်းတွင်းမှာ အပြောင်းအလဲ ရှိလိမ့်မယ်’တဲ့၊ ဒီစကားကို မိဖုရား ဇရဒါကြားတော့ ‘ဘုရင်ပြန်ရောက်တော်မူသည် ဖြစ်စေ၊ ပြန်မရောက်သည် ဖြစ်စေ၊



www.burmeseclassic.com

www.burmeseclassic.com



အပြောင်းအလဲကတော့ ရှိမှာအေ့၊ ညဉ်းတို့ ငါ့ကို မိဖုရားအဖြစ်မဟုတ်ဘဲ ခါဇာမျိုးနွယ် ဘုရင်မအဖြစ် တစ်ထီးတစ်နန်း အုပ်စိုးနေပြီး တစ်ကမ္ဘာလုံးက 'ငါ့ထံ လက်ဆောင်ပဏ္ဏာတွေ ဆက်သတာ တစ်နေ့မြင်ရလိမ့်မယ် သိကြလား'လို့ ပြန်ပြောပါတယ်။ ဒီလိုပြောတဲ့အခါ သူ့အသံက မာကျော ပြီး ခြိမ်းခြောက်တဲ့ လေသံပါနေပါတယ်။ သူ့စကား ကြားရသူတွေဟာ သူ ဘာကို ရည်ရွယ်ပြောမှန်း မသိကြတာနဲ့ တစ်ဦးမျက်နှာ တစ်ဦး ကြောင် ကြည့်နေကြတယ်။ အားလုံးပဲ သူ့ကိုမနှစ်သက် မလိုလားကြပါဘူး။ ဒါပေမယ့် သူ့ကို နှစ်သက်လိုလားသူ တစ်ဦးတော့ ရှိနေပါတယ်။ သူက တခြားသူ မဟုတ်ပါဘူး။ သခင်ရဲ့ သူငယ်ချင်း ဟာစာနီနဲ့ မိဖုရား ဇရဒါတို့ စကားအတူပြောပြောနေတာကို ကျွန်မ မကြာခဏ တွေ့ရပါတယ်။ နောက်ပြီး. . ."

ယဖားရှေ့ဆက်ပြောမည့် နန်းတွင်းသတင်းစကား အတင်းအဖျင်းများကို အိုမာခယမ်သည် စိတ်မဝင်စားတော့။ ယဖား မိတ်ဆွေက ပြောထားသည့် လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားပောင်းအကြောင်းကိုသာ စိတ်ဝင်စားနေသည်။ ထို့ကြောင့် သူက ယဖား၏ စကားစကို ဖြတ်လိုက်ကာ. . .

"ဟဲ့ ယဖား၊ အသက်ဘေးစိုးရိမ်ပြီး ဂူထဲမှာ ပုန်းနေတဲ့ လူအကြောင်း ငါ့ကိုပြောပြစမ်းပါ။ သူ့နာမည်က ယူဆွတ်ဆို၊ ဟုတ်စ"

"ဟုတ်ပါတယ် သခင်"

"သူ့ဆီကို အစားအစာ သွားသွားပို့တဲ့ ကျွန်မလေး အမည်ကကော ဘယ်လိုခေါ်တုန်း"

"လီလလို့ ခေါ်ပါတယ် သခင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် သူက ဒီလူ့ဆီ ဒုက္ခခံပြီး အစားအစာတွေ ပို့နေရသတုန်း"

"ဒါကတော့ လီလက ဒီလူကို ချစ်တာကိုး သခင်ရဲ့"

"ဒီလူဆီကိုနေ့တိုင်းပဲ လီလသွားသလား"

"အခွင့်သာရင် ညဘက်တိုင်း သူသွားတာပဲ၊ ဂူက တောင်ကုန်းတွေကြားမှာ ရှိတယ်။ ဒီညတောင် သူသွားဦးမှာ။ တကယ်လို့ သခင်လိုက်ချင်သပဆိုရင် လီလက ခေါ်သွားနိုင်ပါတယ်. . . "

"ဒီည ခေါ်သွားနိုင်ပါ့မလား"

"ခေါ်နိုင်တာပေါ့ သခင်"

ထိုနေ့ညနေ နေလုံးပျောက်၍ အမှောင်သန်းချိန်တွင် လီလသည် အိုမာခယမ်နှင့် ယဖားတို့ကို ဦးဆောင်လျက် မြို့လမ်းအသွယ်သွယ်ကို ဖြတ်သန်းသွားသည်။ လီလသည် အရပ်မြင့်၍ အရိုးအဆက်ကြီးခိုင်သည်။ သူ့၌ ကြီးမားသော မျက်လုံးများရှိသည်။ သူသည် အညိုရောင်အင်္ကျီကို ဝတ်ထားသည်။ သူ့အင်္ကျီမှာ ဟောင်းနွမ်းနေသည့်အပြင် အဖာရာများဖြင့် ပြည့်နှက်နေသည်။ သူသည် အဝတ်ဖြင့် ထုပ်ထားသော အစာထုပ်ကလေးကို လက်တွင် ကိုင်ဆောင်လာသည်။

သူတို့သည် မြို့တံခါးကို ကျော်လွန်ပြီးသောအခါ တောလမ်းကလေးသို့ ရောက်လာကြသည်။ တစ်ဖန် တောလမ်းကလေးကို ဖြတ်ကျော်ပြီးသောအခါ ကြမ်းထော်သော တောင်ကုန်း တောင်စောင်းများသို့သွားရာ လမ်းကြားကလေးကိုရောက်လာကြသည်။ ထိုလမ်းကြားကလေးအတိုင်း လျှောက်လာရာတွင် မကြာမီ သစ်ပင်စေးချုံ ထူထပ်သော နေရာတစ်ခုသို့ ရောက်ကာ ဂူဝတစ်ခုသို့ ဆိုက်ရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် လီလက အသံပြုလိုက်သည်။ တစ်စုံတစ်ယောက်က အမှောင်ထဲမှ ပြန်၍ထူးသည်။

"ယူဆွတ်၊ ကျွန်မနဲ့အတူ မိတ်ဆွေတွေ ပါလာတယ်။ ယုံကြည်စိတ်ချရတဲ့ မိတ်ဆွေတွေပါ" လီလက လှမ်း၍ပြောလိုက်သည်။

ယင်းသို့ပြောပြီး လီလသည် အိုမာနှင့် ယဖားတို့ကို မဲမှောင်နေသော ဂူတွင်းသို့ ခေါ်သွားသည်။ သူတို့ ၃-ဦး ဂူထဲသို့ တစ်ဆစ်ချိုးဝင်မိသောအခါ မီးရောင် မှိတ်တုတ်မှိတ်တုတ်နှင့် မီးအိမ်တစ်အိမ်ကို တွေ့ရသည်။ ထို မီးအိမ်အနီး၌ကား ယူဆွတ်သည် ထိုင်လျက်ရှိသည်။ သူသည် အဝါရောင် ဝတ်ရုံကြီးကို ဝတ်ဆင်ထားသည်။ ဝတ်ရုံအစကို ပခုံးပေါ်၌ ခေါက်တင်ချထားသည်။ ဝတ်ရုံမှာ ဟောင်းနွမ်း၍ စုတ်ပြဲနေပြီ။ သူ့ဆံပင်တို့မှာ ရှည်လျားလျက်၊ သူ့လက်မှာ အရိုးများ ငေါထွက်နေသည်။ သူ့မျက်နှာသည် မွတ်သိပ်ခြင်းကို ဆောင်နေသည်။ သူ့မျက်လုံးအစုံသည် တစ်စုံတစ်ရာကို သနားစဖွယ် တောင့်တနေဘိအလားရှိနေသည်။

သူ့အနီးသို့ အိုမာ၊ ယဖား၊ လီလတို့ ၃-ယောက်သား တိုးကပ်သွားသည်။ ထို့နောက် သူ့ဘေး၌ ဝိုင်းထိုင်ကြသည်။

"ယူဆွတ်၊ ဒီ မိတ်ဆွေတွေက ရှင့်ကို ကယ်မလို့လာတာပါ၊ အကြောင်းစုံ ပြောပြလိုက်နော်" လီလက ယူဆွတ်ကို ပြောသည်။

ယူဆွတ်သည် အိုမာခယမ်ကို ငြိမ်သက်စွာ စိုက်ကြည့်နေသည်။ ထို့နောက် ဖြေးလေးစွာ စကားစပြောသည်။

"မိတ်ဆွေတို့မြင်တဲ့ အတိုင်းပါပဲ၊ ကျုပ်ဘဝဟာ ပျက်စီးနေပါပြီဗျာ။ အရင်က ကျုပ်ဟာ ငွေပန်းထိမ်ဆရာ တစ်ယောက်ပါ။ အခြားဒေသ



www.burmeseclassic.com

www.burmeseclassic.com



က ငွေပန်းထိမ်ဆရာလောက် အရည်အသွေး၊ မညံ့ခဲ့ပါဘူး။ အများရဲ့ လေးစားခြင်း၊ ချီးကျူးခြင်းခံခဲ့ရပါတယ်။ အခြားသူတွေ နည်းတူ ပျော်ရွှင်ချမ်းမြေ့စွာနဲ့ လောကရဲ့ ကောင်းမြတ်တဲ့ အရာတို့ကို ခံစားခဲ့ရပါတယ်။ အခုတော့ ကြည့်စမ်းပါဗျာ။ မှောင်မဲလှတဲ့ ဂူကြီးဟာ ကျုပ်အိမ်ဖြစ်နေပြီ။ အမှောင်ဟာ ကျုပ်ကို ကာဆီးထားပြီး၊ တိရစ္ဆာန် တစ်ကောင်လို ကျုပ်ဟာ ချောက်လှန့်ခြင်း ခံနေရတဲ့ ဘဝကို ရောက်နေပြီလေ။ ဒီဘဝမျိုးရောက်အောင်. . . ”

ယင်းသို့ပြောရာမှ ယူဆွတ်သည် ဂူ၏ ကျောက်ကြားမှ အရိုးနီ တပ်ထားသော ဓားမြှောင်တစ်လက်ကို ဆွဲထုတ်လိုက်သည်။ ထို့နောက် မီးအိမ်တင်ထားသော ပျဉ်ပြားပေါ်သို့ ယင်း ဓားမြှောင်ကို ထိုးစိုက်လိုက်သည်။

“ကျုပ် ဒီဘဝရောက်ရတာ ဟောဒါကြောင့်ပဲ” ယူဆွတ်က စိတ်နာကျည်းဟန်ဖြင့် ပြောသည်။

ထို့နောက် သူ့အသည်းနှလုံး၌ ရှည်ကြာစွာ မျိုသိပ်ထားရသော စကားတို့ကို စမ်းရေများ တသွင်သွင် စီးကျနေဘိအလား တတွတ်တွတ်ဖွင့်အန်ပြောပြသည်။ သူသည် သူ့ဘဝနှင့် သူ့အဖြစ်အပျက်တို့ကို ပြောပြသည်။ ယင်းသို့ပြောရာ၌ သူ၏ လူငယ်ဘဝနှင့် ငွေပန်းထိမ်သည် ဘဝကိုလည်း ပြောပြသည်။ သူ့လုပ်ငန်းဆောင်တာများကိုလည်း ပြောပြသည်။ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားဘဝသို့ သူ မည်သို့မည်ပုံ ရောက်ခဲ့ရပုံကိုလည်း ပြောပြသည်။ မကောင်းသောမိတ်ဆွေများကြောင့်၎င်း၊ အာဏာနှင့် တန်ခိုးကို မက်မောမိ၍၎င်း၊ ကောင်းကင်ဘုံသို့ ရောက်လိုလှ၍၎င်း လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသို့ ဝင်ရောက်မိပုံကို အစအဆုံး



www.burmeseclassic.com

www.burmeseclassic.com



ပြောပြသည်။

ယင်းသို့ ပြောပြရာမှ ယူဆွတ်က "ကျုပ်တို့ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ဖြစ်သူ ကြီးမြတ်သော အနွယ်တော်ဝင်ဟာ ကမ္ဘာကြီး တစ်ခုလုံးကို တစ်နေ့ မုချ အုပ်စိုးရမယ်လို့ ကျုပ်တို့ကို ပြောထားတယ်။ ဒါကလဲ ဘုရားသခင်ရဲ့ ဗျာဒိတ်တော်လို့လဲ ပြောပြန်တယ်။ ဒါနဲ့ ကျုပ်တို့ဟာ အထက်က အမိန့်ပေးတဲ့အတိုင်း နေရာဒေသအနှံ့၊ တိုင်းနိုင်ငံအနှံ့သွားပြီး ကျုပ်တို့ ဂိုဏ်းချုပ်ရဲ့ လမ်းခရီးမှာ အတားအဆီး ဖြစ်နေတယ်လို့ သတ်မှတ်ခြင်း ခံရသူများကို သုတ်သင်ရှင်းလင်း ပေးရတယ်။ ကျုပ်တို့အားလုံး ဆေးခြောက်တစ်မျိုး စားရပြီး စိတ်တွေရူးသလို နှမ်းသလိုဖြစ်တုန်း အထက်က စေခိုင်းခြင်းဟူသမျှကို လုပ်ဖို့ နာခံရတယ်။ တကယ်လို့ စေခိုင်းတာကို မနာခံရင်လဲ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်ရတယ်။ ဒါမှမဟုတ် အသတ်ခံ ရတော့တာပဲ။ ကျုပ်ဟာ အမှားတွေကို မြင်လာတဲ့ တစ်နေ့မှာ အထက်က အမိန့်ကို မနာခံဘဲ ငြင်းဆန်ခဲ့တယ်။ ငြင်းဆန်တဲ့အတွက် အသက်နဲ့ ကိုယ် အိုးစားကွဲဖို့ပဲ။ ဒါပေမယ့် အံ့ဩဖွယ် ကောင်းလောက်အောင် ဘေးရန်က လွတ်မြောက်လာခဲ့တယ်။ လွတ်မြောက်တယ် ဆိုပေမယ့် ခြိမ်းခြောက်ခံနေရပြီး အခုလို အမှောင်ကို အိမ်လုပ်နေရပြန်တယ်"

"ယူဆွတ် လျှို့ဝှက်ဂိုဏ်းရဲ့ ဂိုဏ်းချုပ်ကြီးဖြစ်တဲ့ ကြီးမြတ်သော အနွယ်တော်ဝင်ဆိုတာ ဘယ်မှာနေလဲ၊ ဂိုဏ်းသားတွေ ဘယ်အရပ် ဘယ်ဒေသက လာကြသလဲ၊ ပြောပြပါလား" အိုမာက သိချင်ဇောဖြင့် မေးသည်။

"လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေဟာ သူတို့ဂိုဏ်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ဌာနခွဲတွေကို ဆီးရီးယားနဲ့ ကာဒစ်စတန်နိုင်ငံမှာ အများအပြား တည်ထောင်ထားတယ်။ ဂိုဏ်းချုပ်ကြီးနေတဲ့ ဌာနချုပ်ကတော့ အလာမွတ်မှာရှိတယ်။ အလာမွတ်ဟာ မြောက်ဘက်တောင်တန်းမှာရှိတဲ့ ကျောက်ဆောင်ခံတပ်ကြီးပဲ။ နှစ်ပေါင်းထောင်ပေါင်းများစွာ ကတည်းကပဲ ဒီ ခံတပ်ကြီးဟာ ရှိနေတယ်။ မူလအစက ဒီ ခံတပ်ကြီးကို တည်ဆောက်တဲ့ သူဟာ ဧကရာဇ် ထရာဂျန်ပဲ။ ရောမ အင်ပါယာရဲ့ အရှေ့ နယ်နိမိတ်အဖြစ် တစ်ရာစုနှစ်မှာ တည်ဆောက်ခဲ့တာပဲ၊ အခု ဒီအလာမွတ် ခံတပ်ကြီးကို ဝင်သွားသူမှန်သမျှဟာ ပြန်ထွက်လာတဲ့အခါ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားအဖြစ် ပြန်ထွက်လာရတာပဲ။ ဒီလိုမှ မဟုတ်ရင် သွားလမ်းသာ ရှိပြီး ပြန်လမ်းမရှိ ဖြစ်ရတာပဲ၊ ဒီ ခံတပ်နေရာကို ခရီးသည်တွေ အမှတ်မထင် ရောက်သွားရင်လဲ တစ်ခါထဲ အသတ်ခံ ရတာပဲ၊ သူတို့ နေရာကို သူစိမ်းဆိုလို့ ဘယ်သူမှ မမှတ်မိ မသိရှိစေရဘူး”

ယူဆွတ်က စကားပြောရပ်လိုက်သည်။ အိုမာခယမ်က တစ်စုံတစ်ရာကို မေးမြန်းချင်နေပုံ ရသည်။ ထို့ကြောင့် ယူဆွတ်က သူ့စကားကို ရပ်လိုက်ခြင်း ဖြစ်သည်။ သို့ရာတွင် အိုမာက ဆုတ်ဆုတ်ဆိုင်းဆိုင်း ဖြစ်နေသည်။ နောက်ဆုံးတွင်မူ အိုမာက မေးလိုက်သည်။

“ဒီနေရာကို တကယ်လို့ ရှားဘုရင်ရဲ့ နက္ခတ္တဗေဒ ဆရာက ကြယ်တာရာတွေကို လေ့လာဖို့သွားမယ်ဆိုရင်ကော လျှို့ဝှက်ဂိုဏ်းသားတွေက ဝိုင်းသတ်ကြမှာလား”

“သတ်ကြမှာပေါ့၊ သတ်တဲ့အခါ သူ့ကိုယ်ကို ၇-ပိုင်း ပိုင်းပြီး သတ်ကြမှာပဲ။ ၇-ဂဏန်းဟာ သူတို့ရဲ့ လျှို့ဝှက်တဲ့ ဂဏန်းအမှတ်အသားပဲ။ ဘာပဲလုပ်လုပ် ၇-ဂဏန်းနဲ့ တွက်ချက်ပြီး လုပ်တယ်။ သူတို့ဟာ



www.burmeseclassic.com

www.burmeseclassic.com



စကား ၇-လုံးစီပါတဲ့ ဆောင်ပုဒ် ၇-ပုဒ်ကို ဦးထိပ်ထားကြတယ်။ မြင်တဲ့ အတိုင်းပါပဲ။ သူတို့ကိုင်ဆောင်တဲ့ ဓားမြှောင်တိုင်းက လက်ကိုင်ရိုးမှာ သံကွင်း ၇-ကွင်း တပ်ဆင်ထားပါတယ်” ယူဆွတ်က ယင်းသို့ပြောပြီးလျှင် သူ့ရှေ့ရှိ ဓားမြှောင်ကို မီးရောင်နှင့် ကပ်၍ပြသည်။ ထို့နောက် ဆက်၍ ပြောပြန်သည်မှာ-

“သူတို့လုပ်သမျှကို လျှို့ဝှက်တဲ့ အနက်အဓိပ္ပာယ် တစ်ခုခုတော့ သတ်မှတ်ထားတာပဲ။ ဓားမြှောင်က သံကွင်း ၇-ကွင်းဟာ သူတို့ဂိုဏ်းရဲ့ ပညတ်ချက် ၇-ချက်ကို ရည်ညွှန်းထားတာပဲ”

“နောက်ပြီး ဂိုဏ်းချုပ်ကြီးနဲ့ ဂိုဏ်းသားတွေ အစဉ်မြင်တွေ့တဲ့ သင်္ကေတမျိုး ဖြစ်အောင်လဲ စီစဉ်ထားပါတယ်။ သူ့မျက်နှာ ပုံပန်းသဏ္ဌာန်က . . .”

ယင်းသို့ပြောရာမှ ယူဆွတ်သည် မီးအိမ်ကိုယူ၍ ဓားမြှောင်အနီးတွင် ကပ်ထားလိုက်သည်။ ထိုအခါ ဓားမြှောင်လက်ကိုင်၏ အရိပ်သည် ဂူနံရံပေါ်၌ အထင်းသားပေါ်နေသည်။ ထိုအရိပ်သည် သာမန်ဓားမြှောင်လက်ကိုင်တစ်ခု၏ အရိပ်ပုံသဏ္ဌာန်မျိုး ဖြစ်နေသည်။

“အခုမြင်တဲ့ မျက်နှာပုံပန်းသဏ္ဌာန် အတိုင်းပဲ၊ ခေါင်းဆောင်ကြီးရဲ့ မျက်နှာဟာ-”

အိုမာခယမ်သည် အရိပ်ကို သေချာစွာ လေ့လာကြည့်ရှုသည်။ အိုမာအဖို့ ထိုအရိပ် မျက်နှာပုံသဏ္ဌာန်မျိုး တစ်နေရာရာတွင် မြင်ဘူးတွေ့ဘူးသလို ရှိနေသည်။

ထိုအတွင်း ယူဆွတ်သည် မှောင်မဲနေသည့် ဂူထောင့်တစ်နေရာသို့ ထသွားကာ အထုပ်တစ်ထုပ်ကို ယူလာသည်။ အထုပ်မှာ အဝတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ထုပ်ထားသော အထုပ်ဖြစ်သည်။ ယူဆွတ်သည် ထိုအထုပ်ကို တယုတယ ဖြေလိုက်သောအခါ ငွေဖလားတစ်လုံး ပေါ်လာသည်။ ငွေဖလားမှာ အနုပညာ လက်ရာမြောက်စွာ ထုလုပ်ထားသဖြင့် အလွန်လှပ တင့်တယ်သည်။

"ကျုပ်လက်ရာတွေထဲမှာ ဒါတစ်ခုပဲ ကျန်ပါတော့တယ်။ ယူဆွတ်က ယင်းသို့ပြောပြီး ငွေဖလားကို အိုမာတို့အား ဂုဏ်ယူစွာ ပြသသည်။

အိုမာသည် ငွေဖလားကို သေချာစွာ ကိုင်တွယ်ကြည့်ရှုကာ ချီးကျူးမဆုံး ဖြစ်နေသည်။ ယူဆွတ်၏ လက်ရာမှာ သိမ်မွေ့၍ အနုပညာ မြောက်လှသည်။ ဖလား၌ တန်ဆာဆင်ထားသော ခြူးပန်းခြူးနွယ်များမှာ မည်သူ့လက်ရာနှင့်မှ မတူ၊ ကိုယ်ပိုင်ဟန်ရှိသည်။

"ဒါကလေး တစ်ခုပဲ ကျန်ပါတော့တယ်ဗျာ" ယူဆွတ်က ထပ်၍ ပြောပြန်သည်။

"ဒါကိုသာ ရောင်းနိုင်မယ်ဆိုရင်. . ."

ယူဆွတ်က စကားမဆုံးမီ မနီးမဝေးရှိ အဝါရောင်တောင်ဝှေး တစ်ချောင်းကို လက်ညှိုးညွှန်ပြသည်။ တောင်ဝှေးထိပ်တွင် ခေါင်းလောင်းကလေးတစ်ခု ချိတ်ဆွဲထားသည်။

"ကျုပ်ဝတ်ရုံထားတဲ့ အဝါရောင်ဝတ်ရုံနဲ့ ဟောဒီတောင်ဝှေးနဲ့ သာဆိုရင် အများက ကျုပ်ကို အနာကြီးရောဂါသယ် တစ်ယောက်လို့ ထင်ကြမှာ ကျုပ်အနားကို ဘယ်သူမှ ကပ်ဝံ့ကြမှာ မဟုတ်ဘူး။ ဒီအခါမှ ကျုပ်လဲ ဂူထဲက အပြင်ကို ရဲရဲကြီးထွက်နိုင်ပြီး ပင်လယ်ကို အရောက်သွားနိုင်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ယူဆွတ်က ပြုံးရင်း လီလကို ငဲ့စောင်းကြည့်လိုက် ပြန်သည်။

"ဟောဒီ ငွေဖလားကို ရောင်းနိုင်မယ်ဆိုရင် ရွှေတွေရမှာ၊ ဒီ ရွှေစတွေနဲ့ လီလကို သူ့သခင်ထံက ပြန်ဝယ်ပြီး ကျုပ်နဲ့အတူ ခေါ်သွားမယ်။ ပင်လယ်ကိုသာ ဖြစ်ကျော်မိရင် လျှို့ဝှက်ဂိုဏ်းသားတွေရန်ကိုရော၊ ဟောဒီ ရန်ကိုရော စိုးရိမ်စရာ မရှိတော့ပါဘူး"

ယင်းသို့ပြောရင်း ယူဆွတ်က ဓားမြှောင်ကို လက်ညှိုးထိုးပြသည်။

အားလုံးငြိမ်သက်သွားကြသည်။ လီလသည် ယူဆွတ်အား သူ၏ ဝိုင်းစက်သော မျက်လုံးကျယ်ကြီးများဖြင့် စိုက်ကြည့်နေသည်။ ထို့နောက် သူသည် အိုမာ့ကို အသနားခံသော မျက်လုံးများဖြင့် ကြည့် ပြန်သည်။ သူတို့နှစ်ဦးကို အိုမာခယမ်မှတစ်ပါး မည်သူမှ မကယ်နိုင်ပြီ။

အိုမာက သူတို့နှစ်ဦးကို ကြင်နာစွာကြည့်လျက်-

"ယူဆွတ်၊ ခင်ဗျား ဘာမှ မစိုးရိမ်နဲ့၊ ခင်ဗျား ထံပါးကို လီလ နက်ဖန်အပြီးအပိုင် ရောက်လာစေရမယ်။ သူ လွတ်မြောက်ဖို့အရေး ကျုပ်တာဝန်ထားပါ။ အခုအပြန်မှာ ခင်ဗျား ငွေဖလားကို ကျုပ်ယူသွားပြီး ရောင်းပေးမယ်။ တစ်ခါ ရောင်းရတဲ့ ရွှေနဲ့ လီလ လွတ်မြောက်အောင် ဆောင်ကြဉ်းပေးမယ်။ ပိုတဲ့ရွှေကိုလဲ လီလ လက်ထဲထည့်လိုက်မယ်။ ဒါမှ ခင်ဗျားတို့ နှစ်ယောက်စလုံး ပင်လယ်ကို ချောချောမောမော ကူးဖြတ်နိုင်ကြမှာ"ဟု ပြောသည်။

အိုမာ့စကားကို ကြားရသောအခါ လီလသည် ကျေးဇူးတင်လှသဖြင့် အိုမာ့ရှေ့၌ ဒူးထောက်ကာ အိုမာ၏လက်ကို နမ်းရှုပ်သည်။ ထို့နောက် နေရာမှ ထ,ကာ ချစ်သူ ယူဆွတ်ထံပါးသွားလျက် ဝမ်းမြောက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာ ဖက်ယမ်းလေသည်။

× × ×

နောက်တစ်နေ့ နံနက်တွင် အိုမာခယမ်သည် ယူဆွတ်၏ ငွေဖလားကို နိုင်ဇမ်ထံ ယူသွားကာ ရောင်းချသည်။ နိုင်ဇမ်ကလည်း ရွှေစ ၄၀-တန်ဖိုးထား၍ ဝယ်ယူသည်။ ထိုအချိန်တွင် ဟာစာနီသည်လည်း သူတို့နှင့်အတူရှိသည်။ ဟာစာနီသည် ရွှေစတို့ကို ကူညီရေတွက်ပေးနေစဉ် အိုမာက သူစွန့်စားတွေ့ဆုံခဲ့သည်တို့ကို ပြန်လည်ပြောပြနေသည်။ ယင်းသို့ပြောရာ၌ လီလနှင့် ယူဆွတ်တို့၏ အမည်နာမများကိုဂင်း၊ သူတို့နှစ်ဦး မည်သည့်အရပ်တွင် ရှိနေကြသည်ကိုဂင်း အိုမာက လုံးဝ ဖွင့်မပြောပေ။

“ခါဇဝန်တောင်ကြားလမ်း အလွန်က မြင့်မားတဲ့တောင်ကြားနေရာမှာ ကျောက်တောင်ကြီး ရှိတယ်။ အဲဒီမှာ အလာမွတ်ခံတပ်ကြီးရှိပြီး အဲဒီခံတပ်ကြီးကို လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားများက ဌာနချုပ်လုပ်ထားတယ်။ ကောင်းကင်ဘုံကို မလွဲမသွေရောက်ရမယ်ဆိုတဲ့ ဝန်ခံစကားကိုယုံပြီး လူငယ်လူရွယ်ပေါင်းများစွာဟာ ဒီဌာနချုပ်ကို ရောက်လာကြတယ်။ ဒီမှာ သင်တန်းတက်ကြတယ်။ နောက် ဂိုဏ်းသားအဖြစ်ရောက်ပြီး ဒီကမှ နေရာဒေသအနှံ့သွားကြတော့တာပဲ”

အိုမာခယမ်က ယင်းသို့ပြောပြသောအခါ နိုင်ဇမ်က “ရှားဘုရင်မင်းမြတ်ရဲ့ တပ်တော်တွေဟာ အခုအချိန် ဒီနေရာနဲ့ မနီးမဝေးမှာရောက်နေတယ်။ ဒီက သတင်းပို့ပြီး ချီတက်တိုက်ခိုက်ခိုင်းရင် ဖြစ်နိုင်တာပေါ့” ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် အိုမာခယမ်က “ခံတပ်က လွှန်ခဲ့တဲ့နှစ်ပေါင်း တစ်ထောင်လောက်ကတည်းက အခိုင်အခန့်တည်ဆောက်ထားတာ၊ တပ်နဲ့နှိမ်နှင်းတိုက်ခိုက်ယူဖို့ဆိုတာ မလွယ်ဘူး နိုင်ဇမ်”ဟု ပြောသည်။ သို့ပြောပြီးသူသည် နိုင်ဇမ်ကို တစ်လှည့်၊ ရွှေစများကို ရေတွက်နေသော ဟာစာနီကိုတစ်လှည့် လှမ်းကြည့်ကာ “သူတို့အထဲကို တပ်အလုံးအရင်း မဝင်နိုင်ပေမယ့် တစ်ယောက်ထဲတော့ ဝင်နိုင်ပါတယ်။ ပြက္ခဒိန် အသစ်စီစဉ်ဖို့ကြယ်တာရာ နက္ခတ်တွေကို ငါလေ့လာနေတယ်ဆိုတာ လူတကာ သိကြပါတယ်။ ဒီလို လေ့လာနိုင်ဖို့အတွက်လဲ မြင့်မားတဲ့နေရာနဲ့ ကောင်းကင်ပြင်ကို သေသေချာချာ မြင်ရတဲ့နေရာလိုတာပဲ၊ ဒါတွေကို အကြောင်းပြပြီးဒီနေရာကို ငါသွားနိုင်မယ် ထင်တယ်”

အိုမာက ရွှေအိတ်ကို လှမ်းယူရင်း ဆက်ပြောပြန်သည်။ “ဟောဒီ ရွှေတွေကိုပေးပြီး ကျွန်မကလေး အမြန်ဆုံးလွတ်မြောက်အောင်ငါ ဆောင်ကြဉ်းပေးရမယ်။ နောက်ပြီး သူတို့နှစ်ယောက် ဘေးရန်ကင်းစွာနဲ့ ပင်လယ်ကိုဖြတ်ကူးသွားနိုင်အောင်လဲ အမြန်ဆုံး ငါကိုယ်တိုင်ဆောင်ရွက်ပေးရမယ်။ အဲဒါတွေ ဆောင်ရွက်ပြီးတာနဲ့ တပြိုင်နက်အလာမွတ်ကို အမြန်ဆုံး ငါသွားမယ် သူငယ်ချင်းတို့”

ဤတွင် ဟာစာနီက အိုမာ့ကို လှမ်းကြည့်သည်။ ထို့နောက်သူက ရယ်လိုက်ကာ “မင်းသွားလို့ ဖြစ်နိုင်ပါ့မလား၊ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားတွေရဲ့ ဓားမြှောင်စာ ဖြစ်သွားမှာပေါ့”

ဟာစာနီ၏ စကားများကို အိုမာက ဂရုမပြုပေ။

“အိုကွာ ဘယ်လိုပဲဖြစ်ဖြစ်၊ ငါတော့ အလာမွတ်ကို သွားမှာပဲ၊ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားတွေအကြောင်း စုံစမ်းမှာပဲ။ စုံစမ်းမိသမျှ



www.burmeseclassic.com

www.burmeseclassic.com



တွေကိုလည်း ရှားဘုရင်သိအောင် ဖော်ထုတ်ပြမှာပဲ”ဟု ပြန်ပြောလိုက်လေသည်။

× × ×

မကြာမီပင် အိုမာခယမ်တစ်ယောက် ပါရှားနိုင်ငံ၏ မြောက်ဘက်တောင်တန်းများပေါ်သို့ ခရီးထွက်မည့်သတင်းသည် တစ်နန်းတော်လုံး ပျံ့နှံ့သွားသည်။ ဤတွင် အိုမာခယမ်အတွက် စိုးရိမ်ပူပန်သူ နှစ်ဦးပေါ်လာသည်။ ထိုနှစ်ဦးကား ယဖားနှင့် ရှုရိန်ပင် ဖြစ်သည်။

ယဖားအလှက အိုမာခယမ်အား ထိုနေရာသို့ သူ့ကိုပါ တစ်ပါတည်း ခေါ်ဆောင်သွားရန် တောင်းပန်ပြောဆိုသည်။

“ဒီလမ်းခရီးကို ကျွန်မကောင်းကောင်း သိပါတယ်သခင်၊ သခင့်အတွက် ကျွန်မအသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ပါမယ်။ အခုသခင် ထွက်ခွာသွားရင် သခင့်အသံကို နောက်တစ်ဖန် ပြန်လည်ကြားမှကြားရပါ့မလားလို့၊ ကျွန်မ ပူပန်မဆုံး ဖြစ်နေပါတယ် သခင်”

အိုမာက ယဖား၏ ဦးခေါင်းကို ပွတ်သပ်ပေးရင်း ပြုံးလျက်ပြောသည်။

“မင်းကို ငါနဲ့အတူ ခေါ်သွားဖို့ဆိုတာ မဖြစ်နိုင်ပါဘူး ယဖားရာ၊ ဘေးရန်မရှိ ငါပြန်ရောက်လာမှာပါ။ ငါပြန်ရောက်လာတဲ့အခါ ငါ့ကို မင်းကလေး စောင့်မျှော်နေတာသာ မြင်ချင်စမ်းပါတယ်ကွာ”

ဤတွင် ယဖား၏ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာသည်။

“သခင့်အသံကို ကျွန်မပြန်လည်ကြားရတော့မယ် မထင်ပါဘူး။ ကျွန်မရင်ထဲက အလိုလို သိနေတယ် သခင်”

ယင်းသို့ပြောပြီး ယဖားသည် ငြိမ်ဆိတ်သွားသည်။ မည်သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ နောက်ဆုံး၌ သခင့်စကားကို သူနားထောင်ရမည် နားလည်ပြီး ဖြစ်သည်။ သို့ဖြင့် သောကကိုဇင်း၊ စိုးရိမ်မှုတို့ကိုဇင်း မျိုသိပ်ကာ အိုမာခယမ် ခရီးထွက်ရန် လိုလေသေးမရှိ ပြင်ဆင်ပေးသည်။ အိုမာခယမ် အတွက် အဝတ်အဆင်များ ပြင်ဆင်ပေးပြီးနောက် တစ်ပါတည်း ယူဆောင်သွားရန် နက္ခတ္တဗေဒဆိုင်ရာ ကိရိယာပစ္စည်းများကိုလည်း ထုပ်ပိုး ပြင်ဆင်ပေးလေသည်။

ထိုအခိုက် အခန်းတံခါးပွင့်လာပြီး မိန်းမပျိုတစ်ယောက် ဝင်လာသည်။ အိုမာခယမ်သည် ချက်ချင်းပင် ထိုမိန်းမပျိုကို မှတ်မိသည်။ ထိုမိန်းမပျိုကား ရှရိန်၏ လက်စွဲတော်ဖြစ်၍ တစ်ခါက ဥယျာဉ်ရေကန်၌ ရှရိန်ရေချိုးစဉ် အနီးမှ ပြုစုစောင့်ရှောက်ပေးသော အစေခံ မိန်းမပျိုပင် ဖြစ်ပေသည်။

မိန်းမပျိုသည် အိုမာ့အနီးသို့ လျှင်မြန်စွာ ချဉ်းကပ်ပြီး တီးတိုး ပြောကြားသည်။

"သခင်မက လွှတ်လိုက်ပါတယ်။ သည်နေ့ည သူ့ဖခင်အိမ်မှာ သခင်မ ညစာသွားစားမယ်တဲ့၊ ညစာစားပြီး နန်းတော်ကိုမပြန်ခင် ဥယျာဉ်ထဲမှာ တစ်ဦးတည်း လမ်းလျှောက်မယ်တဲ့"

× × ×

ထိုနေ့ညနေ မှောင်ရီရီတွင် အိုမာခယမ်သည် ဥယျာဉ်သို့သွားကာ ရှရိန်ကို စောင့်မျှော်နေသည်။ သည်ဥယျာဉ်ကား သူတို့နှစ်ဦး၏ အချစ်ဥယျာဉ်တည်း။ သည် အချစ်ဥယျာဉ်တွင် ငှက်တို့သည် ကျာကျာ ကျီကျီ အော်မြည်လျက် ပန်းဝတ်ရည်တို့ကို သောက်သုံးကြသည်။ ဗာဒန်ပွင့်တို့ ဖူးပွင့်ကြသည်။ ဆိုက်ပရပ်ပင်တို့ မားမားစွင့်စွင့် ရပ်တည်



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ အိုမာခယမ်သည် မိုးမခပင်အောက်၌ ထိုင်လျက် လှုပ်ရှား နေသော အရိပ်များကို ငေးမောကြည့်နေသည်။ ထိုအချိန်၌ လရောင် ဖျော့ဖျော့သည် သစ်ကိုင်း၊ သစ်ရွက်၊ သစ်ရွက်များအကြားမှ ထိုးဖောက် ကျလာသည်။ ရေကန်ထဲရှိ ကြယ်ရိပ်များ ထင်ဟပ်သည်ကိုလည်း မြင်နေ ရသည်။

ထိုအခိုက် တိတ်ဆိတ်သော ညအမှောင်တွင် သစ်ရွက်များအား တိုးခတ်သွားသည့် အသံကို သဲ့သဲ့ကြားလိုက်ရသည်။ ခဏအတွင်းမှာပင် သူ့ထံ ရှရိန်လာနေသည်ကို အိုမာခယမ်သည် လရောင်၌ မြင်တွေ့ရ သည်။

အိုမာခယမ်သည် ချစ်သူကို ဆီးကြိုပွေ့ဖက်လိုက်သည်။ ကာလ အတန်ကြာ မတွေ့မဆုံရသော နှုတ်ခမ်းနှစ်စုံသည် ယခုတစ်ဖန် ပြန်လည် တွေ့ဆုံနေပြီ၊ မေတ္တာအနမ်းသည် ပွင့်လန်းပြန်ပြီ။ သူတို့သည် တတောင့်တတ ရှိနေသော သူတို့၏ အချစ်ဆန္ဒ အလိုများကို အဆုံးစွန် လိုက်လျောမိကြသည်။ မျိုသိပ်ခဲ့ရသော ဆန္ဒများကို အကြိမ်ကြိမ်ဖွင့်ဟ မိကြသည်။

ထို့နောက် ချစ်သူနှစ်ဦးသည် ယခင်အခါများက ကဲ့သို့ပင် မိုးမခ ပင်အောက်၌ အတူယှဉ်တွဲ ထိုင်ကြသည်။ ငွေလရောင်ကို ငြိမ်သက်စွာ ခံစားကြသည်။ လေပြေလေညှင်း တိုက်ခတ်သဖြင့် ညင်သာစွာ ယိမ်းနွဲ့ လှုပ်ရှားနေသော အရိပ်များကို ငေးစိုက်ကြည့်ကြသည်။ တစ်ဖန် နမ်းရှုပ် ကြပြန်ကာ ချစ်တင်းဆိုကြပြန်သည်။ ထို့နောက် ပွေ့ဖက်ကြပြန်သည်။ သူတို့၏ ရင်ခုန်သံနှင့်ပူနွေးသော ကိုယ်ငွေ့များက သူတို့၏ ဆန္ဒကို လှုပ်ရှားစေပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့နှစ်ဦးသည် မည်မျှကြာအောင် အချစ်ဆန္ဒများကို မျိုသိပ်နေခဲ့ကြပါသနည်း။

ယခုမူ မျိုသိပ်ခဲ့ကြရသော ချစ်သူနှစ်ဦးသည် တိုတောင်းလှသော အချိန်မဏ်အတွင်း ပျော်စရာ ဘုံဗိမာန်၌ဆုံတွေ့ရပြီး တစ်ဖန်ခွဲခွာရပြန်လေပြီ။ သူတို့နှစ်ဦးသည် အသနား အညှာတာကင်းမဲ့သော ကံကြမ္မာကို အမှတ်ပြုရင်း တစ်ဦးကိုတစ်ဦး ငြိမ်ဆိတ်စွာ နှုတ်ဆက်ကြသည်။ တစ်ဦးမျက်နှာကို တစ်ဦးစူးစိုက်ကြည့်ကြသည်။ ထို့နောက် ချာကနဲ ကိုယ်စီလှည့်ကာ လျင်မြန်စွာ ထွက်ခွာသွားကြလေသည်။ ချစ်သူနှင့် ခွဲခွာပြီးနောက် ရှုရိန်သည် သူ့ဖခင်နှင့် ဧည့်သည်များထံပါးသို့ရင်း၊ ထို့နောက် ရထားယာဉ်ရှိရာသို့ရင်း၊ ထို့နောက် နန်းတော်သို့ရင်း ပြန်သွားလေသည်။

အိုမာခယမ်သည်လည်း အမှောင်ရိပ်များ ဖုံးလွှမ်းနေသော လမ်းများကို ဖြတ်သန်းကာ နန်းတွင်းရှိ သူ့မျှော်စင်အခန်းသို့ ပြန်သွားသည်။ ယင်းသို့ပြန်သွားစဉ် သူ့အာရုံတွင်းသို့ ချစ်သူ့ရုပ်ပုံလွှာသည်သာ အတင်းတိုးဝင်လာနေသည်။ "ရှုရိန်" ဟု သူက ချစ်သူ့အမည်ကို တစ်ကိုယ်တည်း တီးတိုးခေါ်မိသည်။ ထိုအခါ 'ထာဝစဉ်' ဟူသော စကားသံကလည်း သူ့နှလုံးသားမှ ပဲ့တင်ထပ်၍ ပေါ်လာပြန်သည်။ ဤတွင် တင်းကျပ်နေသော သူ့ရင် ရှင်းလင်းပေ့ါပါးသွားစေရန် သူက 'တကယ်လို့ ဘုရားသခင်က ငါ့ကိုသည်လောကမှာ ဘာကိုအလိုချင်ဆုံးလဲလို့ မေးလာမယ်ဆိုရင် ငါဒီလိုပဲ လျှောက်တင်မိမှာ အမှန်ပဲ'ဟု တစ်ကိုယ်တည်းဆိုကာ ကဗျာတစ်ပုဒ် ဖွဲ့ဆိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သစ်ရိပ်သာဝယ်
ကဗျာလက်ာ၊ ဖတ်စရာနှင့်
အစာအတွက်၊ ပေါင်မုန့်တစ်ယှက်နှင့်
တစ်ခွက်သောက်လို၊ ဝိုင်ချိုချိုနှင့်
နှစ်ကိုယ်ကြည်ဖြူ မောင့်ချစ်သူနှင့်
အတူယှဉ်ကာ၊ နေရပါသော်
ကန္တာရပင်၊ ဖြစ်ပါလျှင်လည်း
မြူးရွှင်ခိုလှုံ၊ နိဗ္ဗာန်ဘုံဟု
ကြည်ယုံမှတ်ထင်နိုင်သည်တကား"

◆

www.burmeseclassic.com

www.burmeseclassic.com

( ၄ )

အိုမာခယမ်သည် ပါရှားပြည် မြောက်စူးစူးအရပ်ရှိ တောင်တန်း ဒေသဖက်သို့ ရှေးရှုကာ ခရီးထွက်လာခဲ့သည်။ သူသည် အာရပ်စစ်မြင်း ကြီးစီးလျက် အခြား မြင်းတစ်ကောင်တွင် နက္ခတ္တဗေဒဆိုင်ရာ ပစ္စည်း ကိရိယာများနှင့် စားနပ်ရိက္ခာများကို တင်ဆောင်သယ်ယူလာသည်။

တစ်ရက်ပြီး တစ်ရက် အိုမာခယမ်သည် ခရီးနှင်ခဲ့သည်။ သူ သည် စိမ်းလန်းစိုပြေ၍ မြေဩဇာ ကောင်းသော လယ်ခင်း ယာခင်းများ ကိုလည်း ဖြတ်ကျော်ခဲ့သည်။ သွေ့ခြောက်၍ မြေဩဇာ ညံ့ဖျင်းသော တောင်ကြား မြောင်ကြားများကိုလည်း ဖြတ်ကျော်ခဲ့သည်။ ထို့ပြင် စမ်းချောင်းများ ကိုလည်း ဖြတ်ကျော်ခဲ့သည်။ ရွာများကိုလည်း ဖြတ်ကျော် ခဲ့သည်။ သို့ဖြင့် သူသည် သွေ့ခြောက်သော အရပ်ဒေသသို့ ရောက် လာကာ သဲကန္တာရတစ်ခုကို တွေ့ရသည်။ ယင်း သဲကန္တာရကို ဖြတ်ကျော် ပြီးသောအခါ တောင်ကုန်းမြင့်ကြီး တစ်ခုသို့ ဆိုက်ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုမာသည် တောင်ကုန်းမြင့်ကြီးမှ လှမ်းမျှော်ကြည့်လိုက်သည်တွင် ဟိုအဝေး၌ ကျောက်တောင်ကြီးကို မြင်ရသည်။ ကျောက်တောင်ကြီးသည် မိုးထိလုနီးပါး မြင့်မားကာ ကျောက်နံရံကြီးသဖွယ် ကာဆီးနေသည်။ ဤကျောက်တောင်ကြီးနောက်တွင် လျှို့မြောင်သဖွယ် ဖြစ်နေသော တောင်ကြားမြေ ရှိသည်။ ဤတောင်ကြားမြေ၌ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်း၏ ဌာနချုပ်ဖြစ်သော အလာမွတ်ခံတပ် ကျောက်တောင်ကြီး တည်ရှိသည်။ ယင်းကား သူ၏ ခရီးပန်းတိုင်ပင် ဖြစ်ပေသည်။

အိုမာခယမ်သည် ရှေ့သို့ ခရီးဆက်လက် ထွက်ခဲ့ပြန်သည်။ ယခုအခါ ခရီးလမ်းမှာ မသာတော့၊ ခက်ခဲလာသည်။ ထို့ကြောင့် အလာမွတ် ကျောက်တောင်အနီးသို့ ရောက်ရန် ရက်ပေါင်းများစွာ လာခဲ့ရသည်။

ကျောက်တောင် ချောက်ကမ်းပါးလမ်းကို ပတ်၍လာလိုက်သော အခါ အိုမာခယမ်သည် ခံတပ်ကြီးကို လှမ်းမြင်ရသည်။ ခံတပ်ကြီးသည် တောင်ကြားမြေ၏ တစ်ဖက်စွန်းရှိ မြင့်မားလှသော ကျောက်တောင်ထိပ်တွင် တည်ရှိသည်။ ခံတပ်နံရံနှင့် မျှော်စင်တို့ကို ထုံးကျောက်များဖြင့် တည်ဆောက်ထားသည်။ နံရံအောက်ခြေများကိုမူ ကြမ်းထော်သော ကျောက်တုံးများဖြင့် တည်ဆောက်ထားသည်။ ခံတပ်၏ မျှော်စင် နှစ်ခုအကြားတွင် အမိုးခုံးတပ်ဆင်ထားသော အဆောက်အဦတစ်ခု ရှိသည်။ အမိုးများမှာ ရွှေဖြင့်ပြုလုပ်ထားသည်ဖြစ်ရာ နေရောင်၌ ဝင်းထိန်တောက်ပနေသည်။

အိုမာခယမ်သည် ခံတပ်တည်နေရာ ကျောက်ဆောင်သို့ ရောက်ရန် တောင်ကြားမြေကို မြင်းစီးလျက် ဖြတ်သန်းသွားလာပြန်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ယင်းသို့ ဖြတ်သန်းသွားရာတွင် မြေကောက်သဖွယ် တွန့်လိမ်ကွေ့ကောက်သော လမ်းကျဉ်းအတိုင်း သွားရသည်။ ဤတွင် ကြိမ်ဖန်များစွာပင် ခံတပ်ကိုမမြင်ရဘဲ လမ်းစပျောက်သလို ဖြစ်ရသည်။ သို့ရာတွင် ယင်းသို့ဖြစ်သည်မှာ ခဏပင်၊ ခံတပ်ကြီးသည် မျက်စိထဲတွင် ပျောက်ကွယ်ရာမှ ခဏအကြာတွင် ဘွားကနဲ ပြန်ပေါ်လာပြန်သည်။

အိုမာခယမ်သည် လူရိပ်လူစ မြင်လိုမြင်ငြား သတိထားကြည့်ရင်း လာခဲ့သည်။ သို့လာရာမှ တစ်နေရာသို့ရောက်သောအခါ သူ့ကို လူအချို့ တောင်စောင်း တစ်ခုပေါ်မှ ကြည့်ရှုနေသယောင်ယောင် ထင်မှတ်လာသည်။ သို့ဖြင့် သူသည် အထူးသတိထားကာ ရှေ့သို့တိုးသွားသည်။ သို့ရာတွင် ထိုနေရာသို့ ချဉ်းကပ်မိသောအခါတွင်ကား သူထင်မှတ်သကဲ့သို့ လူများကို မတွေ့ရ၊ လူဦးခေါင်းခွံ အရိုးများကိုသာ တွေ့ရသည်။ ယင်းတို့ကို တောင်စောင်း၌ ချိတ်ဆွဲထားသည်။ ယင်းတို့တွင် အချို့မှာ ကာလ မကြာသေးမီက အရိုးခေါင်းများ ဖြစ်သည်။ အချို့မှာမူ နှစ်ပေါင်းများစွာက အရိုးခေါင်းများ ဖြစ်သည်။ အရိုးခေါင်းများ၏ ဟောက်ပက်သော မျက်လုံးနေရာတို့မှာ ထိတ်လန့်စဖွယ်ပင် ဖြစ်သည်။ ဤကား အလာမွတ်သို့ စွန့်စားရောက်လာကြသူတို့၏ အရိုးခေါင်းများ ပင်တည်း။ အလာမွတ်သို့ နောက်ထပ်စွန့်စားလာသူများအား ဤအရိုးခေါင်းများက ဆီးကြိုသတိပေးနေသကဲ့သို့ ရှိပေသည်။

ယင်းသို့ အရိုးခေါင်းများက ဆီးကြိုသတိပေးနေသော်လည်း အိုမာအဖို့ လှည့်ပြန်ရန် မဖြစ်နိုင်တော့ပြီ။ သူမျှော်မှန်းရာ ခရီးပန်းတိုင်ကို လက်လှမ်းမိပြီ မဟုတ်ပါလော။ သို့ဖြင့် သူသည် ရှေ့သို့လှမ်းခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့လှမ်းခဲ့ရာမှ လမ်းချိုးတစ်ခုကို ချိုးလိုက်သောအခါ တောင်စောင်းကို ထွင်းဖောက်ထားသော ဂူလိုဏ်သဖွယ် ဝင်ပေါက်တစ်ခုကို ရုတ်တရက် တွေ့လိုက်ရသည်။ တောင်စောင်းပေါ်တွင် လူတစ်စုကိုလည်း တွေ့ရသည်။ သူတို့သည် အိုမာကို ဝိုင်းကြည့်နေကြသည်။ အချို့က လက်မြှောက်ဝှေ့ယမ်းပြကြသည်။ သို့ရာတွင် ထူးခြားသည်ကား လက်မြှောက်ဝှေ့ယမ်းခြင်းသည် ကြိုဆိုသော သဘောပင် ဖြစ်သော်လည်း မိတ်ဆွေအနေဖြင့် ကြိုဆိုခြင်းမျိုးကား မဟုတ်၊ သူစိမ်းပြင်ပြင် မလွှဲသာမရှောင်သာ ကြိုဆိုခြင်းမျိုးသာ ဖြစ်သည်။ အပေါက်ဝမှာ ခံတပ်ဝင်းတံခါးဝဖြစ်၍ ကြီးမားသော သံတံခါးကြီးဖြင့် ပိတ်ဆို့ထားသည်။ ထိုတခါးအနီးသို့ အိုမာရောက်သွားသောအခါ အစောင့်များက တံခါးကြီးကို ဖွင့်ပေးကြလေသည်။

× × ×

ခံတပ်ဝင်းထဲသို့ အိုမာခယမ် ရောက်သွားသောအခါ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းမှ ဂိုဏ်းထောက် ဂိုဏ်းအုပ်များနှင့် တွေ့ရသည်။ သူတို့သည် အဖိုးတန် အဝတ်တန်ဆာများကို ဝတ်ဆင်ထားသည်။ သူတို့ဦးခေါင်းတွင် အနီရောင် ပိုးဦးပေါင်းများ ဆင်မြန်းထားသည်။ သူတို့၏ အမူအရာမှာ ယဉ်ကျေးသိမ်မွေ့သည်။ သို့ရာတွင် သူတို့၏ မျက်လုံးများမှာ ရက်စက်၍ သံမဏိကဲ့သို့ မာကြောအေးစက်သော အသွင်ကို ဆောင်နေသည်။ သူတို့နောက်တွင် ပထမအဆင့် ဂိုဏ်းသားအချို့ ရပ်နေသည်။ သူတို့သည် အဖြူရောင်ဝတ်ရုံကို ဆင်မြန်းလျက် ခါးတွင်အနီရောင် ခါးပတ်များ ပတ်ထားသည်။ သူတို့ဦးခေါင်းတွင် ကက်ဦးထုပ်နီများဆောင်းထားသည်။ သူတို့သည် ချက်ချင်းပင် ရှေ့သို့ တိုးလာကာ



www.burmeseclassic.com

www.burmeseclassic.com



အိုမာ၏ မြင်းများကို မြင်းစောင်းသို့ ခေါ်ဆောင်သွားကြသည်။

ဂိုဏ်းထောက်တို့တွင် အကြီးအကဲဖြစ်သော ဂိုဏ်းအုပ်က အိုမာခယမ်ကို ပြုံးလျက် ဦးညွှတ်နှုတ်ဆက်သည်။

"အိုမာခယမ် ကြွပါခင်ဗျာ"

ယင်းသို့ ဂိုဏ်းအုပ်က သူ့အမည်ကိုခေါ်၍ နှုတ်ဆက်လိုက်သောအခါ အိုမာခယမ်သည် အံ့အားသင့်သွားသည်။ ထို့ကြောင့် "မဖိတ်မခေါ်ဘဲ ဒီနေရာကို ကျွန်တော်ရောက်လာပါလျက်နဲ့ ကျွန်တော်ဘယ်သူလဲဆိုတာ တင်ကြိုသိနေပါကလား ခင်ဗျာ"ဟု ပြောလိုက်သည်။

"ခင်ဗျား ဘယ်နေ့ ဘယ်အချိန်မှာ နေရှပူမြို့က ထွက်လာတယ်ဆိုတာလဲ ကျွန်တော်တို့ သိပါတယ်။ နောက်ပြီး ကျွန်တော်တို့ကို ရန်မူဖို့မဟုတ်ဘဲ ပြက္ခဒိန်အသစ် စီရင်ဖို့ လေ့လာရအောင်လာတယ်ဆိုတာလဲ ကျွန်တော်တို့ သိပါတယ်"

"လူတကာပြောတာ မှန်တာပဲနော်၊ ခင်ဗျားတို့ရဲ့ နားမျက်စိတွေဟာ နေရာတကာမှာရှိတယ် ဆိုတာလေ"

အိုမာခယမ်၏ ချီးကျူးစကားကို ကြားရသောအခါ ဂိုဏ်းအုပ်လုပ်သူက ပြုံးလိုက်သည်။ ထို့နောက် အိုမာအား သူ့အမည်ကို ပြောပြသည်။ သူ့အဖော်များနှင့် မိတ်ဆက်ပေးသည်။ သူ့အမည်မှာ ဘူဇော့ဟုခေါ်သည်။ သူနှင့် အနီးဆုံးနေရာ၌ ရပ်နေသော ဂိုဏ်းထောက်၏ အမည်မှာ ဂျေဟာန်ဟုခေါ်သည်။

ခေါင်းဆောင်များ စောင့်ကြပ်လျက် အိုမာခယမ်သည် ခံတပ်တွင်းသို့ ဝင်သွားသည်။ ထိုအခိုက် ခံတပ်လသာဆောင်ပေါ်တွင် တစ်စုံတစ်ဦးကို လှမ်းမြင်လိုက်သဖြင့် အိုမာခယမ်၏ ခြေလှမ်းများသည် တုံ့



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းသွားသည်။ သူမြင်လိုက်ရသူမှာ အမျိုးသမီးတစ်ယောက် ဖြစ်သည်။ ထိုအမျိုးသမီးသည် ကြက်သွေးရောင် ပိုးအင်္ကျီကို ဝတ်ဆင်ထားလျက် ခေါင်းမြီးခြုံဇာပါးကို လွှမ်းခြုံထားသည်။ သူသည် ခေါင်းမြီးခြုံ ဇာပါး ကြားမှ နက်မှောင်သော မျက်လုံးအစုံဖြင့် အိုမာအား ငုံ့ကြည့်နေသည်။

အိုမာခယမ်သည် သူ့ကိုမြင်သဖြင့် အံ့အားသင့်နေရာ ခေါင်းဆောင်ဘူဇော့က ရှင်းပြသည်။

"ခင်ဗျားမြင်ရတဲ့ အမျိုးသမီးဟာ ခင်ဗျားလိုပါပဲ၊ ဧည့်သည် တစ်ယောက်ပါ။ တစ်နေ့ကပဲ ရောက်လာတယ်။ သူက ကျွန်တော်တို့ ဂိုဏ်းရဲ့ မိတ်ဆွေပါ"

× × ×

အလာမွတ်ခံတပ်သည် ကျောက်တောင်ပေါ်တွင် တည်ဆောက်ထားသဖြင့် အတွင်း၌ မည်သို့သော အခြေအနေရှိသည်ကို အဝေးမှ မသိမြင်နိုင်ချေ။ သို့ရာတွင် ခံတပ်အတွင်းသို့ ဝင်ရောက်သွားသောအခါ တွင်ကား အခြေအနေ မည်သို့ရှိသည်ကို ကောင်းစွာသိရသည်။ ခံတပ်အတွင်း၌ နန်းတော်တစ်ခုရှိသည်။ ထို နန်းတော်ကို ရွှေငွေ ကျောက်သံပတ္တမြားများဖြင့် တန်ဆာဆင်ထားသည်။ ဤမျှများပြား၍ အဖိုးထိုက်တန်သော ရတနာများကို အိုမာခယမ်သည် အခြားမည်သည့် နေရာတွင်မှ မမြင်စဘူး။ ဤနေရာတွင် မကြုံစဘူး ထူးထူးကဲကဲ မြင်တွေ့ နေရခြင်း ဖြစ်သည်။ ရှေးနှစ်ပေါင်းများစွာ ကတည်းကပင် တရုတ်၊ အိန္ဒိယ၊ အီဂျစ် ခရီးသည်များထံမှ အဖိုးထိုက်တန်ဆုံးသော ရတနာများကို တိုက်ခိုက် လုယူပြီးလျှင် ဤအလာမွတ်ခံတပ်သို့ ဆောင်ယူထားခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိုမာခယမ်အား ခံတပ်အတွင်းရှိ သင့်တင့်လျောက်ပတ်သော နေရာတွင် အပန်းဖြေစေသည်။ ထို့နောက် ညနေပိုင်းတွင် ဂိုဏ်းအုပ် ဘူဇော့က ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးသည်။ ယင်းစားပွဲမှာ အရသာအရှိဆုံး အစားအစာများ၊ အကောင်းဆုံး ဝိုင်အရက်များ၊ ရှားပါးသော သစ်သီးဝလံများနှင့် မြိုင်မြိုင်ဆိုင်ဆိုင်ရှိသည်။ ညစာစားသောက်ကြစဉ် ဂိုဏ်းအုပ် ဘူဇော့က သူတို့သည် အိုမာခယမ်အား ဧည့်ကောင်းစောင်ကောင်း တစ်ယောက်အဖြစ် အသိအမှတ်ပြုကြောင်း၊ ကြိုဆိုကြောင်း၊ ခံတပ်တွင်းရှိ အိုမာနှစ်သက်သော မည်သည့် နေရာတွင်မဆို နက္ခတ္တဗေဒကိရိယာ တန်ဆာများကို လွတ်လပ်စွာ တပ်ဆင်နိုင်ကြောင်း ပြောကြားသည်။

ယင်းသို့ သူ့အား မိတ်ဆွေကောင်းသဖွယ် ဆက်ဆံပြောဆိုသည်ကို ကြုံတွေ့ရသောအခါ အိုမာခယမ်သည် ရုတ်တရက် ဝေခွဲမရနိုင်ဖြစ်သွားသည်။ ယူဆွတ်က သည်နေရာသည် တားမြစ်ထားသော နေရာဖြစ်၍ ရောက်ရှိသွားသော သူစိမ်းများအားလုံး သေဘေးနှင့်ကြုံတွေ့ရမြဲဖြစ်သည်ဟု ဆိုခဲ့သည်။ ခံတပ်နံရံတောင်စောင်းများ၌ ချိတ်ဆွဲထားသည့် ဦးခေါင်းပြတ်များကလည်း ယူဆွတ်၏စကားကို ထောက်ခံနေသကဲ့သို့ ရှိသည်။ သို့ရာတွင် ယခုမူ သူ့အား ဂိုဏ်းအုပ်က မိတ်ဆွေကောင်းသဖွယ် ဆက်ဆံနေသည်။ အိုမာခယမ်သည် ဝေခွဲမရနိုင် ဖြစ်နေသည်။ သူသည် လျှို့ဝှက်သုတ်သင်ရေးဂိုဏ်း၏ လျှို့ဝှက်ချက်များကို ၎င်း၊ အလာမွတ်ခံတပ်၏ လျှို့ဝှက်ချက်များကို၎င်း၊ သိရှိရန်အလွန် စိတ်စောနေသည်။ ယင်းသို့ရှိရာမှ ဂိုဏ်းအုပ်၏ ခွင့်ပြုချက်ကို အနူးအညွတ် လက်ခံလိုက်လေသည်။ သို့ဖြင့် နောက်တစ်နေ့ အမှောင်မလွှမ်းမီ ညနေခင်းအချိန်



www.burmeseclassic.com

www.burmeseclassic.com



တွင် ခိုအိမ်များအနီးရှိ ကျောက်ခုံမြင့် တစ်ခုပေါ်တွင် သူ၏ နက္ခတ္တဗေဒဆိုင်ရာ ကိရိယာ တန်ဆာပလာများကို တပ်ဆင်လေသည်။

အိုမာခယမ်သည် ခိုအိမ်များအနီးတွင် ခိုထိန်းလုပ်သူကို တွေ့ရသည်။ ခိုထိန်းသည် အဖိုးအိုတစ်ယောက် ဖြစ်သည်။ သူ့ဘဝတစ်လျှောက်လုံး ခိုများအား ထိန်းကျောင်းခြင်း၊ လေ့ကျင့်ပေးခြင်း အလုပ်ကိုသာ စွဲစွဲမြဲမြဲ လုပ်လာသူဖြစ်သည်။ နက္ခတ္တဗေဒဆိုင်ရာ ကိရိယာတန်ဆာ ပလာများအား အိုမာခယမ် တပ်ဆင်နေသည်ကို ထိုခိုထိန်း အဖိုးအိုက ဂရုမပြု။ သူ့အလုပ်ကိုသာ အာရုံစိုက်လုပ်ကိုင်နေသည်။ ထိုအခိုက် ခိုတစ်ကောင်သည် အဝေးမှ ပျံသန်းလာရာမှ ကျောက်ခုံပေါ်သို့ လာနားသည်။ ဤတွင် ခိုထိန်းအဖိုးအိုက ယင်းခိုကို ဖမ်းယူလိုက်သည်။ ခိုလည် ၌ ကြိုးဖြင့် ချည်နှောင်ထားသည့် စာရွက်လိပ်ကလေး တစ်လိပ်ပါလာ သည်။ ယင်းကို ခိုထိန်းက လျင်မြန်စွာဖြုတ်ကာ အဖြူရောင်ဝတ်စုံဝတ် ဂိုဏ်းသားတစ်ဦးလက်သို့ ထည့်လိုက်သည်။ ထိုဂိုဏ်းသားကလည်း ချက်ချင်းပင် စာရွက်လိပ်ကလေးကိုပေးရန် အတွင်းဆောင်သို့ ဝင်သွားလေသည်။

အဝေးမှ ပျံသန်းရောက်ရှိလာသော ထိုခိုလေးနှင့် ပတ်သက်၍ အကြောင်းစုံကို ခိုထိန်းက အိုမာခယမ်အား ပြောပြသည်။

"ခိုရဲ့ အသွေးအရောင်ကိုကြည့်ပြီး ဒီခို ဘယ်ကလာတယ်ဆိုတာ ကျုပ်တို့ ချက်ချင်းသိနိုင်ပါတယ်။ အခု လာသွားတဲ့ ခိုကလေးဟာ ဟမဒန်အရပ်ဒေသက လာတာပေါ့။ ဟမဒန်က ဒီခံတပ်ကိုရောက်ဖို့ လူတစ်ယောက်ဟာ မြင်းစီးလာရင် ရက်ပေါင်း ၂၀-တိတိကြာတယ်၊ ခိုကလေးကတော့ တစ်ရက်ထဲနဲ့ အရောက်ပျံနိုင်ခဲ့တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောဟို ခိုကလေးက အမည်းကလေးနော်။ အသွေးအရောင် အမည်းရှိတဲ့ခိုမျိုး ဒီတစ်ခါပဲ ကျွန်တော်မြင်ဘူးသေးတယ်" အိုမာခယမ် က ခိုမည်း ကလေးတစ်ကောင်ကို လက်ညှိုးထိုးပြလျက် ပြောသည်။

"ဒါ ကျုပ်ရဲ့ လျှို့ဝှက်ချက်ပေါ့။ ကျုပ်က ကျုပ်ခိုတွေကို ကျောက်ဆောင်ရဲ့ မည်းမှောင်လှတဲ့ တွင်းပေါက်တွေထဲမှာ မွေးတယ်၊ ဒါကြောင့် တချို့ခိုတွေဟာ အသွေးအရောင်ပြောင်ပြီး တောကျီးကန်းလို မည်းနက်သွားတော့တာပဲ။ ဒီခိုမည်းတွေကို ညအခါမှ ပျံစေတယ်။ ကျုပ်တို့ ဂိုဏ်းချုပ်ကြီးအတွက် သီးသန့်ထားတာပဲ။ ဂိုဏ်းချုပ်ကြီးရဲ့ စာချွန်ကိုသာ သူတို့ဆောင်ယူဖို့ သတ်မှတ်ထားတယ်" ခိုထိန်းက သူ့ခိုများ အကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ပြောပြသည်။

"ဒါဖြင့် ဂိုဏ်းချုပ်ကြီး ဒီမှာ မရှိဘူးပေါ့နော်"

"မရှိပါဘူး"

ယင်းသို့ဆိုပြီး ခိုထိန်း အဖိုးအိုသည် သူ့လုပ်ငန်းကို ဆက်လုပ်ရန် အိုမာ့အနီးမှ ထွက်ခွာသွားသည်။ အိုမာခယမ်လည်း သူ၏ အလုပ်ကို ဆက်လက်လုပ်ကိုင်သည်။ ကောင်းကင်ပြာသည် ရီမှောင်စပြုလာသည်။ လေသည် အေးမြလာသည်။ အိုမာခယမ်ကား ညအမှောင်ဖုံးလွှမ်း၍ ကြယ်တာရာများ ထွက်အလာကို စောင့်မျှော်နေသည်။ ယင်းသို့ စောင့်မျှော်ရင်း တောင်တန်းများ အထပ်ထပ် ဝန်းရံနေသော အနီး ပတ်ဝန်းကျင်ကို လှမ်းမျှော်ကြည့်သည်။ ရှုခင်းအလှမှာ အခြားအလှတို့ တုပြိုင်မယှဉ်သာလောက်အောင်ပင် လှပသည်။ သို့ရာတွင် ယင်းအလှ အရသာကို အိုမာခယမ်သည် အပြည့်အဝ မခံစားနိုင်ဖြစ်နေသည်။ တောင်တန်းတောင်မြင့်များတွင် အချို့ တောင်မြင့်ကြီးများသည်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်သို့ မြင့်မားစွာ ထိုးထွက်နေသည်။ ယင်းသို့ ထိုးထွက်နေသော တောင်ထိပ်များမှာ အေးလွန်းသဖြင့် ဆီးနှင်းများ ဖုံးလွှမ်းနေသည်။ ယင်းတို့ကို မြင်ရသည်မှာ သရဲသဘက်ကြီးများက အစွယ်ကြီးများ ဖြဲပြနေသည်နှင့်တူကာ ချောက်ချားဖွယ်အသွင်ကို ဆောင်နေသည်။

ယင်းသို့ အိုမာခယမ်သည် ပတ်ဝန်းကျင်ရှုခင်းကို ငေးမောကြည့်ရှုနေစဉ် တစ်စုံတစ်ယောက် မိမိဘေးနားသို့ ရောက်လာသည်ကို ရုတ်တရက် သိလိုက်သည်။ သို့ဖြင့် လှည့်ကြည့်လိုက်သည်တွင် ခေါင်းမြီးခြုံဇာပါးလွှမ်းထားသည့် အမျိုးသမီးကို တွေ့ရသည်။ ထိုအမျိုးသမီးကား အိုမာခယမ်ခံတပ်သို့ ရောက်စတွင် လသာဆောင်ပေါ်၌ မြင်လိုက်ရသော အမျိုးသမီး ဖြစ်သည်။ ချက်ချင်းပင် အိုမာခယမ်သည် ထို အမျိုးသမီး မည်သူမည်ဝါဖြစ်သည်ကို သိလိုက်သည်။ ထိုအမျိုးသမီးကား အခြားသူ မဟုတ်။ မိဖုရား ဇရဒါပင်တည်း။

မိဖုရား ဇရဒါက ရယ်လိုက်သည်။ ထို့နောက် ခေါင်းမြီးခြုံ ဇာပါးကို လှစ်ကာ "သည်နေရာကိုရောက်အောင်လာရတာ ခရီးက အလွန်ဝေးတာပဲ။ ကျွန်မဖြင့် မြင်းတွေ တစ်ကောင်ပြီးတစ်ကောင် အဆင့်ဆင့်ပြောင်းစီးခဲ့လို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာပဲ။ ဒါနဲ့ ရှင်သိပြီးပြီလား။ ကျွန်မသားတော် မင်းသားအာမွတ်က တပ်တော်အချို့ သိမ်းသွင်းပြီး၊ ရှားဘုရင်ကို တော်လှန်တိုက်ခိုက်ဖို့ ချီတက်သွားပြီ ဆိုတာလေ။ ကျွန်မလဲ ရှားဘုရင့်နန်းတော်ကို အပြီးအပိုင်စွန့်ခဲ့ပြီ။ မကြာခင် ရှားဘုရင်လဲရှိတော့မှာ မဟုတ်ဘူး၊ ရှားဘုရင့်နန်းတော် ဆိုတာလဲ ရှိတော့မှာ မဟုတ်ဘူးရှင့်"

အိုမာသည် ငြိမ်ဆိတ်နေသည်။ မိဖုရား ဇရဒါ၏ စကားကို



www.burmeseclassic.com

www.burmeseclassic.com



နားမရှင်း ဖြစ်နေသည်။ သို့ဖြင့် မိဖုရား၏ မျက်နှာကို ကြည့်ရှုအကဲခပ်နေသည်။ မိဖုရား ဇရဒါက ဆက်ပြောပြန်သည်မှာ-

“မကြာခင် ကျွန်မဟာ ခါဇာဘုရင်မ ဖြစ်လာလိမ့်မယ်။ ဒီလိုဖြစ်လာအောင်လဲ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားများက ကူညီလိမ့်မယ်။ ဒီမယ်အိုမာခယမ်၊ ရှားဘုရင်ကို သေနင်္ဗျူဟာ နည်းပရိယာယ်ရှင် ညွှန်ပြခဲ့တယ် မဟုတ်လား။ ရှင့်နည်းပရိယာယ်အရပဲ ရှားဘုရင်ဟာ ကက်စပီယန်ပင်လယ်ကို ဖြတ်ကူးချီတက်တယ်။ ရှားဘုရင်ကို ရှင် သေနင်္ဗျူဟာ ညွှန်ပြသလို ခါဇာနယ်တွေအားလုံး ကျွန်မပြန်လည် သိမ်းပိုက်နိုင်အောင်လဲ ညွှန်ပြပါ၊ ခါဇာအမျိုးသမီးတွေဟာ ဂုဏ်ရည်မြင့်ကြတယ်။ သူတို့ထက် သူတို့ဘုရင်မက အဆများစွာပိုပြီး ဂုဏ်ရင့်မြင့်တာပေါ့။ အခုအချိန်မှာ ကျွန်မအလိုရှိဆုံးက သေနင်္ဗျူဟာ နည်းပရိယာယ်ပဲ။ ဒါမှ ပြည်ပြေးဘဝက ကင်းလွတ်ပြီး၊ ကိုယ့်ဇာတိ ကိုယ့်ဒေသကို အုပ်စိုးနိုင်မှာ မကြာခင် ခါဇာနယ်ပယ် အားလုံးကို သိမ်းရုံးပြီး ကျွန်မ ဘုရင်မလုပ်မယ်။ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေဟာ ရှင်နဲ့ မဟာမိတ်ဖြစ်သလို ကျွန်မနဲ့လဲ မဟာမိတ်ဖြစ်စေရမှာပေါ့”

မိဖုရားဇရဒါ၏ စကားများကို အိုမာခယမ်က သေချာစွာ နားစိုက်ထောင်သည်။ သို့ရာတွင် ဆိုလိုသော အနက်အဓိပ္ပာယ်ကိုကား အပြည့်အဝ နားမလည်နိုင်ဖြစ်နေသည်။ ။

“ကျွန်တော်မျိုးလား၊ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေရဲ့ မဟာမိတ်ဆိုတာလေ”

မိဖုရားဇရဒါ၏ မျက်လုံးများမှာ ရှုပ်ထွေးသော လှည့်ဖြားစိတ်တို့ ရောင်ပြန်ဟပ်နေသည်။

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



"လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေက ရှင့်ကို အလွန်ပဲ တန်ဖိုး ထားကြပါတယ်။ ရှင် စဉ်းစားကြည့်စမ်း၊ သူတို့ ဘာကြောင့် ရှင့်ကို ဒီနေရာလာခွင့်ပြုသလဲ၊ ဘာကြောင့် ဒီရဲတိုက်ထဲမှာ လက်ခံထားသလဲ၊ သူတို့ဘာကြောင့် ရှင့်ကို မသတ်သလဲ" ယင်းသို့ ပြောရာမှ မိဖုရားဇရဒါက ရယ်လိုက်ကာ "ထိရောက်တဲ့ သေနင်္ဂဗျူဟာ နည်း ပရိယာယ်ကို ရှင်ညွှန်ပြစမ်းပါ။ အားလုံး အောင်ပွဲဆင်ရမှာပါ"

မိဖုရားဇရဒါသည် ပြောပြီးလျှင် လျင်မြန်စွာ လှည့်ပြန်သွားလေသည်။

× × ×

နောက် တစ်နေ့ နံနက်တွင် အသိရခက်သော မိဖုရားဇရဒါ၏ စကားများကို လေးနက်စေဘိအလား ဂိုဏ်းအုပ်ဂျေဟန်သည် အိုမာခယမ်အား ခေါ်ဆောင်၍ ခံတပ်အနှံ့ လိုက်လံပြသည်။

"ကျွန်တော်တို့ရဲ့ အင်အားနဲ့ လျှို့ဝှက်ချက်ဟူသမျှ အိုမာခယမ် သိထားစေချင်ပါတယ်"

ဂျေဟန်က ယင်းသို့ပြောကာ ခံတပ်အတွင်းရှိ အခန်းကြီး အခန်းငယ် အသွယ်သွယ်ကို လိုက်လံပြသသည်။ ထို့နောက် ဆင်ခြေလျှော လမ်းတစ်လျှောက်ခေါ်ကာ ခံတပ်၏ အချက်အချာနေရာကို ပြသည်။ ဆင်ခြေလျှောလမ်းအတိုင်း မြေအောက်သို့ ဆင်းသွားသောအခါ မြေအောက် လိုဏ်ဂူကြီးများအတွင်းသို့ ရောက်သွားသည်။ မြေအောက် လိုဏ်ဂူကြီးများမှာ ကျောက်တုံးကြီးများကို အပိုင်းပိုင်း ဖြတ်တောက် ဆက်စပ်လျက် အုတ်ခုံးကြီးများဖြင့် ကျားကန် တည်ဆောက်ထားသည်။

ယင်းမြေအောက် လိုဏ်ဂူအခန်းများကို လှည့်လည်ပြသစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဂျေဟန်က "ကျွန်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီးဟာ ကျွန်တော်တို့ရဲ့ အရှင်သခင်ပါပဲ။ ကျွန်တော်တို့ ဂိုဏ်းထောက် ဂိုဏ်းအုပ်တွေဟာ ဂိုဏ်းချုပ်ကြီးရဲ့ လက်ခြေသဖွယ်ပါပဲ၊ ဂိုဏ်းသားတွေကတော့ လက်နက်ကိရိယာသဖွယ် ဆိုပါတော့၊ ဒီမြေအောက် လိုဏ်ဂူအခန်းကြီးတွေထဲမှာ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းရဲ့ လက်နက်ကိရိယာသဖွယ်ဖြစ်တဲ့ ဂိုဏ်းသားတွေကို ကျွန်တော်တို့ ကြိုက်နှစ်သက်ရာ ပုံစံမျိုးရအောင် ပုံသွန်းပေးပါတယ်။ ပန်းပဲသမားက သံကို မီးမှာဖုတ်ပြီး ကြိုက်ရာပုံစံမျိုးရအောင် ပုံသွန်းပေးသလိုပါပဲ။ သည်လူတွေကိုလဲ ကျွန်တော်တို့ ပုံသွန်းပေးပါတယ်။ ကျွန်တော်တို့ စိတ်ဆန္ဒရှိသလို သူတို့ လိုက်လုပ်ဖို့ ပုံသွန်းပေးပါတယ်။ သည်လိုနဲ့ သူတို့ဟာ မာကျောပြီး စူးရှထက်မြက်လာကြပါတယ်" ဟု ပြောပြသည်။

အိုမာခယမ်သည် ခိုင်ခန့်သော အုတ်ခုံးကြီးတစ်ခုအောက်မှ ဖြတ်သန်းသွားစဉ် ယူဆွတ်၏ စကားများကို ပြန်လည်အမှတ်ရမိသည်။ ယူဆွတ်ပြောသည့်အတိုင်းပင် အုတ်ခုံးကြီးများမှာ ရောမလူမျိုးများ၏ လက်ရာပင်ဖြစ်တန်ရာသည် ဟူ၍လည်း မှတ်ချက်ချမိသည်။ သူ၏ မှတ်ချက်ကို ဂျေဟန်ကလည်း ထောက်ခံသောအနေဖြင့် ပြောဆိုသည်။

"ဟုတ်တယ် လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကပဲ ရောမလူမျိုးတွေဟာ ဒီကျောက်တောင် ကျောက်တုံးတွေ ရွှေ့လျားမသွားအောင် အုတ်ခုံးကြီးတွေ တည်ဆောက်ပြီး ကျားကန်ထားခဲ့တာပဲ။ မြင်တဲ့အတိုင်းပါပဲ။ ဒါကြောင့်လဲ ကျောက်တောင် ကျောက်တုံးတွေ တစ်ခုနဲ့တစ်ခု ထိစပ်တဲ့နေရာမှာ ဆက်ကြောင်းတွေရှိနေတာပေါ့"

ခံတပ်၏ မြေအောက်တွင်းသို့ နက်သထက် နက်အောင်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လက် ဆင်းသွားသည်တွင် အိုမာခယမ်၏ နှာခေါင်းတွင်းသို့ စူးရှသော ကတ္တရာနံ့များ တိုးဝင်လာသည်။ သို့ဖြင့် ရှေ့ဆက်လာရာမှ မြေအောက်ခန်းတစ်ခုသို့ ဝင်မိသောအခါ ကျောက်နံရံ အက်ကြားများကို တွေ့ရသည်။ ယင်းတို့မှ ကတ္တရာဆီများ စိမ့်ထွက်ကျနေပြီး အရောင်တလက်လက် တောက်ပနေသည်။ အိုမာခယမ်က ကတ္တရာဆီများကို လက်ဖြင့်တို့ကိုင်ကြည့်ရင်း "ဒါတွေဟာ သဘာဝအလျောက် ဖြစ်ပေါ်နေတဲ့ ကတ္တရာဆီ တစ်မျိုးပါလား"ဟု ဂျေဟန်ကို လှမ်းပြောသည်။

"ဟုတ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ အလာမွတ်ခံတပ်ကြီးရဲ့ အံ့ဖွယ်တစ်ပါးပါပဲ။ ကျောက်ဆောင် ကျောက်တောင်တွေထဲက ဒီကတ္တရာဆီတွေ စိမ့်ထွက်ပြီး တချို့နေရာမှာ ကတ္တရာမြောင်းငယ်တွေ ဖြစ်နေတယ်။ တချို့နေရာမှာ ကတ္တရာအိုင်တွေ ဖြစ်နေတယ်။ ဒီကတ္တရာဆီတွေယူပြီး ကျွန်တော်တို့ မီးထွန်းကြတယ်။ အလွန် လင်းထိန်တာပဲ"

အိုမာခယမ်သည် ဤသဘာဝ ကတ္တရာဆီများကို အထူး စိတ်ဝင်စားနေသည်။ သူသည် ယင်းတို့၏ ဂုဏ်သတ္တိကို ကောင်းစွာ သိရှိသူဖြစ်သည်။ ချက်ချင်းပင် ကတ္တရာဆီတို့နှင့် ပတ်သက်၍ အကျိုးအာနိသင်ကို ဆက်စပ်တွေးတောနေမိသည်။

"ဘယ်တော့မှ မငြိမ်းမသေတဲ့ မီးရှူးမီးတိုင်တွေ ထွန်းထားတဲ့ မြေအောက်ခန်းတွေကို မကြာခင် အိုမာခယမ် တွေ့ရပါလိမ့်မယ်" ဂျေဟန်က ယင်းသို့ပြောလိုက်ရာ အိုမာခယမ်၏ အတွေးများသည် ရုတ်ခြည်း လွင့်ပျောက်သွားလေသည်။

"ကဲ ကျွန်တော်တို့ ရှေ့ဆက်သွားရအောင်။ ကျွန်တော်တို့ ပထမဆုံးသွားမယ့် မြေအောက်ခန်းကတော့ ဂိုဏ်းသားသစ်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သင်တန်းပေးတဲ့ အခန်းပဲ၊ အဲဒီအခန်းမှာ ထာဝစဉ် လင်းနေတဲ့ မီးရှူး မီးတိုင်တွေ ထွန်းထားပါတယ်”

အချိန်အနည်းငယ်အတွင်းမှာပင် အိုမာခယမ်နှင့် ဂျေဟန်တို့သည် ဂိုဏ်းသားသစ်များ သင်တန်းပေးရာ အခန်းသို့ရောက်ရှိ သွားကြသည်။ ထိုအခန်းမှာ အလွန်ကြီးမားသည်။ အခန်း ကျောက်နံရံကို ထွင်းဖောက်လျက် မီးခွက်ကြီးတစ်ခု တပ်ဆင်ထွန်းညှိထားသည်။ ယင်းမီးခွက်ကြီးထဲသို့ ကျောက်ကြားမှ စိမ့်ထွက်လာသည့် ကတ္တရာဆီများ အစဉ်မပြတ် စီးဝင်နေအောင်လည်း စီမံထားသည်။ ထိုအခန်းထဲတွင် လုလင်ပျို ၇-ဦးကို တွေ့ရသည်။ သူတို့ကိုယ်တွင် အပေါ်ပိုင်းမှာ အဝတ်အစားမရှိပေ။ သူတို့သည် ကြီးမားသော ကျောက်တွင်းကြီးတစ်ခုထဲမှ ရေများကို သားရေရေပုံးများဖြင့် ခပ်ယူကြသည်။ ထို့နောက် ယင်းတို့ကို အနီးရှိ ကျောက်မြောင်းထဲသို့ သွန်းလောင်းပစ်ကြသည်။ သူတို့သည် ညီညာဖျဖျ စည်းချက်ကျကျပင် ရေများကို ခပ်ချည်၊ လောင်းချည် ပြုနေကြသည်။ ယင်းသို့ပြုရာမှ နှုတ်ကလည်း “မည်သည့်အရာမှ မမှန်၊ အရာရာကို ပြုလုပ်ခွင့်ရှိသည်။ မည်သည့်အရာမှ မမှန်၊ အရာရာကို ပြုလုပ်ခွင့်ရှိသည်” ဟူ၍ သံပြိုင်ဆိုကြသည်။

“ဒါဟာ ကျွန်တော်တို့ ဂိုဏ်းရဲ့ ပထမဦးဆုံးသော ကျင့်စဉ်ပဲ” ဂျေဟန်က ရှင်းလင်းပြောပြသည်။

“ကျိုးနွံခြင်း၊ ကျိုးနွံခြင်း၊ ကျိုးနွံခြင်း၊ ငြိမ်သက်ခြင်း၊ ကျိုးနွံခြင်း၊ ကျိုးနွံခြင်း၊ ငြိမ်သက်ခြင်း” လုလင်ပျိုများက သံပြိုင်ဆိုပြန်သည်။

၄ ထို့နောက် အိုမာခယမ်ကို ဒုတိယအခန်းသို့ ခေါ်သွားသည်။ ဤအခန်းတွင် ဂိုဏ်းသားသစ်တစ်စုကို ဂိုဏ်းထောက်တစ်ဦးက သင်တန်း



www.burmeseclassic.com

www.burmeseclassic.com



ပို့ချနေသည်။ သူ့ရှေ့တွင် ဧရာမစာအုပ်ကြီးတစ်အုပ် ဖွင့်ထားသည်။ သူနှင့် အတူ ဂိုဏ်းသားသစ်များသည် တစ်စုံတစ်ရာကို သံပြိုင်ရွတ်ဆို နေကြသည်။

"သူတို့ စိတ်ကို ကျွန်တော်တို့ တိုက်ခိုက်လွှမ်းမိုးနိုင်အောင် သူတို့ စိတ်ထဲမှာ သံသယတွေဝင်အောင် လှုံ့ဆော်ပေးရတယ်။ ဒါဟာ ဒုတိယ အဆင့်ပဲ"

ထို့နောက် ဂျေဟန်သည် အိုမာခယမ်အား အခြားအခန်းတစ်ခု သို့ ခေါ်သွားပြန်သည်။ ထိုအခန်းမှာ တိတ်ဆိတ်၍ အလင်းရောင် မှုန်ဝါးဝါးသာ ရှိသည်။ အခန်းကျောက်နံရံတွင် တစ်ယောက်နေသာရုံ အခန်းကလေးများကန့်၍ ထွင်းဖောက်ထားသည်။ ထိုအခန်းကလေးများ တစ်ခန်းစီတွင် ဂိုဏ်းသားသစ်များ တယောက်စီ ငြိမ်သက်စွာ ထိုင်နေကြ သည်။

"ခုနစ်နေ့ ခုနစ်ညတိတိ အခုလို ငြိမ်ငြိမ်သက်သက် နေပြီးတဲ့ အခါ သူတို့ရဲ့ ရှိသမျှ အစွဲအလမ်းတွေနဲ့ သူတို့ တစ်သက်လုံး ယုံကြည် ချက်တွေဟာ နောက်ဆုံးလွင့်စင် ကွယ်ပျောက်သွားတော့တာပဲ၊ ယုံကြည် ချက်အားလုံး လွင့်စင်ပျောက်ကွယ်သွားတဲ့အခါ သူတို့စိတ်ဟာ ခဝါချပစ် လိုက်သလို သန့်စင်သွားတော့တာပဲ။ ဒီအခါ သူတို့ဟာ အကြံသစ်၊ ဉာဏ်သစ်၊ ယုံကြည်ချက်အသစ်ကို လက်ခံဖို့ အသင့်ဖြစ်နေပြီ။ စတုတ္ထ အဆင့်အနေနဲ့ကတော့ သူတို့ဘာတွေကို ယုံကြည်ရမယ်၊ လိုက်နာရမယ်၊ ကျင့်ကြံရမယ် ဆိုတာကို ကျွန်တော်တို့ ညွှန်ပြရုံပါပဲ"

ဂျေဟန်က ယင်းသို့ပြောပြီး အိုမာခယမ်ကို စတုတ္ထအဆင့် အတွက် သင်တန်းလေ့ကျင့်ပို့ချရာ အခန်းသို့ ခေါ်သွားပြန်သည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



အခန်း၌ ဂိုဏ်းအုပ်ဘူဇော့ကို အိုမာတွေ့ရသည်။ ဘူဇော့သည် သူ့ရှေ့ရှိ ဂိုဏ်းသားသစ်များအား ညင်သာ၍ သြဇာခတ်ပါသော အသံဖြင့် သင်တန်းပို့ချနေသည်။

“ဘုရားသခင်က ကောင်းကင်ဘုံ ၇-ဆင့်၊ သမုဒ္ဒရာ ၇-စင်း၊ ဂြိုဟ် ၇-လုံး၊ အရောင် ၇-ရောင်၊ သတ္တု ၇-သွယ်၊ သံစဉ် ၇-မျိုး ဖန်တီးထားတယ်။ လူသားတွေကို သွန်သင်ဆုံးမဖို့လည်း ကြီးမြတ်တဲ့ သက်ရှိသတ္တဝါ ၇-မျိုး ဖန်တီးထားတယ်။ အဲဒီ သတ္တဝါ ၇-မျိုးထဲမှာ အမှတ်စဉ် ၇-ကပါဝင်တဲ့ သတ္တဝါဟာ ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးပဲ။ ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးဟာ အရာရာကို သိမြင်နှံ့စပ်သူ ဖြစ်တယ်၊ ငါတို့နဲ့ ထာဝစဉ် မကွဲမကွာရှိသူ ဖြစ်တယ်”

ဘူဇော့က ယင်းသို့ပြောပြီးနောက် ဂိုဏ်းသားများ၏ လက်စွဲဖြစ်သည့် အရိုးနီတပ်ထားသော ဓားမြှောင်တစ်ချောင်းကို ထုတ်၍ မြှောက်ပြလိုက်သည်။ ဓားမြှောင်ရိုးတွင် တပ်ထားသော သံကွင်း ၇-ကွင်းကို မီးရောင် ဝါလဲ့လဲ့တွင် အထင်းသား မြင်ရသည်။ ထို့ပြင် မီးရောင်ကြောင့် ဓားမြှောင်ရိုး၏ အရိပ်သည် ကျောက်နံရံတွင် သွား၍ ထင်နေသည်။ ဓားမြှောင်ရိုး၏ အရိပ်ဆိုသော်လည်း ဖြစ်ရိုးဖြစ်စဉ် ဓားမြှောင်ရိုး၏ အရိပ်မဟုတ် လူ့မျက်နှာ ပုံသဏ္ဍာန်အရိပ်ပင် ဖြစ်သည်။ ထိုလူ့မျက်နှာ ပုံသဏ္ဍာန်အရိပ်သည် အိုမာခယမ်အား ယူဆွတ်ပြသခဲ့သော ပုံသဏ္ဍာန်အရိပ်နှင့် ထပ်တူ တူညီနေသည်။ တစ်ဖန် အိုမာအဖို့ ဤ အရိပ်ကို မြင်သည်တွင် ယခင်အတိုင်းပင် ဤအရိပ်ပုံသဏ္ဍာန်မျိုး တစ်နေရာရာတွင် မြင်ဖူး တွေ့ဖူးသလိုရှိနေပြန်လေသည်။

ယင်းသို့ ဓားမြှောင်ကို မြှောက်ပြရာမှ ဘူဇော့က-



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရဲ့ ဂိုဏ်းချုပ်ကြီးဟာ အရာရာကို သိမြင်နှံ့စပ်သူ ဖြစ်တယ်။ ငါတို့နဲ့ ထာဝစဉ် မကွဲမကွာရှိသူ ဖြစ်တယ်" ဟူသော စကားကို ထပ်တလဲလဲ ပြောဆိုသည်။ ထို့နောက် ခါးမြှောင်ကို အောက်သို့ ချလိုက် သည်တွင် အရိပ်ပုံသဏ္ဌာန်လည်း ကွယ်ပျောက်သွားလေသည်။

× × ×

နောက်ဆုံးတွင် ခေါင်းဆောင်ဂျေဟန်သည် အိုမာခယမ်အား ရှည်လျားသော ခန်းမြောင်လမ်းအတိုင်း ပြန်ခေါ်သွားရာ အမိုးအကာ မရှိသည့် လေဟာပြင် ကျောက်ခုံအမြင့်သို့ ရောက်သွားသည်။ ဤနေရာတွင် ကြောက်မက်ဖွယ်ရာ မြင်ကွင်းကို တွေ့ရသည်။ ဤ ကြောက်မက်ဖွယ် ကောင်းလှသည့် ရက်စက်သော မြင်ကွင်းကိုလည်း ဂိုဏ်းသားသစ် တစ်စုသည် လာရောက်ကြည့်ရှုလေ့လာနေရသည်။

ဂိုဏ်းသား လေးယောက်သည် ရုန်းကန်လှုပ်ရှားနေသော ဂိုဏ်းသားသစ် တစ်ဦးအား ဝိုင်းဝန်းဖမ်းဆီး ချုပ်နှောင်ကာ ထို ဂိုဏ်းသားသစ် ဝတ်ဆင်ထားသော အဖြူရောင်ဝတ်စုံကို အတင်းဆုတ်ဖြဲပစ်ကြသည်။ ဂိုဏ်းသားသစ်လည်း ကြောက်လန့်တကြား ကျယ်လောင်စွာ အော်ဟစ်သည်။ ယင်းသို့ အော်ဟစ်စဉ်မှာပင် ဂိုဏ်းသားလေးယောက်က သူ့ကို ချုပ်ကိုင်ကာ ကျောက်ခုံအစွန်သို့ ခေါ်သွားသည်။ ထို့နောက် အပေါ်သို့ မြှောက်ပြီးလျှင် ကျောက်ခုံအောက်သို့ ပစ်ချလိုက်သည်။ ခဏအတွင်းမှာပင် ဂိုဏ်းသားသစ်သည် ဟစ်အော်ရာမှ အောက်သို့ ကျကာ အသက်ပျောက်သွားလေသည်။

"အဆင့်ဆင့် လေ့ကျင့်ညွှန်ပြလျက်နဲ့ စိတ်ပြောင်းမလာတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူမျိုးတွေကျတော့ ဂိုဏ်းသားအဖြစ် လက်မခံဘူး။ ချက်ချင်း သေဒဏ် ပေးလိုက်တာပဲ”

× × ×

ထိုနေ့ညတွင် ခေါင်းဆောင် ဂျေဟန်သည် အိုမာခယမ်အား ခံတပ်မျှော်စင်၏ အခန်းတစ်ခုသို့ ခေါ်ဆောင်သွားပြန်သည်။ ဤအခန်းတွင် မီးရှူးမီးတိုင်ပေါင်းများစွာ ထွန်းထားရာ တစ်ခန်းလုံး ထိန်ထိန်လင်းနေသည်။ ထို ထိန်ထိန်လင်းနေသော မီးရောင်အောက်တွင် များလှစွာသော ဂိုဏ်းသားသစ်များကို ဓားမြှောင်တစ်လက်စီ ကိုင်စွဲလျက် မိမိတို့၏ ဓားမြှောင်ရိုးကို အသီးသီး နမ်းရှုပ်ကာ ကျမ်းသစ္စာ ကျိန်ဆိုနေကြသည်။ ဂိုဏ်းအုပ် ဘူဇော့က ကျမ်းသစ္စာကို တိုင်ပေးရာ ဂိုဏ်းသားသစ်များက လိုက်ဆိုကြသည်။ ထို ကျမ်းသစ္စာကျိန်ဆိုသော အခမ်းအနားကို ခံတပ်တွင်းရှိ အားလုံးသော ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်များ၊ ဂိုဏ်းသားများ ရှေ့မှောက်တွင် ကျင်းပခြင်းဖြစ်သည်။ ဂိုဏ်းသားများ အထွတ်အမြတ်ထားသည့် အမှတ်အသားဖြစ်သော ကြယ်ပွင့်ကြီးကိုလည်း ကျောက်နံရံ၌ ချိတ်ဆွဲထားသည်။ ကြယ်ပွင့်ကြီး၌ အမြှောင်း ၇-မြှောင်းပါဝင်၍ ဗဟိုတွင် ပတ္တမြားကြီးတစ်လုံး တပ်ဆင်ထားသည်။

“ဒီအခမ်းအနားမှာ ဂိုဏ်းသားသစ်တွေဟာ သူတို့ရဲ့ အသက်ကို ဂိုဏ်းအတွက် အပ်နှံကြောင်း သစ္စာ ၇-ချက် ကျိန်ဆိုရတယ်။ ဒီလို ကျမ်းသစ္စာကျိန်ဆိုပြီးတဲ့နောက် သူတို့ဟာ ပထမဆုံးအကြိမ်အဖြစ် ဆေးခြောက်တစ်မျိုးစားရတယ်။ ဒီဆေးခြောက် အရသာကို ခံစားရင်း ကောင်းကင်ဘုံအရသာကိုလဲ ခံစားရတာပဲ။ တစ်ဖန် ဒီလိုခံစားရာက တကယ်လို့ သူတို့ဟာ ဂိုဏ်းတာဝန်ကို ထမ်းဆောင်ရင်း အသက်စွန့် လှူတတ်ရတယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ဘုံ အရသာကို ခံစားရတယ်လို့လဲ နားလည်ထားကြတယ်။ ဒါကြောင့်လဲ သူတို့ဟာ ကောင်းကင်ဘုံရဲ့ သုခ ချမ်းသာအရသာကို ဖြစ်ပေါ်စေတဲ့ သေခြင်းတရားကို ရဲရဲကြီး စောင့်မျှော် ခဲ့ကြတာပဲ”

ဂျေဟန်က ဤသို့လျှင် အစအဆုံး ရှင်းပြသည်။ အခမ်းအနား ပြီးဆုံးသောအခါ အိုမာခယမ်သည် နက္ခတ္တဗေဒဆိုင်ရာ ကိရိယာများကို တပ်ဆင်ထားသည့် သူ့လုပ်ငန်းခွင်ရှိရာ ကျောက်ခုံနေရာသို့ ပြန်သွားသည်။ သူသည် မှန်ပြောင်းများကို တပ်ဆင်သည်။ ကြယ်တာရာများ ကြည့်ရှုသည်၊ လေ့လာဆန်းစစ်တိုင်းထွာသည်။ ယင်းသို့ပြုနေစဉ် သူက အမျိုးမျိုး စဉ်းစားတွေးတော ကြည့်သည်။ အဘယ်ကြောင့် ခေါင်းဆောင်များသည် သူတို့နှင့် လုံးဝမပက်သက်သည့် သူစိမ်းပြင်ပြင်ဖြစ်သော မိမိအား သူတို့ဂိုဏ်း၏ လျှို့ဝှက်ချက်များကို ပြောဆိုပြသရပါသနည်း။ မိဖုရား ဇရဒါကပင် စေခိုင်း၍လော။ အခြားတစ်ဦးဦးကပင် စေခိုင်း၍လော။

ယင်းသို့ စဉ်းစားတွေးတောရာမှ အိုမာခယမ်သည် ဦးခေါင်း အထက်ရှိ ကြယ်တာရာများကို လှမ်းမျှော်ကြည့်ကာ စဉ်းစားတွေးတော ပြန်သည်။ သည်ကြယ်တာရာတို့သည်သာလျှင် ထာဝရ တည်မြဲကြ သည်တကား။ ထာဝစဉ် ထွန်းလင်းကြသည်တကား။ သည်အရာတို့ သည်သာလျှင် ထာဝရဘုရားသခင်၏ မျက်လုံးများသဖွယ် ဖြစ်သည် တကား။ သည်အရာတို့သည်သာလျှင် လူတို့၏ ကံကြမ္မာကို သိနိုင်ကြ ပေသည်တကား။ အဆုံးအစမရှိသော ဘဝသံသရာကို သိမြင်ကြပေ သည်တကား။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၅ )

ထိုနေ့ညတွင် အိုမာခယမ်သည် ကောင်းကင်ရှိ ကြယ်တာရာများကို ကြည့်ရှုလေ့လာရင်း လူတို့၏ ကံကြမ္မာတရားကိုလည်း လေးနက်စွာ ဆင်ခြင်သုံးသပ်သည်။ ယင်းသို့ရှိစဉ် မြင်းစီးသမားတစ်စုသည် တောင်ကြားလမ်းကိုဖြတ်လျက် အလာမွတ်ခံတပ်ဆီသို့ ဦးတည်လာနေကြသည်။ မြင်းစီးသမားတစ်စုသည် မည်သည့်အရပ်ဒေသမှ လာကြသည်ဟူ၍ကား မသိပေ။ သူတို့သည် ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်ကို စောင့်ကြပ်လိုက်ပါလာကြသည်။ ယောကျ်ားနှင့် မိန်းမသည် စစ်မြင်းကြီးတစ်ကောင်စီ စီးလျက်လာကြသည်။

မြင်းစီးသမားများမှာ စုစုပေါင်း ၈-ယောက် ဖြစ်သည်။ အားလုံးသန်မာထွားကျိုင်းသော ယောကျ်ားကြီးများ ဖြစ်သည်။ လက်နက်အပြည့်အစုံ စွဲကိုင်ထားသည်။ သူတို့၏ သစ်လွင်တောက်ပြောင်သော သားရေချပ်အင်္ကျီများနှင့် အဖြူရောင်သိုးမွေးဝတ်ရုံများကို ဖြော့တော့သော



www.burmeseclassic.com

www.burmeseclassic.com



လရောင်တွင် အထင်းသားမြင်နေရသည်။ သူတို့သည် ဦးထုပ်နီ ကိုယ်စီ ဆောင်းထားရာ လရောင်တွင် ယင်းတို့သည် ပတ္တမြားသဖွယ် တောက်ပ နေလေသည်။

မြင်းတို့သည် ခရီးပြင်းနှင်လာရသဖြင့် မောပန်းလှသောကြောင့် မကြာခဏပင် ဆုံ့ဆိုင်းဆုံ့ဆိုင်း ဖြစ်သွားသည်။ ဤတွင် မြင်းစီးသမား များက အသနားညှာတာ ကင်းမဲ့စွာဖြင့် ရှေ့သို့အတင်းအကြပ် နှင်စေ သည်။ သည်ညမှာပင် အလာမွတ်ခံတပ်သို့ အရောက်လာရန် သူတို့က ဆုံးဖြတ်ထားပြီး ဖြစ်သည်။ ယင်းသို့ ဆုံးဖြတ်ထားသည့်အတိုင်းပင် ထိုည ၌ သူတို့သည် အလာမွတ်ခံတပ်သို့ သူတို့စောင့်ကြပ် ခေါ်ဆောင်လာ သူ ယောက်ျားနှင့် မိန်းမကို ဘေးမသီ ရန်မခ ခေါ်ဆောင်နိုင်ခဲ့ပေသည်။ သူတို့ခေါ်ဆောင်လာသော ယောက်ျားနှင့် မိန်းမကား အခြားသူများ မဟုတ်၊ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်း၏ ဂိုဏ်းချုပ်ကြီးနှင့် အိုမာခယမ်၏ ကျွန်မကလေး ယဖားတို့ပင် ဖြစ်ပေသည်။

× × ×

နောက်တစ်နေ့ ညနေပိုင်းတွင် ဂိုဏ်းထောက် ဂျေဟန်သည် အိုမာခယမ်၏ အခန်းသို့ ရောက်လာသည်။ သူသည် အိုမာခယမ်အား တက်ကြွသော အသံဖြင့် စကားပြောသည်။

"မနေ့ညက ကျွန်တော်တို့ရဲ့ ဂိုဏ်းချုပ်ကြီး ဌာနချုပ်ကို ပြန် ရောက်လာတယ်။ မကြာခင်ပဲ ကျွန်တော်တို့ ဂိုဏ်းရဲ့ အရေးပါအရာ ရောက်တဲ့ အစီအစဉ်တွေကို ခင်ဗျား သိရပါလိမ့်မယ်။ ခင်ဗျားစီရင်နေ တဲ့ ပြက္ခဒိန်အသစ်ဟာ ကျွန်တော်တို့ ထူထောင်မယ့် ခေတ်သစ်က အစပြုရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဂျေဟာန်က ယင်းသို့ပြောကာ ဦးညွှတ်လိုက်သည်။

"ဂိုဏ်းချုပ်ကြီးက အိုမာခယမ်ကို သူ့ထံလာရောက်ဖို့ အခေါ်လွှတ်လိုက်ပါတယ် ခင်ဗျား"

ဂျေဟာန်က ထပ်မံဦးခေါင်းညွှတ်၍ ပြောဆိုကာ အိုမာခယမ်ကို ခေါ်ဆောင်သွားသည်။ ယင်းသို့ ခေါ်ဆောင်သွားစဉ် လမ်း၌သူက "ကျိုးနွံခြင်း၊ ကျိုးနွံခြင်း၊ ငြိမ်သက်ခြင်း" ဟူ၍ ပါးစပ်မှ တတွတ်တွတ်ရွတ်ဆိုသွားသည်။

ဂိုဏ်းချုပ်ကြီးသည် ခံတပ်မျှော်စင်ထိပ်ရှိ ညီလာခံခန်းမကြီးတွင် ရှိသည်။ အိုမာခယမ်သည် ဂျေဟာန်နှင့်အတူ မျှော်စင်ပေါ်သို့ တက်လိုက်သွားစဉ် ဝင်လုဆဲ ဖြစ်နေသော နေလုံးနီနီကြီးကို တွေ့ရသည်။ နေလုံးနီနီကြီးသည် မီးကျည်မီးခဲတမျှ ရဲရဲနီသည်။ ယင်းသည် ဘီလူးသဘက်၏ မေးရိုးသဖွယ် ရှိနေသည့် ညို့မှိုင်းသော တောင်တန်းကြီးပေါ်တွင် မေးတင်လျက် ရှိသည်။

ဂျေဟာန်နှင့် အိုမာခယမ်သည် မျှော်စင်ထိပ်သို့ ရောက်ရန် တစ်ဆင့်ပြီး တစ်ဆင့်တက်သွားသည်။ နောက်ဆုံး ရွှေအမွမ်းအပြောက်များဖြင့် တန်ဆာဆင်ထားသည့် အခန်းတံခါးတစ်ခုရှေ့သို့ ရောက်သောအခါ ရပ်တန့်လိုက်ကြသည်။ မဆိုင်းမတွပင် ယင်းတံခါးကို ဂျေဟာန်က တွန်းဖွင့်လိုက်ကာ ခန်းမအတွင်းသို့ အိမုမာခယမ်ကို ခေါ်ဆောင်သွားလေသည်။

အခန်း၏ အမိုးခုံးမျက်နှာကျက်၌ ကျောက်သံပတ္တမြားများဖြင့် တန်ဆာဆင်ထားသော မီးအိမ်ကြီးများကို ရွှေကြိုးများဖြင့် ဆွဲဆိုင်းထားသည်။ အခန်းနံရံတစ်ဖက်၌ စာရွက်လိပ်များနှင့် သားရေပုရပိုက်များ



www.burmeseclassic.com

www.burmeseclassic.com



ချိတ်ဆွဲထားသည်။ ထိုနံရံအရှေ့တွင် အဖြူရောင်နှင့် အနီရောင် ဝတ်ရုံများ ဝတ်ဆင်ထားသော ဂိုဏ်းသားများ စုဝေးရှိနေကြသည်။ သူတို့ဘေးနားတွင် မိဖုရားဇရဒါနှင့် ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်များ ရပ်နေသည်။ သူတို့နှင့် မနီးမဝေး အခန်းအစွန်းနေရာ၌ စင်မြင့်ငယ်တစ်ခု ရှိသည်။ စင်မြင့်ငယ်မှာ လှေကား ၇-ထစ်ရှိသည်။ ယင်းစင်မြင့်ငယ်ပေါ်တွင် ရတနာများဖြင့် စီခြယ်ထားသော ရာဇပလ္လင်ရှိသည်။ ထိုရာဇပလ္လင်ပေါ်၌ ဂိုဏ်းချုပ်ကြီးသည် ထိုင်လျက်ရှိသည်။ ကြက်သွေးရောင် ပိုးချည်ဖြင့် အနားကွပ်ထားသော ငွေရောင်အင်္ကျီကို ဝတ်ဆင်ထားသည်။ သူ့ဦးခေါင်း၌ အဖြူရောင် ဦးပေါင်းကို ဆင်မြန်းထားလျက်၊ ထိုဦးပေါင်း၌ ထောင့်စွန်း ၇-ခုပါသည့် ရွှေကြယ်တစ်ပွင့် တပ်ဆင်ထားသည်။ ထိုရွှေကြယ်ပွင့် အလယ်၌ ပတ္တမြားကြီးတစ်လုံး တပ်ဆင်ထားရာ ပတ္တမြားအရောင်သည် သွေးရောင်တမျှ နီမြန်းလှပေသည်။

အိုမာခယမ်သည် လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားများ၏ ဓားမြှောင်အရိပ်ကို နှစ်ကြိမ်တိုင် မြင်ဘူးသည်။ ထိုနှစ်ကြိမ်စလုံးပင် ဓားမြှောင်အရိပ်၌ ပေါ်ထင်လာသူ၏ မျက်နှာ ပုံပန်းသဏ္ဍာန်ကို မြင်ဖူးသိဖူးသည်ဟု ခံစားခဲ့သည်။ ယခုကား ထိုအရိပ်သဏ္ဍာန်၏ ပကတိမျက်နှာကို မြင်ရလေပြီ။ သူကား အခြားမဟုတ်၊ ဟာစာနီပါတကား။

× × ×

ဟာစာနီက ရာဇပလ္လင်ပေါ်မှနေ၍ အိုမာခယမ်ကို စကားပြောသည်။ သူပြောသည့် စကားတို့ကို သူ့အနီးရှိ စာချီနှစ်ဦးက လိုက်လံရေးမှတ်သည်။

"အိုမာခယမ်. . . မင်းကိုငါတို့ဌာနချုပ်ဖြစ်တဲ့ အလာမွတ်



www.burmeseclassic.com

www.burmeseclassic.com



ခံတပ်ကြီးကလဲ ကြိုဆိုပါတယ်။ နောက်ပြီး ငါတို့ရဲ့ ကြီးမြတ်တဲ့ ဂိုဏ်းကြီးကလဲ ကြိုဆိုပါတယ်”

ယင်းသို့ ဟာစာနီက ပြောပြီးလျှင် ဂိုဏ်းအုပ် ဘူးဇော့ကို တစ်စုံတစ်ရာ အချက်ပေးလိုက်သည်။ ဤတွင် ဘူးဇော့က ဖြူရောင်ဖဲသားဖုံ တစ်ခုကို လက်နှစ်ဖက်ဖြင့် ကိုင်၍ယူလာသည်။ ယင်းဖုံပေါ်တွင် ထောင့်စွန်း ၇-နှစ်စွန်းရှိသော ရွှေကြယ်တစ်ပွင့် တပ်ဆင်ထားသည့် ဦးပေါင်းဖြူ တစ်ခုပါရှိသည်။

“အိုမာခယမ်၊ ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်တွေထက် လွန်ကဲပြီး မင်းကိုငါတို့ ဂုဏ်ပြုပါတယ်။ ဘာကြောင့်ဆိုတော့ မင်းနဲ့ငါဟာ အလွန်ချစ်ခင်မြတ်နိုးခဲ့ကြတဲ့ မိတ်ဆွေကောင်း မိတ်ဆွေမွန်တွေ ဖြစ်လို့ပါပဲ၊ ငါ့လိုပဲ အဖြူရောင်ဦးပေါင်းကို မင်းဝတ်ဆင်ပါ။ နောက်ပြီး ရာဇပလ္လင်နဲ့ အနီးဆုံးနေရာမှာ မင်းနေရာယူပါ။ မင်းကို ငါ. . . ”

ဟာစာနီ၏ စကားမဆုံးမီ အိုမာခယမ်သည် ဦးပေါင်းကို ဖဲသားဖုံပေါ်မှ လှမ်းယူလိုက်သည်။ ထို့နောက် လက်ဖြင့် ညင်သာစွာ ကိုင်တွယ်ပွတ်သပ် ကြည့်ရှုသည်။ ဟာစာနီက သူ၏ ဂုဏ်ပြုချက်ကို အိုမာခယမ် ဝမ်းမြောက်ဝမ်းသာ လက်ခံလိမ့်မည်ဟူ၍ရင်း၊ ဦးပေါင်းကို အိုမာခယမ် ဆင်မြန်းလိမ့်မည်ဟူ၍ရင်း၊ မျှော်လင့်ထားသည်။ ထို့ကြောင့် စကားဆုံးအောင်မဆိုဘဲ အိုမာခယမ်ကို လှမ်းကြည့်နေသည်။

အိုမာခယမ်သည် ဦးပေါင်းကို ကိုင်တွယ်ပွတ်သပ် ကြည့်ရှုသည်မှာ တစ်ခဏမျှသာ ဖြစ်သည်။ ချက်ချင်းပင် သူသည် ဦးပေါင်းကို ကိုင်ထားရာမှ ဖဲသားဖုံပေါ်သို့ ပြန်တင်လိုက်သည်။ ထို့နောက် သူသည် ဟာစာနီကို စူးစိုက်ကြည့်ကာ မကြောက်မရွံ့ပြောဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာစာနီ၊ ရှားဘုရင်ကို ငါ သစ္စာခံခဲ့ပြီးပြီ။ ရှားဘုရင် အသက်ရှင်နေသရွေ့ သူ့အပေါ် သစ္စာဖောက်သူ ဟူသမျှဟာ ငါ့ရန်သူပဲ။ သူ့ရဲ့အသက် အိုးအိမ် စည်းစိမ်ကို ငါ့အသက်နဲ့လဲပြီး ကာကွယ်ရမှာပဲ"

ဤတော်လှန်သော စကားသံများသည် ငြိမ်ဆိတ်နေသော အခန်း တစ်ခုလုံး လွှမ်းမိုးသွားသည်။ အားလုံးပင် ဂိုဏ်းချုပ်ကြီးကို လှမ်းကြည့်ကြ သည်။ ဤတွင် ဟာစာနီက အောင်နိုင်သောအသံဖြင့် ပြောဆိုသည်မှာ . . .

"အိုမာခယမ်၊ မင်းကို ငါ သတင်းကောင်း ပြောပြရဦးမယ်။ ရှားဘုရင်ဟာ မင်းရဲ့ သေနင်္ဂဗျူဟာ နည်းပရိယာယ်အတိုင်း လိုက်နာပြီး ကက်စပီယန် ပင်လယ်ကို ကူးဖြတ်ခဲ့တယ်။ အင်အားကြီးမားတဲ့ ဘိုင်ဇင်တိုင်တပ်တွေကို ခါးလယ်ဖြတ်ပြီး ရှောင်တခင် တိုက်ခိုက်ခဲ့တယ်။ အောင်လဲ အောင်မြင်ခဲ့တယ်။ ဒါပေမယ့် ရှားဘုရင်ရဲ့ တပ်တစ်ဝက်ဟာ ကျဆုံးခဲ့တယ်။ ရှားဘုရင်နဲ့ သူ့သားတော် မာလစ်ကိုယ်တိုင် ဒဏ်ရာရခဲ့တယ်"

ဤသတင်းကို ကြားရသောအခါ အိုမာခယမ်သည် အံ့အားသင့်သွားသည်။ ဤတွင် ဟာစာနီက ထူးကဲအောင်နိုင်သော အသံဖြင့် ဆက်ပြော ပြန်သည်။

"ရှားဘုရင်ဟာ ဘိုင်ဇင်တိုင်တပ်တွေကို အောင်နိုင်တာနဲ့အမျှ တစ်ဘက်ကလဲ သူ့အင်အားဟာ လျော့ပါးသွားတာပဲ၊ ဒါဟာ ငါတို့အတွက် အခွင့်ကောင်းပဲ၊ ဒီအခွင့်ကောင်းကို စောင့်နေတာ ကြာပြီ။ ဟော- အခုဆိုရင် ခါဇာဘုရင်မရဲ့ သားတော်မင်းသား အာမွတ်ဟာ ငါတို့နဲ့ မဟာမိတ် ဖြစ်လာပြီ။ သားတော် အာမွတ်ဟာ တပ်သားသစ်



www.burmeseclassic.com

www.burmeseclassic.com



တွေ စုဆောင်းပြီး ရှားဘုရင်တပ်ကြွင်း တပ်ကျန်တွေကို တိုက်ခိုက်ဖို့ ချီတက်သွားပါပကော”

ယင်းသို့ပြောပြီး ဟာစာနီသည် နေရာမှ ထလိုက်သည်။ သူ့အသံမှာ မာကျောလှသည်။ ယခုအခါ သူ့၌ တန်ခိုးအာဏာရှိနေပြီဟူ၍ ၎င်း၊ ထိုတန်ခိုးအာဏာကို မည်သူမျှ မတားဆီးနိုင်ဟူ၍၎င်း အခိုင်အမာ ယုံကြည်နေပုံရသည်။

“မင်းသားအာမွတ်ရဲ့ တပ်တွေနဲ့ တွေ့ဆုံတိုက်ကြပြီဆိုရင် ရှားဘုရင်ရော၊ သူ့သားတော် မာလစ်ရော မုချကျဆုံးမှာပဲ။ တကယ်လို့ ကံကောင်းထောက်မပြီး မကျဆုံးကြဘူးဆိုရင်လဲ ဟောဒီ ငါတို့ဓားမြှောင်တွေ လက်ချက်နဲ့ . . .”

သူသည် စကားကို ဆက်မပြောဘဲ မြေအောက်သို့ လက်ညှိုးညွှန်ပြလိုက်သည်။ ဤသို့ ညွှန်ပြစဉ် သူ့မျက်လုံးများသည် မီးကျည်မီးခဲများပမာ တရဲရဲတောက်ပနေသည်။

သူသည် စကားကို ခေတ္တရပ်နားပြီးလျှင် အေးဆေးသော အသံပြောင်းကာ ဆက်လက်ပြောဆိုပြန်သည်။

“မကြာမီအချိန်အတွင်းမှာ မင်းသားအာမွတ်ဟာ သူ့ခမည်းတော် ရှားဘုရင်ရဲ့ ထီးနန်းကို သိမ်းပိုက်ရရှိလိမ့်မယ်။ တစ်ခါ ဒီထီးနန်းဟာလဲ ငါတို့ရဲ့ လက်အောက်ခံ ဖြစ်လာမှာပဲ။ သင်တို့ရဲ့ ဂိုဏ်းချုပ်ကြီးဖြစ်တဲ့ ‘ငါ’ ကိုယ်တော်မြတ်ဟာ အကြီးမြတ်ဆုံး ဧကရာဇ်အရှင်သခင် ဖြစ်လာမှာပဲ၊ ငါတို့ဟာ အိမ်နီးချင်းနိုင်ငံ အားလုံးကို စစ်ကြေညာပြီး ဘာသာရေးစစ်ပွဲ ဆင်နွှဲမယ်။ အချိန် အနည်းငယ်အတွင်း ငါတို့နယ်ပယ်ကို အတ္တလန်တိတ်သမုဒ္ဒရာကနေပြီး ဟိုးဝေးလံလှတဲ့ ပစိဖိတ်သမုဒ္ဒရာ



www.burmeseclassic.com

www.burmeseclassic.com



အထိ နယ်ချဲ့မယ်။ ပါရှင်းတပ်သစ်ဟာ မိဖုရားဇရဒါအတွက် ခါဇာနိုင်ငံကိုလဲ တိုက်ခိုက်သိမ်းယူပေးမယ်”

ဤတွင် မိဖုရားဇရဒါက အိုမာခယမ်ကို လှမ်းကြည့်ကာ ပြုံးလိုက်သည်။

ဟာစာနီသည် ရာဇပလ္လင်စင်မြင့်ပေါ်မှ ဆင်းလာပြီးလျှင် အိုမာ့ဘေး၌လာရပ်ကာ “ပါရှင်းနဲ့ ခါဇာမြင်းသည်ကျော်တွေဟာ အီဂျစ်ကို တိုက်ခိုက်သိမ်းယူမယ်။ ဒီနောက် ကက်ရှမီးယားကို တိုက်ခိုက်သိမ်းယူမယ်။ ဒီနောက်. . . ”

ဟာစာနီ့ စကားမဆုံးမီ အိုမာခယမ်က ဖြတ်၍မေးသည်။ အိုမာခယမ်သည် ဟာစာနီ၏ သစ္စာဖောက်မှုကို စိုးရိမ်ထိတ်လန့်နေသည်။ တစ်ချိန်တည်းပင် သစ္စာရှိလှသော သူငယ်ချင်း နိုင်ဇမ်ကိုလည်း သတိရနေသည်။

“မင်း အကြံအစည်မှာ ငါတို့ရဲ့ သူငယ်ချင်း နိုင်ဇမ်ကော အလိုတူ အလိုပါလား”

“နိုင်ဇမ်လား”

ဟာစာနီ၏ အသံမှာ တုန်ယင်နေသည်။ မည်သို့ပင်ဖြစ်စေ သူသည် သူ့စကားကို ဆက်ပြောမည်ပြုသည်။ ထိုအခိုက် ခိုထိန်း အဖိုးအိုသည် ရုတ်တရက် အခန်းထဲသို့ဝင်လာရာ ဟာစာနီသည် စကားဆက်မပြောဘဲ ရပ်ထားလိုက်သည်။ ခိုထိန်း အဖိုးအိုလက်ထဲ၌ ခိုကလေးတစ်ကောင်ပါလာသည်။ သူသည် ထိုခိုကလေးလည်မှ စာလိပ်ကလေးကို ဖြုတ်ကာ ဂိုဏ်းထောက်တစ်ဦး၏ လက်သို့လှမ်းပေးလိုက်သည်။ ဟာစာနီက ဂိုဏ်းထောက်တယောက်အား စာလိပ်ကို အိုမာခယမ်သို့ ပေးစေကာ



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်တိုင် ဖတ်ကြည့်စမ်းပါ" ဟုပြောသည်။

အိုမာခယမ်သည် စာလိပ်ကိုဖြေကာ လျှင်မြန်စွာ ဖတ်ကြည့်သည်။

"ဘုရား-ဘုရား-နိုင်ဇမ်သေပြီဆိုပါကလား"

× × ×

အိုမာခယမ်သည် ဟာစာနီ၏ ရက်စက်မှုအတွက် မူးမိုက်မတတ် ဖြစ်သွားသည်။ ဟာစာနီသည် လူ့ဘီလူးသဘက်ဟူ၍ ထင်မှတ်လောက်အောင်ပင် ရက်စက်ယုတ်မာသူပါတကား။ အိုမာခယမ်သည် ဟာစာနီ၏ ယခုအပြုအမူကို တွေးမရနိုင်အောင် ရှိနေသည်။ သူ တွေးရသည်ကား ယခင်ကျောင်းသားဘဝက ချစ်ချစ်ခင်ခင် သစ္စာရှိရှိ နေထိုင်ခဲ့ကြသည်များပင် ဖြစ်သည်။

အိုမာခယမ်သည် ဒေါသကို ချုပ်တည်းကာ ဟာစာနီကို စူးစိုက်ကြည့်လျက် ဖြေးညှင်းစွာ ပြောဆိုသည်။

"ဟာစာနီ၊ မင်းနဲ့ နိုင်ဇမ်ဟာ သေတပန် သက်တဆုံး ချစ်ခင်မြတ်နိုးကြတဲ့ သူငယ်ချင်းတွေပဲ၊ မင်းဟာ သူ့ဆီကို လက်ဆောင်တွေ ယူလာပေးပြီး အယုံသွင်းခဲ့တယ်။ သူ့ခမျာ မင်းကို ယုံကြည်ရှာလွန်းလို့ ရှားဘုရင်ရှေ့မှာ မင်းအတွက် အသက်နဲ့လဲပြီး အာမခံခဲ့တယ်။ ထိုနည်းအတူ ငါ့အတွက်လဲ အသက်နဲ့လဲပြီး အာမခံခဲ့ရှာတယ်။ ရှားဘုရင်ကို သူ တင်လျှောက်တဲ့စကားတွေ အခုထိ ငါကြားယောင်နေသေးတယ်။ ဟောဒီ သူငယ်ချင်းနှစ်ယောက်ဟာ အရှင့်အပေါ် ကျွန်တော်မျိုးလိုပဲ သစ္စာစောင့်သိမယ်ဆိုတာ ကျွန်တော်မျိုး အသက်နဲ့လဲပြီး အာမခံရပါတယ်ဆိုတာလေ အခုတော့ သူငယ်ချင်းအပေါ် ယုံကြည်မိတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



သူ့ခမျာ သေရှာပြီကော။ အသတ်ခံရပြီကော”

ယင်းသို့ အိုမာခယမ်က ပြောသောအခါ ဟာစာနီကလည်း ပြန်ပြောသည်။ ဟာစာနီ ပြောဆိုနေစဉ် ဂိုဏ်းသားများသည် ရန်လိုသည့် မျက်လုံးများဖြင့် အိုမာ့ကို စူးစိုက်ကြည့်နေကြသည်။

“နိုင်ဇမ်က ရှားဘုရင့်အပေါ် သစ္စာစောင့်သိလွန်းတာကိုး။ နောက်ပြီး နန်းရင်းဝန်လဲ ဖြစ်နေတယ်။ ဒါကြောင့် သတ်ရတာပေါ့”

လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားများ လက်ချက်ဖြင့် ရှားဘုရင်၏ နန်းရင်းဝန် နိုင်ဇမ်ကျဆုံးသော သတင်းကိုကြားရသဖြင့် ဂိုဏ်းအုပ် ဂိုဏ်းထောက်များမှစ၍ ဂိုဏ်းသားအားလုံး ဝမ်းမြောက်မဆုံး ဖြစ်နေသည် ကို ဟာစာနီသည် ကောင်းစွာ သတိပြုမိနေသည်။ သို့ဖြင့် သူသည် အိုမာခယမ်ကို ပြောနေရာမှ အားလုံးကြားလောက်အောင် အသံကိုမြှင့် ၍ ပြောဆိုသည်။

“အခြေအနေပြောင်းပြီး ထီးဟောင်းနန်းဟောင်းတွေ ယိမ်းယိုင်နေပြီ။ အင်ပါယာအသစ် ပေါ်ထွန်းပြီ၊ ငါတို့ ပိုမိုအင်အားရှိအောင် စုပေါင်းရမယ်။ အိုမာခယမ် ငါ့ရဲ့ အတိုင်ပင်ခံ လူကြီးအဖြစ် မင်း ထမ်းဆောင်ပါ၊ မင်းရဲ့ အကြံကောင်း ဉာဏ်ကောင်းနဲ့ ကူညီမှုသာရရင် ငါတို့ အောင်ပွဲအဆင့်ဆင့် ရသွားမှာပဲ”

ယင်းသို့ပြောရာမှ ဟာစာနီသည် အထူး စိတ်လှုပ်ရှားတက်ကြွလာသဖြင့် ကျယ်လောင်စွာ ဟစ်အော်ပြောလိုက်သည်။

“အမှန်တရားကို ညွှန်ပြလေ့ရှိတဲ့ ဘုရားသခင်ဟာ ကမ္ဘာကြီးကို ငါတို့ခြေရင်းအရောက် ပို့ဆောင်လိုက်ပြီ။

ဤတွင် ဂိုဏ်းအုပ် ဂိုဏ်းထောက်များက ဦးခေါင်းကို အကြိမ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



ညွှတ်ကြပြီးလျှင် "အိုအရှင် အနာဂတ်ခရီးကို ကျွန်တော်မျိုးတို့ပါ အတူ ချီတက်ကြပါမည်။ အရှင့်အရိပ်သည် ကမ္ဘာကြီးတစ်ခုလုံး လွှမ်းမိုးစေရပါမည်"ဟု သံပြိုင်ဟစ်အော် ကြွေးကြော်ကြလေသည်။

ထိုအတွင်း နေဝင်သွားသဖြင့် တစ်ခန်းလုံး မှောင်သွားသည်။ ဂိုဏ်းသားအချို့သည် မီးအိမ်များကို လိုက်လံထွန်းညှိကြသည်။ ထိုအချိန်တွင် ဂိုဏ်းအုပ်ဘူဇော့သည် ဦးပေါင်းဖြူကို တင်ထားသည့် ဖဲသားဖုံကို ကောက်ယူ၍ အိုမာခယမ်ထံ လာပေးမည်ပြုပြန်သည်။

ဤတွင် အိုမာခယမ်က "အင်ပါယာအသစ်တစ်ခုရဲ့ အတိုင်ပင်ခံလူကြီးအဖြစ် ခန့်အပ်ခြင်းခံရတာ တကယ်တော့ ဂုဏ်ယူစရာပါပဲ၊ ဒါပေမယ့် ဒါတွေကို ငါလုံးဝ မမက်မောဘူး"ဟု ရဲရင့်စွာ ပြောလိုက်သည်။ ယင်းသို့ပြောရာမှ သူသည် နက္ခတ္တဗေဒပညာရပ်များ တွက်ချက်ထားသည့် ပုရပိုက်ကို ဖြန့်ပြကာ "ခေတ်အဆက်ဆက် လူတွေကို ဟောဒီပညာက လမ်းညွှန်ပြတယ်။ နှစ်ထောင်ပေါင်းများစွာကြာလို့ ငါတို့ရဲ့ အရိုးဟာ မြေမှုန်အဖြစ် ပြောင်းသွားပေမယ့် ဟောဒီပညာကြောင့် နေ့တွေ ညတွေရယ်လို့ အစီအစဉ်မပျက် ထာဝစဉ် တည်ရှိနေဦးမှာပဲ။ ဒါကြောင့် လူသားတွေ ကောင်းကျိုးအတွက် ကောင်းကင်ပြင်ကို လေ့လာဆန်းစစ်တဲ့ အလုပ်ကပဲကောင်းသလား။ ဒါမှမဟုတ် ဓားမြှောင်လက်နက်တွေကြောင့် ပိုင်ဆိုင်နေတဲ့ ရာဇပလ္လင်ဘေးမှာ ရပ်တည်နေတာပဲ ကောင်းသလားဆိုတာ အထူးပြောဖို့ လိုမယ်မထင်ပါဘူး"ဟု ပြောဆိုသည်။

ထိုအခါ တစ်ခန်းလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ ဂိုဏ်းသားများသည် အိုမာခယမ်အား ရန်ပြုလိုဟန် ရှိနေကြသည်။ သို့ရာတွင် အိုမာခယမ်ကားမမှု၊ ရဲရင့်တည်ကြည်စွာဖြင့် ဆက်လက်ပြောပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝသုန်မြေကြီးဟာ လုပ်ကြံမှုကြီးတွေ၊ မတရားမှုကြီးတွေကို ဘယ်လောက်များများ ကြုံတွေ့ပြီး ဘယ်လောက်များများ ဝမ်းနည်းကြေကွဲခြင်း ဖြစ်ခဲ့ပြီလဲ မဆိုနိုင်ဘူး။ အီဂျစ်၊ ဂရိ၊ ဟီးဘရူး၊ ရောမလူမျိုးတွေရဲ့ သမိုင်းကိုကြည့်မယ်ဆိုရင် ကမ္ဘာကြီးတစ်ခုလုံးကို အုပ်စိုးမယ်ဆိုတဲ့ ကြောက်စရာ့ အကြံအစည် အပြုအမူတွေဟာ ရာစုနှစ်တိုင်း တစ်ကြိမ်တစ်ကြိမ် ပေါ်ခဲ့တာပဲ။ ဒီမယ် ဟာစာနီ၊ မင်းအရင်ကလဲ ကူရယ်မီ ပေါ်ခဲ့တာပဲ မဟုတ်လား”

“အို. . . ကူရယ်မီဟာ လူဆိုးလူမိုက်ကြီးဟာပဲ” ဟာစာနီက အသံသဲ့သဲ့ဖြင့် ပြန်ပြောသည်။

“ကူရယ်မှီ အရင်ကလဲ ရက်စက်ကြမ်းကြုတ်လှတဲ့ မန်ဇာပေါ်ခဲ့တာပဲ မဟုတ်လား။ သူက လူသတ်ပြီး အာဏာယူခဲ့တယ်လေ။ ဒါပေမယ့် လူသတ်ပြီးယူခဲ့တဲ့ အာဏာဟာလဲ ကြာရှည်မတည်ခဲ့ပါဘူး။ သူများခံရသလို သူလဲ တစ်နေ့မှာ ခံသွားရတာပဲ။ နေ့ပေါ်ထွန်းပြီး မကြာခင်ညပေါ်ထွန်းသလို ဖြစ်သွားကြတာပဲ”

အိုမာခယမ်သည် ယင်းသို့ပြောဆိုရာမှ ရုတ်တရက် အသံကိုနှိမ့်ကာ “ကျမ်းသစ္စာ ကျိန်ဆိုပြီးတဲ့ ဂိုဏ်းသားတွေသာ ဒီခံတပ်က အသက်နဲ့ကိုယ် အိုးစားမကွဲပဲ ပြန်ထွက်နိုင်ခဲ့တယ်။ ပြက္ခဒိန်အသစ် စီရင်ဖို့လာတဲ့ သူအဖို့ အသက်မသေဘဲ ထွက်လမ်းမရှိနိုင်ဘူးဆိုတာ ငါသိပါတယ် ဟာစာနီ”ဟု ပြောလိုက်သည်။

ဟာစာနီသည် အိုမာခယမ်၏ ရိုးသားဖြောင့်မတ်မှုကိုရင်း၊ သူရသတ္တိကိုရင်း ခံစားသိရှိရသောအခါ ထူးခြားစွာ တုန်လှုပ်မိသည်။ အိုမာခယမ်ကား မည်သူ့ကိုမှ အရှင်သခင်အဖြစ် မထားလိုသူပါတကား။



www.burmeseclassic.com

www.burmeseclassic.com



ရာထူး၊ ဂုဏ်ထူး၊ ဘွဲ့ထူးတို့ကို ကျော်ခိုင်းသူပါတကား။ ကြောက်ခြင်းကင်းသူပါတကား။ ယင်းသို့ မှတ်ချက်ချရာမှ ဟာစာနီသည် အိုမာခယမ်၏ စူးစိုက်ကြည့်နေသော မျက်လုံးဒဏ်ကို မခံဝံ့ဖြစ်နေသည်။ ထို့ကြောင့် သူသည် အိုမာခယမ်ကို မကြည့်ဘဲ စကားပြောဆိုသည်။

"အိုမာခယမ်၊ မင်းကို ငါ ချီးကျူးဂုဏ်ပြုသင့်တယ်။ ဘာကြောင့်ဆိုတော့ မင်းပြောတဲ့ စကားတွေဟာ မင်းဖွဲ့ဆိုတဲ့ ကဗျာတွေနဲ့တူလို့ပဲ။ မင်းရဲ့စကား တစ်လုံးစီအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ ပုလဲတစ်လုံးစီ ဆုချီးမြှင့် သင့်ပါတယ်။ ဒါပေမယ့် . . ." ယင်းသို့ပြောဆိုရာမှ ဟာစာနီက ဂိုဏ်းထောက်၊ ဂိုဏ်းအုပ်များဖက်သို့လှည့်ကာ "ဒါကြောင့်လဲ တမန်တော်က ဆိုထားတာပဲ။ ပညာရှင်ရဲ့ မင်ကို အာဇာနည်ရဲ့ သွေးထက်ပိုပြီး အထွတ်အမြတ် ထားသင့်တယ်လို့" ဟု ပြောလိုက်သည်။ ထို့နောက် အိုမာခယမ်ဘက်သို့လှည့်ကာ "အိုမာခယမ်၊ လာလမ်းအတိုင်း မင်းပြန် သွားပေတော့။ ငါ့အမိန့်နဲ့ မင်းကို အသက်ချမ်းသာရာ ပေးလိုက်တယ်။ ငါတို့ ဓားမြှောင်တွေကလဲ မင်းကို ရန်မပြုပါဘူး။ မင်း လွတ်လွတ်လပ်လပ် ပြန်သွားနိုင်ပါတယ်"

ဟာစာနီ၏ စကားတို့ကို အိုမာခယမ်သည် ငြိမ်သက်စွာ နားထောင်နေသည်။ ထို့နောက် သူသည် ဟာစာနီ လက်ဆောင်ပေးထားသော ကျောက်ပြာဆွဲကြိုးကို သူ့လက်မောင်းဝယ် ဆင်မြန်းထားရာမှ ဆွဲဖြုတ်လိုက်သည်။

"ဟာစာနီ၊ ငါ့အသက်ကို မင်း အခုပဲ လက်ဆောင်အဖြစ် ပေးလိုက်တယ်၊ 'အသက်'ဟာ လက်ဆောင်တကာတို့မှာ တန်ဖိုးအရှိဆုံးပါ"

ယင်းသို့ အိုမာခယမ်က ပြောပြီးလျှင် သူ့လက်တွင်းရှိ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ပြာဆွဲကြိုးကို ဟာစာနီ၏ ခြေရင်းရှိ ကော်ဇောပေါ်သို့ ပစ်ချလိုက်ကာ "ဒီနေ့ ဒီအချိန်ကစပြီး မင်းနဲ့ငါ သူငယ်ချင်း မဟုတ်တော့ဘူး ဟာစာနီ"

ဟာစာနီသည် စကားပြန်မဆို၊ ငြိမ်ဆိတ်နေသည်။ ဂိုဏ်းအုပ် ဘူဇော့ကမူ ဒေါသတကြီးဖြင့် ရှေ့သို့ထွက်လာကာ. . .

"ဒီလိုလူမျိုးကို သည်အတိုင်း ကြည့်နေရတော့မှာလား"

"ဘာမှ မလုပ်ကြနဲ့။ ငါကိုယ်တော်မြတ် အမိန့်တော်ပဲ။ ရှားဘုရင်ထံ သူသွားပါစေ။ ရှားဘုရင်ကို သစ္စာစောင့်သိချင်လှတဲ့လူ၊ မကြာခင် ပျက်စီးကျဆုံး သွားမှာပါ။ မင်းသားအာမွတ်တို့က သူတို့အားလုံးကို ချေမှုန်းပစ်လိုက်မှာပါ"

ဟာစာနီက ယင်းသို့ ပြောကြားချိန်တွင် အိုမာခယမ်သည် အခန်းထဲမှ ထွက်ခွာသွားရန် တံခါးဝသို့ ရောက်နေလေပြီ။

× × ×

ဂိုဏ်းသားအားလုံးပင် ဟာစာနီ၏အမိန့်ကို တသွေမတိမ်း လိုက်နာကြသည်ဟု ဆိုရမည်။ အဘယ်ကြောင့်ဆိုသော် ထိုညမှာပင် အိုမာခယမ်တစ်ယောက် အလာမွတ်ခံတပ်မှ ဘေးမသီရန်မခဘဲ ထွက်ခွာသွားနိုင်သောကြောင့် ဖြစ်လေသည်။

မူလလာစဉ်က အတိုင်းပင် အိုမာခယမ်သည် စစ်မြင်းကြီးကို စီးလျက်ဂုဏ်း၊ သူ၏ နက္ခတ္တဗေဒဆိုင်ရာ ပစ္စည်းကိရိယာများကို အခြားတစ်စီးပေါ်တွင် တင်လျက်ဂုဏ်း၊ ထွက်ခွာလာခဲ့သည်။ သူသည် တောင်ကြားဒေသသို့ရောက်ရန် မတ်စောက်သော တောင်ဆင်းလမ်းတစ်လျှောက် အထူးဂရုပြု၍ ဆင်းသက်လာခဲ့ပေသည်။ ဤသို့ ဆင်းသက်လာရာမှ



www.burmeseclassic.com

www.burmeseclassic.com



လမ်းကွေ့တစ်ခုသို့ အရောက်တွင် နောက်သို့ လည်ပြန်လှည့်ကြည့် လိုက်သည်။ ဤတွင် ခိုင်ခံ့လှသော မျှော်စင်ခံတပ်ကြီးသည် ညို့မှိုင်းသော တောင်တန်းကြီးများကို နောက်ကျောခံလျက် သူ့အပေါ်မှ စီးမိုးရပ်တည် နေသည်ကို တွေ့ရသည်။ တောင်တန်းများ၏ တောင်ထိပ်များမှာ ဆီးနှင်း ဖုံးလွှမ်းနေရာ ဘီလူးသဘက်ကြီးများ၏ သွားစွယ်ကြီးများနှင့် တူသည်ဟူ၍လည်း ယခင်ကအတိုင်း ထင်မှတ်မိပြန်လေသည်။

ကျောက်တောင်ပေါ်၌ အခိုင်အခံ့ တည်နေသော ခံတပ်ကြီးသည် မြင့်မားလှပေသည်။ သူသည် ခံတပ်ကြီးကို လှမ်းမျှော်ကြည့်သည်တွင် မျှော်စင်များကိုလည်း မြင်ရသည်။ မျှော်စင်ထိပ်ရှိ ကျောက်ခုံမြင့်များကိုလည်း မြင်ရသည်။ ထို့ပြင် ခံတပ်နံရံ၌ ချိတ်ဆွဲထားသည့် လူခေါင်းခွံများနှင့် အရိုးများကိုလည်း မြင်ရလေသည်။ ယခုအခါ သူသည် ဤခံတပ်ကြီး၏ လျှို့ဝှက်ချက်များကို သိခဲ့ရပြီ။ တစ်နေ့နေ့တွင် ဤခံတပ်ကြီးသို့ ပြန်လည်လာရောက်ရလိမ့်ဦးမည်ဟုလည်း သူသည် မျှော်လင့်မိပေသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

အိုမာခယမ်သည် ကြောက်မက်ဖွယ်ရာ ကောင်းလှသော အလာမွတ်ခံတပ် နယ်မြေမှ ထွက်ခွာပြီးနောက် နေရှပူမြို့သို့ ဦးမလှည့်။ ရှားဘုရင်နှင့် တပ်မတော်များ ရှိရာဒေသသို့သာ ဦးလှည့်၍ ခရီးပြင်းနှင်လာခဲ့သည်။ သူသည် နေ့စဉ်ရက်ဆက် မနားတမ်း ခရီးပြင်းနှင့်သည်။ သို့ဖြင့် နောက်ဆုံး၌ ရှားဘုရင် စခန်းချရာအရပ်သို့ ရောက်လာခဲ့သည်။ ထိုအခါ အင်အားကုန်ခန်းပြီး သေလုမျောပါး ဖြစ်နေလေသည်။

ထို့ကြောင့် ရှားဘုရင်၏ စစ်သားများက အိုမာခယမ်ကို ဖေးမကူညီကာ မင်းသားမာလစ်၏ တဲစခန်းသို့ ခေါ်ဆောင်သွားသည်။ မင်းသားမာလစ်က အိုမာခယမ်၏ အခြေအနေကို ကြည့်ပြီး အနားယူစေသည်။ သို့ရာတွင် အိုမာခယမ်က အနားမယူ။ အခြေအနေ အရပ်ရပ်နှင့်ပတ်သက်၍ မာလစ်ကိုယ်တိုင် ပြောပြသည်ကိုသာ ကြားနာချင်နေသည်။

"ဆရာ အိုမာခယမ်၊ ကျွန်တော့် ဒဏ်ရာက မကြီးကျယ်လှ



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး။ ခမည်းတော် ဒဏ်ရာသာ ကြီးကျယ်ပါတယ်။ ဒါပေမယ့် ခမည်းတော်ဟာ သူ့ဒဏ်ရာထက် နိုင်ဇမ်အသတ်ခံရတဲ့ သတင်းနဲ့ အာမွတ်သူပုန်ထတဲ့ သတင်းကိုကြားရပြီး ပိုပြီးစိတ်မကောင်းဖြစ်နေတယ်။ စိတ်ထိခိုက် လှုပ်ရှားနေတယ်။ အခုလို အချိန်အခါမျိုးမှာ ဒါတွေကြုံတွေ့ရတယ်ဆိုတော့ . . .”

“အရှင့်သားတော်၊ ကျွန်တော်မျိုးကို ယခုပဲ ဘုရင်မင်းမြတ်ဆီ မဆိုင်းမတွ ခေါ်သွားတော်မူပါ။ ကျွန်တော်မျိုး လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းရဲ့ ဌာနချုပ်ဖြစ်တဲ့ အလာမွတ်ခံတပ်က လာခဲ့တာပါ။ အကြံအစည်တွေကို ကျွန်တော်မျိုး သိခဲ့ပါတယ်”

မင်းသားမာလစ်လည်း အိုမာခယမ်ကို ရှားဘုရင့် တဲစခန်းသို့ ခေါ်ဆောင်သွားသည်။ မြင်းကုန်းနှီးများ၊ စောင်များဖြင့် အရေးပေါ် ဖြစ်ကတတ်ဆန်း လုပ်ထားသော အိပ်ရာပေါ်၌ ရှားဘုရင်သည် လဲလျောင်းနေသည်။ သူသည် အင်အားကုန်ခမ်း၍ ဖျော့တော့ကြုံလှီနေသည်။ သူ့အနီးတွင် သစ္စာစောင့်သိ ရှိသေသော တူရကီလူမျိုး အစောင့်သည် ရပ်လျက် စောင့်နေသည်။ သမားတော် တစ်ယောက်ကမူ ဘုရင့်ဒဏ်ရာများမှ ပတ်တီးကို အသစ်လဲပေးနေသည်။

တဲတွင်းသို့ အိုမာခယမ် ဝင်လာသည်ကို မြင်သောအခါ ရှားဘုရင်က လက်ပြနှုတ်ဆက်ကာ “အိုမာ၊ ငါ့သားတော် အိုမာ”ဟု ဝမ်းသာအားရခေါ်သည်။

အိုမာခယမ်က ထုံးတမ်းစဉ်လာအရ နှုတ်ဆက်ခြင်းတို့ကို မပြုဘဲ ရှားဘုရင် ရင်ဆိုင်နေရသော ဘေးအန္တရာယ်တို့ အကြောင်းကိုသာ တိုက်ရိုက်ပြောဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင် ကျွန်တော်မျိုး လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းရဲ့ ဌာနချုပ်ဖြစ်တဲ့ အလာမွတ်ခံတပ်က လာခဲ့တာပါ။ သစ္စာဖောက်မှုကြီးဟာ ဒီအလာမွတ်ခံတပ်ကြီးက အစပြုပါတယ်။ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေဟာ အရှင်ရဲ့ အဓိက ရန်သူတော်တွေ ဖြစ်ပါတယ်။ သူတို့ရဲ့ အကြံအစည်တွေကို ကျွန်တော်မျိုး သိခဲ့ပါတယ်"

ဘုရင်အိုကြီးသည် လောလောဆယ် ပေါ်လာသော ရန်ကိုမည်သို့ တုံ့ပြန်ရမည်မသိ ဖြစ်နေသည်။ သူသည် အတိတ်ကိုသာ တသ၍ အနာဂတ်ကိုကား မမျှော်မှန်းနိုင် ဖြစ်နေသည်။

"ငါတို့ဟာ သားတော် အာမွတ်ရဲ့ ရန်နဲ့ အလွန်နီးကပ်နေတယ်။ ငါတို့ တပ်တွေဟာ သူ့တပ်တွေကို ရင်မဆိုင်ဝံ့အောင်လဲ ဖြစ်နေတယ်။ တစ်ခါဖြင့် ခက်ကပြီ ထင်တယ်အိုမာ၊ နိုင်ဇမ်လဲ အသတ်ခံရ၊ အာမွတ်ကလဲ သူပုန်ထ၊ မိဖုရားဇရဒါကလဲ ဟာစာနီရဲ့ ဂိုဏ်းသားတွေနဲ့ မဟာမိတ်ဖြစ်ကြနဲ့ ငါတို့အောင်ပွဲ ဆင်နိုင်ပါတော့မလား။ ဘိုင်ဇင်တိုင်တပ်တွေကို ငါတို့ အောင်နိုင်လေသမျှ နောက်ပိုင်းမှာ သစ္စာဖောက်ခံရဖို့ ဖြစ်နေပြီ"

ယင်းသို့ပြောနေစဉ် ကျယ်လောင်သော မြင်းခွာသံများက ဘုရင့်အသံကို ဖုံးလွှမ်းလိုက်သည်။ ခဏအတွင်းမှာပင် ခြေမြန်တော်တစ်ယောက်တဲတွင်းသို့ ဝင်လာသည်။ သူသည် ရှားဘုရင်ရှေ့သို့ ရောက်သောအခါ ရှိသေစွာ ဒူးထောက်လိုက်ကာ . . .

"အရှင်၊ မင်းသားအာမွတ်တပ်တွေနဲ့ ပက်သက်တဲ့ သတင်းကိုတင်လျှောက်လိုပါတယ်။ မင်းသားအာမွတ်တပ်မှာ မြင်းသည်တစ်ထောင်ကျော် ပါပါတယ်။ သူတို့ဟာ ခါဇဝန်လမ်းကို ဖြတ်ကျော်ပြီး နေရှပူမြို့



www.burmeseclassic.com

www.burmeseclassic.com



တော်ဘက် ချီတက်သွားနေပါတယ်”

ဤသတင်းစကားအတွက် ရှားဘုရင်သည် တုန်လှုပ်ချောက်ချားသွားပြန်သည်။ သူသည် လဲလျောင်းရာမှ ထထိုင်မည်ပြုသည်။ သို့ရာတွင် မထိုင်နိုင်။ ပြန်၍ လဲလျောင်းနေရပြန်သည်။ ဤတွင် သူ့ကျောနောက် ကို မှီအုံးများ ထိုးပေးကြရသည်။

“အာမွတ်တို့ မြို့တော်ကို မရောက်ခင် ငါတို့အရင် ဦးအောင်သွားမှဖြစ်မယ်။ သို့မဟုတ်ရင် ငါကိုယ်တော်မြတ်နဲ့ ပတ်သက်တဲ့နန်းတော်က လူတွေဟူသရွေ့ သူသတ်ပစ်တော့မယ်။ ကလေးတွေကိုပါ ချန်လိမ့်မယ် မထင်နဲ့။ အာမွတ်ဟာ ခမည်းတော်ရော ညီတော်ရော ချန်မယ့် လူစားမျိုး မဟုတ်ဘူးဆိုတာ ငါကိုယ်တော်မြတ်သိတယ်”

“အရှင်၊ အရှင့် ဒဏ်ရာက သွေးတွေကျဆင်းတော် မူနေပါတယ်” သမားတော်က သတိပေးသည်။

“ခမည်းတော်၊ ခမည်းတော်ရဲ့ ကိုယ်ရံတော် တပ်သားတစ်ဝက်သာ သားတော်ကို ပေးတော်မူပါ။ နန်းတော်ကို အာမွတ် တပ်တွေ မရောက်ခင် သားတော် ဦးအောင်အရောက် ချီတက်ပြီး နန်းတော်ကို ကာကွယ်ပါ့မယ်”

သားတော် မာလစ်က ယင်းသို့ပြောသောအခါ အိုမာခယမ်က . . .

“အရှင့်သား၊ နန်းတော်ကို ကာကွယ်နိုင်လောက်တဲ့ တပ်သားဦးရေ အရှင့်သားမှာ ရှိလို့လား။ အာမွတ်တပ်တွေရဲ့ အင်အားနဲ့စာရင် အရှင့်သားရဲ့ တပ်အင်အားဟာ အလွန်နည်းပါး လှပါတယ်”ဟု ကြားဝင်ပြောဆိုသည်။ ထို့နောက် သူက အကြံပေး ပြောဆိုသည်မှာ. . .



www.burmeseclassic.com

www.burmeseclassic.com



"အကောင်းဆုံး နည်းလမ်းကတော့ နန်းတော်မှာရှိတဲ့ အမျိုးသမီးတွေနဲ့ ကလေးတွေကို နန်းတော်က အလျင်အမြန် ခေါ်ဆောင်ပြီး ဘေးကင်းရာ အရပ်ကို ပို့ဖို့ပဲ"

ဤသို့ အကြံပေး ပြောဆိုပြီးနောက် အိုမာခယမ်က ရှားဘုရင်အား ထက်မြက်စွာ တင်လျှောက်သည်။

"အရှင်၊ သားတော် မာလစ်နဲ့ တပ်အချို့ နန်းတော်က အမျိုးသမီးတွေနဲ့ ကလေးတွေကို အမြန်ခေါ်ဆောင်ပြီး အလာမွတ် နယ်မြေကို အရောက်လာဖို့ အမိန့်တော်ချမှတ်ပါ။ နောက်ပြီး ကျန်တပ်တွေ အားလုံးကို အလာမွတ်နယ်မြေကို ချီတက်ဖို့ အမိန့်တော် ချမှတ်ပါ။ ဒီလိုဆိုရင် အလာမွတ်နယ်မြေမှာ နန်းတော်က အမျိုးသမီးတွေနဲ့ ကလေးအပါအဝင် တပ်တွေ အားလုံး ပြန်ဆုံမိကြမှာပဲ။ အရှင် ရင်ဆိုင်နေရတဲ့ရန်မှာ မင်းသားအာမွတ်နဲ့ မိဖုရားဇရဒါတို့ရဲ့ ရန်က အစွယ်အပွားသာ ဖြစ်ပါတယ်။ တကယ်ကြီးမားတဲ့ အဓိက ရန်က အလာမွတ်ခံတပ်မှ ဖြစ်ပါတယ်။ သစ္စာဖောက်မှုအားလုံး၊ မကောင်းမှုအားလုံး၊ လုပ်ကြံမှုအားလုံး၊ အကြံအစည်အားလုံး အလာမွတ်ခံတပ်က အစပြုတာချည်း ဖြစ်ပါတယ်။ အလာမွတ်ခံတပ်မှာရှိတဲ့ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားတွေကို ဖြို ခွင်းနိုင်တာနဲ့ တပြိုင်နက် ရန်အားလုံး ဖြိုခွင်းပြီးသား ဖြစ်သွားမှာပါ အရှင်"

အိုမာက ယင်းသို့ပြောကာ သေနင်္ဗျူဟာ တိုက်စစ်တစ်ရပ်ကို တင်ပြသည်။ ယခင့်ယခင်က မည်သည့်တပ်မှ မကြံဖူး၊ မစည်ဖူး၊ မတိုက်ဖူးသေးသော သေနင်္ဗျူဟာဖြစ်၍ လွန်စွာထူးခြား လှပေသည်။

ရှားဘုရင်သည် အိုမာခယမ် တင်ပြသော သေနင်္ဗျူဟာ၏



www.burmeseclassic.com

www.burmeseclassic.com



အနှစ်သာရကို ချက်ချင်းရိပ်မိ သိရှိလိုက်သည်။ သို့ဖြင့် တပ်မှူးများကို ဆင့်ခေါ်စေကာ "အိုမာခယမ်ရဲ့ သေနင်္ဗျူဟာ နည်းပရိယာယ်ကြောင့် ငါတို့ဟာ ရန်သူ ဘိုင်ဇင်တိုင်တပ်တွေကို အနိုင်တိုက်နိုင်ခဲ့တယ်။ အခုလဲ သစ္စာဖောက်ရန်သူတွေကို အနိုင်တိုက်နိုင်အောင် အိုမာခယမ်ရဲ့ သေနင်္ဗျူဟာ နည်းပရိယာယ်ကို လိုက်နာကြရမယ် မောင်မင်းတို့"ဟု ပြောဆိုသည်။ ထို့နောက် အိုမာခယမ်အား တိုက်စစ် သေနင်္ဗျူဟာကို တပ်မှူးများသို့ ရှင်းလင်းပြောပြစေသည်။

"ကျွန်တော် အခုပဲ အလာမွတ် ခံတပ်က ရောက်လာပါတယ်။ အလာမွတ် ခံတပ်ဟာ ဘုရင်မင်းမြတ်ရဲ့ သစ္စာဖောက် ရန်သူတော်တွေရဲ့ ဌာနချုပ်ပါပဲ။ ဒီဌာနချုပ်မှာ ခေါင်းဆောင်ပြုသူကတော့ လျှို့ဝှက် သုတ်သင်ရေး ဂိုဏ်းချုပ်ကြီး ဟာစာနီပါပဲ။ မိဖုရားဇရဒါနဲ့ သားတော် အာမွတ်တို့ဟာ ဟာစာနီတို့နဲ့ ပူးပေါင်းလိုက်ကြပါတယ်။ အာလာမွတ် ခံတပ်ကြီးဟာ အလွန်ကြီးမားခိုင်ခန့်တဲ့ အလာမွတ်ကျောက်တောင်ကြီး ပေါ်မှာ တည်ရှိပါတယ်။ ဒါပေမယ့် ဘယ်လောက်ပဲ ကြီးမားခိုင်ခန့်တဲ့ ခံတပ်ကြီးတွေ ဖြစ်ပါစေ၊ အနည်းနဲ့အများ ချို့တဲ့ချက်တော့ ရှိစမြဲပါ။ အလာမွတ်ခံတပ်ကြီးကို ရောမတွေက အုတ်ခုံးကြီးတွေ အဆက်ဆက်နဲ့ ကျားကန်တည်ဆောက်ထားခဲ့ပါတယ်။ ဒါကြောင့် အခန်းအမျိုးမျိုး၊ လမ်းမြောင်အသွယ်သွယ် ရှိတာနဲ့အမျှ ကျောက်သားချင်း ဆက်စပ်တဲ့ နေရာတွေမှာ အအက်၊ အကြားတွေရှိနေပါတယ်။ အဲဒီ အအက်အကြား တွေက သဘာဝအလျောက် ကတ္တရာဆီတွေ စိမ့်ထွက်နေပါတယ်။ ကတ္တရာဆီတွေဟာ မီးလောင်ရည်တစ်မျိုး ဖြစ်တဲ့အတွက် ဂိုဏ်းသားတွေ က မီးထွန်းရာမှာ အသုံးပြုကြပါတယ်။ အအက်အကြားပေါင်း ရာနှင့်ချီ



www.burmeseclassic.com

www.burmeseclassic.com



ရှိပြီး ဒီအအက်အကြားတွေက ကတ္တရာဆီတွေ တစိမ့်စိမ့် ယိုထွက်နေတာကို ကျွန်တော်ကိုယ်တိုင် ကျွန်တော့်မျက်စိနဲ့ အသေအချာ မြင်တွေ့ရပါတယ်။ နောက်ပြီး ယိုစီးထွက်နေတဲ့ ကတ္တရာဆီတွေဟာ နိမ့်ရာအရပ်တွေကို စီးဝင်ပြီး ကတ္တရာအိုင်တွေ ဖြစ်နေတာကိုလဲ မြင်တွေ့ရပါတယ်။ ခံတပ်ကြီးတစ်ခုလုံး ကျွန်တော် ကြည့်ရှုလေ့လာခွင့် ရခဲ့ပါတယ်။ ကျွန်တော် ကြည့်ရှုလေ့လာတဲ့အခါ ခံတပ်အောက်ခြေ တစ်နေရာက ကျောက်တုံးကြီး တစ်တုံးကျိုးပဲ့နေတာကို တွေ့ရပါတယ်။ အဲဒီနေရာကနေပြီး ဥမင်လိုဏ် ခေါင်းတစ်ခုဖောက်ပြီး ဝင်သွားမယ်ဆိုရင် ကတ္တရာအိုင်ကြီးတွေ ဖြစ်နေတဲ့ နေရာကို ရောက်သွားမှာ အမှန်ပါပဲ”

“ကတ္တရာ အိုင်ကြီးတွေ-ဟုတ်စ”

တပ်မှူးတစ်ယောက်က အံ့သြစွာ မေးလိုက်သည်။

“ဟုတ်တယ်၊ ကတ္တရာဆီ အိုင်ကြီးတွေပေ့ါ”

“ဒါဖြင့်- ခင်ဗျားအကြံက ဒီကတ္တရာအိုင်ကြီးတွေကို မီးရှို့ဖို့ ပေ့ါ၊ ဒါတွေကို မီးရှို့လိုက်ရင် မီးခိုးတွေမွန်ပြီး ရန်သူတွေဟာ ကြွက်တွေလိုထွက်လာကြမယ် ဆိုပါတော့” အခြားတပ်မှူးက အိုမာခယမ်၏ အကြံကို စိတ်ဝင်စားစွာဖြင့် မေးမြန်းပြန်သည်။

“ကြွက်တွေလို ဖြစ်ရုံနဲ့နေရိုးလား။ ကျောက်တောင်ဟာ ထုံးကျောက်တွေ ခင်ဗျ။ အခန်းတိုင်းမှာ ထုံးကျောက်မှုန့်တွေ တသောသောရှိတယ်။ ကတ္တရာဆီနဲ့ ထုံးကျောက်မှုန့်ဟာ အကြီးအကျယ် လောင်စေတဲ့အရာတွေ မဟုတ်လား။ ဒီအခါ ရေနဲ့ငြိမ်းသတ်လို့လဲ မရနိုင်ဘူး။ ကတ္တရာဆီနဲ့ ထုံးကျောက်မှုန့်တွေထိပြီး လောင်တဲ့မီးကို ရေနဲ့လောင်းလိုက်ရင် တစ်ခါထဲ ပေါက်ကွဲတော့တာပဲ။ တကယ်လို့ မီးလောင်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ကို ရန်သူတွေက ရေနဲ့လောင်း ငြိမ်းသတ်ကြမယ်ဆိုရင် ထုံးကျောက်မှုန့်တွေရှိတဲ့ အခန်းတွေဟာ ပေါက်ကွဲပျက်စီးကုန်မှာပဲ။ ခံတပ်ကြီးဟာ အုတ်ခုံးတွေနဲ့ ကျားကန် ဆောက်ထားတာဆိုတော့ အောက်ခြေအခန်းတွေ ပေါက်ကွဲပျက်စီးတယ်ဆိုရင်ပဲ ခံတပ်ကြီး တစ်ခုလုံး ပြိုကျပျက်စီးသွားနိုင်တာပဲ။ ကျွန်တော်တင်ပြတဲ့ ကျောက်တုံးနေရာကသာ ဥမင်လိုဏ်ခေါင်းတူးနိုင်ပြီး ကတ္တရာကန်တွေကို မီးရှို့နိုင်မယ်ဆိုရင် ခံတပ်တစ်ခုလုံး ချေမှုန်းပြီးသား ဖြစ်သွားမှာပဲ”

အိုမာခယမ်၏ စကားများကို တပ်မှူးအားလုံး နှစ်သက်သွားကြသည်။ သူတို့သည် အိုမာခယမ်၏ ပညာဗဟုသုတကို လေးစားယုံကြည်ရင်းစွဲလည်းရှိပြီး ဖြစ်သည်။ ထို့ကြောင့် အိုမာ့အကြံအတိုင်း လိုက်နာရန် လက်ခံသဘောတူကြသည်။

ဤတွင် ရှားဘုရင်သည် လွန်စွာ ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။ “ကဲ-သားတော်မာလစ်၊ နန်းတော်ရှိရာကို အပြင်းချီပေတော့။ အာမွတ်ရဲ့ မြင်းတပ်သားတွေ ရန်က ကင်းလွတ်အောင် နန်းတော်က အမျိုးသမီးနဲ့ ကလေးတွေကို ကယ်တင်ပေတော့။ နောက်ပြီး အိုမာ့အစီအစဉ်အတိုင်း အလာမွတ် နယ်မြေဆီကို အမြန်လိုက်ခဲ့ကြပေတော့”

ယင်းသို့ ရှားဘုရင်က ဆိုသောအခါ အိုမာကလည်း ဝင်ရောက်ပြောဆိုသည်။

“အရှင် အပါအဝင် ကျန်ရှိသမျှ တပ်တွေအားလုံးလဲ အလာမွတ်ကို အခုပဲ ချီတက်ရပါမယ်။ လက်တွင်းရောက်နေတဲ့ ရန်သူဘိုင်ဇင်တိုင်သုံ့ပန်းတွေကိုပါ ခေါ်ရပါမယ်။ သူတို့အကူလဲ လိုပါတယ်။ ကျွန်တော်မျိုးတို့အစုနဲ့ သားတော် မာလစ်တို့အစု အလာမွတ်နယ်မြေမှာ အမြန်



www.burmeseclassic.com

www.burmeseclassic.com



ဆုံး ဆုံတွေ့ကြရပါမယ်”

အိုမာ့အကြံအစည်အတိုင်း ဆောင်ရွက်ကြရန် ရှားဘုရင်က ချက်ချင်း အမိန့်ထုတ်ပြန်သည်။ သို့ဖြင့် သားတော်မာလစ်နှင့် တပ်မှူးများအားလုံး တဲတော်တွင်းမှ ပြေးထွက်သွားကာ ချီတက်ရန် အစီအစဉ်များပြုကြသည်။ အချိန်အနည်းငယ်အတွင်းမှာပင် တပ်စုရန် စစ်ခရာသံများ၊ စစ်ဗင်သံများ ကျယ်လောင်စွာ ပေါ်ထွက်လာလေသည်။

မကြာမီ မင်းသားမာလစ်သည် တပ်အချို့ကို ဦးဆောင်လျက် နန်းတော်ရှိရာ နေရှပူမြို့သို့ အပြင်းချီတက်သွားသည်။ ထိုအချိန်မှာပင် အောင်လံများ၊ ရဲတံခွန်များ ကိုင်ဆောင်ထားသော မြင်းတပ်၊ လှံတပ်၊ လေးတပ်နှင့် သံ့ပန်းများ အပါအဝင် ဘုရင့်တပ်အားလုံးသည် အလာမွတ်ခံတပ်သို့ ချီတက်သွားကြသည်။ ယင်းတပ်များကို အိုမာခယမ်က လမ်းပြခေါ်ဆောင်သွားလေသည်။

× × ×

မင်းသားမာလစ်၏ တပ်များသည် မနားမနေ အပြင်းချီတက်သွားရာ အာမွတ်၏တပ်များ မရောက်မီ နန်းတော်သို့ ရောက်သွားကြသည်။ အာမွတ်၏ တပ်များမှာ မာလစ်၏ တပ်များချီလာလိမ့်မည်ဟု မမျှော်လင့်ကြသဖြင့် အေးအေးဆေးဆေးပင် ချီတက်လာနေကြလေသည်။

မင်းသားမာလစ်က ဦးဆောင်လျက် နန်းတွင်းရှိ မိဖုရား မောင်းမမိဿံများ၊ ကလေးသူငယ်များ၊ အပျိုတော်များ၊ ကတော်မယားများမှ အစ ကခြေသည်မများအဆုံး အားလုံးသည် အလာမွတ်နယ်မြေသို့ ထွက်ခွာသွားကြပြီ။ သူတို့တွင် အချို့သည် မြင်းကသော ရထားယာဉ်ကို စီးနင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါကြသည်။ အချို့သည် မြင်းများ၊ လားများ၊ မြည်းများကို စီးလျက် လိုက်ပါကြသည်။ သူတို့ကို မာလစ်၏ တပ်သားများက ကာကွယ် စောင့်ရှောက်ပေးသည်။

ခရီးလမ်းလည်းရှည်သည်။ ကြမ်းလည်းကြမ်းသည်။ သို့ရာတွင် သူတို့သည် စနစ်တကျ အစဉ်လိုက်သွားကြသဖြင့် အခက်အခဲများကို ကျော်လွှားနိုင်ခဲ့ကြသည်။ နောက်ဆုံး၌ သူတို့သည် အလာမွတ် တောင်ကြားနယ်မြေသို့ ဆိုက်ရောက်သွားကြသည်။ သူတို့ရောက်သွား ချိန်တွင် ရှားဘုရင်တပ်အားလုံးသည် ရောက်နှင့်နေပြီး သူတို့ကို စောင့်မျှော်လျက်ရှိသည်ကို တွေ့ရသည်။ ရန်သူဘိုင်ဇင်တိုင်တပ်များထံမှ ရွက်ထည်တဲများကို လက်ရသိမ်းပိုက်ထားရှိရာ ယင်းတို့ကိုပင် ပြုပြင် ပြင်ဆင်လျက် အမျိုးသမီးများနှင့် ကလေးငယ်များကို နေထိုင်စေသည်။ စစ်သည်တပ်သားများနည်းတူ သူတို့သည် သက်တောင့်သက်သာ နေထိုင်နိုင်ကြပေသည်။

အားလုံး အဆင်ပြေစွာရှိကြသော်လည်း ရှားဘုရင်တစ်ယောက်မှ မူ ခရီးပြင်း ချီလာရသဖြင့် မသက်မသာ ဖြစ်နေသည်။ သူ၏ ဒဏ်ရာ များမှာ ကုသ၍ မပျောက်ကင်းနိုင်၊ သွေးအထွက် လွန်သဖြင့် တစ်နေ့ တခြား အင်အားယုတ်လျော့ လာသည်။ သူ၏ ပင်ပန်းနွမ်းနယ်နေသော မျက်နှာမှာလည်း ဖျော့သထက် ဖျော့လာသည်။

မင်းသားမာလစ်သည် ခမည်းတော်၏ တဲတော်သို့ ဝင်ရောက် လာသောအခါ ရှားဘုရင်က လက်နှစ်ဖက်ကို ဆန့်တန်းကြိုဆို နှုတ်ဆက် ရှာသည်။ "သားတော်၊ ဘယ်သားတော်ကိုမှ မင်းလောက် ငါအားထား မျှော်လင့်တောင့်တခြင်း မရှိခဲ့ပါဘူးကွယ်။ ဒါနဲ့ အားလုံး ဘေးရန်ကင်း



www.burmeseclassic.com

www.burmeseclassic.com



ကြတယ် မဟုတ်လား” ဟု ရှားဘုရင်က အသံသဲ့သဲ့ဖြင့် မေးမြန်းသည်။

ခမည်းတော်၏ အခြေအနေကို မြင်တွေ့ရသောအခါ မာလစ်သည် များစွာ စိတ်ထိခိုက်သွားသည်။

“အားလုံး ဘေးရန်ကင်းစွာနဲ့ ရောက်လာကြပါပြီ ခမည်းတော်။ ကလေးတွေ၊ အမျိုးသမီးတွေအပြင် မိဖုရား ရှရိန်လဲ ကျန်းမာချမ်းသာစွာနဲ့ ပါလာပါတယ်”

“အရှင့်သားတော်၊ ယဖားတစ်ယောက်ကော ပါလာပါရဲ့လား” ဘုရင့်ဘေးတွင်ရပ်နေသော အိုမာခယမ်က သိလိုဇောဖြင့် လှမ်းမေးလိုက်သည်။

“မပါဘူးဆရာ အိုမာ။ ယဖားတစ်ယောက် ဟာစာနီနဲ့ပါသွားတယ်လို့ ပြောကြတယ်။ အခုဆိုရင် ခံတပ်ထဲမှာရောက်နေပြီ ထင်တယ်”

ဤစကားကို ကြားရသောအခါ အိုမာခယမ်သည် နားမလည်နိုင်အောင် ဖြစ်သွားသည်။ သူသည် ဟာစာနီနှင့် မိဖုရားဇရဒါကိုသာ တွေ့ခဲ့ရသည်။ ယဖားကိုမတွေ့။ ယဖားသည် သူ့ကို ဘယ်တော့မှ သစ္စာမဖောက်၊ ထာဝစဉ် သစ္စာစောင့်သိမည့် သူသာဖြစ်သည်။ ထို့ပြင် ယဖားသည် ဟာစာနီကို မုန်းတီးစက်ဆုပ်သူလည်း ဖြစ်သည်။ ဤတွင် သူသည်သေချာစွာ စဉ်းစားဆင်ခြင်ကြည့်သည်။ ယဖားသည် ဟာစာနီနောက်သို့ ပါသွားသည်ဆိုလျှင် အခြားကြောင့် မဟုတ်တန်ရာ။ သူ့ကိုတွေ့လို၍သာ ဖြစ်ရမည်။ ယင်းသို့ဆိုလျှင် သူ့ခမျာ ဟာစာနီ၏ လှည့်ဖျားမှုကို ခံနေရရှာပြီထင့်။ အလာမွတ်နှင့် ဟာစာနီ၏ သုံ့ပန်းဖြစ်နေရှာပြီထင့်။

× × ×

အလာမွတ် တောင်ကြားနယ်မြေသို့ရောက်၍ မကြာမီပင်



www.burmeseclassic.com

www.burmeseclassic.com



ရှားဘုရင်၏ တပ်မှူးများသည် စိတ်ဓာတ်ကျဆင်းကုန်ကြသည်။ အိုမာခယမ်၏ အကြံအစည်ကို အယုံအကြည် ကင်းမဲ့လာကြသည်။

သူတို့က ကျောက်တောင်ကြီးပေါ်၌ မြင့်မားစွာ ရပ်တည်နေသော ခံတပ်ကြီးကို လက်ညှိုးညွှန်ပြကာ “ဒီခံတပ်ကြီးကို ဟောဒီ တောင်ကြားမြေ ကျဉ်းကျဉ်းကနေပြီး ကျုပ်တို့ ဘယ်လိုတိုက်နိုင်မှာလဲ။ ဒီလောက်ကြီးမားခိုင်ခံ့တဲ့ ကျောက်တောင်ကြီးကို ကျုပ်တို့ ဘယ်လိုလုပ်ပြီး လိုဏ်ခေါင်းတူးနိုင်မှာလဲ၊ ဒီအတွင်း မင်းသားအာမွတ်တပ်တွေ ရောက်လာပြီး ကျုပ်တို့ကို ချေမှုန်း တိုက်ခိုက်ပစ်လိုက်မှာပေါ့။ ကျုပ်တို့ တပ်အင်အားကလဲ သိတဲ့အတိုင်းပဲ။ ၃-ယောက်မှာ ၂-ယောက် ကျဆုံးခဲ့ပြီ မဟုတ်လား။ နောက်ပြီး ဒဏ်ရာရတဲ့ လူတွေကလဲ တစ်ပုံကြီးပဲ”ဟု စိတ်ပျက်စကား ပြောဆိုကြသည်။

“ဒီကို ရောက်လာတဲ့ အထိတော့ အကြံအစည်က ကောင်းပါတယ်။ ဒါပေမယ့် ကြည့်စမ်းပါ၊ ခံတပ် မျှော်စင်ကြီးကို” တပ်မှူးတစ်ယောက်က ဆိုသည်။

“ဒီကျောက်တောင် ခံတပ်ကြီးကို တိုက်ခိုက်ဖို့ဆိုတာ လုံးဝ မဖြစ်နိုင်ပါဘူး။ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားတွေဟာ ဒီခံတပ်ကြီးကနေပြီး တစ်ကမ္ဘာလုံးကိုတောင် ခုခံ ကာကွယ်နိုင်သေးတယ်၊ အခြား တပ်မှူးတစ်ယောက်က ဆိုသည်။

လင်းတငှက်ကြီးတွေ ထိုင်နားပြီး အစာကို စောင့်ကြည့်နေသလို ရန်သူတွေဟာ ကျုပ်တို့ ဘာလုပ်နေကြတယ်ဆိုတာ ခံတပ်ပေါ်က စောင့်ကြည့်နေနိုင်တာပဲ။ နောက်ပြီး မြေပြန့်လွင်ပြင်မှာဆိုရင် တော်သေးတယ်။ အခုတော့ ဒီတောင်ကြားမှာ ချောင်ပိတ်မိနေသလို ဖြစ်နေပြီ”



www.burmeseclassic.com

www.burmeseclassic.com



အခြားတပ်မှူးတစ်ယောက်က ဆိုပြန်သည်။

ပထမ တပ်မှူးကမူ အိုမာခယမ်ကို လက်ညှိုးထိုးလျက်-

"ဒါတွေဟာ ဟောဒီဆရာ့အကြံတွေချည်းပဲ။ ကောင်းကင်က ကြယ်တာရာတွေကို လေ့လာတိုင်းထွာတဲ့ ပညာနဲ့ ကျောက်တောင်တွေကို လေ့လာတိုင်းထွာတဲ့ပညာဟာ တခြားစီပါဗျ" ဟူ၍ပင် ပြစ်တင်ပြောဆိုသည်။

မည်သို့ဆိုကြစေကာမူ အိုမာခယမ်က မတုန်လှုပ်၊ သူ့ တာဝန်ကို သူသိပြီး ဖြစ်နေသည်။

"ဒီမယ်- တပ်မှူးကြီးတို့၊ သေသေချာချာ လေ့လာဆန်းစစ်တွက်ချက်ပြီး ကျွန်တော် စီစဉ်တာပါ။ ဒီအရေးဟာ သေရေးရှင်ရေးဆိုတာ ကျွန်တော်ကောင်းကောင်း သိပါတယ်ဗျာ"

"ကဲ- တကယ်လို့ ခင်ဗျားအကြံ မအောင်မြင်ဘူးဆိုင်ရင် . . ."

ဤတွင် ရှားဘုရင်က ငြိမ်မနေနိုင်တော့ပဲ၊ ရှိသမျှ ခွန်အားဖြင့် ဖျစ်ညှစ်ကာ အိုမာခယမ်ဘက်မှ ကာကွယ်ပြောဆိုသည်။

"အို- အကြံမအောင်ရင် ငါတို့ရောက်ရာနေရာက ကြံ့ကြံ့ခံပြီး တိုက်ရမှာပေါ့။ တကယ်လို့ တိုက်တာမအောင်ဘူး ဆိုပါတော့ ဘယ်တော့ မှ လက်နက်မချရဘူး။ သေသည်အထိ တိုက်ရမှာပဲ"

ယင်းသို့ပြောစဉ် သူ့အသံသည် တိမ်ဝင်သွားသည်။ သူသည် စကားကို ဆုံးအောင် မပြောနိုင်တော့။ တပ်မှူးများအားကြောင်၍ ကြည့်နေသည်။ သူသည် ကုန်းထရာမှ အိပ်ရာပေါ်သို့ ပြန်၍ လဲကျသွားသည်။ သူသည် အသက်ရှူကျပ်နေသဖြင့် အိုမာခယမ်နှင့် မာလစ်တို့က သူ့ဦးခေါင်းကို ဖေးမ ပေးထားရသည်။ သူသည် သေမင်းနှင့် ရင်ဆိုင်နေရပြီ။

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ဤတွင် နန်းတွင်းအမျိုးသမီးများသည် လျင်မြန်စွာ ဝိုင်းဝန်းလာကြသည်။ သူတို့သည် ဘုရင့်ဘေးအနီး၌ ဝမ်းနည်းစွာဖြင့် ရပ်နေကြသည်။ ရှားဘုရင်သည် သူတို့အား စူးစိုက်ကြည့်နေသည်။ ယင်းသို့ကြည့်နေရာမှ ခဏအကြာတွင် သတိပြန်လည်ရလာသည်။ သူသည် အားလုံးကို နှုတ်ဆက်သည်။ ထို့နောက် လဲလျောင်းရာမှ ကြိုးစား၍ ထ,ပြန်သည်။ သူ့ဦးခေါင်းကို ဖေးမကိုင်ထားသော အိုမာနှင့် မာလစ်တို့အား ကူညီရန် ရှရိန်က ရှေ့သို့ တိုးလာသည်။

ရှားဘုရင်ကြီးသည် လက်ကို ဆန့်တန်းပေးသည်တွင် တပ်မှူးများနှင့် မင်းမှုထမ်းများက သူ့လက်ကို ယုယစွာ ကိုင်တွယ်နှုတ်ဆက်ကြသည်။ နောက်ဆုံး ခွဲခွာခြင်း အထိမ်းအမှတ်ပင်တည်း။

ထို့နောက် ရှားဘုရင်သည် အားယူလျက် ပြောဆိုသည်မှာ-

"ငါတို့ တည်ထောင်လာတဲ့ အမိ ပါရှားနိုင်ငံတော်ကို ကာကွယ်ဖို့ နောက်ဆုံးစစ်ပွဲကို ငါမဆင်နွှဲနိုင်တော့ဘူး။ ဒါပေမယ့် ငါ့နေရာကနေပြီး ငါ့ကိုယ်စား ဆင်နွှဲဖို့ သားတော်မာလစ်ကို လွှဲအပ်ခဲ့ပါတယ်၊ ငါ့အပေါ် သစ္စာစောင့်သိသလို သားတော်မာလစ်အပေါ်လဲ သစ္စာစောင့်ကြပါ။ မာလစ်အပေါ် သစ္စာစောင့်ပါမယ်လို့လဲ ကတိပြုကြပါကွယ်"

ရှားဘုရင်၏ အသံမှာ သဲ့သဲ့သာဖြစ်သည်။ သို့ရာတွင် သူ့နှုတ်မှ ထွက်လာသော စကားများမှာမူ ပီပီသသရှိသည်။

"ကျွန်တော်မျိုးတို့အားလုံး ကတိပြုပါတယ်။ သားတော် မာလစ်အပေါ် အသက်နှင့်ထပ်တူ သစ္စာစောင့်ကြပါမယ်" အားလုံးက ကတိပြုကြသည်။

ဤတွင် ရှားဘုရင်သည် ကျေနပ်ဝမ်းသာသွားပုံရသည်။ သူသည်



www.burmeseclassic.com

www.burmeseclassic.com



မာလစ်ဖက်သို့လှည့်ကာ "ထီးနန်းကို ရတယ်ဆိုရင် ဂုဏ်သိက္ခာလဲ ရှိလာတာပဲ သားတော်။ ဒါပေမယ့် ထီးနန်းကပေးအပ်တဲ့ ဂုဏ်သိက္ခာထက် မိမိကိုယ်တိုင် ကျင့်ကြံရရှိတဲ့ ဂုဏ်သိက္ခာက ပိုမိုတန်ဖိုးရှိတယ်ဆိုတာ မှတ်ထားပါ။ မိမိကိုယ်တိုင် ဂုဏ်သိက္ခာနဲ့ ပြည့်စုံအောင် ကြိုးစားပြုမူပါ။ အခြားအရာတွေထက် အမှန်တရားနဲ့ သစ္စာစောင့်သိ ရိုသေမှုကို တန်ဖိုးပိုထားပါ။ ဒီတရား၊ ဒီအမှုနှင့်ပြည့်စုံသူကို ကောင်းစွာချီးမြှောက်ပါ။ အိုမာခယမ်ဟာအမှန်တရားကို မြတ်နိုးသူဖြစ်ပြီး သစ္စာစောင့်သိ ရိုသေခြင်းနဲ့လဲ အထူးပြည့်စုံသူဖြစ်တယ်။ ငါ့သားတော် အောင်ပွဲဆင်နိုင်အောင် သူက ဦးဆောင်ညွှန်ပြပါလိမ့်မယ်။ သူ့ ဉာဏ်ပညာကြောင့် ပါရှားနိုင်ငံဟာ ဘေးရန်အပေါင်းက လွတ်ကင်းပါလိမ့်မယ်"

ဤနောက်ဆုံးစကားများကို ပြောပြီးသောအခါ ရှားဘုရင်သည် သူ့မျက်လုံးအစုံကို ပိတ်လိုက်လေသည်။ ယင်းသို့ ပိတ်ရင်း သူသည် ပြုံးလိုက်လေသည်။ သူ့ခန္ဓာကိုယ်မှ အသက်ဝိညာဉ်သည် ထွက်ခွာသွားလေပြီတကား။

× × ×

နောက်တစ်နေ့ နံနက်တွင် နတ်ရွာစံ ရှားဘုရင်မင်းမြတ်ကို အရိုအသေပြုသောအားဖြင့် အောင်လံများ၊ ရဲတံခွန်များကို တိုင်အဆုံးအထိမလွှင့်ကြ၊ တိုင်တစ်ဝက်အထိသာ လွှင့်ထူကြသည်။ စစ်ဘင်ခရာများကိုလည်း ဖြည်းညှင်းသာယာစွာ တီးကြသည်။ တပ်အားလုံးပင် အရိုအသေပြုကြသည်။ ယင်းသို့ ဈာပနကိစ္စ အဝဝကို ဆောင်ရွက်ပြီးနောက် မင်းသားမာလစ်သည် အိုမာခယမ်၏ တဲအတွင်းသို့ လှမ်းဝင်ခဲ့သည်။

"ဆရာအိုမာ အခုအချိန်ကစပြီး ကျွန်တော်တို့ ခံတပ်ကို ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com



တော့မယ်။ တပ်မှူးတွေက ရှေ့ကိုချီတက်ဖို့ တပ်အားလုံးကို အမိန့်ထုတ်လိုက်ပြီ။ ဘိုင်ဇင်တိုင် သုံ့ပန်းတွေလဲ နေရာအသင့်ယူထားကြပြီ၊ ဆရာ့အမိန့် ကိုပဲ စောင့်မျှော်နေကြတယ်။ ဆရာစစ်မထွက်ခင် ကျွန်တော်တခု ပြောပါရစေ၊ ဖခမည်းတော်ဟာ အမှန်တရားနဲ့ သစ္စာစောင့်မှုကို လွန်စွာ မြတ်နိုးပါတယ်။ ဒီ ဂုဏ်အင်္ဂါနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ကိုလဲ ကောင်းစွာ ချီးမြှောက်စေလိုတဲ့ ဆန္ဒပြင်းပြစွာ ရှိပါတယ်။ ဖခမည်းတော် နတ်ရွာစံတဲ့ အထိ ဆရာအိုမာ့အမည်ဟာ သူ့နှုတ်ဖျားမှာ စွဲမြဲတည်ရှိခဲ့ပါတယ်။ ဖခမည်းတော်ဟာ ရှုရိန်ကို မိဖုရားမြှောက်ခဲ့ပါတယ်။ သူနှစ်သက်ရာ ရွေးခဲ့တာကို ကျွန်တော် အလေးအမြတ်ထားခဲ့ပါတယ်။ ဒါတွေတွင် မဟုတ်ဘူး၊ အသက်ရှိစဉ်က သူပြုခဲ့တာ ဟူသမျှကို ကျွန်တော် အလေး အမြတ်ထားခဲ့ပါတယ်။ သူပြုခဲ့တာတွေကို အလေးအမြတ် ပြုတဲ့အနေနဲ့ ရော၊ ထုံးတမ်းစဉ်လာအရရော သူ့ရဲ့မိဖုရား မုဆိုးမရှုရိန်ဟာ နောက်ထပ် အိမ်ထောင်သစ်မထူဘဲ သေတစ်ပန် သက်တစ်ဆုံး အထီးကျန်ဘဝနဲ့ နေသွားရပါမယ်။ ဒါပေမယ့် ဒီထုံးတမ်းစဉ်လာကို ကျွန်တော် ချေဖျက်လိုက်ပါတယ်။ စစ်ပွဲပြီးလို့ ကျွန်တော်တို့ အောင်ပွဲဆင်ပြီးတဲ့အခါမှာ ရှုရိန်တစ်ယောက် လွတ်လပ်စွာ အိမ်ထောင်သစ်ထူနိုင်ခွင့် အမိန့်ကို ကျွန်တော် ထုတ်ပြန်လိုက်ပါ့မယ်။ ဘာကြောင့်ဆိုတော့ နှလုံးသားရဲ့ တောင်းဆိုချက်ကို ပေးသင့်ပေးထိုက်တယ်လို့ ကျွန်တော်ယူဆလို့ပါဘဲ။ တကယ်တော့ နှလုံးသားရဲ့ တောင်းဆိုချက်ကို ငြင်းဆန်လို့လဲ မရပါဘူး။ ချစ်သူတွေဟာ တစ်ဦးကိုတစ်ဦး ဘယ်တော့မှ မမေ့ကြပါဘူး။ မေတ္တာဆုံ၊ ကံဆုံကြတဲ့ သူတွေဟာ တစ်ဦးကို တစ်ဦး ထာဝစဉ် ပိုင်ဆိုင်လျက်ရှိကြပါ တယ်”

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက် စစ်သည်များ၏ စစ်ချီသံများသည် ဆူညံစွာ ပေါ်ထွက်လာသဖြင့် မာလစ်သည် စကားကို ရပ်ထားလိုက်သည်။ သူ့အနီး၌ ငြိမ်သက်စွာရပ်နေသော သူ့ဆရာအိုမာကို သူက ပြုံး၍ ကြည့်နေလိုက်သည်။ ထို့နောက် ချာကနဲ လှည့်ထွက်သွားလေသည်။

'မေတ္တာ'၊ 'ကံ'၊ 'နှလုံးသားအသံ'၊ 'ထာဝစဉ်' သည် စကားများသည် အိုမာခယမ်၏ ရင်တွင်းဆီသို့ အကြိမ်ကြိမ် အဖန်ဖန်တိုးဝင်ခဲ့သည်။ ယင်းသို့ တိုးဝင်စဉ် သူတို့ချစ်သူနှစ်ဦး ကောင်းကင်ဘုံတမျှ သာယာသော ဥယျာဉ်ဝယ် ဆုံတွေ့ဖို့အရေး ထာဝစဉ် ဆုတောင်းခဲ့သည်များကို အိုမာခယမ်သည် ပြန်လည်အမှတ်ရနေသည်။

စစ်သည်တော်တန်းကြီးများမှာ ဖြောင့်တန်း၍ ရှည်လျားလှသည်။ ဘိုင်ဇင်တိုင်သုံ့ပန်းများမှာလည်း တစ်စီတစ်တန်းကြီး ဖြစ်သည်။ ယန္တရားများ၊ မောင်းတုံးများ စသည် စစ်လက်နက်ကိရိယာများသည်လည်း သူ့နေရာနှင့်သူ ရှိနေကြပြီ။ အိုမာခယမ်သည် တဲပြင်သို့ထွက်ကာ နံနက်ခင်း၏ လေပြေလေညှင်းကို ရှူရှိုက်ရင်း မြင်းပေါ်သို့ တက်လိုက်သည်။ ထို့နောက် ရွေ့လျားစပြုနေသော တပ်တော်တွင်းသို့ တိုးဝင်ပူးပေါင်းလိုက်လေသည်။ အလာမွတ်ခံတပ်ကို ဖြိုခွင်းရေးအစီအစဉ်ကား စလေပြီ။ စစ်ခိုးစစ်ငွေ့များ လေထဲ၌ လွင့်ပျံ့စပြုနေလေပြီ။

◆

www.burmeseclassic.com

www.burmeseclassic.com

( ၇ )

ဂိုဏ်းချုပ်ကြီး ဟာစာနီနှင့် ဂိုဏ်းအုပ် ဂိုဏ်းထောက်များသည် ခိုအိမ်များအနီးရှိ ကျောက်ခုံမြင့်ပေါ်မှနေ၍ ရှားဘုရင်၏ စခန်းကို လှမ်းမျှော်ကြည့်ကြသည်။ ဤတွင် ရောင်စုံရွက်ထည်တဲများကိုလည်း တွေ့ရသည်။ အလံများ တလူလူလွှင့်ထူလျက် ရှိသည်ကိုလည်း တွေ့ရသည်။

"ငါတို့ ခံတပ်ကြီးကို သူတို့တိုက်နိုင်လိမ့်မယ်လို့များ တကယ်ယုံကြည်နေကြသလား မသိဘူး" ဟု ဟာစာနီက ပြောသည်။ ထို့နောက် ရယ်လိုက်ကာ- "ငါတို့က ဘာမှလုပ်ဖို့ မလိုပါဘူး။ မင်းသားအာမွတ်ရဲ့ တပ်တွေချီတက်အလာကိုပဲ စောင့်မျှော်နေရုံရှိတာပဲ၊ မင်းသားအာမွတ်တပ်တွေ ရောက်လာရင် အင်အား ကြီးမားလှတဲ့ တပ်ကြီးနဲ့ ခံတပ်ကျောင်တောင်ကြီး အကြားမှာ ပါရှားရွှေထီး ရွှေနန်းကြီး ကြေမွပျက်စီးသွားမှာ မြင်ယောင်ပါသေးရဲ့"

"သူတို့အားလုံး ကျွန်တော်မျိုးတို့ လက်တွင်း သက်ဆင်းရတော့



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သက်ဆင်းရဖို့ အချိန်ကလဲ မကြာတော့ပါဘူး” ဂိုဏ်းအုပ် ဘူဇော့က ပြောဆိုသည်။

ထိုအခိုက် သူတို့အနီးသို့ ယဖားရောက်လာသည်။ ယဖားသည် သလဲသီးမှည့်ရောင် အဆင်းရှိသော အင်္ကျီကို ဝတ်ဆင်ထားသည်။ သူ့လည်၌ အိုမာခယမ် ပစ်ထားခဲ့သည့် ကျောက်ပြာရွှေဆွဲကြိုးကို ဆွဲထားသည်။ သူ့ကိုမြင်သောအခါ ဟာစာနီက “ဒီနေရာကနေ လှမ်းကြည့်ရင် ရန်သူ့စခန်းကို ကောင်းကောင်းမြင်ရတယ်” ဟု ပြောလိုက်သည်။

“အရှင်. . . ကျွန်မ အခြားအရာတွေကို မမြင်မတွေ့ချင်ပါဘူး။ ကျွန်မသခင် အိုမာခယမ်ကိုသာ မြင်တွေ့ချင်ပါတယ် အရှင်နဲ့အတူ ဒီနေရာကို လိုက်ခဲ့ရင် ကျွန်မသခင်နဲ့ တွေ့မယ်လို့ အရှင်ကတိပြုတာနဲ့ ကျွန်မလိုက်လာတာပါ”

ထိုအခါ ဟာစာနီက ယဖားကို ပြုံးကြည့်သည်။ ထို့နောက် စိတ်နာကျည်းဟန်ဖြင့် ပြောဆိုသည်မှာ. . .

“ဟုတ်တယ်။ အစက ဒီမှာ မင်း သခင်ရှိတာကိုး။ ငါက မင်းကို ကတိပြုနိုင်တာပေ့ါ။ အခုတော့ မင်းသခင် မရှိတော့ဘူး။ ငါတားပါလျက်နဲ့ ထွက်သွားပြီကွယ့်။

“သခင် ဒီမှာရှိတယ်ဆိုရင် ဘာကြောင့် ရောက်စက ကျွန်မနဲ့ မတွေ့စေတာလဲ။ ဘာကြောင့် ကျွန်မကို သော့ခတ်ပြီး လှောင်ထားရတာလဲ”

“ဒါကတော့ မိဖုရားဇရဒါ အမိန့်အရ လုပ်ရတာပဲကွယ့်။ သူက ဘုရင်မ၊ မင်းက ကျွန်မဆိုတော့ ဘုရင်မအမိန့်ကို နာခံရမယ် မဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



'ခါဇာမိန်းမတွေဟာ အဆင့်အတန်း မရှိပါဘူး၊ လိမ်တတ် ညာတတ်တဲ့ မိန်းမတွေပါ။ သူတို့ရဲ့ အသဲနှလုံးဟာ မြွေပွေးတွင်းနဲ့ ထူးမခြားနားပါ"

ယင်းသို့ ယဖားကပြောနေစဉ် မိဖုရား ဇရဒါသည် အနီးသို့ ရောက်လာသည်။ ဤတွင် ယဖားစကားကို ကြားသွားရာ သူမျက်နှာမှာ ဒေါသရောင်လွှမ်းသွားသည်။

"ဘယ့်နှယ် ခါဇာမိန်းမတွေရဲ့ အသည်းနှလုံးဟာ မြွေပွေးတွင်းနဲ့ ထူးမခြားဆို ဟုတ်စ၊ နင့်လို ကျွန်မမျိုးကများ ခါဇာအမျိုးတွေကို စော်ကားဝံ့တာ အံ့ပါရဲ့၊ နင်တို့ အာဖရိက,က မိန်းမတွေသာ ကျွန် ဘဝကမလွတ်နိုင်တဲ့ ကျွန်မတွေ သိလား။ မကြာခင် ခါဇာနယ်တွေ အားလုံးကို စိုးပိုင်ပြီး ငါဘုရင်မ ဖြစ်လာတဲ့အခါ နင်တို့ အာဖရိက,က မိန်းမတွေကို ကျွန်တွင်းနက်သထက် နက်အောင် လုပ်ပြမယ်၊ သိရဲ့လား ဟဲ့ ကောင်မရဲ့"

ယဖားသည် ဟာစာနီရှေ့တွင် ဒူးထောက်ထိုင်ချကာ အသနား ခံသော မျက်လုံးများဖြင့် စူးစိုက်ကြည့်ရင်း ပြောဆိုတောင်းပန်သည်။

"အရှင်- ကျွန်မကို လွှတ်ပါ၊ ကျွန်မ လှိုက်လှဲစွာ တောင်းပန်ပါ တယ်။ ကျွန်မ သွားလိုရာ သွားပါရစေ၊ တကယ်တော့ ကျွန်မဟာ ဘာမှ တန်ဖိုးရှိသူ မဟုတ်ပါဘူး၊ အညတြ ကျွန်မသာဖြစ်ပါတယ်။ တစ်စုံ တစ်ဦးဆီ ချစ်စိတ်ရောက်နေတဲ့ မိန်းမဟာ အရှင့်အတွက် ဘာများ တန်ဖိုးရှိလို့လဲ။ အရှင့်သာယာမှုအတွက် ဒီမိန်းမ ဘာများ ဆောင်ရွက် ပေးနိုင်မှာတုန်း။ အရှင်- ကျွန်မသွားပါရစေ"

"သွားမယ် ဟုတ်စ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ကျွန်မကို စောင့်မျှော်နေသူဆီ သွားပါမယ်"

ဤတွင် မိဖုရားဇရဒါက ယဖားအတွက် စိတ်နာကျည်းစေသော စကားများကို ဝင်ရောက်ပြောဆိုသည်။

"ဟဲ့ကောင်မ အိုမာခယမ်က နင့်ကို စောင့်မျှော်နေမယ်လို့ ထင်နေသလား၊ ဝေးပါသေးရဲ့၊ အိုမာခယမ်က နင့်ကိုသာမက ဘယ်ကျွန်မကိုမှ မစောင့်မျှော်ဘူးဆိုတာ သိထားစမ်း၊ ရှားဘုရင် စခန်းကို နန်းတွင်းက မိန်းမတွေရောက်နေပြီ။ ဒီအထဲမှာ မိဖုရား ရှရိန်လဲ ပါတယ်။ အင်း- မြင်ယောင်ပါသေးရဲ့။ ရှားဘုရင်တစ်ယောက် စစ်ရေးစစ်ရာတွေနဲ့ ပတ်သက်ပြီး အလုပ်ရှုပ်နေတုန်း ရှရိန်နဲ့ အိုမာခယမ်တို့ ချစ်သူနှစ်ယောက်. . ."

"အို. . . မဖြစ်နိုင်တာတွေ" ယဖားက အော်ပြောသည်။ ထို့နောက် တည်ငြိမ်သော အသံဖြင့် ပြောဆိုသည်မှာ "မဖြစ်နိုင်တာတွေ ပြောမနေကြပါနဲ့ရှင်။ ရှားဘုရင်မင်းမြတ် နတ်ရွာစံ ရှာပြီဟာပဲ"

"ရှားဘုရင် နတ်ရွာစံပြီ ဟုတ်စ။ မင်းဘယ်လိုသိလဲ" ဟာစာနီက ပျာပျာသလဲ မေးလိုက်သည်။

"ဒီနေ့မနက်ပဲ၊ ရှားဘုရင့်စခန်းမှာ အလံတွေ၊ တံခွန်တွေ တစ်ဝက် လွှင့်ထူထားတာ ကျွန်မ မြင်လိုက်ရပါတယ်။ နောက်ပြီး ဝမ်းနည်းခြင်း အထိမ်းအမှတ်နဲ့ စစ်ဘင်တွေကို လေးလေးတွဲ့တွဲ့ တီးသံလဲ ကြားရပါတယ်"

"ဟာစာနီ ဒီသတင်းသာ မှန်တယ်ဆိုရင် ကျွန်မတို့အတွက် ဝမ်းသာစရာ မင်္ဂလာသတင်းလို့ ဆိုရမှာပဲ၊ ကျွန်မတို့ အောင်ပွဲတစ်ဝက် ရပြီ။ ဒီသတင်းကို သားတော်အာမွတ်ဆီ ခိုတွေနဲ့ အပို့လွှတ်ပါ၊ ဒါမှ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်အချိန်မှာ ဘယ်နေရာကို တိုက်ခိုက်သိမ်းယူသင့်တယ်ဆိုတာ အသေအချာ တွက်ဆနိုင်မယ်” မိဖုရားဇရဒါက ဝမ်းမြောက်ဝမ်းသာ ပြောဆိုလေသည်။

ချက်ချင်းပင် ဟာစာနီသည် မင်းသားအာမွတ်ထံ သတင်းရေး ပို့စေသည်။ ထိုအချိန်တွင် ယဖားသည် သူ့ရှေ့၌ ဒူးထောက်နေဆဲပင် ဖြစ်သည်။ သူသည် စကားမပြောသော်လည်း တောင်းပန်သော မျက်လုံး များဖြင့် ဟာစာနီကို စိုက်၍ကြည့်နေသည်။ သူ့မျက်လုံးတို့မှာ မျက်ရည် များ စို့စွတ်နေသည်။

ဟာစာနီသည် ယဖားကိုကြည့်ရာမှ ပြန်၍လွှတ်မည်ပြုသည်။ သို့ရာတွင် မိဖုရားဇရဒါက တားမြစ်လိုက်သည်။

“ဒီကောင်မဟာ အရာရာကို မြင်တတ်လွန်း၊ သိတတ်လွန်း တယ်။ ဒီကောင်မကို ပြန်လွှတ်လိုက်ရင် ကျွန်မတို့ရဲ့ အခြေအနေကို ဒီကောင်မက ရန်သူတွေဆီ သတင်းပို့မှာ အမှန်ပဲ။ အခုတောင် ရှား ဘုရင် နတ်ရွာစံတာ သူပြောလို့ ကျွန်မသိရတယ် မဟုတ်လား။ ဒီ ကောင်မဟာ စိတ်ချယုံကြည်ရအောင် ဂုဏ်သိက္ခာရှိသူ မဟုတ်ဘူး။ လွှတ်လိုက်လို့ မဖြစ်ဘူး”

ယင်းသို့ ဇရဒါက တားမြစ်ပြောဆိုသဖြင့် ဟာစာနီသည် ယဖား ကို ပြန်မလွှတ်တော့။ မကြာမီ ဟာစာနီ၊ မိဖုရားဇရဒါနှင့် ဂိုဏ်းအုပ် ဂိုဏ်းထောက်များသည် ခံတပ်တွင်းသို့ ဝင်သွားကြသည်။ ကျောက်ခုံ ၌ ယဖားတစ်ဦးတည်းသာ ကျန်နေသည်။ ထိုအခိုက် ထူးဆန်းသော အသံဗလံများ သူ၏ နားတွင်းသို့ တိုးဝင်လာသည်ကို ယဖားကသတိပြုမိ လိုက်သည်။ ဤတွင် ယဖားက ခိုများ၏ အသံပင်ဖြစ်သည်ဟု ထင်ကာ



www.burmeseclassic.com

www.burmeseclassic.com



လှောင်အိမ်တွင်းရှိ ခိုများကိုလှမ်းကြည့်သည်။ ခိုများသည် အစာစားနေကြသည်။ ထူးဆန်းသော အသံဗလံများသည် ခိုများ၏ အသံမဟုတ်။

ယဖားသည် နေရာမှ လျင်မြန်စွာထကာ ကျောက်ခုံစွန်းသို့ သွားပြီးလျှင် ခံတပ်အောက်ခြေသို့ ငုံ့၍ကြည့်သည်။ ဤတွင် လူတစ်စုသည် မြို့ရိုးဖြိုသည့် မောင်းတုံးကြီးဖြင့် ခံတပ်အောက်ခြေ ကျောက်တုံးကြီးများကို တွန်းဖြိုနေသည်ကို တွေ့ရသည်။ ထိုလူစုရှိရာ တစ်နေရာတွင် မြင်းစီးလျက် အမိန့်ပေးနေသူ တစ်ယောက်ကိုလည်း တွေ့ရသည်။ သေချာစွာကြည့်သောအခါ ထိုသူသည် အခြားသူမဟုတ်။ သူရှာဖွေနေသော သူ့သခင်၊ သူ့အရှင် အိုမာခယမ်ပင် ဖြစ်ပေသည်။

× × ×

ယဖားကြားရသည့် ထူးဆန်းသော အသံဗလံများကို ခံတပ်တွင်း၌ရှိနေသော ဟာစာနီတို့သည်လည်း ကြားရသည်။ သို့ဖြင့် သူတို့သည် ကျောက်ခုံအမြင့်ပေါ်သို့ ပြေးတက်လာကာ ယဖားအနီးမှ ရပ်လျက် အောက်သို့ငုံ့ကြည့်ကြသည်။

“အရှင် ကြည့်စမ်းပါ” ဂိုဏ်းအုပ် ဘူဇော့က လက်ညှိုးထိုး၍ ပြောပြသည်။ “ခံတပ်အောက်ခြေက ကျောက်တောင်ဘေးမှာ ရန်သူတွေ ရောက်နေတယ်။ မောင်းတုံးကြီးနဲ့ တွန်းဆောင့်ပြီး ကျောက်တောင် အောက်ခြေက ကျောက်တုံးပဲ့ကြီးကို သူတို့ ဖြိုဖျက်နေတယ်”

“ဒီလူတွေဘေးမှာလဲ တခြားလူတွေ အများကြီးရပ်လို့ပါလား။ သူတို့လက်ထဲမှာလဲ သံချွန်၊ တူရွင်း၊ ပုဆိန်တွေကိုင်လို့ပါကလား။ ကြည့်စမ်း- ဟိုဘက်မှာလဲ လူတချို့က သစ်ပင်တွေကို ခုတ်လှဲနေကြတယ်” ဟာစာနီကလည်း သူမြင်သည်တို့ကို လက်ညှိုးထိုး၍ ပြောပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်၊ သူတို့ဘာကို ရည်ရွယ်ပြီး ဒီလိုလုပ်နေကြပါသလဲ"

"သူတို့ ရူးကုန်ကြပြီ ထင်တယ်" ဟု ဟာစာနီက ရယ်၍ ပြော လိုက်သည်။ သို့ပြောရာမှ သူသည် ရုတ်တရက် အရယ်ရပ်ကာ အလေး အနက်ဖြစ်သွားသည်။

"ငါတို့ ခံတပ်ဆီကို ကျောက်တောင်လမ်းအတိုင်း ချီတက်လာဖို့ မဖြစ်နိုင်တာ သူတို့ သိကြတယ်။ နောက်ပြီး ဒီ ခံတပ်ကြီးဟာ နှစ်ပေါင်း တစ်ထောင်ကျော်တိုင်အောင် အခိုင်အခန့် တည်ရှိနေတာလဲ သိကြ တယ်။ ဒါကြောင့် ကျောက်တောင်ကို ဥမင်လိုဏ်ခေါင်းဖောက်ပြီး ခံတပ် ထဲဝင်ဖို့ ကြံရွယ်ကြတာ ဖြစ်မှာပဲ"

"အရှင်-အရှင်၊ ဟောဟိုမှာ အိုမာခယမ်ပါလား။ လူတွေအနား မှာ မြင်းစီးပြီး သွားလာနေတာ ကျွန်တော်မျိုး မြင်ရတယ်။ ကြည့်စမ်း အရှင်၊ သူ့ကိရိယာ တန်ဆာပလာတွေနဲ့ ကျောက်တောင်ကို တိုင်းထွာ နေပါလား" ဘူဇော့က အော်ဟစ်ပြောဆိုသည်။

ဟာစာနီသည် ငြိမ်သက်စွာဖြင့် အိုမာခယမ်ကို အသေအချာ လှမ်းကြည့်သည်။ ထို့နောက် စိတ်နာကျည်းလှစွာဖြင့် ပြောဆိုသည်မှာ "အင်း- လက်စသတ်တော့ ဒါသူ့အကြံကိုး။ ဒီအကြံအစည်ကို သူမှ တစ်ပါး ဘယ်သူမှ မပြုနိုင်ဘူး။ ခံတပ်အောက်ခြေ ကျောက်တောင် တစ်နေရာမှာ ကျောက်တုံးကြီးတစ်တုံး ကျိုးပဲ့နေတာ၊ သူကောင်းကောင်း သိထားတယ်။ သိသွားမှာပေါ့။ ခံတပ်တစ်ခုလုံး အခန်းကြီး အခန်းငယ် မကျန် အားလုံးကြည့်ရှုလေ့လာ သွားတာကိုး"

ယင်းသို့ပြောရာမှ ဟာစာနီက ဒေါသဖြင့် အော်လိုက်သည်။ "ဒင်း အကြံကို ငါတို့ဖျက်ပြမယ်။ သူတို့ တူးတဲ့ လိုဏ်ခေါင်းကို ဆုံမိ



www.burmeseclassic.com

www.burmeseclassic.com



အောင် ငါတို့ကလဲ ဒီဘက်ကပြန်ပြီး လိုဏ်ခေါင်းတူးရမယ်။ သူတို့နဲ့ ဆုံတဲ့အခါ ငါတို့ကလဲ ဒီဘက်က တိုက်ကြ၊ ဟိုဘက်ကလဲ မင်းသား အာမွတ်တို့ ရောက်လာပြီး တိုက်ကြဆိုရင် သူတို့အားလုံး ညှပ်ပူးညှပ် ပိတ်မိပြီး စိစိညက်ညက် ကြေကုန်မှာပဲ”

ယင်းသို့ပြောပြီး ဟာစာနီသည် ခိုထိန်းအဖိုးအိုကို လှမ်းခေါ်သည်။ တစ်ဖက်ကလည်း အာမွတ်ထံ သတင်းပို့ရန် စာရေးသည်။ စာ၌ လက်ရှိအခြေအနေကို ဖော်ပြပြီး အာမွတ်အမြန်ဆုံး ချီတက်လာရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

ခိုထိန်း အဖိုးအိုသည် ဟာစာနီထံမှ စာကိုယူကာ ကြုတ်ငယ် ကလေးတွင် ထည့်လျက် ခိုတစ်ကောင်၏ လည်တွင် ဆွဲပေးလိုက်သည်။ ထို့နောက် ထိုခိုကို ဟာစာနီအား ရိုသေစွာ ပေးအပ်သည်။ “အရှင် စေလွှတ်လိုရာအရပ်ကို စေလွှတ်တော်မူပါ” ဟာစာနီသည် အဖိုးအို လှမ်းပေးသော ခိုကိုယူလိုက်ကာ အာမွတ်ထံ စေလွှတ်ဖို့ စီစဉ်လေ သည်။

ယဖားသည် ဟာစာနီ၏ လက်ထဲမှ ခိုကလေး ပျံသွားသည်ကို ငြိမ်သက်စွာ စိုက်ကြည့်သည်။ ခိုကလေးကိုသာမက ဟာစာနီနှင့် ဘူဇော့ တို့ ပြောသမျှ ဆိုသမျှကိုလည်း ငြိမ်သက်စွာ စိုက်ကြည့်နားထောင် သည်။ ဤတွင် ဟာစာနီတို့၏ အကြံအစည်ကို ကောင်းစွာသိရှိခဲ့လေ သည်။

အချိန်အတန်ကြာသောအခါ ဟာစာနီ၊ ဂိုဏ်းအုပ် ဘူဇော့နှင့် ခိုထိန်း အဖိုးအိုတို့သည် ခိုအိမ်ဘေးမှ ထွက်ခွာသွားကြသည်။ ယဖား ကား ထိုနေရာမှ ထွက်ခွာမသွား၊ အကြံနှင့် ရပ်နေသည်။ အားလုံးမရှိ



www.burmeseclassic.com

www.burmeseclassic.com



ကြသောအခါ ခိုအိမ်များအနီးသို့ ပြေးတက်သွားသည်။ ထို့နောက် ခိုအိမ်တခုစီကို ဖွင့်ကာ လှောင်ထားသော ခိုများကို မောင်းနှင်လွှတ်ပစ်လိုက်လေသည်။ ဟာစာနီနှင့် အာမွတ်တို့ အဆက်အသွယ် ပြတ်တောက်သွားစေရန် ပြုလုပ်လိုက်ခြင်း ဖြစ်သည်။

ခိုအားလုံး လှောင်အိမ်မှ လွတ်သည်နှင့် တစ်ပြိုင်နက် ကောင်းကင်သို့ ပျံတက်သွားကြသည်။ လူဆိုးမင်းသား အာမွတ်ထံ နောက်ထပ်၍ သတင်းမပို့နိုင်တော့ပြီ။

လေထဲတွင် ရာပေါင်းများစွာသော ခိုများ၏ တောင်ပံခတ်သံများသည် ကျယ်လောင်စွာ ပေါ်ထွက်နေသည်။ သိမ်းငှက်များရန်မှ ကင်းဝေးစေရန် ခိုတောင်ပံများ၌ တပ်ဆင်ထားသည့် ပီပီကလေးများ အသံသည်လည်း ဆူညံစွာ ပေါ်ထွက်နေသည်။ ဤတွင် ဟာစာနီ၊ မိဖုရားဇရဒါ၊ ဂိုဏ်းအုပ်ဘူဇော့နှင့်တကွ ဂိုဏ်းထောက်များသည် ခံတပ်တွင်းမှ ပြေးထွက်ကာ ကျောက်ခုံမြင့်ပေါ်သို့ တက်လာကြသည်။

ယဖားသည် သူတို့နှင့် ရင်ဆိုင်တွေ့နေပြီ။ ယဖားသည် သူတို့ကို တော်လှန်ပြီ။ သူ့ မျက်လုံးများမှာ အရောင်တဝင်းဝင်း တောက်ပြောင်နေသည်။ သူ့ရှေ့၌ ရင်ဆိုင်ရပ်နေသူများသည် သူ့သခင်၏ ရန်သူများဖြစ်သည်။ သူ့သခင်၏ ရန်သူများဆိုလျှင် သူ့ရန်သူပင် မဟုတ်ပါလား။ မကြာမီ သူသေရတော့မည်ကို သိသည်။ သို့ရာတွင် သူကား မကြောက်။

ဟာစာနီနှင့်အပေါင်းပါများသည် ယဖားအနီးသို့ တဖြည်းဖြည်းချဉ်းကပ်သွားကြသည်။ သူတို့အားလုံး ယဖားကို ဝိုင်းထားမိကြပြီ။ သူတို့ရှေ့သို့တိုးတိုးလာသည်နှင့်အမျှ ယဖားကလည်း နောက်သို့ ဆုတ်ဆုတ်သွားသည်။ ဤတွင် သူတို့က ယဖားအား ကျောက်ခုံစွန်းသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



အောင် တိုးကပ်ဝိုင်းကြသည်။ သို့ဖြင့် ကျောက်ခုံစွန်းသို့ ယဖားရောက်သွားပြီ။ သူတို့လည်း ခေတ္တရပ်တန့်လိုက်သည်။ ယဖားသည် စိတ်တင်းလျက် လည်တွင်ဆွဲထားသည့် အိုမာ၏ ကျောက်ပြာရွှေဆွဲကြိုးကို လက်ဖြင့် နာနာဆုပ်ကိုင်ထားသည်။ ထိုအခိုက် ဟာစာနီနှင့် အပေါင်းပါများသည် ရုတ်တရက် လက်များကို ဆန့်တန်းကာ ယဖားကို ကျောက်ခုံစွန်းပေါ်မှ တွန်းချလိုက်လေသည်။ ယဖားသည် လေထဲတွင် ဟစ်အော်ရင်း ခံတပ်အောက်သို့ ကျသွားရှာလေသည်။

× × ×

ခံတပ်ပေါ်မှ စူးရှသော အသံကိုကြားရသဖြင့် အိုမာခယမ်၏ လူများသည် အပေါ်သို့ မော့ကြည့်ကြသည်။ ဤတွင် သလဲသီးမှည့်ရောင်အဆင်းရှိသော အရာတစ်ခု ခံတပ်ကျောက်ခုံမှ ထိုးကျလာကာ အောက်ခြေကျောက်ပြားနှင့် ပြင်းထန်စွာ ရိုက်ခတ်သည်ကို မြင်လိုက်ရသည်။ ထိုအရာအပြင် အပြာရောင်ကောင်းကင်ပြင်တွင်လည်း များပြားလှစွာသော ခိုများ ပျံသန်းနေသည်ကို မြင်ရသည်။

အိုမာခယမ်သည် ထိုသလဲသီးမှည့်ရောင် အရာကျရာ နေရာသို့ မြင်းကို အမြန်စီးလျက် သွားသည်။ သူ့နောက်မှလည်း မင်းသား မာလစ်နှင့် သံတော်ဆင့်တို့ လိုက်သွားကြသည်။ သလဲသီးမှည့်ရောင် အရာလွင့်ကျရာသို့ရောက်သောအခါ အိုမာခယမ်သည် မြင်းပေါ်မှ ခုန်ဆင်းပြီး ပြေးသွားကြည့်သည်။ ထိုအရာကား အခြားမဟုတ်။ ယဖားပါတကား။ အိုမာခယမ်သည် ယဖားအနီးတွင် ဒူးထောက်ထိုင်ချလိုက်သည်။ ယဖားကား အသက်မရှိတော့ပြီ။

အိုမာခယမ်သည် ယဖားကို ပွေ့ချီလိုက်သည်။ ယဖားလည်တွင်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ ကျောက်ပြာရွှေဆွဲကြိုးကို မြင်သည်တွင် သူက "ဩော်. . . ယဖား -ယဖား။ အချစ်ကလေး"ဟု ဝမ်းနည်းစွာ မြည်တမ်းသည်။ သို့မြည်တမ်းရာမှ "မင်းကလေးရဲ့ နှလုံးသား တောင်းဆိုချက်ဟာ သေသည်အထိ ပါသွားရှာပါကလားကွယ်" ဟု တီးတိုး ညည်းတွား ပြောဆိုသည်။

ထို့နောက် သူသည် ယဖားလည်မှ ဆွဲကြိုးကို ဖြုတ်ယူကာ သူ့လက်မောင်းတွင် ဆင်မြန်းထားလိုက်သည်။ သူသည် ယဖား၏ သစ္စာနှင့် မေတ္တာကို သိရသော အနေဖြင့် သည်ဆွဲကြိုးကို ထာဝစဉ် ဆင်မြန်းသွားပေတော့မည်။

သူ့အနီးသို့ ရောက်နေသော မင်းသားမာလစ်အား အိုမာခယမ်က လှမ်းကြည့်ကာ လှိုက်လှဲစွာ ပြောဆိုသည်။

"အရှင့်သား၊ ဒီညကစပြီး ကြယ်သစ်တစ်လုံးဟာ ကောင်းကင်ပြင်မှာ ထွန်းပတော့မည်။ ဒီနေရာမှာပဲ သူ့ကို မြှုပ်နှံကြရအောင်။ နက်ဖန်မှာ ခံတပ်ကြီးကို ဖြိုပြီး သူ့အုတ်ဂူအဖြစ် တည်ဆောက်မယ်။ အလာမွတ်ဟာ သူ့အတွက် အထိမ်းအမှတ် ကျောက်တောင်ကြီး ဖြစ်စေရမယ်။ အလာမွတ် ကျောက်တောင်ကြီးဟာ သူရဲ့ ကျဆုံးခြင်း အထိမ်းအမှတ် ဖြစ်သလို ကျွန်တော်မျိုးတို့ရဲ့ စစ်အောင်ခြင်း အထိမ်းအမှတ်လဲ ဖြစ်စေရမယ်။ ဒါတွေကို ကောင်းကင်အထက်ကနေပြီး သူမြင်တွေ့နေစေရမယ်"

× × ×

မောင်းတုံးကြီးဖြင့် အချက်ပေါင်းများစွာ တွန်းဆောင့်ခြင်းခံရသောကြောင့် ခံတပ်အောက်ခြေ ကျောက်တောင်ရှိ ကျောက်တုံးပွဲကြီးမှာ ပြိုလဲသွားသည်။ ဤတွင် အိုမာခယမ်နှင့် မာလစ်တို့က ဘိုင်ဇင်တိုင်



www.burmeseclassic.com

www.burmeseclassic.com



သံ့ပန်းများအား စနစ်တကျ အစုအစုခွဲကာ ဥမင်လိုဏ်ခေါင်း တူးစေသည်။ ဘိုင်ဇင်တိုင် သံ့ပန်းများသည် အင်္ကျီများ ချွတ်ထားကြသဖြင့် ကိုယ်အထက်ပိုင်းမှာ ဗလာကျင်းနေသည်။ သူတို့တွင် အချို့က သံချွန်၊ သံတူးရွင်းများကိုင်လျက်၊ အချို့က ပေါက်ချွန်း၊ ပုဆိန်များကိုင်လျက်၊ အချို့က တင်းပုတ်များ တူများကိုင်လျက် ကျောက်တောင်ကို တူးဖောက်ကြသည်။ အချို့ကမူ တူးဆွပြီးသော ကျောက်မြေများကို သယ်ယူ ထုတ်ဆောင်ကြသည်။ အချို့ကလည်း ဖောက်ပြီးသား ကျောက်နံရံကို ကျားကန်ရန် သစ်တုံးကြီးများ ယူလာကြသည်။

ဘိုင်ဇင်တိုင်သံ့ပန်းများသည် အပြင်းအထန်ကြိုးပမ်း လုပ်ကိုင်နေရာ သူတို့၏ ဗလာကျင်းနေသော ကိုယ်အထက်ပိုင်းမှာ ချွေးများ စို့ရွှဲနေသည်။ သူတို့အားလုံးပင် ယခုအချိန်သည် မည်မျှအရေးကြီးကြောင်း သိနားလည်ထားကြသည်။ မင်းသားအာမွတ်၏ တပ်များသည် သည်နေရာသို့ ရောက်မလာမီ ဥမင်သည် တူးဖောက်ပြီးရမည်။ အကယ်၍ ဥမင်တူးဖောက်မပြီးလျှင် သူတို့အားလုံး အာမွတ်တပ်များ၏ လက်ထဲတွင် အသက်ပျောက်ကြမည် ဖြစ်သည်။

အိုမာခယမ်သည် သူတွက်ချက်ထားသည်တို့ကို အကြိမ်ကြိမ် ပြန်လည်စစ်ဆေးသည်။ ဥမင်နံရံထောင့်များကို အဖန်ဖန်ကြည့်ရှု မှန်းဆတိုင်းထွာသည်။ သူ၏ ညွှန်ပြချက်အတိုင်းပင် ဘိုင်ဇင်တိုင် သံ့ပန်းများသည် လက်ဝဲလက်ျာ မတိမ်းအောင် ဥမင်လမ်းကြောင်းကို ဖောက်ကြသည်။

ယင်းသို့ ဖောက်ရာမှ ပထမအုပ်စုသည် မောပန်းလာသောအခါ ခေတ္တနားစေပြီး ဒုတိယအစုက သူတို့အစား ဝင်ရောက်လုပ်ကိုင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် တစ်လှည့်စီ လုပ်ကိုင်ကြသည်။ ဥမင်လမ်းကြောင်း ရှည်လာသည်နှင့်အမျှ ကျောက်ကျိုး ကျောက်ပဲ့များကို အပြင်သို့ သယ်ထုတ်လာရသည်မှာလည်း အချိန်ကြာလာသည်။

ယင်းသို့ ဖောက်လာရာမှ တစ်နေရာတွင် ကျောက်ဖျာကြီး ခံနေသဖြင့် အပြင်းအထန် တူးဖောက်ရသည်။ ထိုအခါ အိုမာခယမ်သည်လည်း သံချွန်ကိုကိုင်လျက် ဝင်ရောက်ကူညီ တူးဖောက်သည်။ သို့ဖြင့် နောက်ဆုံးတွင် ကျောက်ဖျာကြီး ပေါက်သွားသည်။ အိုမာခယမ်သည် ယင်းအပေါက်ထဲသို့ လက်နှိုက်၍ စမ်းကြည့်သည်။ ချက်ချင်းပင် သူသည် နေရာမှထကာ လိုဏ်ဂူပြင်သို့ ပြေးထွက်လာပြီး မင်းသားမာလစ်နှင့် တပ်မှူးများအား "ကတ္တရာကျောကို စတွေ့ပြီ" ဟု ဝမ်းသာအားရ ဟစ်အော်ပြောဆိုသည်။

မင်းသားမာလစ်သည် သတင်းကောင်းအတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေဆဲမှာပင် သတင်းဆိုးကိုလည်း ထပ်မံကြားရသည်။ သတင်းဆိုးကား အခြားမဟုတ်၊ မင်းသားအာမွတ်၏ တပ်များအနီးသို့ ရောက်လာပြီ ဟူသော သတင်းဆိုးပင်။ ဤသတင်းကို ခြေမြန်တော် တစ်ယောက် လာရောက်သတင်းပို့ ပြောကြားခြင်း ဖြစ်သည်။

"သူတို့ ဘယ်အချိန်လောက် တောင်ကြားမြေကို ရောက်လာနိုင်သလဲ" မာလစ်က မေးသည်။

"ညဘက်လောက် ရောက်လာနိုင်ပါတယ် အရှင့်သား"

"ဒီလိုဆိုရင် ကျွန်တော်မျိုးတို့ အခုချက်ချင်း ထွက်တိုက်သင့်ပါတယ်" တပ်မှူးတစ်ဦးက အကြံပေးသည်။

"အင်အားချင်း အလွန်ကွာခြားနေတာ ထွက်တိုက်လို့ ဘယ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ပါ့မတုံး” အခြားတပ်မှူးတစ်ဦးက ကန့်ကွက်သည်။

“တောင်ကြားမြေကို သူတို့ချီတက်လာတာ စောင့်ပြီးတိုက်လို့ ကော ဖြစ်နိုင်ပါ့မလား။ တောင်ကြားမြေမှာ ရှိနေတဲ့ ကျုပ်တို့ကလေးတွေ နဲ့ မိန်းမသားတွေ ဒုက္ခရောက်ကုန်မှာပေ့ါ” အခြား တပ်မှူးတစ်ယောက် က သတိပေးသည်။

ဤတွင် အိုမာခယမ်က တစ်ယောက်တစ်ပေါက် အမျိုးမျိုး ပြောဆိုနေကြသော တပ်မှူးများအား တိတ်စေကာ မင်းသားမာလစ်ဖက် သို့ လှည့်၍ ပြောဆိုသည်။

“မင်းသား အာမွတ်တပ်တွေ ညဘက်သာ ရောက်လာမယ်ဆိုရင် သူတို့ချက်ချင်း မတိုက်နိုင်သေးပါဘူး။ ရပ်နားစခန်းချ ကြရဦးမှာပါ။ ဒီအခါ သူတို့စခန်းကို နံနက် အရုဏ်လာတာနဲ့ တစ်ပြိုင်နက် အရှင့်သား က ရှိသမျှ အင်အားအကုန်နဲ့ ဝင်စီးတိုက်ခိုက်တော်မူပါ။ ရန်သူကို မမျှော် လင့်တဲ့အချိန်မှာ တိုက်ခိုက်နိုင်ခြင်းဟာ ထိရောက်တဲ့ သေနင်္ဂဗျူဟာ နည်းပါ။ ဒီလိုအရှင့်သားရဲ့ တပ်တွေက အာမွတ်တပ်တွေကို ဝင်စီး တိုက်ခိုက်ချိန်မှာ တစ်ဖက်ကလဲ ဉမင်လိုဏ်ခေါင်းဟာ ဖောက်ပြီးသွားမှာ ပါ။ ဉမင်လိုဏ်ခေါင်း ပေါက်သွားတာနဲ့ တစ်ပြိုင်နက် ကတ္တရာအိုင်တွေ မီးဟုန်းဟုန်း တောက်လောင်ပြီး ခံတပ်ကြီးလဲ ပြိုကျသွားမှာပါ။ အရှင့် သားတို့က အာမွတ်တပ်တွေကို ဝင်စီးချိန်ဟာ ကျွန်တော်မျိုးတို့ကလဲ အလာမွတ်ခံတပ်ကြီးကို ဖျက်ဆီးချိန် ဖြစ်မှာပါ။ အကြောင်း မညီညွတ် လို့ ဟာစာနီတို့ကို မချေမှုန်းနိုင်ဘူး၊ ကျွန်တော်မျိုးတို့ အောင်ပွဲမဆင် နိုင်ဘူးဆိုရင် ပါရှားတစ်နိုင်ငံလုံး ငြိမ်းချမ်းရေး ဘယ်တော့မှ ရတော့မှာ မဟုတ်ပါဘူး အရှင့်သား”

× × ×

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



လျှို့ဝှက်ဂိုဏ်းသားတို့၏ အရှင်သခင်ဖြစ်သူ ဟာစာနီသည်လည်း အလာမွတ်ခံတပ်ကြီးအား ကာကွယ်ရေးကို တစ်ဖက်တွင် အစွမ်းကုန် စီစဉ်ဆောင်ရွက်လျက် ရှိသည်။

သူသည် အဖော်ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်များနှင့်အတူ ခံတပ်မြေအောက်ခန်းများရှိရာသို့ ဆင်းသက်သွားသည်။ မြေအောက်သို့ ရောက်သောအခါ သူတို့သည် တစ်ခန်းဝင် တစ်ခန်းထွက်လျက် အခန်းနံရံများကို နားဖြင့်ကပ်၍ နားထောင်ကြသည်။ အတန်ကြာသောအခါ သူတို့သည် တူးဆွနေသည့်အသံ ဗလံများပေါ်ထွက်ရာ ကျောက်နံရံတစ်နေရာကို စူးစမ်းတွေ့ရှိကြသည်။

အိုမာခယမ်တို့ ဥမင်လမ်း ဖောက်နေသည်မှာ ခံတပ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်ရန်မဟုတ်၊ ကတ္တရာအိုင်များရှိရာသို့ ရောက်ရန် သာဖြစ်သည်။ ဟာစာနီကား ဤအကြံအစည်ကို လုံးဝမသိ။ အိုမာခယမ်တို့ ခံတပ်တွင်းသို့ ဝင်ရောက်တိုက်ခိုက်ရန် ဥမင်လမ်းဖောက်နေခြင်းသာ ဖြစ်သည်ဟု တွက်ဆထားသည်။ ထို့ကြောင့် သူ့လူများအား "သူတို့ဖောက်နေတဲ့ အသံတွေကို ကြားရဲ့မဟုတ်လား။ မကြာခင် ဟောဒီနေရာ ပေါက်သွားလိမ့်မယ်။ ဒီအပေါက်က ဝင်လာမယ့် ရန်သူတွေကို စောင့်တိုက်ဖို့ ဒီအခန်းထဲကို ငါတို့ ဂိုဏ်းသားတစ်စု ခေါ်လာခဲ့။ သူတို့အားလုံး လှံ၊ ဓားလွယ်၊ ဓားမြှောင်တွေ ကိုယ်စီကိုင်ဆောင်ပြီး ရှိကြပါစေ။ ဟောဒီအခန်းက အမှောင်ထဲမှာ အားလုံးစောင့်နေကြ။ အပေါက်ပွင့်ပြီး ရန်သူတွေ ဝင်လာတာနဲ့ တစ်ပြိုင်နက် တစ်ယောက်ပြီး တစ်ယောက် သုတ်သင်ပစ်လိုက်ကြပေတော့"

ချက်ချင်းပင် ဟာစာနီ အမိန့်ကို နာခံဆောင်ရွက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးထဲတွင် အယူအသည်းဆုံး၊ စိတ်အပြင်းထန်ဆုံး ဖြစ်သော ဂိုဏ်းသားတစ်စုသည် လက်နက်အပြည့်အစုံ စွဲကိုင်လျက် အဆိုပါ အခန်းတွင်း ၌ စောင့်နေကြသည်။ သူတို့သည် အမှောင်ထဲတွင် ငြိမ်သက်စွာ ရှိနေကြသည်။ အသံဟူ၍ တဖက်ကျောက်နံရံမှ အိုမာခယမ့်လူများ တူးဆွသံ မှတစ်ပါး ဘာကိုမှမကြားရပေ။ အချိန်တစစ ကုန်လာသည်။ အသံများလည်း နီးသထက် နီးကာ ကျယ်သထက် ကျယ်လောင်လာသည်။

ဟာစာနီသည်လည်း သူ့လူများနှင့်အတူ အမှောင်ထဲ၌ စောင့်နေသည်။ ယင်းသို့ စောင့်နေစဉ် သူသည် ဂဏာမငြိမ် ဖြစ်နေသည်။ အာမွတ်တို့ ဘယ်မှာနည်း။ အကယ်၍ ဥမင်လမ်းကြောင်း ပေါက်မသွားမီ အာမွတ်တပ်သို့ ရောက်လာလျှင် တောင်ကြားမြေ၌ တိုက်ပွဲဖြစ်ကြမည်။ သည်အခါ မာလစ်တို့မှာ ဥမင်လမ်းကြောင်း အကြားတွင် ပိတ်မိကြမည်။ အိုမာခယမ့် အကြံပျက်စီးခြင်းမက ပျက်စီးခြင်း တိုင်မည်။

ယင်းသို့ တွေးတောရာမှ ဟာစာနီသည် အခန်းထဲမှ ထွက်သွားသည်။ သူ့နောက်မှ ဂိုဏ်းအုပ်နှင့် ဂိုဏ်းထောက်အချို့လည်း လိုက်ပါသွားသည်။ သူသည် မြေအောက်ခန်းများနှင့် လမ်းမြောင် လမ်းကြားများကို ဖြတ်သန်းကာ ကျောက်လှေကားအမြင့်မှတစ်ဆင့် မျှော်စင်ထိပ်သို့ တက်သွားသည်။ မကြာမီ မျှော်စင်ထိပ်ရှိ ကျောက်ခုံမြင့်သို့ ရောက်သွားသည်။ ကျောက်ခုံမြင့်ကား မကြာသေးမီ အချိန်ကပင် ယဖားအသက်စွန့်သွားရာ နေရာဖြစ်ပေသည်။ ဟာစာနီသည် ထိုနေရာ၌ ရပ်တန့်မနေပြန်။ ထိုနေရာမှတစ်ဆင့် မိဖုရားဇာရဒါရှိရာသို့ သွားပြန်ကာ "သားတော် အာမွတ်ဘယ်မှာလဲ၊ သူ့တပ်တွေ ဘယ်မှာလဲ၊ ကျုပ်တို့ကို သူပဲ ကယ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



မယ်။ သူရောက်လာအောင် အချိန်ဘယ်လောက်ကြာကြာ စောင့်ရမှာလဲ။ သူ့တပ်တွေကို အရိပ်အယောင်တောင် မမြင်ရသေးဘူးလား”

မိဖုရားဇာရဒါသည် မျှော်စင်ပေါ်မှနေ၍ အဝေးသို့ လှမ်းကြည့်သည်။ သူ့မျက်နှာမှာ စိုးရိမ်စိတ်တို့ ယှက်သန်းနေသည်။ သို့ပြောလည်း သူက “အာမွတ်လာလိမ့်မယ်။ အို- လာကိုလာရမှာပဲ” ဟု စိတ်တင်း ပြောဆိုသည်။

ဟာစာနီသည် မိဖုရားဇာရဒါထံပါးမှ ထွက်ခွာကာ မြေအောက်ခန်းသို့ ဆင်းသွားပြန်သည်။ သူ့လူများစောင့်နေသော အခန်းသို့ သွားလျက် အမှောင်ထဲတွင်ရပ်ကာ စောင့်ပြန်သည်။ ယခင်က အတိုင်းပင် အသံဗလံများမှာ နီးသထက်နီး၍ ကျယ်သထက် ကျယ်လာသည်။ ဟာစာနီသည် ဂဏာမငြိမ် ဖြစ်နေသဖြင့် မျှော်စင်ထိပ်သို့ တက်သွားပြန်သည်။ အဝေးသို့ လှမ်းမျှော်ကြည့်ပြန်သည်။ အာမွတ်တို့ကိုကား အရိပ်အယောင်မှ မမြင်ရ။ သူမြင်ရသည်ကား တောင်ကြားမြေတွင် စခန်းချနေသော မာလစ်တပ်များ။ ထို့နောက် သူ့ခံတပ် အောက်ခြေမှ နေ၍ ဥမင်လမ်းဖောက်နေသော အိုမာခယမ်၏ လူများ။

ဟာစာနီသည် စိတ်မထိန်းနိုင်ဖြစ်ကာ ရုတ်တရက် အော်လိုက်သည်။ “အာမွတ်ရောက်လာမှာ မဟုတ်ဘူး၊ သူ့ကို ဘာကြောင့် ငါတို့ စောင့်နေရမှာလဲ၊ မစောင့်ဘူး. . . မစောင့်ဘူး” ထို့နောက် ဟာစာနီက ဂိုဏ်းအုပ် ဂိုဏ်းထောက်များဖက်သို့လှည့်ကာ “အမြန်ဆုံး နိဂုံးချုပ် ပစ်လိုက်ကြ၊ ရန်သူတွေ ဥမင်ဖောက်အပြီးကို စောင့်မနေနဲ့၊ တို့ကလဲ ဒီဘက်က ဥမင်ပြန်ဖောက်။ ရန်သူတွေနဲ့ အမြန်ဆုံးတွေ့ကြ တိုက်ကြသတ်ကြ”

× × ×

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



ချက်ချင်းပင် ဂိုဏ်းအုပ်ဂိုဏ်းထောက်များသည် ဂိုဏ်းသားသစ်များအပါအဝင် ဂိုဏ်းသားအများကို ဆင့်ခေါ်လိုက်သည်။ ထိုသူတို့လက်သို့ သံချွန်များ၊ တူများ၊ စို့များ၊ မောင်းတုံးငယ်များ ပေးအပ်သည်။ မဆိုင်းမတွပင် သူတို့အား မီးရှူးမီးတိုင်များဖြင့် လမ်းပြလျက် မြေအောက်ခန်းသို့ ခေါ်သွားသည်။ ထိုနောက် သည်ဘက် ကျောက်နံရံကို တူးဖောက်စေသည်။

ဟာစာနီ၏ ဦးဆောင်လှုံ့ဆော်ချက်ကို ခံယူလျက် သူ့လူများသည် အင်နှင့်အားနှင့် ဒေါနှင့်မာန်နှင့် ကျောက်နံရံကို ထိုးဖောက် တူးဆွကြသည်။ အချိန်တစ်နာရီပြီး တစ်နာရီ ကုန်လွန်သွားသည်။ သူတို့သည် တူးဆဲဖြစ်သည်။ သူတို့ကိုယ်မှ စီးကျနေသော ချွေးသီး ချွေးပေါက်များသည် မီးရောင်တွင် တလက်လက် တောက်ပနေသည်။ သူတို့အမောပြေစေရန် ဆိတ်ရေအိတ်များ၌ ရေများထည့်ကာ တစ်လှည့်စီပေးကမ်းတိုက်ကျွေးသည်။ သူတို့သည်ရေသောက်ချိန်မှလွဲ၍ တစ်ချိန်လုံး မနားတမ်း လုပ်ကိုင်ကြသည်။

ထိုအတွင်း နေဝင်လာသည်။ နေနီရောင်သည် တောင်ကြားမြေပေါ်သို့ ဖြာဆင်းကျနေရာ အရာအားလုံး ဝင်းဝင်းပပ ဖြစ်နေသည်။ ထိုအချိန်တွင် ဟိုအဝေး တောင်တန်းဘေး၌ စခန်းချနေသော အာမွတ်တပ်များကို လှမ်းမြင်လိုက်ရသည်။

မိဖုရားဇရဒါသည် မျှော်စင်ထိပ်မှနေ၍ လှမ်းမျှော်ကြည့်နေရာမှ "အာမွတ်ရောက်လာပြီ။ ဟောဟိုမှာ သူ့တပ်က မီးရောင်တလက်လက်မြင်ရတယ်" ဟု အော်ပြောလိုက်သည်။

ချက်ချင်းပင် ဟာစာနီသည် ကျောက်ခုံမြင့်သို့ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မိဖုရားဇရဒါ၏ ပြောဆိုချက် မှန်မမှန်ကို သူကိုယ်တိုင်စစ်ဆေး ကြည့်ရှုသည်။ မှန်သည်။ အာမွတ်တို့ ရောက်လာပြီ။ မကြာမီ အာမွတ် သည် တောင်ကြားမြေ၌ တိုက်ပွဲဆင်လိမ့်မည်။ မာလစ်တို့ကို ချေမှုန်း လိမ့်မည်။ အာမွတ်တပ်များနှင့် ကျောက်တောင်အကြားတွင် မာလစ်တို့ အားလုံး စိစိညက်ညက် ကြေကုန်တော့မည်။ ယင်းသို့သော အခြေသို့ ရောက်သည့်တိုင် ဟာစာနီကား အားမရ မတင်းတိမ်နိုင်။ အရာရာကို လက်စားချေရမှ ကျေနပ်သူ ဖြစ်သည်နှင့်အညီ အိုမာခယမ်ကို လက်စား ချေဦးမည်။ အိုမာခယမ်၏ အကြံအစည်အားလုံး ပျက်ပြားစေရန် သည်ဘက်က ကျောက်နံရံကို ဆက်လက်တူးဦးမည်။ အိုမာခယမ်ကို အနိုင်ယူပြဦးမည်။

ဟာစာနီသည် ခံတပ်အောက်ခြေရှိ ဥမင်လမ်း တူးဖောက်နေ သော အိုမာခယမ်၏ လူများကိုကြည့်ကာ အားပါးတရ ရယ်လိုက်သည်။ “သင်းတို့ ကြိုးစားလုပ်နေလိုက်ကြတာ တိရစ္ဆာန်တွေ အတိုင်းပါပဲလား။ မကြာခင် သူတို့ချောင်ပိတ်မိတော့မယ်ဆိုတာ မသိကြဘူး၊ ဟား-ဟား-ဟား”

သူသည် သူ့ရန်သူများအား ချေမှုန်းသတ်ဖြတ်ရမည့် အရေးကို တွေးကာ ဝမ်းသာမဆုံး ဖြစ်နေသည်။ သင်းတို့ ချောင်ပိတ်မိပြီဟုလည်း ထပ်မံရေရွတ်ပြန်သည်။

× × ×

အိုမာခယမ်နှင့် သူ့လူများသည် ခံတပ်အထဲမှနေ၍ ဟာစာနီတို့ ဥမင်ပြန်တူးကြသည်ကို ချက်ချင်းရိပ်မိသိရှိကြသည်။

အိုမာက မင်းသားမာလစ်နှင့် တပ်မှူးများအား “လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



သုတ်သင်ရေးဂိုဏ်းသားတွေဟာ မြေအောက်ခန်းထဲက နံရံတစ်ခုကနေပြီး ဥမင်လမ်းပြန်တူးနေကြတယ်၊ ကျွန်တော်မျိုးတို့ရဲ့ အကြံကို သူတို့မရိပ်မိကြဘူး၊ ကတ္တရာအိုင်တွေဘက်ဆီကို ရောက်အောင် ကျွန်တော်မျိုးတို့ ဥမင်လမ်းတူးတာ သူတို့လုံးဝ မသိကြဘူး၊ သူတို့ခံတပ်ထဲဝင်ပြီး တိုက်ဖို့ တူးနေတယ်ပဲ မှတ်နေကြတယ်။ ဒါကြောင့် ကျွန်တော်မျိုးတို့နဲ့ အမြန်ရင်ဆိုင်တွေ့ရအောင် သူတို့ကလဲ ဥမင်တူးဖောက်ကြတာပဲ။ ကျွန်တော်မျိုးတို့ အမြန်ဆုံးလုပ်ဆောင်ကြမှ ဖြစ်မယ်။ သူတို့နဲ့ ရင်ဆိုင်မတွေ့ခင် ကတ္တရာအိုင်တွေဆီကို ကျွန်တော်တို့ ရောက်နှင့်မှ ဖြစ်မယ်” ဟု ရှင်းလင်းပြောပြသည်။

ဟာစာနီ၏ မရေရာသော ပြုမူချက်သည် အိုမာခယမ်နှင့် မာလစ်တို့အား သူတို့လုပ်ငန်းကိုပို၍ အပြင်းလုပ်ရန် လှုံ့ဆော်ပေးသကဲ့သို့ ရှိပေသည်။ သို့ဖြင့် သူတို့သည် ဘိုင်ဇင်တိုင် သံ့ပန်းတို့အား ကူညီရန် တပ်တစ်တပ်ကို ထပ်ဖြည့်တာဝန်ချထားလိုက်သည်

တစ်ညလုံးပင် ဥမင်တူးသူများက အပြင်းတူးကြသည်။ တစ်ညလုံးပင် ကျောက်တုံး ကျောက်စများကို ဥမင်ပြင်ပသို့ သယ်ထုတ်သူများက လက်ဆင့်ကမ်းလျက် အပြင်းသယ်ထုတ်ကြသည်။ တစ်ပေပြီး တစ်ပေ ကျောက်သားများတွင်းသို့ ထိုးဖောက်ဝင်မိကြသည်။ တစ်နာရီပြီးလျှင် တစ်နာရီကျ အိုမာခယမ်ကလည်း ဥမင်လမ်းကြောင်းသည် ကတ္တရာအိုင်များရှိရာသို့ ဦးတည်သွားမသွား စစ်ဆေးကြည့်သည်။ စစ်ဆေးကြည့်တိုင်းလည်း ကတ္တရာဆီများ စိုစွတ်နေသော ကျောက်တုံးကျောက်စများကို တွေ့ရသဖြင့် အားတက်ခြင်း ဖြစ်မိသည်။

ဘိုင်ဇင်တိုင်သံ့ပန်းများနှင့် မာလစ်၏ စစ်သည်များသည် အနား



www.burmeseclassic.com

www.burmeseclassic.com



မယူကြ။ တစ်ညလုံးတူးကြသည်။ ထိုနည်းတူ လျှို့ဝှက်သုတ်သင်ရေး ဂိုဏ်းသားများသည်လည်း အနားမယူကြ တစ်ညလုံး တူးကြသည်။ သို့ရာတွင် သူတို့သည် မာလစ်၏လူများနှင့် မတူကြ။ သူတို့သည် သူတို့၏ဌာနချုပ်ကို လာရောက်တိုက်ခိုက်ဝံ့သော သူများနှင့်ရင်ဆိုင်တွေ့ရမည့် အရေးကို စိုးရိမ်မကင်း ဖြစ်နေကြသည်။

နှစ်ဖက်စလုံးပင် မကြာခဏဆိုသလို အတူးရပ်ကာ နားစွင့်ထောင်ကြသည်။ ကျောက်သားများ တစ်စတစ်စ ပါးလာသဖြင့် အသံများလည်း တိုး၍တိုး၍ ကျယ်လောင်လာသည်။ တစ်ချီတစ်ချီတွင် နှစ်ဖက်စလုံးပင် လူသံများကို ကြားရသည်။

ဥမင်တွင်း၌ အိုမာက သူ့လူများအား အပြင်းနှိုးဆော်နေသည်။

တစ်ဖက်က ဟာစာနီကလည်း သူ့လူများလက်တွင် လက်နက်အပြည့် အစုံရှိမရှိ စစ်ဆေးကြည့်ရှုနေသည်။ မကြာမီ ဥမင်လမ်း ပေါက်တော့မည်ဖြစ်ရာ သူ့လူများအသင့်ရှိနေရမည်။ ရန်သူကို မသနားရ။ အရှင်မထားရ။ အသေသတ်။

အရုဏ်လာလုလု အချိန်တွင် ဟာစာနီ၏လူများသည် ဥမင်လမ်းကြောင်းကို ဖောက်လိုက်နိုင်သည်။ သို့ရာတွင် သူတို့မျှော်လင့်သကဲ့သို့ အိုမာခယမ်တို့ ဖောက်လာနေသော ဥမင်လမ်းကြောင်းကို မဖောက်မိ။ သူတို့တပ်တွင်းရှိ အခြားမြေအောက်ခန်းတစ်ခုကို ဖောက်မိခြင်းသာ ဖြစ်သည်။ ဖောက်မိသော အခန်းမှနေ၍ လှမ်းကြည့်လိုက်သောအခါ ထိုအခန်းနံရံ၌ ကတ္တရာဆီများ တစိမ့်စိမ့်ထွက်နေသည်ကို တွေ့ရသည်။ ယင်းကတ္တရာ ဆီများသည် နေရာများစွာတွင် ကတ္တရာအိုင်များအဖြစ် ဖြစ်ထွန်းတည်ရှိနေသည်ကိုလည်း တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤတွင် ဟာစာနီက ယခုရောက်ရှိနေသော အခန်းကျောက်နံရံကို ဆက်လက်တူးရန် သူ့လူများအား အမိန့်ပေးသည်။ ဤအခန်းမှနေ၍ နားထောင်ပါက အိုမာခယမ်တို့၏ အသံများကို ယခင်အခန်းထက်ပို၍ ကျယ်လောင်စွာ ကြားရသည်။ ဟာစာနီ၏အမိန့်ကို သူ့လူများက ကောင်းစွာ နာခံကြသည်။ သူတို့သည် တူးဆွသော ပစ္စည်းကိရိယာများကိုဂင်း၊ ရေအိတ်များကိုဂင်း၊ အခန်းသစ်သို့ သယ်ယူကြသည်။

အခန်းသစ်နံရံကို ဟာစာနီ၏လူများ စတင်မတူးမီ အချိန်အနည်းငယ်အတွင်းမှာပင် အိုမာခယမ်တို့သည် သူတို့၏ ဥမင်လမ်းကြောင်းကို ဖောက်မိသွားပြီ။ သူတို့ ဖောက်မိသည်မှာ အပေါက်ငယ်ကလေးသာ ဖြစ်သည်။ အိုမာခယမ်သည် ယင်းအပေါက်ငယ်မှ တစ်ဖက်သို့ ချောင်းကြည့်လိုက်သည်တွင် လျှို့ဝှက်ဂိုဏ်းသားများကိုဂင်း၊ သူတို့အနီးပတ်ဝန်းကျင်ရှိ ကတ္တရာအိုင်များကိုဂင်း၊ တွေ့မြင်လိုက်သည်။

ဤတွင် အိုမာခယမ်သည် သူ့နောက်နား၌ကပ်၍ ရပ်နေသည့် သံတော်ဆင့်အား "ကျွန်တော်က အလွန်ကြီးမားတဲ့ ကတ္တရာအိုင်ကြီးဆီ ဦးတည်ရောက်လိမ့်မယ်လို့ မျှော်မှန်းထားတာ၊ အခုတော့ ကတ္တရာအိုင်ငယ်တွေဆီပဲ ဦးတည်ရောက်သွားတယ်။ ဒါပေမယ့် အချိန်မရှိတော့ဘူး၊ ဖြစ်တဲ့ နည်းနဲ့ပဲ လုပ်ရမှာပဲ။ ပေးပေး ကျွန်တော့်ကို မီးရှူးတစ်တိုင်ပေး" ဟု လျင်မြန်စွာပြောဆိုကာ မီးရှူးတိုင်ကို တောင်းသည်။ ထို့နောက် ဘိုင်ဇင်တိုင် သံ့ပန်းများနှင့် စစ်သားများအား "ကဲ- အားလုံး ဥမင်ထဲကအပြင်ကို ပြေးထွက်ကြပေတော့"ဟု အော်ဟစ်အမိန့်ပေးလိုက်သည်။

သံတော်ဆင့်သည် အိုမာ့လက်တွင်းသို့ မီးရှူးတိုင်ပေးလိုက်သည်။ အိုမာသည် မီးရှူးတိုင်ကိုကိုင်ကာ အပေါက်ထဲမှနေ၍ ဂိုဏ်းသား



www.burmeseclassic.com

www.burmeseclassic.com



များရှိရာ တစ်ဖက်ခန်းသို့ လွှင့်ပေါက်ပစ်ထည့်လိုက်သည်။ မီးရှူးတိုင်သည် အခန်းတွင်းရှိ ကတ္တရာဆီများပေါ်သို့ကျကာ ဟုန်းကနဲ မီးထလောင်သည်။ ထိုမီးတောက်သည် အနီးရှိ ကတ္တရာအိုင်များကို ကူးစက်လောင်ပြန်သည်။ တစ်ဖန် ထိုအိုင်များမှတဆင့် ကတ္တရာဆီများ စိမ့်ထွက်နေသော နံရံများပေါ်သို့ မြွေသဖွယ် တက်ရောက်ကူးစက် လောင်ပြန်သည်။ ဤတွင် ဂိုဏ်းသားများသည် ရုတ်ရုတ်သဲသဲဖြစ်လျက် အော်ဟစ်ကာ မီးကို ငြိမ်းသတ်ရန် ရေအိတ်များရှိရာသို့ ပြေးသွားကြသည်။

ဤကား အိုမာခယမ် နောက်ဆုံးမြင်ခဲ့ရသော ရှုခင်းပင်တည်း။

ခဏအတွင်းမှာပင် အိုမာခယမ်သည် သံတော်ဆင့်ကို ဦးဆောင်လျက် ဥမင်ထဲမှ ပြေးထွက်လာခဲ့သည်။ အိုမာခယမ်တို့ အပြင်ဘက်သို့ရောက်သောအခါ ကောင်းကင်၌ လင်းအရုဏ်ပျို့နေပြီ။ အိုမာခယမ်က ဥမင်ဝ၌ရှိနေကြသော သူ့လူများအား "နောက်ဆုတ်နေကြ၊ နောက်ဆုတ်နေကြ"ဟု ဟစ်အော်သတိပေးသည်။ ထိုအချိန်မှာပင် သူတို့သည် ပေါက်ကွဲသံတစ်ခုကို ခပ်အုပ်အုပ်ကြားလိုက်ရသည်။

ဥမင်အနီးရှိ စစ်သည်များနှင့် ဘိုင်ဇင်တိုင်သုံ့ပန်းများ အားလုံးပင် မလှမ်းမကမ်းရှိ နန်းတွင်းအမျိုးသမီးများနှင့် ကလေးများ စခန်းချရာတဲများအနီး ပြေးသွား၍ အကာအကွယ်ယူကြသည်။ ထိုအချိန်တွင် မိဖုရားရှုရိန်အမှူးပြုသော နန်းတွင်းအမျိုးသမီးများသည် အာမွတ်တို့ကို သွားရောက်တိုက်ခိုက်မည့် မာလစ်နှင့် စစ်သည်များအား လက်ပြနှုတ်ဆက်နေကြသည်။ မကြာမီ အိုမာခယမ်နှင့် သံတော်ဆင့်တို့သည် သူတို့ထံသို့ ရောက်သွားကြသည်။ သူတို့အားလုံးပင် မာလစ်တို့အတွက် စိတ်ပူပန်နေကြသည်။ တစ်ဖက်ကလည်း ခံတပ်ဆီသို့ မျှော်ကြည့်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ရင်တမမ ဖြစ်နေကြသည်။ အိုမာခယမ် ရှိ့ခဲ့သော မီးသည် နံရံအအက် အကြားများတစ်လျှောက် လိုက်လောင်ကာ အခြားသော ကတ္တရာကန် များကို ကူးစက်လောင်ကျွမ်းပါ၏လော။

အရဏ်ပေါ်သည်နှင့် တစ်ပြိုင်နက် မင်းသားမာလစ်နှင့် စစ်သည်များသည် အာမွတ်တို့၏ တဲစခန်းရှိရာ ချိုင့်ဝှမ်းဒေသသို့ ထောင်ပေါင်း များစွာသော ဘီလူးသဘက်များပမာ ထိုးဆင်းပြီးသား ဖြစ်နေသည်။ သူတို့သည် ကြောက်မက်ဖွယ် အသံကြီးများဖြင့် အော်ဟစ် လျက် ရှေ့သို့ အတင်းတက်ကြသည်။ သူတို့သည် လေပွေကြမ်းပမာ တွေ့သမျှသော ရန်သူတပ်သားများကို သိမ်းကျုံးထိုးခုတ် သတ်ဖြတ် ကြသည်။

အာမွတ်သည် အခြေအနေမလှသည်ကို မြင်သည်တွင် သူ့မြင်း ပေါ်သို့ ခုန်တက်ကာ ကိုယ်လွတ်ထွက်ပြေးမည်ပြုသည်။ သို့ရာတွင် မလွတ်။ မင်းသား မာလစ်ကရှေ့မှ မားမားရပ်၍ ကာဆီးထားလိုက်သည်။ ခဏအတွင်းမှာပင် သူတို့နှစ်ဦး ဓားချင်းခုတ်ကြသည်။ ခဏအတွင်းမှာ ပင် မာလစ်က အာမွတ်၏ ကိုယ်တွင်းသို့ သူ့ဓားကို ထိုးစိုက်သွင်းနိုင်ခဲ့ သည်။ မာလစ်အောင်ပွဲဆင်ပြီ။

ထိုအချိန်မှာပင် ရင်တမမဖြစ်နေသော အိုမာခယမ်တို့ လူစု သည် ဒုတိယအကြိမ်ပေါက်ကွဲသံကို ကြားရသည်။ တချိန်တည်းပင် မြေကြီးသည် သိမ့်သိမ့်တုန်လျက် မြည်ဟည်းသွားသည်။ ထို့နောက် တတိယပေါက်ကွဲသံ။ ထို့နောက် စတုတ္ထပေါက်ကွဲသံကို ဆက်၍ကြားရ ပြန်သည်။ ပေါက်ကွဲသံပေါ်ထွက်လာတိုင်း မြေကြီးသည်လည်း တုန်ဟည်းသွားသည်သာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တွက်ဆချက်များ ထိရောက်မှန်ကန်နေသည်ကို အိုမာခယမ် ရိပ်မိလိုက်သည်။ သူတွက်ဆထားသည့်အတိုင်းပင် သူရှို့လိုက်သော မီး သည် ထုံးကျောက်မှုန့်များ တသောသောထနေသည့် အခန်းများအတွင်းရှိ ကတ္တရာအိုင်များကို စွဲငြိလောင်ကျွမ်းသည်။ ထိုအခါ ဟာစာနီ၏ လူများ က မီးကို ငြိမ်းသတ်ရန် ရေများဖြင့် လောင်းကြသည်။

အိုမာခယမ်သည် ခံတပ်မျှော်စင်ကြီးကို မမှိတ်မသုန် စိုက်ကြည့် နေသည်။ မျှော်စင်ထိပ်ဖျားသို့ နေရောင်ခြည်ကျရောက်သောအချိန် တွင် မိုးကြိုးသံကဲ့သို့ ကြောက်မက်ဖွယ် အသံကြီးတစ်ခု ပေါ်လာသည်။ ထို အသံသည် ရုတ်တရက် ပျောက်ကွယ်မသွား။ သံရှည်ကြီးဆွဲ၍မြည်ဟည်း နေသည်။ တစ်ချိန်တည်းမှာပင် ခံတပ်ကို ကျားကန်တည်ဆောက်ထား သည့် အုတ်ခုံးများကျိုးပဲ့ ပျက်စီးကုန်သည်။ ခံတပ်နံရံများ တစ်ခုပြီး တစ်ခု ပွင့်ထွက်ကာ ပြိုကျကုန်သည်။ ခံတပ်အရှေ့ပိုင်း မျက်နှာစာနံရံ များ လည်း ဂွမ်းထိုးမှောက်ခုံဖြစ်ကာ ပြိုပျက်ကုန်သည်။ နှစ်ပေါင်း တစ်ထောင်ကျော်က တည်ဆောက်ထားသော ခံတပ်ကြီးသည် အချိန် အနည်းငယ် အတွင်းမှာပင် အပိုင်းပိုင်း အပြတ်ပြတ်၊ အစိတ်စိတ် အမွှာမွှာ ပြိုကျပျက်စီးလျက် မြေသို့ ဘုန်းဘုန်းကျသွားသည်။ မျှော်စင် ထိပ်ရှိ ရွှေအမိုး ခုံးကြီးသည်လည်း ရွှေဘောလုံးကြီးပမာ လေထဲသို့ လွင့်စင်ကျသွားသည်။

အလာမွတ်ခံတပ်ကြီး၏ အုတ်ကျိုးအုတ်ကြေ၊ ကျောက်တုံး ကျောက်ခဲ အပျက်အစီးများသည် ကျောက်တောင်ကြီးပမာ ဖြစ်လျက်၊ ဝန်းကျင်တစ်ခုလုံး ဖုံမှုန့်များ အလိပ်လိုက် ထနေသည်။ ဤအပျက်အစီး များ အောက်တွင်ကား ဂိုဏ်းချုပ်ကြီး ဟာစာနီ၊ မိဖုရားဇရဒါနှင့်တကွ



www.burmeseclassic.com

www.burmeseclassic.com



ဂိုဏ်းသားအားလုံး၏ အလောင်းများသည် မြုပ်နှံပြီး ဖြစ်နေလေသည်။

× × ×

အချိန်အနည်းငယ်အတွင်းမှာပင် ခြေမြန်တော်များ၏ သတင်းဖြန့်မှုကြောင့် မင်းသားမာလစ်အောင်ပွဲဆင်သည့် သတင်းသည် ပါရှားတစ်နိုင်ငံလုံး ပျံ့နှံ့သွားလေသည်။ စစ်သည်ဗိုလ်ပါအပေါင်းကို ဦးဆောင်လျက် ပါရှားဘုရင်သစ် မာလစ်သည် နေရှပူမြို့သို့ ချီလာပြီ။ လမ်းခရီး၌ တွေ့ကြရသော ပြည်သူပြည်သားများက ဆီးကြိုနှုတ်ဆက်၍ ကောင်းချီးသြဘာပေးကြသည်။ သူတို့သည် မြို့များရွာများကို ဖြတ်သန်းချီတက်သွားရာ မြို့တိုင်း ရွာတိုင်းကပင် အလံများလွှင့်ထူ၍၎င်း၊ လမ်းများကို ပန်းများ ကြဲဖြန့်၍၎င်း ကြိုဆိုကြသည်။

BURMESE CLASSIC .com

ဘုရင်သစ်မာလစ်သည် ရှေ့ဆုံးမှ ချီလာသည်။ သူ့ခါးတွင် သူ့ဖခမည်းတော်၏ စစ်ဓားကြီးကို ချိတ်ဆွဲထားသည်။ သူ့အနီးမှ ခြင်္သေ့ပျံအမှတ်အသားပါသော ဘုရင့်အောင်လံသည် လေ၌ တလူလူလွင့်ရင်း ပါလာသည်။ သူသည် လက်တစ်ဖက်ဖြင့် မြင်းဇက်ကြိုးကို ကိုင်လျက်၊ ကျန်လက်တစ်ဖက်ဖြင့် ဘုရင့်သံလျက်တော်ကို ကိုင်ထားသည်။ သူ့ဘေးမှလည်း သူ့ဆရာ အိုမာခယမ်သည် မြင်းဖြူကြီးစီးလျက် လိုက်ပါလာသည်။

ဘုရင်သစ် မာလစ်နှင့် အိုမာခယမ်တို့နောက်မှ မိဖုရားရှရိန်အမှူးပြုသည့် အမျိုးသမီးများနှင့် ကလေးငယ်များကို တင်ဆောင်လာသော ဝေါယာဉ်များ စီတန်းလိုက်ပါလာသည်။ ထိုဝေါယာဉ်များနောက်မှ ထိခိုက်ဒဏ်ရာရသူများကို တင်ဆောင်လာသည့် မြင်းရထားများ လိုက်ပါလာသည်။ ထိုရထားများ နောက်တွင်ကား အောင်ပွဲဆင်ခဲ့သော တပ်



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ဘိုင်ဇင်တိုင်သို့ပန်း တပ်သားများ လိုက်ပါလာသည်။ ဘိုင်ဇင်တိုင်တပ်များသည် အလာမွတ်ခံတပ်ကို ဖြိုဖျက်ရာတွင် ရှုပ်ရှုပ်ချွံချွံ ပါဝင်ခဲ့သဖြင့် လွတ်ငြိမ်းချမ်းသာခွင့် ရနေသည်။

ဤသူတို့အားလုံးပင် ကျူးကျော်သူတို့ရန်မှ ကင်းလွတ်ပြီဖြစ်သော၊ သူပုန်ရန်မှ ကင်းဝေးပြီဖြစ်သော၊ လျှို့ဝှက်သုတ်သင်ရေးဂိုဏ်းသားများ၏ ဓားရန်မှ လွတ်မြောက်ပြီဖြစ်သော ပါရှားနိုင်ငံ၏ မြို့တော် နေရှပူ မြို့သို့ ဦးတည်ချီတက်သွားကြလေသည်။

× × ×

BURMESE CLASSIC .com

ရှရိန်သည် သူတို့ချစ်သူနှစ်ဦး အချစ်မျိုးစေ့ချရာ ဥယျာဉ်မှ နေ၍ အိုမာကို စောင့်မျှော်နေသည်။ သူသည် မိုးမခပင်အောက်ရှိ ရေကန်ဘေး၌ ထိုင်စောင့်နေသည်။ အချိန်အနည်းငယ်အတွင်းမှာပင် ယခင်ယခင်အခါများအတိုင်း သူ့ထံပါးသို့ အိုမာရောက်လာသည်။

သူတို့နှစ်ဦးသည် ယှဉ်တွဲထိုင်လျက် ညနေချမ်း၏ ဆည်းဆာရောင်ကိုဂင်း၊ မည်းမှောင်စပြုလာသော အရိပ်များကိုဂင်း၊ ငေးကြည့်နေကြသည်။ ဥယျာဉ်တံတိုင်းအနီးတွင် ဆိုက်ပရပ်ပင်များသည် ကောင်းကင်ပြင်ကို နောက်ကျောခံလျက် ရပ်တည်နေကြသည်။ သည်ဆိုက်ပရပ်ပင် တို့သည် ကျေးငှက်များ ကျာကျာကျီကျီ အော်မြူးရာဖြစ်သော မြေလူး ငှက်ငယ်က နှင်းဆီပွင့်အား တေးဆိုပြရာဖြစ်သော ဤငြိမ်းချမ်းသာယာသည့် နေရာကို စောင့်ရှောက်နေကြသူများ ဖြစ်ကြပေသည်တကား။

မကြာမီ လထွက်လာသည်။ ငွေလရောင်တွင် ယိမ်းနွဲ့လှုပ်ရှားနေသည့် မိုးမခပင်၏ အကိုင်းအခက်မှ အရိပ်သည် ကန်ရေပြင်ပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com



ကျရောက်လှုပ်ရှားနေသည်ကို သူတို့နှစ်ဦးမြင်ကြရသည်။ ယင်းသို့ ကန်ရေပြင်၌ အရိပ်ကျရောက် လှုပ်ရှားနေသည်မှာ မကုန်မခန်းနိုင် သော မေတ္တာစကားများကို ကောင်းကင်ပြင်မှ လက်များဖြင့် ဆန့်တန်း စီခြယ်ရေးသားနေသကဲ့သို့ ရှိပေသည်။ ငွေလရောင်ကဲ့သို့ သိမ်မွေ့လှပ၍ ထာစဉ်တည်ရှိနေမည့် သည်မေတ္တာစကားများကို သူတို့နှစ်ဦး ယှဉ်တွဲ ဖတ်ရှုနေကြလေသတည်း။

**"ယခင်အခါ၊ ကွယ်ပျောက်ပါလည်း**
**သော်တာငွေစန်း၊ ယခုထွန်း၍**
**ရှင်လန်းသာယာ၊ တို့နှစ်ဖြာကို**
**ကြည်သာပြုံးကြည့်နေလေပြီ။**

**ငွေလဝန်းသည်**
**ပျောက်ချည်ပေါ်ချည်၊ အလီလီနှင့်**
**မည်မျှကျင်လည်ဦးမည်နည်း။**

**တင့်ရှန်းဝေဆာ၊ ဥယျာဉ်သာ၌**
**မေတ္တာမျှကာ၊ တို့နှစ်ဖြာကို**
**ရောင်ဝါရွှန်းမြ၊ စန်းငွေလသည်**
**ထွန်းပတစ်လီ၊ မေ့ပျောက်ချည်နှင့်**
**မည်မျှပြုံးကြည့်နိုင်မည်နည်း။**

**မင်းယုဝေ**

❖ ❖ ❖

BURMESE CLASSIC .com

www.burmeseclassic.com